The Commerce Journal
http://www.commercejournal.com.mm
စီးပွားရေးသတင်းဂျာနယ်
စီးပွားရေးအောင်မြင်ရန်သတင်းအချက်အလက်ကိုအခြေခံ
VOL .17, NO . 28 | တနင်္လာနေ့တိုင်းထုတ်ဝေသည် | July 24, 2017

# အာလူးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်ပသို့ ဈေးကွက်ရှာဖွေတင်ပို့နိုင်ရေး ကြိုးပမ်းကြရာဝယ်

ရှမ်းပြည်နယ်(တောင်ပိုင်း)တောင်ကြီးမြို့၊ စားသုံးသူရေးရာဦးစီးဌာန၊ ပြည်နယ်ဦးစီးမှူး ဦးမြသန်းသည် လက်ထောက် ညွှန်ကြားရေးမှူး ဦးအောင်ကျော်၊ ရုံးအုပ် ဦးခွန်ကျော်ဌေး၊ အောင်ပန်းမြို့နယ် တာဝန်ခံ ဦးမြင့်နိုင်တို့နှင့်အတူ ဇွန်လ ၉ ရက်က ဟဲဟိုးမြို့ အာလူးအစုအဖွဲ့ရုံးမှာ အာလူးအစုအဖွဲ့ဥက္ကဋ္ဌ ဦးအောင်သန်းကျော်နှင့် ပြည်တွင်းကုန်သွယ်မှု မြှင့်တင်ရေးအတွက်တွေ့ဆုံဆွေးနွေးခဲ့ကြပါတယ်။

စာမျက်နှာ -၁၈ ➢



## SMEs နှင့် မြန်မာ့စီးပွားရေးကို သုံးသပ်ခြင်း

စာမျက်နှာ -၁၂ ➢



■ မဏိပူရ်-မြန်မာ အမြန်လမ်းအား အဆင့်မြှင့်တင်ရန်နှင့် လမ်းအကျယ်တိုးချဲ့ရန် အိန္ဒိယစီးပွားရေးကော်မတီ အတည်ပြု

စာမျက်နှာ -၁၃ ➢

■ လွယ်ဂျယ်ကုန်သွယ်ရေး စခန်းတွင် နာနတ်သီးများ ဖုံးအုပ်၍ တရားမဝင် ကျွန်းသစ်များ တင်ဆောင်လာသည့် ယာဉ်များအား ဖမ်းဆီးရမိ

စာမျက်နှာ -၁၆ ➢

■ Ford ၏ CML ကားအစိတ်အပိုင်းများ တပ်ဆင်သည့် စက်ရုံကို ရန်ကုန်မြို့တွင် ဖွင့်လှစ်

စာမျက်နှာ -၂၁ ➢



# Shwe Pu Zun
## Cafeteria & Bakery House




























**SHWE PU ZUN Cafeteria & Bakery House**

**Shop(1)** No.246/248, Anawrahta Rd, Lanmadaw Township, Yangon.
*Tel : 01-222305, 211709, 227171, Fax : 951-227771*

**Shop(2)** No.14-A, Minnandar Rd, Dawbon Township, Yangon.
*Tel : 01-553062, 553063, 553064*

**Shop(3)** No.42, Oaktarathiri Township, Near InGyinPanWyne, Nay Pyi Taw
*Tel : 067-417100, 417200, 417201*

# စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် ကုလသမဂ္ဂ၏ မြန်မာနိုင်ငံ လူ့အခွင့်အရေး အခြေအနေဆိုင်ရာ အထူးအစီရင်ခံစာ တင်သွင်းသူ မစ္စယန်ဟီလီဦးဆောင်သော ကိုယ်စားလှယ် အဖွဲ့အား လက်ခံတွေ့ဆုံ



စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်သည် ကုလသမဂ္ဂ၏ မြန်မာနိုင်ငံလူ့အခွင့်အရေး အခြေအနေဆိုင်ရာ အထူးအစီရင်ခံစာတင်သွင်းသူ မစ္စယန်ဟီလီ ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ဇူလိုင် ၂၀ ရက်တွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ လက်ခံတွေ့ဆုံခဲ့သည်။

ထိုသို့တွေ့ဆုံရာတွင် မြန်မာနိုင်ငံရှိ အထူးစီးပွားရေးဇုန်များ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် နိုင်ငံတကာ၌သတ်မှတ်ထားသည့် သဘာဝပတ်ဝန်းကျင်အပေါ် သက်ရောက်မှု စိစစ်အကဲဖြတ်ခြင်း (Environmental Impact Assessment – EIA)၊ လူမှုပတ်ဝန်းကျင်အပေါ် သက်ရောက်မှု စိစစ်အကဲဖြတ်ခြင်း (Social Impact Assessment–SIA) သတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်ရန် စီစဉ်ထားရှိမှုများ၊ ကျောက်ဖြူအထူးစီးပွားရေးဇုန် အကောင်အထည် ဖော်ဆောင်ရွက်ရာတွင် လူ့အခွင့်အရေးနှင့် လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ကိစ္စရပ်များကို အလေးအနက်ထား ဆောင်ရွက်နိုင်ရေး၊ ဒေသခံပြည်သူများ အလုပ်အကိုင် ရရှိရေး၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းစောင့်ရှောက်ရေးတို့ အပါအဝင် မြန်မာနိုင်ငံအတွင်းရှိ တိုင်းရင်းသား ပြည်သူများအားလုံး ညီညွတ်မျှတစွာ ဖွံ့ဖြိုးတိုးတက်ရန်အတွက် အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများနှင့်ပူးပေါင်း ဆောင်ရွက်သွားနိုင်ရေးတို့အား ဆွေးနွေးခဲ့ကြသည်။

အဆိုပါ တွေ့ဆုံပွဲသို့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ခဲ့ကြောင်း သတင်းရရှိသည်။ **MOC(IR)**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် လွတ်လပ်သော ကုန်သွယ်မှုဆိုင်ရာ ကုန်စည်ကုန်သွယ်ရေး၊ ပင်ရင်းနိုင်ငံစည်းမျဉ်းနှင့် ဝန်ဆောင်မှု ကုန်သွယ်ရေးကဏ္ဍ အသိပညာပေး သင်တန်းနှင့် ကုန်သွယ်မှု လုပ်ထုံးလုပ်နည်းသင်တန်းအမှတ်စဉ် (၂/၂၀၁၇) သင်တန်းဆင်းပွဲသို့ တက်ရောက်အမှာစကားပြောကြား



လွတ်လပ်သော ကုန်သွယ်မှုဆိုင်ရာ ကုန်စည်ကုန်သွယ်ရေး၊ ပင်ရင်းနိုင်ငံစည်းမျဉ်းနှင့် ဝန်ဆောင်မှု ကုန်သွယ်ရေးကဏ္ဍ အသိပညာပေး သင်တန်းနှင့် ကုန်သွယ်မှုလုပ်ထုံးလုပ်နည်း သင်တန်းအမှတ်စဉ်(၂/၂၀၁၇) သင်တန်းဆင်းပွဲကို ဇူလိုင် ၂၀ ရက်တွင် နေပြည်တော်ရှိ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ညီလာခံခန်းမ၌ ကျင်းပပြုလုပ်ရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် တက်ရောက် အမှာစကား ပြောကြားသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးက အမှာစကား ပြောကြားရာတွင် ဝန်ကြီးဌာနအနေဖြင့် နိုင်ငံတော်ပြုပြင်ပြောင်းလဲရာတွင် ခေတ်နှင့်အညီလိုက်ပါပြောင်းလဲ ဆောင်ရွက်နိုင်ရန် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်စေရေးအတွက် သင်တန်းအမျိုးမျိုးကို ဖွင့်လှစ်ဆောင်ရွက်ပေးလျက် ရှိပါကြောင်း၊ ယခုဖွင့်လှစ်သည့် သင်တန်းများတွင် ကုန်စည်ကုန်သွယ်ရေးနှင့် ဝန်ဆောင်မှု ကုန်သွယ်ရေးဆိုင်ရာ ကိစ္စရပ်များ၊ အကောက်ခွန်အမျိုးအစား ခွဲခြားခြင်း၊ ပင်ရင်းနိုင်ငံစည်းမျဉ်း အကောက်ခွန်သက်သာခွင့်ဆိုင်ရာ ပင်ရင်းနိုင်ငံ သက်သေခံလက်မှတ်များ၊ ထုတ်လုပ်တင်ပို့သူကိုယ်တိုင် ပင်ရင်းထုတ်ကုန်ဖြစ်ကြောင်း ကြေညာသည့်စနစ်

**စာမျက်နှာ ၂၂ သို့**

# ပြည်ထောင်စုဝန်ကြီးဒေါက်တာသန်းမြင့် ဝန်ကြီးဌာန၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြား

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ဇူလိုင် ၂၁ ရက်က နေပြည်တော်ရှိ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ညီလာခံခန်းမ၌ ကျင်းပပြုလုပ်ရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် တက်ရောက်အမှာစကားပြောကြားသည်။

ပြည်ထောင်စုဝန်ကြီးက အမှာစကားပြောကြားရာတွင် နိုင်ငံတော် စီးပွားရေး ဖွံ့ဖြိုးတိုးတက်လာစေရန်အတွက် အစိုးရသစ်လက်ထက်တွင် ဈေးကွက်စီးပွားရေးစနစ် ပီပြင်ရေးနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုအတွက် စီးပွားရေးမူဝါဒ (၁၂) ချက်ကို ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ဝန်ကြီးဌာနအနေဖြင့် ချမှတ်ထားသော နိုင်ငံတော်၏ စီးပွားရေးမူဝါဒ (၁၂) ချက်အပေါ် အခြေခံ၍ စီးပွားရေးမူဝါဒနှင့် ကုန်သွယ်ရေးကဏ္ဍလုပ်ငန်းစဉ်များနှင့် ချိတ်ဆက်ပြီး လုပ်ငန်းစဉ်များချမှတ် အကောင်အထည်ဖော်လျက်ရှိပါကြောင်း၊ ပြည်တွင်းကုန်သွယ်မှု (Domestic Trade) သာမက အပြည်ပြည်ဆိုင်ရာကုန်သွယ်မှု

**စာမျက်နှာ ၂၂ သို့**




**Commerce JOURNAL**

**အတိုင်ပင်ခံစာတည်း**
မင်းမင်း
မြင့်လွင်
ဦးဦးဟန်
မြတ်ထွန်းကျော်

**စာတည်းမှူးချုပ်**
အောင်သူရ

**တာဝန်ခံစာတည်း**
ခင်သီတာအေး

**အုပ်ချုပ်ရေးမှူး**
ဒေါ်အေးအေးမော်

**စာတည်းအဖွဲ့**
ဖြူဖြူဝင်း

**လက်ထောက်စာတည်း**
ယဉ်ယဉ်အေး၊ မော်မော်အောင်၊
ခင်မိုးသူ၊ သီတာဝင်း

**သတင်းထောက်များ**
ရီလင်းထွဋ်(မုံရွာ)၊
မင်းမင်းဦး(ပုသိမ်)၊ ကြည်နိုင်ဦး(အင်းတော်)
မင်းဇော်မွန်(ဖျာပုံ)၊ မြင့်ဦး(ပခုက္ကူ)
ခင်ဆွေဝင်း(ပြည်)၊ ဝေဝေမင်း(ပြည်)၊
နီနီဝင်း(ပြည်)
ဝင်းဝင်းခိုင်(ပြည်)၊ ဇေခိုင်(တောင်ကြီး)၊
မင်းအောင်(တောင်ကြီး)၊ သန်းသန်းတင်(မုံရွာ)
စိုးအောင်(မန္တလေး)၊ မောင်မောင်အေး(မကွေး)

**Proof & Layout Design ကြီးကြပ်**
ခင်စုစုလှိုင်၊ ကျိန်သုံ့နွမ်း

**ကြော်ငြာတာဝန်ခံ**
မြင့်ဇင်ညွန့် (ဖုန်း-၀၉-၇၃၀၅၃၅၃၁)
ထွန်းထွန်းဝင်း (ဖုန်း-၀၉-၄၂၇၃၇၅၆၃)

**ထုတ်ဝေသူ**
ဦးမြတ်ထွန်းကျော်(၀၁၀၅၅)
အမှတ်၃၈၊ လမ်း၃၀၊ ပန်းဘဲတန်းမြို့နယ်။
ဖုန်း-၂၅၂၀၁၇၊ ၃၇၁၀၂၃

**ဖြန့်ချိရေးတာဝန်ခံ**
သန့်စိုး

**ဖြန့်ချိရေး**
ဇော်ဝင်း၊ မျိုးဇော်၊
အောင်မျိုး၊ အုန်းခင်

**ကွန်ပျူတာ**
ခိုင်ဇော်မင်း
သင်းသီရိအောင်

**Layout Design & Graphic Design**
CJ Design Group

**ပုံနှိပ်သူ**
ကောမတ်စ်ဂျာနယ်ပုံနှိပ်တိုက်(၀၀၉၇၇)
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။

**Email Address**
commercejournal.editor@gmail.com

# ဆန်ချောဈေးငြိမ်နေသော်လည်း ဆန်ကြမ်းဈေးတက်

ယခုတစ်ပတ်ရန်ကုန်ဆန်ဈေးကွက်မှာ ဆန်ကြမ်းအဝယ်များတဲ့အတွက် ဆန်ကြမ်းဈေးတက်ပြီး ဆန်ချောဈေးငြိမ်နေကြောင်းသိရပါတယ်။ ဖျာပုံပေါ်ဆန်းဆန်ထိပ်စ တစ်အိတ်လျှင် ကျပ် ၃၅၀၀၀၊ လတ်စတစ်အိတ်လျှင် ကျပ် ၃၃၀၀၀၊ ပုသိမ်မြောင်းမြပေါ်ဆန်းဆန်ထိပ်စတစ်အိတ်လျှင်ကျပ်၃၆၅၀၀၊ လတ်စတစ်အိတ်လျှင်ကျပ် ၃၄၀၀၀၊ နယ်စုံကျိုက်လတ်ထိပ်စ တစ်အိတ်လျှင်ကျပ် ၃၂၀၀၀၊ လတ်စတစ်အိတ်လျှင် ကျပ် ၃၁၀၀၀၊ ရွှေဘိုပေါ်ဆန်းဆန်တစ်အိတ်လျှင် ကျပ် ၄၃၀၀၀မှ ၄၅၀၀၀နဲ့ ယခင်တစ်ပတ်အတိုင်း ဈေးငြိမ်နေပါတယ်။

ဆန်ကြမ်းကတော့ အိတ်စပို့ အဝယ်လိုက်တဲ့အတွက် တစ်အိတ်ကို ကျပ် ၅၀၀ မှ ကျပ် ၁၀၀၀ အထိဈေးတက်ခဲ့ပါတယ်။ ဧည့်မထဆန်ထိပ်စတစ်အိတ်လျှင် ကျပ် ၂၁၀၀၀၊ လတ်စတစ်အိတ်လျှင်ကျပ် ၁၈၅၀၀၊ နှံ့သီးထပ်ရှယ်တစ်အိတ်လျှင်ကျပ် ၂၀၅၀၀ မှ ကျပ် ၂၁၀၀၀၊ နှံ့ဆန်ရက် ၉၀ တစ်အိတ်လျှင်ကျပ် ၂၁၅၀၀ မှ ကျပ် ၂၂၀၀၀၊ မနောသုခတစ်အိတ် လျှင်ကျပ် ၂၄၀၀၀ မှ ကျပ် ၂၅၀၀၀၊ အိတ်စပို့ ၂၅ မှတ်တစ်အိတ်လျှင်ကျပ် ၁၈၂၀၀ မှ ကျပ် ၁၈၅၀၀ ဈေးရှိကြောင်း ရန်ကုန်မြို့ဝါးတန်းဆန်ကုန်စည်ဒိုင်မှ သိရှိရပါတယ်။ မူဆယ်ဆန်ဈေးကွက်မှာ ယခုတစ်ပတ်ဆန်အရောင်းအဝယ် ပုံမှန်ရှိနေပြီး ဆန်ဈေးငြိမ်နေပါတယ်။ ဧည့်မထ ၅ မှတ် မော်ဘီနဲ့ စူပါတစ်အိတ်လျှင် ၁၃၂ ယွမ်မှ ၁၃၅ ယွမ်၊ ဧည့်မထ ၁၀မှတ် မော်ဘီတစ်အိတ်လျှင် ၁၂၈ ယွမ်မှ ၁၂၉ ယွမ်၊ ဧည့်မထ ၁၀ မှတ်စူပါတစ်အိတ်လျှင် ယွမ် ၁၃၀ မှ ၁၃၁ ယွမ်၊ မနောသုခ ၁၅ မှတ်တစ်အိတ်လျှင် ၁၁၉ ယွမ်မှ ၁၂၂ ယွမ်၊ မနောသုခ ၂၅ မှတ်တစ်အိတ်လျှင် ၁၁၆ ယွမ်မှ ၁၁၈ ယွမ်၊ ငစိန် ၅ မှတ်တစ်အိတ် ၁၂၁ယွမ်မှ ၁၂၃ယွမ်၊ ငစိန် ၁၅ မှတ် တစ်အိတ်လျှင် ၁၁၈ ယွမ်မှ ယွမ် ၁၂၀၊ ငစိန် ၂၅မှတ်တစ်အိတ်လျှင် ၁၁၃ ယွမ်မှ ၁၁၅ ယွမ်နဲ့ ဈေးငြိမ်နေကြောင်းသိရှိရပါတယ်။

မြို့တွင်းနယ်စုံမှ မူဆယ်သို့ဆန်အဝင်မှာ ဇူလိုင် ၁၃ ရက်မှ ၁၉ ရက်အထိ ၂၂၈၃၄ တန်ရှိပါတယ်။ ငွေလဲနှုန်းကတော့ ယခုတစ်ပတ်မှာ ဈေးတက်ပြီး ဇူလိုင် ၂၁ ရက်ငွေလဲနှုန်းအရ တစ်ယွမ်ကို ၁၉၈ ဒသမ ၄၁ ကျပ်ဈေးပေါက်ကြောင်း သိရှိရပါတယ်။

ယဉ်ယဉ်အေး

# ဇူလိုင်တတိယပတ်တွင် ဧရာဝတီတိုင်းဒေသကြီးအတွင်း မြို့နယ်စုံတွင် ဆန်စပါးဈေး အနည်းငယ်မြင့်တက်

ဧရာဝတီတိုင်း ဒေသကြီး အတွင်းရှိ ဆန်စပါး ဈေးကွက်တွင် ဇူလိုင်လ တတိယပတ်အတွင်း အရောင်းအဝယ် အနည်းငယ်သွက်လျက်ရှိသော ဟင်္သာတ၊ ဇလွန်၊ လေးမျက်နှာ၊ မြန်အောင်၊ ကြံခင်း၊ အင်္ဂပူ၊ ပန်းတနော်၊ ညောင်တုန်း၊ဖျာပုံ၊ ကျိုက်လတ်၊ ဒေးဒရဲ၊ ဘိုကလေးမြို့နယ်များတွင် ယခင်ထက် မိုးစပါးလက်ကျန် နည်းပါးလာပြီဖြစ်ပါတယ်။ ဒါကြောင့် စက်ပိုင်အချို့က မိုးစပါးကို ဈေးပေးဝယ်ယူတဲ့အတွက် ဈေးကွက်ပေါ်မူတည်၍ ဧည့်မထမိုး၊ နှံ့စပါးဈေး၊ ဆန်ဈေး အနည်းငယ် မြင့်တက်လျက်ရှိကြောင်း ဈေးကွက်သတင်းများအရ သိရပါတယ်။

တိုင်းအတွင်း ဆန်စပါးများကို အထက်အညာဒေသနဲ့ ရန်ကုန်ဈေးကွက်သို့ အဓိက တင်ပို့ရောင်းချလျက်ရှိတာကြောင့်ရန်ကုန်ဈေးကွက် အရောင်းအဝယ်သွက်လျှင် ဈေးနှုန်းအနည်းငယ်မြင့်တက်ကြောင်း၊ယခုရက်ပိုင်းအတွင်းပုသိမ်ဈေးကွက်မှာဧည့်မထအုပ်စုဝင် စပါး၊ဆန်ဈေးနှုန်းမှာပုံမှန်သာရှိသော်လည်း ရန်ကုန်အဝယ်လိုက်သော ပေါ်ဆန်းဆန် တစ်အိတ်လျှင် ကျပ် ၅၀၀မှ၁၀၀၀ကျပ်အတွင်းဈေးနှုန်းမြင့်တက်လျက်ရှိကြောင်း ဆန်စပါးဈေးကွက်မှသိရပါတယ်။

မင်းမင်းဦး(ပသ)

# ဆန်နဲ့ဆန်ကွဲ ပိုမိုတင်ပို့နေပြီး ဈေးကွက်သစ်များထပ်မံရရှိ

ဇူလိုင် ၈ ရက်မှ ၁၄ ရက်အထိ ရက်သတ္တပတ်အတွင်း ကုန်သွယ်ရေးစခန်းများမှ အမေရိကန်ဒေါ်လာ ၈ ဒသမ ၀၁၆ သန်း တန်ဖိုးရှိ ဆန်နဲ့ ကောက်ညှင်းဆန် ၂၅၉၂ တန် ကျော် တင်ပို့ခဲ့ပါတယ်။ မြန်မာ-တရုတ် နယ်စပ်ရှိ မူဆယ် (၁၀၅)မိုင် ကုန်သွယ်ရေးဇုန်မှ ငစိန်ဆန် ၁၈၉၀၃ တန်၊ ဧည့်မထဆန် ၂၅၆၇ တန်၊ ကောက်ညှင်းဆန် ၅၅ တန်၊ ချင်းရွှေဟော် ကုန်သွယ်ရေးစခန်းမှ ငစိန်ဆန် တန် ၆၀ ကျော်၊ လွယ်ဂျယ်ကုန်သွယ်ရေးစခန်းမှငစိန်ဆန် ၃၄၈၉ တန်၊ ကန်ပိုက်တီ ကုန်သွယ်ရေးစခန်းမှ ဧည့်မထဆန် တန်၆၀၊ မြန်မာ-ဘင်္ဂလားဒေ့ရှ် နယ်စပ်ရှိ မောင်တောကုန်သွယ်ရေးစခန်းမှ ဧည့်မထဆန် ၄၅၈ တန်ကျော် တင်ပို့ခဲ့ပါတယ်။ ယခင်တစ်ပတ် တင်ပို့မှုနဲ့ နှိုင်းယှဉ်ပါက ယခင်တစ်ပတ်က ၂၅၃၈၄ တန်ခန့် တင်ပို့ခဲ့တဲ့အတွက် ယခုတစ်ပတ်မှာ ဆန် ၂၀၈ တန် ပိုမိုတင်ပို့ခဲ့ပါတယ်။

ယခုတစ်ပတ် ကုန်သွယ်ရေးစခန်းများမှ ဆန်ပိုမိုတင်ပို့သလို ဆန်ကွဲလည်း ပိုမိုတင်ပို့နိုင်ခဲ့ပါတယ်။ မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်မှ ဆန်ကွဲ ၂၃၈၁ တန်ကျော်၊ လွယ်ဂျယ်ကုန်သွယ်ရေးစခန်းမှ ၁၀၂၃ တန် ကျော်၊ ချင်းရွှေဟော် ကုန်သွယ်ရေးစခန်းမှ ၁၅ တန်တင်ပို့ခဲ့ပြီး အမေရိကန်ဒေါ်လာ သုည ဒသမ ၈၃၉ သန်း တန်ဖိုးရှိ စုစုပေါင်း ဆန်ကွဲ ၃၄၁၉ တန် တင်ပို့ခဲ့ပါတယ်။

ယခင်တစ်ပတ်က ဆန်ကွဲ ၂၇၉၃ တန်ကျော် တင်ပို့ခဲ့တဲ့အတွက် ယခုတစ်ပတ်မှာ ၆၂၆ တန်ပိုမို တင်ပို့နိုင်ခဲ့ပါတယ်။

ပင်လယ်ရေကြောင်းကုန်သွယ်မှုမှ ဇူလိုင်လ ၉ ရက်မှ ၁၅ ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၃ဒသမ ၄၅၇ သန်းတန်ဖိုးရှိ ဆန်ဖြူနဲ့ ပေါင်းဆန် ၁၁၉၀၅ တန် တင်ပို့ခဲ့ပါတယ်။ ယခုတစ်ပတ်မှာ ဆန်ပိုမိုတင်ပို့နိုင်ပြီး ဈေးကွက်သစ်လည်း ထပ်မံရရှိခဲ့ပါတယ်။ ဆန်တင်ပို့မှုများမှာ စင်ကာပူနိုင်ငံသို့ ဧည့်မထဆန် တန်ချိန် ၂၀၁၀၊ အာဖဂန်နစ္စတန်နိုင်ငံသို့ ဧည့်မထဆန် ၃၈၇၅ တန်၊ သီရိလင်္ကာနိုင်ငံသို့ ဧည့်မထဆန် တန်ချိန် ၁၇၅၀၊ ရုရှားနိုင်ငံသို့ ဧည့်မထဆန် ၃၅၅ တန်နဲ့ ပေါင်းဆန် တန်ချိန် ၅၅၀၊ မက်ဒါဂါစကားနိုင်ငံသို့ ဧည့်မထဆန် ၈၇၅ တန်၊ ဟောင်ကောင်သို့ ငစိန်ဆန် တန်၅၀၊ အင်ဒိုရာနိုင်ငံသို့ ဧည့်မထဆန် တန်ချိန် ၂၀၀၊ နီဂျာ နိုင် ငံသို့ ပေါင်းဆန်တန်ချိန် ၂၅၀၊ ဘီနင်နိုင်ငံသို့ ဧည့်မထဆန် ၃၇၅ တန်၊ အီးယူနိုင်ငံများသို့ ဧည့်မထဆန် ၃၆၅ တန်နဲ့ ယခု တစ်ပတ်ဈေးကွက်သစ် ဂီနီဘစ်ဆောနိုင်ငံသို့ဧည့်မထဆန် တန်ချိန် ၁၂၅၀တင်ပို့ခဲ့ပါတယ်။ယခင်တစ်ပတ်က တန်ချိန်၆၄၅၀တင်ပို့ခဲ့တဲ့ အတွက် ယခုတစ်ပတ်မှာ ၅၄၅၅ တန် ပိုမိုတင်ပို့နိုင်ခဲ့ပါတယ်။

ယခုတစ်ပတ်မှာ ဆန်သာမက ဆန်ကွဲလည်း ပိုမိုတင်ပို့နိုင်ပါတယ်။ အမေရိကန်ဒေါ်လာ ၂ ဒသမ ၂၅၁ သန်း တန်ဖိုးရှိ ဆန်ကွဲ ၉၂၅၁ တန် တင်ပို့ခဲ့ရာ ဂျီဘူတီနိုင်ငံသို့ ဈေးကွက်သစ် ရရှိခဲ့ပါတယ်။ ဈေးကွက်သစ် ဂျီဘူတီနိုင်ငံသို့ ဆန်ကွဲ တန်ချိန် ၅၀၀၊ တောင်အာဖရိက နိုင်ငံသို့ တန်ချိန် ၅၀၀၊ မက်ဒါဂါစကားနိုင်ငံသို့ တန်ချိန် ၁၅၀၊ ဗီယက်နမ်နိုင်ငံသို့ တန်ချိန် ၂၅၀၊ အင်ဒိုနီးရှားနိုင်ငံသို့ တန်ချိန် ၂၄၅၀၊ နီဂျာနိုင်ငံသို့ တန်ချိန် ၂၅၀ နဲ့ အီးယူနိုင်ငံများသို့ ၅၁၅၁ တန်တင်ပို့ခဲ့ပါတယ်။ ယခင်တစ်ပတ်က ဆန်ကွဲ ၇၁၆၃ တန် တင်ပို့ခဲ့တဲ့အတွက် ယခုတစ်ပတ်မှာ ၂၀၈၈ တန် ပိုမိုတင်ပို့ခဲ့ပါတယ်။

ယဉ်ယဉ်အေး

# အာရှနိုင်ငံတွေက FOB ဆန်ဈေးနှုန်းများ

၁၉-၇-၂၀၁၇ ဒေါ်လာ/တန်

| | ထိုင်း | | | ဗီယက်နမ် | | | အိန္ဒိယ | | | ပါကစ္စတန် | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် |
| ဆန်ဖြူ ၁၀၀ % | ၄၂၄ | ၄၂၃ | ▽ | - | - | - | - | - | - | - | - | - |
| ဆန်ဖြူ ၅% | ၄၁၀ | ၄၀၈ | ▽ | ၄၁၀ | ၄၀၅ | ▽ | ၄၁၅ | ၄၁၀ | ▽ | ၄၃၅ | ၄၃၀ | ▽ |
| ဆန်ဖြူ ၁၀% | ၄၀၄ | ၄၀၂ | ▽ | - | - | - | - | - | - | - | - | - |
| ဆန်ဖြူ ၁၅% | ၄၀၁ | ၄၀၀ | ▽ | ၃၉၅ | ၃၉၀ | ▽ | - | - | - | ၄၂၀ | ၄၀၀ | ▽ |
| ဆန်ဖြူ ၂၅% | ၃၉၃ | ၃၉၂ | ▽ | ၃၇၅ | ၃၇၅ | ▽ | ၃၆၅ | ၃၆၅ | □ | ၃၇၅ | ၃၇၅ | ▽ |
| ပေါင်းဆန် | ၄၃၉ | ၄၂၉ | ▽ | - | - | - | ၄၃၀ | ၄၁၀ | ▽ | ၄၂၅ | ၄၃၀ | △ |

*Source: thairiceexporters*

# ပြည်တွင်းမြို့ကြီးများ၏ (၂၁-၇-၂၀၁၇)ရက်နေ့ ဆန်၊ စပါးဈေးနှုန်းများ

ရေတွက်ပုံ-ကျပ်/စပါး(တင်း)၊ ဆန်(တစ်အိတ်)

| မြို့ | ဧည့်မထအုပ်စု | | | | ပေါ်ဆန်းအုပ်စု | | | |
|---|---|---|---|---|---|---|---|---|
| | စပါး | | ဆန် | | စပါး | | ဆန် | |
| | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် |
| ဆန်ပိုဒေသများ | | | | | | | | |
| ပြည် | ၄၄၁၆ | □ | ၁၆၀၀၀ | ▽ | ၅၃၃၆ | ▽ | ၃၃၀၀၀ | △ |
| ပုသိမ် | ၄၆၀၀ | □ | ၂၀၀၀၀ | □ | ၇၇၁၀ | △ | ၃၅၅၀၀ | □ |
| ပဲခူး | ၄၅၀၀ | ▽ | ၁၈၅၀၀ | △ | ၆၅၀၀ | □ | ၃၂၀၀၀ | □ |
| ရွှေဘို | ၄၅၀၀ | ▽ | ၁၈၁၉ | ▽ | ၁၂၀၀၀ | △ | ၄၀၀၀၀ | △ |
| စစ်တွေ | ၃၈၅၀ | □ | ၁၇၀၀၀ | □ | ၇၂၀၀ | □ | ၃၂၀၀၀ | □ |
| ဆန်လိုဒေသများ | | | | | | | | |
| နေပြည်တော် | ၄၈၀၀ | □ | ၂၅၀၀၀ | △ | - | - | ၄၂၀၀၀ | □ |
| ရန်ကုန်(ဝါးတန်း) | ၄၄၀၀ | △ | ၁၈၂၀၀ | △ | - | - | ၃၀၀၀၀ | □ |
| မန္တလေး | ၆၅၀၀ | □ | ၂၆၀၀၀ | □ | - | - | ၃၆၀၀၀ | □ |
| မကွေး | ၆၀၀၀ | □ | ၂၂၅၀၀ | □ | - | - | ၃၀၀၀၀ | □ |
| မော်လမြိုင် | ၄၄၀၀ | □ | ၁၀၀၀၀ | □ | ၇၀၀၀ | □ | ၂၆၀၀၀ | □ |
| လှိုင်ကော် | ၇၆၀၀ | □ | ၃၂၀၀၀ | □ | - | - | ၄၅၀၀၀ | □ |
| မြိတ် | ၃၀၀၀ | □ | ၂၂၅၀၀ | □ | - | - | ၃၉၀၀၀ | ▽ |
| ဘားအံ | ၄၅၀၀ | □ | ၁၈၅၀၀ | □ | - | - | ၃၀၅၀၀ | □ |

မှတ်ချက်။ ။ ပေါ်ဆန်းအုပ်စုတွင် ပဲခူး၊ မော်လမြိုင်၊ မုံရွာ၊ ဘားအံတို့မှာဒေသထွက်ဆန်ဖြစ်ပြီး၊ ပြည်ဆန်ဈေးမှာ နတ္တလင်းဆန်ဈေးဖြစ်ပါသည်။ ဧည့်မထအုပ်စုတွင် နေပြည်တော်၊ မန္တလေး၊ မကွေး၊လှိုင်ကော်တို့မှာ မနောသုခဆန်၊ ရွှေဘိုမှာအသွယ်စ နှံ့(သစ်)အမျိုးအစားဖြစ်ပါသည်။ ရန်ကုန်၏ စပါးဈေးမှာ သန်လျင်မြို့နယ်၏ စပါးဈေးနှုန်းဖြစ်ပါသည်။

## ၁၇-၇-၂၀၁၇ မှ ၂၁-၇-၂၀၁၇ ထိ CO Form များ ထုတ်ပေးမှုစာရင်း ရန်ကုန်တိုင်းဒေသကြီးရုံး

| Sr.No. | Forms | Copies | Total Value (US$) |
|---|---|---|---|
| 1 | Form A | 704 | 40,312,084.500 |
| 2 | Form D | 51 | 2,423,666.350 |
| 3 | Form E | 90 | 1,924,569.224 |
| 4 | Korea GSP | 5 | 160,481.660 |
| 5 | Form AK | 72 | 3,239,562.730 |
| 6 | Form AJ | 9 | 559,761.500 |
| 7 | Form AI | 142 | 8,729,640.485 |
| 8 | Form AANZ | 9 | 302,002.713 |
| 9 | Form DFTP | - | - |
| **Grand Total** | | **1082** | **57,651,769.162** |

## ပြည်တွင်းဈေးကွက်များမှ ပဲမျိုးစုံဈေးနှုန်းအပြောင်းအလဲ

၂၁-၇-၂၀၁၇ ကျပ်/ပိဿာ

| ပဲအမျိုးအမည် | ရန်ကုန် | | | မန္တလေး | | | မုံရွာ | | | မကွေး | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | ၁၄/၇ | ၂၁/၇ | ပြောင်းလဲမှု | ၁၄/၇ | ၂၁/၇ | ပြောင်းလဲမှု | ၁၄/၇ | ၂၁/၇ | ပြောင်းလဲမှု | ၁၄/၇ | ၂၁/၇ | ပြောင်းလဲမှု |
| မတ်ပဲ | ၁၃၁၆ | ၁၂၆၂ | ▼ | ၁၃၃၃ | ၁၂၇၅ | ▼ | ၁၂၈၅ | ၁၂၅၀ | ▼ | ၁၃၇၅ | ၁၃၁၀ | ▼ |
| ပဲစင်းငုံ | ၉၈၈ | ၉၇၄ | ▼ | ၉၅၀ | ၉၅၂ | ▲ | ၉၅၀ | ၉၃၅ | ▼ | ၉၅၀ | ၉၂၅ | ▼ |
| ပဲတီစိမ်း | ၁၄၀၀ | ၂၁၆၅ | ▲ | ၁၉၉၁ | ၂၂၄၀ | ▲ | - | - | | ၁၃၁၅ | ၁၈၉၅ | ▲ |
| ကုလားပဲရိုးရိုး | ၂၇၀၀ | ၂၈၀၀ | ▲ | ၂၁၆၆ | ၂၂၁၈ | ▲ | ၂၂၀၀ | ၂၂၃၇ | ▲ | ၁၉၆၀ | ၂၀၆၅ | ▲ |
| ပဲလွန်းဖြူ | ၁၅၈၀ | ၁၆၀၀ | ▲ | ၁၂၅၀ | - | | - | - | - | ၁၅၀၀ | ၁၅၃၀ | ▲ |
| ထောပတ်ပဲ | ၁၅၆၅ | ၁၅၆၅ | ■ | ၁၆၈၉ | ၂၀၄၄ | ▲ | - | - | - | ၁၅၈၀ | ၁၅၈၀ | ■ |

* မှတ်ချက်။ ဖော်ပြပါဈေးနှုန်းများမှာ အနိမ့်ဈေးများသာဖြစ်ပါသည်။

## ရန်ကုန် FOB နဲ့ အိန္ဒိယဈေးကွက် ပဲမျိုးစုံဈေးနှုန်း အပြောင်းအလဲ

၂၁-၇-၂၀၁၇ ဒေါ်လာ/တန်

| ပဲအမျိုးအမည် | ရန်ကုန် FOB | | | အိန္ဒိယ | | | | | |
|---|---|---|---|---|---|---|---|---|---|
| | | | | မွမ်ဘိုင်း | | | ဒေလီ | | |
| | ၁၄/၇ | ၂၁/၇ | ပြောင်းလဲမှု | ၁၄/၇ | ၂၁/၇ | ပြောင်းလဲမှု | ၁၄/၇ | ၂၁/၇ | ပြောင်းလဲမှု |
| မတ်ပဲ | ၆၂၀ | ၅၇၅ | ▼ | ၆၆၇ | ၆၂၂ | ▼ | ၆၉၈ | ၆၅၃ | ▼ |
| ပဲစင်းငုံ | ၄၆၀ | ၄၅၀ | ▼ | ၅၂၈ | ၅၁၇ | ▼ | ၅၇၄ | ၅၆၀ | ▼ |
| ပဲတီစိမ်း | ၆၈၀ | ၆၈၀ | ■ | - | - | - | ၆၇၈ | ၆၈၄ | ▲ |
| ကုလားပဲဖြူလုံးကြီး | ၁၀၀၀ | ၁၀၃၀ | ▲ | ၈၃၈ | ၈၂၀ | ▼ | ၈၃၈ | ၈၃၂ | ▼ |

* မှတ်ချက်။ ရန်ကုန် FOB ဈေးနှုန်းများမှာ အနိမ့်ဈေးများသာဖြစ်ပါသည်။

## အပတ်စဉ် ပဲမျိုးစုံတင်ပို့မှု FOB အရောင်းအဝယ်ဖြစ်မှု အခြေအနေ

ရေတွက်ပုံ-တန်ချိန်

| ပဲအမျိုးအစား | ပြည်ပတင်ပို့မှု | | ပြည်ပတင်ပို့မှု |
|---|---|---|---|
| | ယခင်တစ်ပတ် | ယခုတစ်ပတ် | (၁၊၁၊၁၇) မှ |
| | (၈၊၇၊၁၇)ထိ | (၁၅၊၇၊၁၇)ထိ | (၁၅၊၇၊၁၇) ထိ |
| မတ်ပဲ | ၂၈၄၂၃၄ | ၁၀၈၉၀ | ၂၉၅၁၂၄ |
| ပဲတီစိမ်း | ၉၃၇၈၁ | ၁၁၈၈ | ၉၄၉၆၉ |
| ပဲစင်းငုံ | ၁၆၄၆၉၅ | ၇၈၀၄ | ၁၇၂၄၉၉ |
| ကုလားပဲ | ၃၀၉၂၉ | ၉၄၉ | ၃၁၈၇၈ |
| ပဲလွန်းဖြူ | ၁၁၈၁၃ | ၃ | ၁၁၈၁၆ |
| မြေထောက်ပဲ | ၈၂၈၆ | ၂၅ | ၈၃၁၁ |

## လက်လီ ပဲဈေးကွက်မှာ ပြည်ပဲနီပြား အရောင်းအဝယ်သွက်

ပြည်ပဲဈေးကွက်ရဲ့လက်လီပဲဈေးကွက်မှာပဲနီပြားသီးနှံအရောင်းအဝယ် သွက်လျက်ရှိပါတယ်။ ပဲနီပြားသီးနှံဟာ လက်ကျန်ပဲ ရှိမှုအပေါ် နေ့စဉ်ရောင်းချလျက်ရှိပြီး တစ်ရက် အိတ် ၅၀ နဲ့ ၁၀၀ ကြား အရောင်းအဝယ်ဖြစ်လျက်ရှိပါတယ်။ ပဲကြော်ဖိုသမားများ ဝယ်ယူလျက်ရှိတဲ့အတွက် နေ့စဉ် အရောင်းအဝယ်ဖြစ်ခဲ့ပြီး ပဲတစ်တင်းလျှင် ကျပ် ၂၆၀၀၀ ဖြင့် ယခင်တစ်ပတ် ဈေးအတိုင်း ဈေးဆက်ငြိမ်နေခဲ့ပါတယ်။ ပဲနီပြားသီးနှံဈေးဟာ ယခုနှစ်အတွင်း ဈေးအတက်အကျ သိပ်မဖြစ်ဘဲ တစ်တင်းကျပ် နှစ်သောင်းအထက် ရရှိခဲ့လို့ ယခင်နှစ်ဈေးထက် အနည်းငယ် ပိုရခဲ့ပါတယ်။ ယခင်နှစ် ဇူလိုင်လလယ်က ပဲနီပြားသီးနှံတစ်တင်းလျှင် ကျပ် ၂၅၀၀၀ ဖြင့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။

**ခင်ဆွေဝင်း**

## ပြည်စားတော်ပဲ လက်လီသာ အရောင်းအဝယ်ဖြစ်ပေမယ့် ဈေးကောင်းရ

ပြည်ပဲဈေးကွက်အတွင်း ပြည်ပဝယ်လက် ပဲများဈေးအေးနေပေမယ့် ပြည်တွင်းဝယ်လက် ကုလားပဲ၊ ပဲကြီး သီးနှံများနှင့် လက်လီသမား အဓိကအရောင်းအဝယ်ဖြစ်နေတဲ့ စားတော်ပဲသီးနှံဟာ ဈေးကောင်းရနေခဲ့တာကို တွေ့ရပါတယ်။ ပဲအဝင် မရှိပေမယ့် လက်ကျန်ပဲ အချို့ရှိလို့ လက်လီ ဝယ်ယူမှုအပေါ် နေ့စဉ်အိတ်အနည်းငယ် ရောင်းချခဲ့ပါတယ်။ ပဲဈေးမှာ တစ်တင်းကျပ် ၄၄၀၀၀ဖြင့် ယခင်တစ်ပတ် ဈေးထက် ကျပ် ၁၀၀၀ ခန့် ဈေးပိုရလာခဲ့ ပါတယ်။ ဒါကြောင့် ပြည်ပဲ မျိုးစုံဈေးကွက်မှာ ပဲကြီးသီးနှံပြီးလျှင် ဒုတိယအများဆုံးဈေးရခဲ့တဲ့ ပဲသီးနှံဖြစ်ကြောင်း လေ့လာသိရှိရပါတယ်။

**ခင်ဆွေဝင်း**

## ဇူလိုင်လလယ် ပြည်ပဲမျိုးစုံဈေးကွက်မှာ ပြည်ပဝယ်လက်ပဲများ ဈေးအေးပေမယ့် ကုလားပဲနှင့် ပဲကြီးဈေးတက်ရိပ်ပြ

ပဲခူးတိုင်းဒေသကြီး ပြည်ပဲမျိုးစုံဈေးကွက်မှာ ဇူလိုင်လအတွင်း ကုလားပဲနဲ့ ပဲကြီးသီးနှံများ ဈေးမြင့်ခဲ့ပြီး ကျန်ပဲများ ဈေးငြိမ်နေခဲ့သလို မတ်ပဲ၊ ပဲစင်းငုံ စတဲ့ပြည်ပ ဝယ်လက်ပဲများ ဈေးလျော့နည်းနေခဲ့တာကို တွေ့ရပါတယ်။ မတ်ပဲသီးနှံ ဝင်ရောက်မှု အလွန်နည်းသွားခဲ့ပြီး ပန်းတောင်း၊ ပေါင်းတလည်၊ ပေါက်ခေါင်း၊ ပြည်အနီးတစ်ဝိုက်မှသာ နေ့စဉ် အိတ် ၁၀၀-၁၅၀ ကျော် ဝင်ရောက်ခဲ့တာကို တွေ့ရပါတယ်။ ရန်ကုန် ဝယ်လက်က နေ့စဉ်အဝယ်ရှိသော်လည်း ပဲဈေးနှုန်းများ တဖြည်းဖြည်းကျဆင်းနေတဲ့အတွက် လှောင်လက်သမားများနဲ့တောင်သူအချို့ကလည်း ရောင်းချမှု နည်းတာကြောင့် အိတ် ၃၀၀ကျော်သာ အရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။ ပဲတစ်တင်းလျှင် ကျပ် ၂၅၈၀၀ ခန့်သာ ရရှိတဲ့အတွက် ယခင်တစ်ပတ်က ဈေးထက် ထပ်မံလျော့နည်းသွားခဲ့ပါတယ်။ ယခင်နှစ် ဇူလိုင်လလယ်က မတ်ပဲတစ်တင်းကျပ် ၅၇၀၀၀ ဖြင့် အရောင်းအဝယ်ဖြစ်ခဲ့တာကြောင့် ယခုနှစ် ဈေးဟာ ယခင်နှစ်ဈေးထက် ကျပ် သုံးသောင်းခန့်ထိ လျော့နည်းခဲ့ကြောင်း လေ့လာသိရှိရပါတယ်။

ပဲစင်းငုံသီးနှံမှာ ပဲအဝင်မရှိဘဲ လက်ကျန်ပဲ အနည်းငယ်သာရှိခဲ့တာကြောင့် တစ်ခါတစ်ရံ ရန်ကုန်ဝယ်လက် ဝယ်လိုအားရှိမှုအပေါ် အိတ်၃၀၀ခန့်အထိ ရောင်းချခဲ့ရသလို ပဲဈေးနှုန်းမှာ တစ်တင်းကျပ် ၁၈၅၀၀ ခန့်သာ ရရှိခဲ့ပါတယ်။ ဒါကြောင့် ပဲစင်းငုံသီးနှံဈေးဟာ ပြည်ပဲမျိုးစုံ ဈေးကွက်အတွင်း ဈေးအနိမ့်ဆုံးဖြစ်ခဲ့တာကိုလည်း တွေ့ရပါတယ်။ ပြည်တွင်းဝယ်လက် အဓိက အရောင်းအဝယ်ဖြစ်တဲ့ ပဲများအနက်မှာ ပဲကြီးသီးနှံဟာ ဈေးအမြင့်ဆုံးရရှိနေသလို ဈေးကွက်အတွင်းမှာ အရောင်းအဝယ် ပုံမှန်ဖြစ်နေကြောင်း သိရပါတယ်။ ရွှေတောင်၊ ကြီးသဲ၊ ကံမဘက်မှ နေ့စဉ် ပဲဝင် ရောက်ခဲ့ပြီး လက်ကျန်ပဲများလည်း ရှိခဲ့တာကြောင့် ပဲကြော်ဖို သမားများ ဝယ်လိုအား ရှိသလောက် နေ့စဉ်အိတ် ၂၅၀ ကျော် ၃၀၀ အထိ အရောင်းအဝယ် ဖြစ်ကြောင်းသိရပါတယ်။ ပဲကြီး (ရွှေကျွန်း) တစ်တင်းကျပ် ၄၆၀၀၀၊ (ကမ်းနား) တစ်တင်းကျပ် ၄၃၀၀၀ ဖြင့် ယခင် တစ်ပတ်ကဈေးထက် ဈေးအနည်းငယ် ပိုရလာခဲ့လို့ အခြားပဲများ တဖြည်းဖြည်းဈေးလျော့နည်းကျဆင်းချိန်မှာ ပဲကြီးဈေးကတော့ တရိပ်ရိပ် မြင့်တက်လျက်ရှိပါတယ်။

ဘိုကိတ်ပဲသီးနှံမှာ ပဲဈေးငြိမ်လျက်ရှိတာကြောင့် တစ်တင်းကျပ် ၂၁၅၀၀ ဖြင့် လက်လီလက်ကား အရောင်းအဝယ်ဖြစ်ခဲ့သော်လည်း လက်လီသမားသာနေ့စဉ်အဝယ်ရှိပြီး လက်ကားဝယ်ယူမှုကတော့ မြို့တွင်းဝယ်လက်များက အိတ် ၁၅၀ ကျော် ဝယ်ယူသလို ရန်ကုန်-ပြည် ရထားလမ်းတစ်လျှောက် မြို့နယ်များကလည်း ဝယ်ယူခဲ့တာကို တွေ့ရပါတယ်။ လက်လီ ပဲဈေးကွက်အတွင်း ကျန်ပဲများ လက်လီသာဝယ်ယူမှု များခဲ့ပေမယ့် ဘိုကိတ်ပဲသီးနှံမှာ လက်ကားဝယ်ယူသူများနှင့်ပါ ယခုတစ်ပတ်အတွင်း အရောင်းအဝယ်ဖြစ်လျက်ရှိတယ်လို့ သိရပါတယ်။

ပဲပုပ်သီးနှံမှာ လက်ကျန်ပဲအချို့ဖြင့် လက်လီသမားများ ဝယ်ယူမှု အနည်းငယ်ရှိခဲ့ကာ အိတ်အနည်းငယ် ရောင်းချလျက်ရှိခဲ့တာကို တွေ့ရပါတယ်။ ပဲဈေးအနေဖြင့် ဈေးငြိမ်လျက်ရှိတာကြောင့် တစ်တင်းကျပ် ၂၇၀၀၀ နဲ့ အရောင်းအဝယ်ဖြစ်ခဲ့လို့ ဘိုကိတ်၊ ပဲလွန်းဖြူ၊ ပဲနီပြား သီးနှံများထက် ဈေးပိုရခဲ့သလို ယခင်နှစ် ဇူလိုင်လအတွင်းက တစ်တင်း ကျပ် ၂၁၀၀၀ ခန့်သာရရှိလို့ ယခင်နှစ်ဈေးထက်လည်း ဈေးပိုရခဲ့ကြောင်း လေ့လာသိရှိရပါတယ်။

**ခင်ဆွေဝင်း**

## ပြည်ထောပတ်ပဲသီးနှံ ယခင်နှစ်ဈေးထက် နှစ်ဆခန့်ပိုရခဲ့

ဇူလိုင်လလယ် ပြည်ပဲဈေးကွက်မှာ ပြည်တွင်း၊ ပြည်ပ ဝယ်လက်ပဲများ အရောင်းအဝယ် ပုံမှန်ဖြစ်ခဲ့သလို လက်လီပဲများလည်း ပုံမှန်အရောင်းအဝယ်ဖြစ်ခဲ့တာကို တွေ့ရပါတယ်။ ထောပတ်ပဲသီးနှံဟာ လက်ကျန်ပဲ အနည်းငယ်ဖြင့် လက်လီသမားအချို့ နေ့စဉ်ဝယ်ယူလျက် ရှိခဲ့ ကာ တစ်ရက်လျှင် အိတ် ၂၀ ဝန်းကျင် ရောင်းချခဲ့ပြီး ပဲဈေးနှုန်းမှာ တစ်တင်းကျပ် ၃၁၀၀၀ နဲ့ အခြား လက်လီပဲများဖြစ်သော ဘိုကိတ်၊ ပဲပုပ်၊ ပဲလွန်းဖြူ သီးနှံများထက် ဈေးကောင်း ပိုရ ခဲ့ကြောင်း သိရပါတယ်။ ယခင်နှစ် ဇူလိုင်လက ထောပတ်ပဲ တစ်တင်းလျှင် ကျပ် ၁၅၀၀၀ သာရရှိခဲ့လို့ ယခုနှစ်ဈေးဟာ ယခင်နှစ်ရဲ့ဈေးထက်နှစ်ဆ ခန့် ပိုရနေခဲ့တာကို တွေ့ရပါတယ်။

**ခင်ဆွေဝင်း**

## ပြည်ကုလားပဲ ဈေးကောင်းဆက်ရနေ

ပြည်ပဲမျိုးစုံဈေးကွက်အတွင်း ဇူလိုင်လလယ်မှာ ပဲအချို့ ဈေး လျော့နည်း ကျဆင်းပေမယ့် ပဲအချို့ကတော့ ဈေးမြင့်တက်နေခဲ့တာကို တွေ့ရပါတယ်။ ကုလားပဲသီးနှံမှာ ကျပ်လေးသောင်းကျော် ရရှိလာခဲ့လို့ ပဲကြီးဈေးလောက် မြင့်တက်လာခြင်း မရှိသော်လည်း ကျန်ပဲများထက် ဈေးကောင်းရနေတာကြောင့် ဈေးကောင်းရတဲ့ ပဲအမျိုးအစားထဲမှာ ပါဝင်နေခဲ့ပါတယ်။ ပန်းတောင်း၊ ကံမ၊ မင်းတုန်းဘက်မှ တစ်ရက် အိတ် ၁၀၀-၁၅၀ ကျော် ဝင်ရောက်ခဲ့ပြီး ဝယ်လက်အနေနဲ့ ခွဲစက်သမားများက အဓိက ဝယ်ယူနေလို့ နေ့စဉ် အိတ် ၂၅၀-၃၀၀ ကျော် အရောင်းအဝယ် ဖြစ်ခဲ့တယ်လို့ သိရပါတယ်။ ယခင်နှစ် ဇူလိုင်လလယ်အတွင်းက တစ်တင်းကျပ် လေးသောင်းကျော်ရရှိခဲ့သလို ယခုနှစ်မှာလည်း ကျပ်လေးသောင်းကျော်ရရှိနေတာကြောင့် နှစ်စဉ်ဈေးကောင်း ရနေခဲ့တယ်လို့ဆိုရမှာ ဖြစ်ပါတယ်။

**ခင်ဆွေဝင်း**

## မုံရွာပဲမျိုးစုံဈေးကွက် ကုလားပဲဖြူလုံးကြီးဈေးအမြင့်နဲ့အရောင်းအဝယ်သွက်

ဇူလိုင်တတိယပတ်မှာ မုံရွာကုန်စည်ဒိုင် ပဲမျိုးစုံဈေးကွက် ပြည်ပဝယ်လက်ပဲများဖြစ်တဲ့ မတ်ပဲ၊ ပဲစင်းငုံ၊ ပဲတီစိမ်း သီးနှံများကဲ့သို့ ကုလားပဲဖြူသီးနှံလည်း ပြည်ပက အဝယ်လိုက်လာလို့ အခုအချိန်မှာ ဈေးအမြင့်ဆုံးနဲ့ အရောင်းအဝယ်လည်း သွက်လာကြောင်း သိရပါတယ်။ ကုလားပဲသီးနှံမှာ မုံရွာကုန်စည်ဒိုင်သို့ နေ့စဉ်အိတ် ၁၀၀၀ ကျော်အဝင်ရှိပြီး အဝင်ရှိသလောက် အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်းသိရပါတယ်။ ယခုတစ် ပတ် ကုလားပဲမျိုးစုံ တစ်တင်းပေါက်ဈေးနှုန်းများမှာ ကုလားပဲ ဖြူလုံးကြီး V2ကျပ် ၄၂၅၀၀၊ V7ကျပ် ၄၉၀၀၀၊ 929 ကျပ် ၃၉၅၀၀၊ ထိုင်ဝမ်ကျပ် ၃၉၂၀၀ အသီးသီး ပေါက်လျက်ရှိပြီး ယခင်တစ်ပတ်ပေါက်ဈေးနှုန်းထက် ဈေးမြင့်တက်လာကြောင်း တွေ့ရပါတယ်။ ယခင်နှစ် ကာလတူအချိန်ပေါက်ဈေးနဲ့ နှိုင်းယှဉ်ပါက ယခုတစ်ပတ်ပေါက်ဈေးနှုန်းမှာ ယခင်နှစ် ကာလတူပေါက်ဈေးနှုန်းကိုမီကြောင်း တွေ့ရပါတယ်။ ယခုအချိန်မှာ တောင်သူများအနေဖြင့်လည်း ဈေးကောင်းရနေတာကြောင့် ဈေးကွက်သို့ တင်ပို့ရောင်းချမှုများလာသလို ဝယ်လက်ကလည်း ဝင်သလောက်အဝယ်ရှိပြီး အရောင်းအဝယ်သွက်နေတဲ့ သီးနှံဖြစ်ကြောင်း မုံရွာကုန်စည်ဒိုင်ရပ်ကွက်မှ သိရပါတယ်။

**ကြည်ကြည်နွယ်(မုံရွာ)**

## မြန်မာ့ဆိပ်ကမ်းတွင် ၂၀ . ၇ . ၂၀၁၇ နေ့ ကုန်တင်ကုန်ချသင်္ဘောများစာရင်း

ပို့ဆောင်ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့ဆိပ်ကမ်းများတွင် ကုန်တင်/ကုန်ချဆဲနှင့် ရောက်ရှိမည့် ကုန်သင်္ဘောများ၊ ကုန်သေတ္တာသင်္ဘောများစာရင်းကို ကြည့်ရှုနိုင်ရန် ဖော်ပြလိုက်ပါတယ်။

### (က) ကုန်တင်ကုန်ချဆောင်ရွက်နေသောသင်္ဘောများ

| ဆိပ်ကမ်းအမည် | သင်္ဘောအမည် | ကုန်တင်/ကုန်ချအခြေအနေ |
|---|---|---|
| ကြည့်မြင်တိုင်ဆိပ်ကမ်း | -TUG:HTOO NO (1) | အလုပ်မလုပ် |
| ထီးတန်းဆီဆိပ်ကမ်း | - MT.MESON | P.Oil (In Bulk) ၄၃၀၀ကုန်ချဆဲ |
| ထီးတန်းဆိပ်ကမ်း (၂) | - NINOS | ကုန်သေတ္တာ ၅၉၄ကုန်တင်ဆဲ |
| အလုံအပြည်ပြည်ဆိုင်ရာဆိပ်ကမ်း (၁) | - GA ZI | ဆန်တန် ၂၀၀၀၀ ကုန်တင်ဆဲ |
| အလုံအပြည်ပြည်ဆိုင်ရာဆိပ်ကမ်း (၃) | - CAPE FLOWER | Sea Fish ၁၅၀တန်ကုန်ချဆဲ |
| ဆူးလေဆိပ်ကမ်း (၁) | - MAAN AUNG | သကြား ၇၀၀၀ တန် ကုန်ချ ဆဲ |
| ဆူးလေဆိပ်ကမ်း (၂) | -AGIA DOXA | ဆန် ၂၀၅၀၀ တန် ကုန်တင်ဆဲ |
| ဆူးလေဆိပ်ကမ်း (၄) | - LEO STAR -1 | ဆန် ၁၈၀၀၀ တန် ကုန်တင်ဆဲ |
| ဆူးလေဆိပ်ကမ်း (၅) | - MARILIA | ဆန် ၂၁၀၀၀ တန် ကုန်တင်ဆဲ |
| ဆူးလေဆိပ်ကမ်း (၇) | - TETON | ဆန် ၃၀၀၀၀တန် ကုန်တင်ဆဲ |
| ဗိုလ်တထောင်ဆိပ်ကမ်း(၁) | - DYNAMIC OCEAN -27 | sugar ၆၅၀၀တန်ကုန်ချဆဲ |
| Myanmar Integrated Port Ltd. | - OCEAN PEARL | Coal (In Bulk) တန် ၃၃၀၀၀ ကုန်ချရန် |
| မြန်မာ့သီလဝါဆိပ်ကမ်း (၄) | - DZ QING DAO | (50) Units Truck & Steel ၃၁၆၉၈ ကုန်ချရန် |

### (ခ) ကုန်တင်ကုန်ချရန် စောင့်နေသောသင်္ဘောများ

| သင်္ဘောအမည် | ကုန်အမျိုးအစား | လာ/သွားရောက်မည့်ဆိပ်ကမ်း | ဆိုက်ကပ်မည့်ရက် |
|---|---|---|---|
| OCEAN POWER | Units Contr,Equipment &G/C ၅ တန် ကုန်ချရန် | | ၂၁.၇.၂၀၁၇ |
| HONG YU | Steel & Uear ၂၉၈၄၅ တန် ကုန်ချရန် | CHINA | ၂၂.၇.၂၀၁၇ |
| LE JIN | Steel & Equipment ၂၀၅၃၈ တန် ကုန်ချရန် | CHINA | ၂၂.၇.၂၀၁၇ |
| BLUE SKY | T(11 Unit Contr Seafood Product) ၂၂၁ တန် ကုန်တင်ရန် | Myeik | ၂၂.၇.၂၀၁၇ |
| AEGIS FORTUNE | Steel & Fertilizer+ G/C ၂၈၀၀၀ တန် ကုန်ချရန် | CHINA | ၂၂.၇.၂၀၁၇ |
| YONG SHENG | MT 35 Contr& Equipment ၄၄၈ တန် ကုန်ချရန် | CHINA | ၂၂.၇.၂၀၁၇ |
| VIKING EMERALD | Units Vehicle (RO/RO) ၁၃၀၉ တန် ကုန်ချရန် | JAPAN | ၂၂.၇.၂၀၁၇ |
| SIGAP | Cement (In Bulk) ၈၀၀၀ တန် ကုန်ချရန် | MALAYSIA | ၂၃.၇.၂၀၁၇ |
| DREAM ORCHID | Units Vehicle (RO/RO) ၂၄၄တန် ကုန်ချရန် | JAPAN | ၂၄.၇.၂၀၁၇ |

### (ဂ) ဝင်ရောက်မည့် ကုန်သေတ္တာ သင်္ဘောများစာရင်း

| သင်္ဘောအမည် | လာမည့်ဆိပ်ကမ်း | ဆိုက်ကပ်မည့်ဆိပ်ကမ်း | ဆိုက်ကပ်မည့်ရက် |
|---|---|---|---|
| EVER ALLY | SINGAPORE | ထီးတန်းဆိပ်ကမ်း | ၂၁.၇.၂၀၁၇ |
| PINYA STAR | SINGAPORE | စက်မှုဆိပ်ကမ်း | ၂၁.၇.၂၀၁၇ |
| ARCA | SINGAPORE | သီလဝါဆိပ်ကမ်း | ၂၂.၇.၂၀၁၇ |
| BAGAN STAR | SINGAPORE | စက်မှုဆိပ်ကမ်း | ၂၂.၇.၂၀၁၇ |
| SOUL OF LUCK | SINGAPORE | သီလဝါဆိပ်ကမ်း | ၂၂.၇.၂၀၁၇ |
| MERATUS GORONTALO | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၂၂.၇.၂၀၁၇ |
| PATHEIN STAR | SINGAPORE | သီလဝါ/အလုံဆိပ်ကမ်း | ၂၂.၇.၂၀၁၇ |
| SHA MIN | SINGAPORE | သီလဝါဆိပ်ကမ်း | ၂၂.၇.၂၀၁၇ |
| PATHEIN STAR | SINGAPORE | သီလဝါ/စက်မှုဆိပ်ကမ်း | ၂၂.၇.၂၀၁၇ |
| MATHU BHUM | SINGAPORE | စက်မှု/သီလဝါဆိပ်ကမ်း | ၂၃.၇.၂၀၁၇ |
| KUO HSIUNG | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၂၃.၇.၂၀၁၇ |
| KOTA HASIL | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၂၄.၇.၂၀၁၇ |
| MCC MERGUI | SINGAPORE | စက်မှုဆိပ်ကမ်း | ၂၄.၇.၂၀၁၇ |

### (ဃ) ဆိုက်ရောက်ရန် မျှော်လင့်လျက်ရှိသော စက်သုံးဆီ/စားအုန်းဆီ သင်္ဘောများစာရင်း

| သင်္ဘောအမည် | ကုန်ပစ္စည်း | ဆိုက်ကပ်မည့်ဆိပ်ကမ်း | ရောက်မည့်ခန့်မှန်းရက် |
|---|---|---|---|
| MT.OCEAN PREMIER | ဒီဇယ်ဆီ | | ၂၁.၇.၂၀၁၇ |
| MT.CHAO ANOMA | P'Oil | | ၂၁.၇.၂၀၁၇ |
| MT.SOUTHERN PEC II | ဒီဇယ်ဆီ | | ၂၁.၇.၂၀၁၇ |
| MT.BTS CAPELLA | MOGAS 92 RON | SINGAPORE | ၂၂.၇.၂၀၁၇ |
| MT.DELTA SEA | P'Oil | INDONESIA | ၂၂.၇.၂၀၁၇ |
| MT.AU GEMINI | P'Oil | INDONESIA | ၂၂.၇.၂၀၁၇ |
| MT.PRIMROSE | P'Oil | INDONESIA | ၂၂.၇.၂၀၁၇ |
| MT.STORHOLMEN | MOGAS 92 RON | SINGAPORE | ၂၂.၇.၂၀၁၇ |
| MT.VIET STAR | ဒီဇယ်ဆီ | SINGAPORE | ၂၂.၇.၂၀၁၇ |
| MT.GRADE DIAMOND | ဒီဇယ်ဆီ | SINGAPORE | ၂၃.၇.၂၀၁၇ |
| MT.GLORY STAR | MOGAS 92 RON | SINGAPORE | ၂၃.၇.၂၀၁၇ |
| MT.ATLANTIC MIRAGE | ဒီဇယ်ဆီ | SINGAPORE | ၂၇.၇.၂၀၁၇ |
| MT.MESON | P'Oil | INDONESIA | ၂၈.၇.၂၀၁၇ |

## ဇူလိုင်လတတိယပတ်မှာ မုံရွာကုန်စည်ဒိုင်ရှိ ပဲမျိုးစုံဈေးကွက်တွင် မတ်ပဲ၊ ပဲစင်းငုံဈေးဆက်တိုက်ကျဆင်း

ဇူလိုင်လတတိယပတ်မှာ မုံရွာကုန်စည်ဒိုင်ရှိပဲမျိုးစုံဈေးကွက်မှာ ပြည်ပဝယ်လက်ပဲများဖြစ်တဲ့မတ်ပဲ၊ ပဲစင်းငုံသီးနှံပေါက်ဈေးနှုန်းများမှာဆက်တိုက်ကျဆင်းလျက်ရှိပြီး အရောင်းအဝယ်ကတော့ ယခင်တစ်ပတ်နဲ့နှိုင်းယှဉ်ပါက နည်းသွားကြောင်းသိရပါတယ်။ ပဲတီစိမ်းသီးနှံကတော့ ယခုတစ်ပတ်မှာ ဈေးပြန်မြင့်လာပြီး အရောင်းအဝယ်လည်းသွက်လျက်ရှိကြောင်း သိရပါတယ်။ ယခုတစ်ပတ်မှာ ပဲဈေးဆက်တိုက်ကျဆင်းလျက်ရှိလို့ အဝင်နည်းပြီး အရောင်းအဝယ်ဖြစ်မှုမှာလည်း နည်းနေကြောင်းသိရပါတယ်။ ပဲစင်းငုံသီးနှံမှာ ရာသီကုန်ချိန်ဖြစ်ကာ လှောင်လက်သမားများ လက်ထဲတွင်သာရှိ၍ တောင်သူအချို့ရဲ့ လက်ထဲမှာမရှိသလောက်နည်းသွားကြောင်း သိရပါတယ်။

အဝယ်ကတော့ နေ့စဉ်ပုံမှန်ရှိပြီး ယခင်တစ်ပတ်က ပဲစင်းငုံတစ်တင်း ကျပ် ၁၉၃၀၀ နှုန်းပေါက်ကာ ယခုတစ်ပတ်မှာ ကျပ် ၁၈၇၀၀ နှုန်းထိကျဆင်းလျက်ရှိပြီး အိတ်၃၀၀ မှ ၄၀၀ ခန့်သာ အရောင်းအဝယ်ဖြစ်နေကြောင်း သိရပါတယ်။

မတ်ပဲသီးနှံမှာမူ ယခင်တစ်ပတ်က တစ်တင်း ကျပ် ၂၇၀၀၀နှုန်းနဲ့ အရောင်းအဝယ်ဖြစ်ပြီး ယခုတစ်ပတ်မှာ တစ်တင်း ကျပ် ၂၃၅၀၀အထိ ဆက်တိုက်ကျဆင်းလျက်ပြီး အရောင်းအဝယ်ဖြစ်မှုလည်း အိတ် ၃၀၀ ခန့် သာ အရောင်းအဝယ် ဖြစ်လျက်ရှိပါတယ်။ ယခုတစ်ပတ်အတွင်း ပဲတီစိမ်းသီးနှံမှာ ဈေးနှုန်းမြင့်တက်လျက်ရှိပြီး မန္တလေးဝယ်လက်က ဝယ်ယူလျက်ရှိလို့ အရောင်းအဝယ်သွက်လျက်ရှိတဲ့ သီးနှံဖြစ်ကြောင်း သိရပါတယ်။ ယခုတစ်ပတ်ပေါက်ဈေးမှာ အရည်အသွေးအလိုက် တစ်တင်းကျပ် ၄၁၀၀၀ မှ ၄၀၀၀၀ နှုန်းပေါက်ပြီး ယခင်တစ်ပတ်ကထက် ဈေးပြန်တက်လာပါတယ်။ ယခင်နှစ်ကာလတူပေါက်ဈေးမှာ တစ်တင်းကျပ် ၃၁၈၀၀နှုန်းပေါက်လို့ ယခုနှစ်မှာ ဈေးအမြင့်နဲ့ အရောင်းအဝယ် အသွက်ဆုံးသီးနှံဖြစ်ကြောင်း သိရပါတယ်။

ယခုတစ်ပတ် ကုလားပဲမျိုးစုံတစ်တင်းပေါက်ဈေးနှုန်းမှာ ကုလားပဲဖြူလုံးကြီး V2ကျပ်၄၂၅၀၀၊ ထိုင်ဝမ်ကျပ်၃၉၂၀၀၊ 929 ကျပ် ၃၉၅၀၀နှုန်းပေါက်ပြီး နေ့စဉ် သုံးမျိုး ပေါင်းအိတ် ၁၀၀၀ခန့် အရောင်းအဝယ်ဖြစ်လျက်ရှိပါတယ်။ ကုလားပဲဖြူလုံးကြီးကို ရန်ကုန်ဝယ်လက်က အဝယ်များပြီး 929 နဲ့ ထိုင်ဝမ်ကို မုံရွာမြို့နယ်ကြာဆန်စက်၊ ပဲခွဲစက်များနဲ့ မန္တလေးဝယ်လက်ကဝယ်ယူလျက်ရှိကြောင်းသိရပါတယ်။ ပြည်တွင်းဝယ်လက်ပဲများဖြစ်တဲ့ ပဲကြီး၊ စွန်တာနီ၊ ပဲနီလုံးကြား၊ ထောပတ်ပဲ၊ မြေထောက်ပဲ၊ ဂျုံ၊ CP ပြောင်း စသည့်သီးနှံများလည်း ဈေးနှုန်းအတက်/အကျအနည်းငယ်ရှိပြီး နေ့စဉ်ပုံမှန်အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်းသိရပါတယ်။ ယခုတစ်ပတ် ပဲကြီးတစ်တင်း ပေါက်ဈေးနှုန်းမှာ (ကြီး) ကျပ် ၅၂၀၀၀၊ (သေး) ကျပ် ၄၇၀၀၀ နဲ့ ပဲကြော်ဖိုသမားများ ဝယ်ယူလျက်ရှိလို့ နေ့စဉ်အိတ် ၁၀၀ ခန့် အရောင်းအဝယ်ဖြစ်လျက်ရှိပြီး စွန်တာနီပဲတစ်တင်း ကျပ်၂၆၀၀၀၊ပဲနီလုံးကြားတစ်တင်း ကျပ် ၂၈၀၀၀၊ ထောပတ်ပဲ တစ်တင်းကျပ် ၂၇၀၀၀၊ မြေထောက်ပဲတစ်တင်း ကျပ်၃၂၅၀၀၊ ဂျုံတစ်တင်း ကျပ် ၂၀၀၀၀၊ CPပြောင်းတစ်တင်း ကျပ် ၉၀၀၀ နှုန်း အသီးသီးပေါက်လျက်ရှိကြောင်းသိရပါတယ်။

ဆီထွက်သီးနှံဈေးကွက်ရဲ့ မြေပဲဆန်ဈေးနှုန်းမှာ ယခင်တစ်ပတ်ပေါက်ဈေးအတိုင်း ဈေးငြိမ်လျက်ရှိကြောင်း သိရပါတယ်။ မြေပဲလုံးဆန်ဖြူကိုရန်ကုန်ဝယ်လက်ကဝယ်ယူလျက် လုံးဆန်နီကို မန္တလေးဝယ်လက်ကဝယ်ယူပြီး ဆီဆန်ကို မုံရွာမြို့တွင်း ဆီစက်သမားများနဲ့ ဘုတလင်၊ ခင်မွန် ဆီစက်သမားများက ဝယ်ယူလျက်ရှိကြောင်း သိရပါတယ်။ ယခုတစ်ပတ် မြေပဲလုံးဆန်တစ်ပိဿာပေါက်ဈေးနှုန်းမှာ လုံးဆန်ဖြူ ကျပ် ၂၃၅၀ နဲ့ အိတ် ၆၀၀ ခန့်၊ လုံးဆန်နီ ကျပ် ၂၃၀၀ နဲ့ အိတ် ၃၀၀ ခန့်၊ ဆီဆန် ကျပ်၂၁၀၀ နဲ့ အိတ်၂၀၀ခန့် အသီးသီး အရောင်းအဝယ်ဖြစ်လျက်ရှိပြီး နှမ်းသီးနှံပေါက်ဈေးနှုန်းများမှာ နှမ်းဖြူ တစ်ပိဿာ ကျပ်၂၃၃၃၊ နှမ်းညိုတစ်ပိဿာ ၁၈၆၇ ကျပ်၊ နှမ်းနက် တစ်ပိဿာကျပ် ၂၆၀၀ နှုန်း အသီးသီးပေါက်လျက်ရှိကြောင်း မုံရွာကုန်စည်ဒိုင်ရပ်ကွက်မှ သိရပါတယ်။

ကြည်ကြည်နွယ်(မုံရွာ)

## မုံရွာကုန်စည်ဒိုင်ပဲမျိုးစုံဈေးကွက်ရှိ မြေပဲလုံးဆန် ဈေးငြိမ်လျက်ပုံမှန်အရောင်းအဝယ်ဖြစ်

မုံရွာကုန်စည်ဒိုင် ပဲမျိုးစုံဈေးကွက်တွင် ဆီထွက်သီးနှံဖြစ်သော မြေပဲဆန်ပေါက်ဈေးနှုန်းမှာ ယခင်တစ်ပတ်အတိုင်း ဈေးငြိမ်လျက်ရှိပြီး အရောင်းအဝယ် ပုံမှန်ဖြစ်လျက်ရှိကြောင်း သိရပါတယ်။ ယခင်တစ်ပတ်က ဈေးနှုန်းပြန်လည် မြင့်တက်လာလို့ ယခုတစ်ပတ်မှာ ယခင်တစ်ပတ်အတိုင်း ဈေးငြိမ်ကာ အရောင်းအဝယ်လည်း ပုံမှန်ဖြစ်လျက်ရှိကြောင်း သိရပါတယ်။ မြေပဲဆန်များကို မုံရွာကုန်စည်ဒိုင်သို့ နေ့စဉ်အိတ် ၁၀၀၀ခန့် ဝင်ရောက်လျက်ရှိရာ ယခုတစ်ပတ်မြေပဲဆန် တစ်ပိဿာပေါက်ဈေးနှုန်းမှာ (လုံးဆန်ဖြူ) ကျပ် ၂၃၅၀ နဲ့ အိတ် ၆၀၀၊ (လုံးဆန်နီ) ကျပ် ၂၃၀၀နဲ့ အိတ်၃၀၀၊ (ဆီဆန်) ကျပ် ၂၁၀၀နဲ့ အိတ် ၂၀၀ခန့် အသီးသီး အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း သိရပါတယ်။ မြေပဲလုံးဆန်ဖြူကို ရန်ကုန်ဝယ်လက်က ဝယ်ယူလျက် လုံးဆန်နီကို မန္တလေးဝယ်လက်ကဝယ်ယူပြီး ဆီဆန်ကို မုံရွာမြို့တွင်း ဆီစက်သမားများနှင့် ဘုတလင်၊ ခင်မွန်ဆီစက်သမားများက ဝယ်ယူလျက်ရှိကြောင်းသိရပါတယ်။ ယခင်တစ်ပတ်က မြေပဲဆန်ပေါက်ဈေးနှုန်းမှာ လုံးဆန်ဖြူတစ်ပိဿာ ကျပ် ၂၄၀၀၊ လုံးဆန်နီ တစ်ပိဿာကျပ် ၂၃၅၀၊ ဆီဆန်တစ်ပိဿာ ကျပ် ၂၁၀၀နှုန်းပေါက်ကာ ယခုတစ်ပတ်ဈေးနှုန်းနှင့်နှိုင်းယှဉ်ပါက ဈေးအနည်းငယ်သာ ကွာခြားမှုရှိကြောင်းသိရပါတယ်။

ကြည်ကြည်နွယ် (မုံရွာ)

## ပြည်မြေပဲဆန်ဈေးကွက်မှာ ဝယ်လက်ပြန်လိုက်လာလို့ ဈေးပြန်မြင့်လာ

ယခုတစ်ပတ် ပြည်ဈေးကွက်မှာ ဆီကြိတ်မြေပဲဆန်ရောလုံးဆန်ပါ ဈေး ပြန်မြင့်လာတာတွေ့ရပါတယ်။ ဝယ်လက်များက အဝယ်ပြန်ရှိလာပြီး ဆီစက်များကလည်း ဝယ်ယူလာသဖြင့် ဈေးမြင့်လာတာ ဖြစ်ပါတယ်။ မြေပဲဆန်ဝင်ရောက်မှု နည်းလာပြီး အဝယ်ပြန်လိုက်လာသဖြင့် ဈေးမြင့်လာတာဖြစ်တယ်လို့ သိရပါတယ်။

ယခုတစ်ပတ် မြေပဲဆီဆန်ဈေးမှာ ဆီဆန်(အဖြူ) တစ်ပိဿာလျှင် ကျပ် ၂၁၅၀ နှင့် ဆီဆန်(အနီ) တစ်ပိဿာလျှင် ကျပ် ၂၀၅၀ ရှိနေပြီး မြေပဲလုံးဆန်ဈေးမှာ လုံးဆန် (အနီ) တစ်ပိဿာလျှင် ကျပ် ၂၃၅၀ နှင့်လုံးဆန်(အဖြူ) တစ်ပိဿာလျှင်ကျပ် ၂၄၀၀ ဖြင့် ယခင်တစ်ပတ်ထက် ဈေးပိုလာတာတွေ့ရပါတယ်။

ဝေဝေမင်း

## ပင်လယ်ရေကြောင်းမှ မန်ကျည်း ၁၄၇ တန် တင်ပို့

ဇူလိုင်လ ၉ ရက်မှ ၁၅ ရက်အထိ သီတင်းပတ်အတွင်း မန်ကျည်း ၁၄၇တန်ကို ပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းမှ တင်ပို့ခဲ့ပါတယ်။ ဒီတစ်ပတ် ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ တန် ၁၀၀ နဲ့ စင်ကာပူနိုင်ငံသို့ ၄၇ တန်တင်ပို့ခဲ့တယ်လို့ သိရပါတယ်။

ယခင်သီတင်းပတ်က တင်ပို့ခဲ့တဲ့ မန်ကျည်း ၆၉ တန်နဲ့ နှိုင်းယှဉ်ရင် ဒီတစ်ပတ်မှာမန်ကျည်းတန်ချိန် ၇၀ကျော်တင်ပို့မှုပိုခဲ့တယ်လို့ သိရပါတယ်။ မန်ကျည်းတင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၄၈၄၇၅ ဝင်ငွေရရှိခဲ့တယ်လို့ သိရပါတယ်။

သီတာဝင်း(DOT)

## ကြက်သွန်

# နယ်စပ်စခန်းစုံမှ ကြက်သွန်နီရော ကြက်သွန်ဖြူပါတင်ပို့

ဇူလိုင် ၈ ရက်မှ ၁၄ ရက်အထိ ရက်သတ္တပတ်အတွင်း မြန်မာ-တရုတ် နယ်စပ်ရှိ မူဆယ် (၁၀၅) မိုင်ကုန်သွယ်ရေးဇုန်မှ အမေရိကန် ဒေါ်လာ ၅၀၃၇၅ တန်ဖိုးရှိ ကြက်သွန်နီ ၁၁၃ တန်ကို တရုတ် နိုင်ငံသို့ လည်းကောင်း၊ မြန်မာ-ထိုင်း နယ်စပ်ရှိ မြဝတီကုန်သွယ်ရေးဇုန်မှ အမေရိကန် ဒေါ်လာ ၁၀၂၀၀ တန်ဖိုးရှိကြက်သွန်နီ ၂၄ တန်ကို ထိုင်းနိုင်ငံသို့လည်းကောင်း အသီးသီးတင်ပို့ခဲ့ပါတယ်။

အလားတူ မြန်မာ-ဘင်္ဂလားဒေ့ရှ် နယ်စပ်ရှိ မောင်တောကုန်သွယ်ရေးစခန်းမှ အမေရိကန် ဒေါ်လာ ၅၆၂၉ တန်ဖိုး ရှိကြက်သွန်ဖြူ ၂၁ တန်ကျော်ကို ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့လည်းကောင်း၊ မြန်မာ-အိန္ဒိယနယ်စပ်ရှိ တမူးကုန်သွယ်ရေးစခန်းမှ အမေရိကန် ဒေါ်လာ ၄၄၃၁ တန်ဖိုးရှိကြက်သွန်ဖြူသုံးတန်ကို အိန္ဒိယနိုင်ငံသို့လည်းကောင်း အသီးသီးတင်ပို့ခဲ့တာ တွေ့ရပါတယ်။

ကြက်သွန်နီကို ရှမ်းပြည်နယ်နဲ့ စလင်း၊ ပွင့်ဖြူ ဆိပ်ဖြူ ရေနံချောင်း၊ ပခုက္ကူမြို့တွေမှာ အဓိကစိုက်ပျိုးပြီး တောင်သူတွေလက်ထဲ ကြက်သွန်မရှိတော့တဲ့အချိန်မှ ဈေးစတက် ကြောင်း၊ကြက်သွန်သစ်မပေါ်သေးသရွေ့ ဈေးဆက်လက်တက်နိုင်ကြောင်း ကြက်သွန်ပွဲရုံ ပိုင်ရှင်တစ်ဦးထံမှ သိရပါတယ်။ **မော်မော်အောင်**

# ပြည်ကြက်သွန်ဖြူ ဈေးတရိပ်ရိပ်တက်လျက်ရှိ

ပြည်ကြက်သွန်ဖြူပွဲရုံများသို့ တရုတ်လိုင်း၊ ရှမ်းပြည်လိုင်းတို့မှ တစ်ပတ်အတွင်း ကြက်သွန်ဖြူအိတ်တွေ ပုံမှန်ဝင်ရောက်လျက်ရှိပါတယ်။ ဇူလိုင်လဆန်းမှစ၍ ဈေးနှုန်းတရိပ်ရိပ် မြင့်တက်လာတာတွေ့ရပါတယ်။ ဈေးတက်လာတာကြောင့် ပြီးခဲ့တဲ့နှစ်ကလို ဈေးအမြင့်ဆုံးကို မရောက်ခင် ပွဲရုံများနဲ့ဒေသတွင်း အိတ်ဆွဲသမားများက တစ်နိုင်တစ်ပိုင် ဝယ်ယူနေကြတာကြောင့် နေ့စဉ် အိတ်၁၀၀ နီးပါး အရောင်းအဝယ်ဖြစ်နေပါတယ်။ ဒေသတွင်း ဈေးကွက် မှာလည်း စားသုံးသူရော သုံးစွဲသူပါ ပိဿာလိုက် ဝယ်ယူလျက်ရှိတာ တွေ့ရပါတယ်။ ယခုတစ်ပတ် ကြက်သွန်ဖြူ တစ်ပိဿာ ပွဲရုံဈေးမှာ (ရှမ်းစ) ကျပ် ၃၂၀၀၊ ကျပ် ၃၆၀၀ နဲ့ ကျပ် ၃၈၀၀ တို့ဖြင့် အရည်အသွေးနဲ့အရွယ်အစားပေါ် မူတည်ပြီး ဈေးအနည်းငယ်စီ ကွာခြားစွာဖြင့်ရောင်းဝယ်လျက်ရှိပါတယ်။ (ကြူကုတ်)ဈေးကတော့ တစ်ပိဿာ ကျပ် ၂၃၀၀ နဲ့ ကျပ် ၂၄၀၀ တို့ဖြစ်ပါတယ်။ ကြူကုတ်စကို ဒေသတွင်း လက်လီအရောင်း ဈေးကွက်များမှာ ကျပ် ၂၈၀၀ မှ ကျပ် ၃၀၀၀ ထိ ရောင်းချပြီး (ရှမ်းစ)ကိုတော့ ကျပ် ၄၀၀၀၊ ကျပ် ၄၄၀၀နဲ့ ကျပ် ၄၅၀၀ ဈေးတို့ဖြင့် ရောင်းချလျက်ရှိနေပါတယ်။ ယခုနှစ် ကြက်သွန်ဖြူ ဈေးကွက်မှာ အသစ်များ ဝင်ရောက်စကပင် ဈေးအနည်းငယ်ကျလာပြီး အစိုဓါတ် နည်းပြီး လှောင်စဖြစ် လာချိန်မှစ၍ ဈေးနှုန်းတွေကလည်း တရိပ်ရိပ်တက်လာတာတွေ့ရပါတယ်။ အရောင်းအဝယ်ကလည်း သာမန်ထက် ပိုသွက်နေကြောင်း သတင်းရရှိပါတယ်။ **နီနီဝင်း**

# ဇူလိုင်လတတိယပတ် မုံရွာကြက်သွန်နီဈေးကွက်နှင့်ဈေးနှုန်း

မုံရွာ (ပွဲရုံ)စားဖိုဆောင်သီးနှံရောင်းဝယ်ရေးတွင် ယခုတစ်ပတ်ကြက်သွန်နီဈေးကွက်မှာ ယခင်တစ်ပတ်ပေါက်ဈေးနှုန်းထက်မြင့်တက်လျက်ရှိပြီး အရောင်းအဝယ်လည်း ပုံမှန်ဖြစ်နေကြောင်းသိရပါတယ်။ ပွဲရုံသို့ နေ့စဉ်ကြက်သွန်နီ ပိဿာ ၂၀၀၀၀ခန့်အဝင်ရှိပြီး မုံရွာပွဲရုံများမှ ရန်ကုန်၊ မန္တလေးမြို့များသို့ တင်ပို့ရောင်းဝယ်လျက်ရှိပြီး အရောင်းအဝယ်ကတော့ အသွက်ကြီးမဟုတ်ဘဲ ပုံမှန်လေးသာအရောင်းအဝယ်ဖြစ်နေကြောင်းသိရပါတယ်။ ယခုတစ်ပတ် ပွဲရုံများတွင် ကြက်သွန်နီတစ်ပိဿာ လက်ကားပေါက်ဈေးနှုန်းမှာ (ကြီး) ကျပ် ၁၁၅၀၊ (လတ်) ကျပ် ၁၀၅၀၊ (သေး) ၉၅၀နှုန်း ပေါက်လျက်ရှိပြီး လက်လီ တစ်ပိဿာပေါက်ဈေးနှုန်းမှာ (ကြီး) ကျပ် ၁၄၀၀၊ (လတ်) ကျပ် ၁၃၀၀၊ (သေး) ကျပ်၁၂၀၀နှုန်းနဲ့ ရောင်းဝယ်လျက်ရှိကာ ယခင်တစ်ပတ် လက်ကားပေါက်ဈေးနှုန်းမှာ (ကြီး) ကျပ် ၁၀၅၀၊ (လတ်) ကျပ် ၉၅၀၊(သေး) ကျပ် ၈၅၀ နှုန်းပေါက်လျက်ရှိပြီး လက်လီတစ်ပိဿာ ပေါက်ဈေးနှုန်းမှာ (ကြီး) ကျပ် ၁၃၀၀၊ (လတ်) ကျပ် ၁၂၀၀၊ (သေး) ကျပ် ၁၁၀၀နှုန်းပေါက်လို့ ယခုတစ်ပတ် ပေါက်ဈေးနှုန်းမှာ ယခင်တစ်ပတ်ဈေးနှုန်းထက် ဈေးမြင့်လာကြောင်းသိရပါတယ်။

မုံရွာကြက်သွန်ဖြူဈေးကွက်ကတော့ ဈေးအတက်/အကျသိပ်မရှိဘဲ ပုံမှန်အတိုင်းအရောင်းအဝယ်ဖြစ်လျက်ရှိ ကြောင်းသိရပါတယ်။ နေ့စဉ်ပွဲရုံသို့ ကြက်သွန်ဖြူများ ပိဿာ၁၀၀၀ခန့် အဝင်ရှိပြီး ယခင်တစ်ပတ်အတိုင်း ဈေးငြိမ်လျက်ရှိပြီး အရောင်းအဝယ်လည်း ပုံမှန်ဖြစ်လျက်ရှိကြောင်း သိရပါတယ်။ ယခုတစ်ပတ်ကြက်သွန်ဖြူ တစ်ပိဿာ ပွဲရုံ ပေါက်ဈေးနှုန်းမှာ (ဗမာ)ကျပ် ၄၀၀၀၊ (ရှမ်း)ကျပ် ၂၅၀၀၊ (ကြူကုတ်)ကျပ် ၂၀၀၀ နှုန်းဖြစ်ပြီး လက်လီပေါက်ဈေးနှုန်းမှာ (ဗမာ) ကျပ် ၄၅၀၀၊ (ရှမ်း) ကျပ် ၃၀၀၀၊ (ကြူကုတ်)ကျပ် ၂၅၀၀နှုန်းပေါက်လျက်ရှိပြီး အရောင်းအဝယ်လည်း ပုံမှန်ဖြစ်လျက်ရှိကြောင်း မုံရွာကြက်သွန်နီပွဲရုံမှ သိရပါတယ်။

## ချင်း

# ရှမ်းချင်း ဈေးကွက်သို့ အဝင်နည်းလာပြီး အရောင်းအဝယ်အေးနေ

ဒီတစ်ပတ်တော့ ဈေးကွက်မှာ ရှမ်းချင်းအဝင်နည်းလာသလို အရောင်းအဝယ်ကလည်း အေးနေပါတယ်။ ဒီတစ်လမှာ မိုးကလည်း အဆက်မပြတ်ရွာနေတော့ သီးနှံတွေအားလုံး အရောင်းအဝယ်ပါးနေတယ်လို့ သိရပါတယ်။ ဟိုပုံးဈေးကွက်မှာလည်း ချင်း(ဥမ)ကတစ်ပတ်အတွင်းပိဿာချိန် တစ်ထောင်ခန့်သာ အဝင်ရှိပါတယ်။ အရင်လကထက် အဝင်နည်းလာပြီး အရောင်းအဝယ်က အေးနေတော့ တောင်သူတွေက သိပ်ပြီးမဖော်ကြတော့ပါဘူး။ အလုပ်သမားခနဲ့ ထားသိုဖို့နေရာခက်ခဲတာကြောင့် ရောင်းမကောင်းရင် သိပ်ပြီးမဖော်ဖြစ်ကြဘူးလို့လည်း ဒေသခံတွေထံမှသိရပါတယ်။ ချင်း(ဥမ)ကအရောင်းအဝယ် သိပ်မကောင်းလှပေမယ့် ချင်းခြောက်ကတော့ အနည်းငယ်ပြန်ပြီး အရောင်းအဝယ်ဖြစ်လာပါတယ်။ ပြီးခဲ့တဲ့တစ်ပတ်က မူဆယ်ဝယ်လက်တွေက ချင်းခြောက်တစ်ပိဿာကို ၁၃၇၅ကျပ်နဲ့ ပိဿာချိန် တစ်သောင်းခန့် ဝယ်ယူသွားပါ တယ်။

အောင်ပန်းဈေးကွက်မှာ ချင်း(ဥမ)ကို ပြည်တွင်းဝယ်လက်တွေက အဝယ်ရှိနေတာကြောင့် ပုံမှန်သာ အရောင်းအဝယ် ဖြစ်နေတယ်လို့ သိရပါတယ်။ ဒီတစ်ပတ်ချင်းတစ်ပိဿာ ပေါက်ဈေးက ဟိုပုံးဈေးကွက်မှာ ချင်း(ဥမ)က တစ်ပိဿာကျပ် ၂၇၀၊ ကျပ် ၂၈၀၊ ချင်းခြောက်က ကျပ် ၁၄၀၀ ဈေးရှိပြီး၊ အောင်ပန်းဈေးကွက်မှာတော့ ချင်း(ဥမ)က ကျပ် ၂၅၀၊ ကျပ် ၂၆၀ နဲ့ချင်းခြောက်က ကျပ် ၁၀၀၀၊ ကျပ် ၁၁၀၀ဈေးရှိပါတယ်။ **ဧခိုင်(တောင်ကြီး)**

# တရုတ်နိုင်ငံသို့ ချင်းခြောက်တင်ပို့ပြီး ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ချင်းစိုတင်ပို့

ဇူလိုင် ၈ ရက်မှ ၁၄ ရက်အထိ သီတင်းပတ်အတွင်း မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ် (၁၀၅) မိုင်ကုန်သွယ်ရေးဇုန်မှ အမေရိကန်ဒေါ်လာ ၄၁၁၂၅ တန်ဖိုးရှိ ချင်းခြောက် ၃၃ တန်ကျော်ကို တရုတ်နိုင်ငံသို့ တင်ပို့ခဲ့ရာ ယခင်တစ်ပတ်က တင်ပို့ခဲ့တဲ့ ၂၉ တန်နဲ့ နှိုင်းယှဉ်ပါက လေးတန်ခန့် ပိုမိုတင်ပို့ခဲ့ပါတယ်။ မူဆယ်ကုန်စည်ဒိုင်မှာ ချင်းခြောက်တစ်တန် ကို (ငွေလဲနှုန်းအရ) ၁၆၈၀၈၃၅ ကျပ်ဝန်းကျင်ဈေးရှိတယ်လို့ သိရပါတယ်။

အလားတူ မြန်မာ-ဘင်္ဂလားဒေ့ရှ်နယ်စပ်ရှိ စစ်တွေကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ ၃၀၄၀၀တန်ဖိုးရှိ ချင်းစိုတန် ၄၀ကိုလည်းကောင်း၊ မောင်တောကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ ၂၀၆၁၈ တန်ဖိုးရှိချင်းစို ၉၅ တန်ကျော်ကို လည်းကောင်း ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ တင်ပို့ခဲ့ပါတယ်။ စစ်တွေမှာ ချင်းစို တစ်တန်ရဲ့ မိမိဘက်ပေါက်ဈေး(ငွေလဲနှုန်းအ ) ၁၀၃၄၆၆၄ ကျပ်ခန့်ရှိတယ်လို့ သတင်းရရှိပါတယ်။ **မော်မော်အောင်**

# ပင်လယ်ရေကြောင်းမှ ချင်းပြန်လည်တင်ပို့

ဇူလိုင်လ ၉ ရက်မှ ၁၅ ရက်အထိ သီတင်းပတ်အတွင်း ချင်း ၅၆၄ တန်ကို ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းမှ တင်ပို့ခဲ့ပါတယ်။ ယခင်သီတင်းပတ်က တင်ပို့မှုပျောက်ခဲ့တဲ့ ချင်းက ဒီတစ်ပတ်မှ ပြန်လည်တင်ပို့ခဲ့ခြင်းဖြစ်ပါတယ်။ ချင်းတင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၁၂၄၆၃၅ ဝင်ငွေရရှိခဲ့တယ်လို့ သိရပါတယ်။ **သီတာဝင်း**(DOT)

## နနွင်း

# ပင်လယ်ရေကြောင်းလမ်းမှ နနွင်းတင်ပို့မှုလျော့

ဇူလိုင် ၉ ရက်မှ ၁၅ ရက်အထိ သီတင်းပတ်အတွင်း နနွင်း ၉၁ တန်ကို ပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းမှ တင်ပို့ခဲ့ပါတယ်။ ဒီတစ်ပတ် စင်ကာပူနိုင်ငံသို့ ၁၆ တန်နဲ့ မလေးရှားနိုင်ငံသို့၇၅ တန် တင်ပို့ခဲ့တယ်လို့ သိရပါတယ်။ ယခင်သီတင်းပတ်က တင်ပို့ခဲ့တဲ့နနွင်း တန်ချိန်၁၁၀ကျော်နဲ့နှိုင်းယှဉ်ရင် ဒီတစ်ပတ်မှာ တန်ချိန် ၂၀ကျော် တင်ပို့မှုလျော့ခဲ့တယ်လို့ သိရပါတယ်။ ဒီတစ်ပတ် နနွင်းတင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၆၈၀၂၅ ဝင်ငွေရရှိခဲ့တယ်လို့ သိရပါတယ်။ **သီတာဝင်း**(DOT)

# မူဆယ်မှနနွင်းတက် ပိုမိုတင်ပို့

မြန်မာ-တရုတ်နယ်စပ်ရှိမူဆယ် (၁၀၅) မိုင်ကုန်သွယ်ရေးဇုန်မှ ဇူလိုင်လ ၈ ရက်မှ ၁၄ ရက်အထိ သီတင်းပတ်အတွင်းအမေရိကန်ဒေါ်လာ ၁၆၇၈၁၇ တန်ဖိုးရှိ နနွင်း တက်(ရှမ်းစ) ၂၃၈ တန်ကျော်ကို တရုတ်နိုင်ငံသို့ တင်ပို့ခဲ့ရာ ယခင်တစ်ပတ်က တင်ပို့ခဲ့တဲ့ ၂၀၅ တန်ကျော်နဲ့ နှိုင်းယှဉ်ပါက ၃၃ တန် ပိုမိုတင်ပို့ခဲ့တာတွေ့ရပါတယ်။ မူဆယ်ကုန်စည်ဒိုင်မှာ နနွင်းတက် တစ်တန်ရဲ့ မိမိဘက်ပေါက်ဈေးမှာ(ငွေလဲနှုန်းအရ)၉၅၆၄၄ ကျပ်ဝန်းကျင်ရှိပြီး ယခင်နှစ် ကာလတူက ၉၁၉၅၆၀ ကျပ် ဈေးရှိခဲ့တယ်လို့သိရပါတယ်။

နနွင်းအစစ်ကို ဟင်းခတ်အမွှေးအကြိုင်အဖြစ်လည်းကောင်း၊ ဆေးဖော်စပ်ရာတွင်လည်း သုံးစွဲမှုရှိတာကြောင့်လည်းကောင်း နနွင်းစိုက်သူတွေ များပြားလာပြီး နနွင်းကို ဆန်မှုန့်၊ ဖွဲ့မှုန့်တွေနဲ့ရောပြီး ရောင်းလာကြတဲ့အတွက် နနွင်းမှုန့်အစစ် သုံးစွဲချင်သူတွေက ကိုယ့်ဒေသထွက် နနွင်းမှုန့်ကိုသာ အဓိကဝယ်ယူ စားသုံးကြတယ်လို့ စစ်ကိုင်းတိုင်းမှ နနွင်းဥစိုက်ပျိုးရောင်းချသူ တစ်ဦးထံက သိရ ပါတယ်။ **မော်မော်အောင်**

# ပြည် ကြက်သွန်နီဈေးကွက်တွင်ဈေးနှုန်းများ ဆက်လက်မြင့်တက်

ယခုတစ်ပတ် ပြည်မြို့ရဲ့ ကြက်သွန်နီဈေးနှုန်းများမှာ ယခင်တစ်ပတ်ကထက် ဆက်လက် မြင့်တက်လျက်ရှိနေကြောင်း သိရပါတယ်။ ကြက်သွန်နီအဓိကစိုက်ပျိုးရာ မကွေးတိုင်း ၊ မန္တလေးတိုင်းများမှ အချို့စိုက်ပျိုးသူတောင်သူများ၊ လှောင်လက်ပွဲစား ကုန်သည်များသည် ကြက်သွန်နီ ရှားပါးချိန်တွင် ဈေးကောင်းစောင့်၍ ထုတ်ရောင်းနေမှုများကြောင့် ဈေးမြင့်တက်ရခြင်းဖြစ်ကြောင်း ပြည်ပွဲရုံလုပ်ငန်းရှင်တစ်ဦးရဲ့ပြောကြားချက်အရသိရပါတယ်။ပခုက္ကူ အောင်လံ၊ ဆိပ်ဖြူဘက်မှ ကြက်သွန်နီများ ပိဿာ၃၀ဝင်အိတ် ၂၅၀ မှ ၃၅၀အထိ နေ့စဉ်ဝင်ရောက်လျက်ရှိပြီး၊ယခင်တစ်ပတ်ထက် အနည်းငယ် ပိုမိုဝင်ရောက်နေတာ တွေ့ရပါတယ်။ မိုးတွင်းကာလဖြစ်တာကြောင့် ရေစိုမိုးမိ ကြက်သွန်နီများလည်း ပြည်ဈေးကွက်အတွင်းသို့ အနိမ့်ဈေးဖြင့် ဝင်ရောက်လျက်ရှိကြောင်းလည်းသိရပါတယ်။ အရောင်းအဝယ်အားဖြင့် ရခိုင်ပြည်နယ်၊ ဧရာဝတီတိုင်းသို့ တင်ပို့မှုနဲ့ ဒေသတွင်း ဝယ်လက်သမားများ၊ အိတ်ဆွဲဝယ်ရောင်းသမားများ စတဲ့ပုံမှန်ဝယ်လက်များဖြင့်သာ ရောင်းဝယ်နေတဲ့အတွက် အရောင်းအဝယ်အေးလျက်ရှိကြောင်း သိရပါတယ်။ ဈေးနှုန်းအားဖြင့် ပွဲရုံလက္ကားဈေး တစ်ပိဿာလျှင်(ဟိုတယ်စ) ကျပ် ၁၄၀၀-၁၄၅၀၊ရှယ်(ထူး)ကျပ်၁၃၅၀၊(လတ်ကြီး)ရှယ် ကျပ် ၁၃၀၀၊ (အသေးစ)ကျပ် ၁၀၅၀-၁၁၀၀တို့ရှိပြီး လက်လီဈေး အသေးများတွင် (ဟိုတယ်စ)၊ ရှယ်ထူး၊ လတ်ကြီး စသည်ဖြင့် မခွဲခြားဘဲ (ကြီး/လတ်)ကျပ် ၁၆၀၀-၁၅၀၀၊ (အသေးစ)ကျပ် ၁၄၀၀-၁၃၀၀နဲ့ ရေစိုမိုးမိ ကြက်သွန်နီ တစ်ပိဿာလျှင် ကျပ် ၁၁၀၀-၁၂၀၀ တို့ဖြင့် အသီးသီး ရောင်းချနေတာတွေ့ရပါတယ်။ အရည်အသွေးသိပ်မကောင်းသည့် ရေစိုမိုးမိ ကြက်သွန်နီများကို နေ့စဉ်အသုံးရှိတဲ့ စားသောက်ဆိုင်များက ဝယ်ယူသုံးစွဲကြကြောင်းသိရှိရပါတယ်။ **ဝင်းလှဲ့ဝါ(ပြည်)**

# ပြည်သူဗဟိုပြု ဆက်လက်လျှောက်လှမ်းသင့်သော
# အာဆီယံ နှစ် ၅၀ ခရီး

| သိန်းမြင့်ဝေ |

၂၀၁၇ ခုနှစ်၊ မေလအတွင်းက ဖိလစ်ပိုင်နိုင်ငံ၊ မနီလာမြို့၌ အကြိမ်(၃၀)မြောက် အာဆီယံ ထိပ်သီးအစည်းအဝေးကို ကျင်းပခဲ့သည်။ အနောက်နိုင်ငံအချို့၏ ကမ္ဘာလုံးဆိုင်ရာ ဆက်စပ်ပြောင်းလဲမှု (Globalization) ကို ဆန့်ကျင်သည့် လုပ်ဆောင်ချက်များ ပိုမိုဆောင်ရွက်လာမှုအပေါ် တုံ့ပြန်သည့်အနေဖြင့် အဆိုပါအစည်းအဝေးကို ကျင်းပခဲ့ခြင်းဖြစ်သည်။ အနောက်နိုင်ငံဈေးကွက်များသည် ပြည်တွင်းကို ဦးစားပေးသည့် ပေါ်လစီ (Inward-looking policies) ပိုမိုကျင့်သုံးလာသောကြောင့် အာဆီယံဒေသတွင်း ချိတ်ဆက်မှု (Intra-ASEAN links) သည် ယခင်ကထက် ပိုမိုအရေးပါလာသည်။ ထိပ်သီးအစည်းအဝေးတွင် အာဆီယံခေါင်းဆောင်များသည် ဒေသတွင်းစီးပွားရေးချိတ်ဆက်မှုကို ကောင်းမွန်စွာ တည်ဆောက်ပြီး ကမ္ဘာလုံးဆိုင်ရာစီးပွားရေး၏ ရိုက်ခတ်မှုများ (Shocks) ကို ရင်ဆိုင်ရန် ပြောကြားခဲ့သည်။ ထို့ပြင် ယခုနှစ် နှစ်ကုန်ပိုင်းတွင်ခေတ်မီ၍ ဘက်စုံပါဝင်လျက်အရည်အသွေးမြင့်မားပြီး အပြန်အလှန်ကောင်းကျိုးပြုသည့် RCEP ကို ရရှိရန်လည်း အာဆီယံ ခေါင်း ဆောင်များက ဆွေးနွေးခဲ့သည်။ RCEP Agreement ဆိုသည်မှာ ဒေသဆိုင်ရာ ဘက်စုံပါဝင်သော စီးပွားရေးပူးပေါင်းဆောင်ရွက်မှုသဘောတူညီချက် (Regional Comprehensive Economic Partnership) ဖြစ်ပါသည်။

ပစိဖိတ်ဖြတ်ကျော်ပူးပေါင်းဆောင်ရွက်မှု (Trans-Pacific Partnership-TPP) နှင့်အတူ RCEP သည် လက်ရှိညှိနှိုင်းဆွေးနွေးလျက်ရှိသော အကြီးမားဆုံး လွတ်လပ်သည့် ကုန်သွယ်ရေး သဘောတူညီချက်ဖြစ်ပါသည်။ RCEP ကို အောင်မြင်စွာ အကောင်အထည်ဖော်နိုင်မည်ဆိုပါက လူဦးရေ သန်း ၆၀၀ ကျော်ရှိသော အာဆီယံဈေးကွက်ကို လူဦးရေ ၃ ဒသမ ၅ ဘီလီယံရှိပြီး ခြောက်နိုင်ငံပါဝင်သော ပိုမိုကြီးမားသည့် ဈေးကွက်နှင့် ချိတ်ဆက်နိုင်မည်ဖြစ်သည်။ အဆိုပါ ကုန်သွယ်ရေး သဘောတူညီချက်သည် ကမ္ဘာ့စီးပွားရေးတွင် အာဆီယံ၏အရေးပါမှုကို မြှင့်တင်ပေးရုံသာမက ကမ္ဘာ့စီးပွားရေးတိုးတက်မှု၏ အင်ဂျင်စက်သစ် (New engine of global growth) ဖြစ်လာနိုင်ပါသည်။

**AEC နှင့် လူဦးရေအစိတ်အပိုင်း**

ကမ္ဘာလုံးဆိုင်ရာ ဇာတ်ကောင် (Global player) ဖြစ်ရေး၊ ပြည်ပကိုဦးစားပေးသည့် ပေါ်လစီ (Outward-looking Policy) ကျင့်သုံးရေးအပြင် ကမ္ဘာ့နိုင်ငံများနှင့်ပူးပေါင်းရေးအတွက် အာဆီယံ၏ အရေးကြီးဆုံးမဟာဗျူဟာမှာ စီးပွားရေး ပိုမိုပေါင်းစည်းခြင်းဖြစ်သည်။ ထိုကဲ့သို့ ပိုမိုပေါင်းစည်းရန်အတွက် အာဆီယံနိုင်ငံများအနေဖြင့် အာဆီယံစီးပွားရေး အသိုက်အဝန်း (ASEAN Economic Community-AEC) ကို ထိရောက်စွာ အကောင်အထည်ဖော်ရန် လိုအပ်သည်။ AEC သည် ပြည်သူလူထုပါဝင်သော အာဆီယံအသိုက်အဝန်းကို ရုပ်လုံးဖော်သော အရာလည်းဖြစ်သည်။

AEC သည် အာဆီယံလူဦးရေ၏ အစိတ်အပိုင်းနှစ်မျိုးစလုံးနှင့် ဆက်နွယ်နေသည်။ ပထမလူဦးရေ အစိတ်အပိုင်းမှာ တိုးတက်နေသော လူလတ်တန်းစား (Middle class) ဖြစ်သည်။ ၎င်းတို့သည် ပိုမိုမျှတသော စီးပွားရေးတိုးတက်မှုကိုလည်းကောင်း၊ ပိုမိုမြင်သာပြီး ပိုမိုသန့်ရှင်းသော အစိုးရများကိုလည်းကောင်း တောင်းဆိုလျက်ရှိပါသည်။ ခေတ်မီနည်းပညာနှင့် လူမှုရေးမီဒီယာများက လူလတ်တန်းစားတို့၏ အသံကို ချဲ့ထွင်ရှင်းပြလျက်ရှိပါသည်။ ထို့ကြောင့် ပေါ်လစီချမှတ်သူများသည် လူလတ်တန်းစားတို့၏ အရေးပါမှုကို ပိုမိုနားလည်လွယ်ပြီး ကောင်းမွန်သော ပေါ်လစီများချမှတ်ရန်ဖြစ်သည်။

အာဆီယံအဖွဲ့ဝင် နိုင်ငံများ၏ စီမံအုပ်ချုပ်မှုပုံစံ (Style of governance) သည်လည်း ပြောင်းလဲနေပါသည်။ အစိုးရ၏စွမ်းဆောင်မှုအပေါ် အထွေထွေ မျှော်လင့်ချက်များ မြင့်မားနေပါသည်။ အစိုးရအပေါ် ဩဇာလွှမ်းမိုးခဲ့ သော အခွင့်ထူးခံလူပုဂ္ဂိုလ်များသည်လည်း ပြည်သူလူထု၏ အခွင့်အရေးနှင့် ရပိုင်ခွင့်ကို ထောက်ခံသော နိုင်ငံရေး မဟာဗျူဟာ (Populism) ၏ စိန်ခေါ်မှုကို ရင်ဆိုင်ဖြေရှင်းနေရသည်။ ထို့ပြင် အာဆီယံဒေသ၏ အနာဂတ်စီမံအုပ်ချုပ်မှုကို မည်ကဲ့သို့ ပုံဖော်ရမည်ဆိုသည်ကိုလည်း ရင်ဆိုင်နေကြရသည်။

ဥပမာအားဖြင့် အခွင့်ထူးခံ လူတန်းစားများကြောင့် အဂတိလိုက်စားမှုနှင့် လူမှုရေးပြဿနာများဖြစ်ပေါ် လျက်ရှိသော ဖိလစ်ပိုင်နိုင်ငံ၌ သမ္မတရိုဒီရီဂို ဒူတာတေးတက်လာသည့်အချိန်တွင် ဖြေရှင်းသည့်ပုံစံကို တွေ့မြင်နိုင်သည်။ ထိုနည်းတူစွာပင် အဂတိလိုက်စားမှုနှင့် ဥစ္စာခွဲဝေမှု မညီမျှခြင်း (Corruption and uneven distribution of wealth) ကြောင့် ပြည်သူလူထု မကျေမနပ်ဖြစ်ပေါ်နေခြင်းကို အင်ဒိုနီးရှားသမ္မတ ဂျိုကိုဝီဒိုဒိုက ကိုင်တွယ်ဖြေရှင်း ခဲ့သည်။ ထိုကဲ့သို့သော အောက်ခြေမှ အထက်သို့တင်ပြဆောင်ရွက်သောအချက်များ (Bottom-up factors) က အခွင့်ထူးခံသူများကို ဆန့်ကျင်တိုက်ဖျက်ပြီး ပြည်သူလူထု၏အခွင့်အရေးနှင့် လုပ်ပိုင်ခွင့်ကို ထောက်ခံသောမဟာဗျူဟာ (Populism) ကို ပိုမိုကြီးထွားလာစေသည်။ ထို့မျှသာမက Bottom-up factors က နိုင်ငံအဆင့် အပြောင်းအလဲများ ဖြစ်ပေါ်စေရန်လည်း လှုံ့ဆော်လျက်ရှိပါသည်။ ထို့ပြင် အဆိုပါအချက်များက AEC ကိုအကောင်အထည်ဖော်ရာတွင် ချမှတ်သော အာဆီယံခေါင်းဆောင်များ၏ ဆုံးဖြတ်ချက်ကိုလည်း ပိုမိုကောင်းမွန်မှန်ကန်စေပါသည်။

ဒုတိယလူဦးရေ အစိတ်အပိုင်းမှာ အာဆီယံဒေသတွင်းရှိ ထိလွယ်ရှလွယ်သော (အထိခိုက်မခံနိုင်သော) အုပ်စုများ (Vulnerable groups) ဖြစ်ပါသည်။ AEC က အလုပ်အကိုင်ပေါင်း ၁၄ သန်း ဖန်တီးပေးနိုင်သည်ဟု အပြည်ပြည်ဆိုင်ရာ အလုပ်သမားအဖွဲ့ (International Labor Organization) က ခန့်မှန်းထားသော်လည်း အာဆီယံနိုင်ငံများကြား သို့မဟုတ် အာဆီယံပြည်သူများကြား အလုပ်အကိုင်ခွဲဝေမှု မညီမမျှဖြစ်နိုင်ကြောင်းကိုလည်း စိုးရိမ်လျက်ရှိသည်။ အထူးသဖြင့် အသေးစားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများ (SMEs)၊ လယ်သမားငယ်များ၊ ပုံစံတကျ မရှိသောလုပ်ငန်းကဏ္ဍတွင် လုပ်ကိုင်နေသော လုပ်သားများ၊ အထောက်အထားမခိုင်လုံသော ရွှေ့ပြောင်းလုပ်သားများကြား စိုးရိမ်နေကြပါသည်။

ပြည်သူကို တန်ဖိုးထားပြီး လူသားချင်းစာနာထောက်ထားသည့် AEC ဆိုသည်မှာ အားလုံးပါဝင်ပြီး ပြည်သူကိုဗဟိုပြုသော အစီအစဉ်တစ်ခု (Inclusive and people-focused one) ဖြစ်ပါသည်။ စီးပွားရေးပေါင်းစည်းခြင်းက အာဆီယံလူ့အဖွဲ့အစည်းအတွက် ပိုမိုများပြားကောင်းမွန်သော အလုပ်အကိုင်နှင့် ကောင်းကျိုးများကို ဖြစ်ထွန်းစေရပါမည်။ နိုင်ငံများကြား ဝင်ငွေကွာဟမှု (Income gaps) ကြီးမားခြင်းကို ပြည်သူလူထု၏ အခွင့်အရေးနှင့် လုပ်ပိုင်ခွင့်ကို ထောက်ခံသူများက ထောက်ပြဝေဖန်လျက်ရှိသည်။ ဤအချက်က အာဆီယံ၏ အနာဂတ် စီးပွားရေးပေါင်းစည်းမှုစီမံကိန်း (Future plans of economic integration) ကို ခြိမ်းခြောက်လာနိုင်သည်။ ထို့ကြောင့် အာဆီယံခေါင်းဆောင်များသည် စီးပွားရေးပေါင်းစည်းမှု၏ အမြတ်ဝေစုများ (Dividends) ကို မျှတစွာ ခွဲဝေဖြန့်ဖြူးရန် လိုအပ်သည်။ ပေါ်လစီချမှတ်ရာတွင် ပြည်သူကိုဗဟိုပြုချက်တွင် ထားရှိခြင်းအားဖြင့် စီးပွားရေးပေါင်းစည်းမှု၏ အသီးအပွင့်များကို အာဆီယံလူဦးရေအများစု ခံစားနိုင်ရန် စီမံဆောင်ရွက်သင့်ပါသည်။

**အာဆီယံ၏ နောင်နှစ် ၅၀ အတွက် ဦးစားပေးအစီအစဉ်များ**

နောင်နှစ်ပေါင်း ၅၀ အတွက် အာဆီယံ၏ ဦးစားပေးအစီအစဉ်များအနက် ပထမဦးစားပေးအစီအစဉ်မှာ စီးပွားရေးလုပ်ငန်းငယ်များကို တိုးတက်အောင်ဆောင်ရွက်ခြင်းဖြစ်သည်။ ဤကဲ့သို့ဆောင်ရွက်ခြင်းသည် အားလုံးအကျုံးဝင်သော တိုးတက်မှု (Inclusive growth) အတွက် အထိရောက်ဆုံးနှင့် အသင့်လျော်ဆုံးနည်းလမ်းဖြစ်ပါသည်။ အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ (SMEs) သည် အရှေ့တောင်အာရှနိုင်ငံများ၏ စီးပွားရေးအတွက် ကျောရိုးသဖွယ်ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် SME များသည် အလုပ်အကိုင်များစွာ ဖန်တီးပေးပြီး စီးပွားရေးတိုးတက်မှု၏ ဇစ်မြစ်ဖြစ်သောကြောင့်ဖြစ်ပါသည်။ ပြည်ပရင်းနှီးမြှုပ်နှံမှု၏သဘောမှာ သက်ဆိုင်ရာကဏ္ဍတစ်ခုခုကိုသာ အထူးပြုတိုးတက်စေခြင်းဖြစ်သည်။ ပြည်တွင်း SME များသည် ပထဝီဝင်ဒေသအလိုက်လည်းကောင်း၊ ကဏ္ဍအသီးသီးအတွက်လည်းကောင်း အခွင့်အရေးများကို ဖန်တီးပေးပြီး လုပ်သားအင်အားအများစုကိုလည်း အလုပ်အကိုင်များ ဖန်တီးပေးနိုင်သည်။

ဒေသတွင်းစီးပွားရေး ပိုမိုပေါင်းစည်းလာသည်နှင့်အတူ အာဆီယံခေါင်းဆောင်များသည် SME များ၏ ယှဉ်ပြိုင်နိုင်စွမ်းကို မြှင့်တင်ပေးမည့် အစီအမံများကို တည်ဆောက်ထားရန် လိုအပ်သည်။ သို့သော်

> ဒေသတွင်းစီးပွားရေး ပိုမိုပေါင်းစည်းလာသည်နှင့်အတူ အာဆီယံခေါင်းဆောင်များသည် SME များ၏ ယှဉ်ပြိုင်နိုင်စွမ်းကို မြှင့်တင်ပေးမည့် အစီအမံများကို တည်ဆောက်ထားရန် လိုအပ်သည်။

လည်း တန်ဖိုးပြောင်းလဲမှုကွင်းဆက် (Value chains) မှ ရရှိသော ကောင်းကျိုးများကို ခံစားရန်အတွက်ဒေသ၏ အခြေခံအဆောက်အအုံလိုအပ်ချက် (Infrasturcture deficit) က တားဆီးပိတ်ပင်ထားသည်။ ကျေးလက်နှင့်မြို့ပြတန်ဖိုးပြောင်းလဲမှုကွင်းဆက်များ (Rural-urban value chains) ဖွံ့ဖြိုးတိုးတက်လာစေရန် အာဆီယံအစိုးရများအနေဖြင့် အတူတကွ လက်တွဲဆောင်ရွက်သင့်သည်။ ဤကဲ့သို့ဆောင်ရွက်ခြင်းက ကျေးလက်ဒေသတွင် SME များ ပိုမိုတိုးတက်လာပြီး မြို့ပြဈေးကွက်များနှင့် ပိုမိုချိတ်ဆက်မိသည့် ကောင်းကျိုးကို ရရှိနိုင်သည်။ ကာလရှည်တွင် ကျေးလက်အသွင်ပြောင်းလဲခြင်း (Rural transformation) ဖြစ်ပေါ်လာပြီး အာဆီယံဒေသရှိကျေးလက်ပြည်သူများ၏ ဘဝနေထိုင်ရေး၊ စားဝတ်နေရေးနှင့် သက်သာချောင်ချိရေးတို့ကို ပိုမိုတိုးတက်ကောင်းမွန်စေနိုင်သည်။

ဒုတိယဦးစားပေးအစီအစဉ်မှာ အာဆီယံအနေဖြင့် သက်ဆိုင်သူအားလုံးပါဝင်သော ချဉ်းကပ်နည်း (Multi-stakeholder approach) ကို ချမှတ်ကျင့်သုံးရန်နှင့် အထက်-အောက် အမိန့်ပေးသည့်အဖွဲ့အစည်း (Top-down organization) မှ Bottom-up organization သို့ အသွင်ပြောင်းလဲရန်ဖြစ်သည်။ အာဆီယံ၏ ဆုံးဖြတ်ချက်ချမှတ်သောဖြစ်စဉ်တွင် ပြည်သူ၏ အသံပိုမိုပါဝင်သင့်သည်။ အထူးသဖြင့် လူငယ်များ၏အသံ၊ ပုဂ္ဂလိကကဏ္ဍ၏ အသံနှင့် အရပ်ဘက်လူ့အဖွဲ့အစည်း၏ အသံများပိုမိုပါဝင်သင့်သည်။ ပုဂ္ဂလိကကဏ္ဍသည် သော့ချက်ကျသော အခန်းကဏ္ဍမှ ပါဝင်နေသည်။ အာဆီယံစီးပွားရေးလုပ်ငန်းများသည် Corporate Social Responsibility (CSR) ကို ဦးစားပေးဆောင်ရွက်သင့်သည်။

အာဆီယံသည် ယင်း၏ ပြည်သူနှင့်အတူ ရရှိထားသော အောင်မြင်မှုများ၊ မျှော်မှန်းချက်နှင့် ရည်ရွယ်ချက်များကို ပိုမိုကောင်းမွန်အောင်လည်း ဆောင်ရွက်နိုင်ပါသည်။ အာဆီယံနိုင်ငံများကြား နားလည်သဘောပေါက်မှု မတူညီခြင်း၊ အယူအဆကွဲပြားခြင်းများလည်း ရှိနေပါသေးသည်။ အာဆီယံနှင့်ပတ်သက်သော အသိပညာနည်းပါးခြင်းက အာဆီယံ၏ ပါဝင်ပတ်သက်သူများကို ဆုံးဖြတ်ချက်ချမှတ်သည့် ဖြစ်စဉ်အတွင်း ထားရှိရန် ခက်ခဲနိုင်ပါသည်။

**ပြည်သူဗဟိုပြုဆက်လက်လျှောက်လှမ်းရေး**

အာဆီယံသည် ပထမနှစ်ပေါင်း ၅၀ အတွင်း အတိုင်းအတာတစ်ခုထိ အောင်မြင်တိုးတက်မှုများ ရရှိခဲ့သည်။ လာမည့် နှစ် ၅၀ အတွင်း အာဆီယံအသိုက်အဝန်းကို တည်ဆောက်ရာတွင် စိန်ခေါ်မှုများ ပိုမိုရင်ဆိုင်ရမည်ဖြစ်သည်။ ပြည်သူဗဟိုပြုပြီး လူသားချင်းစာနာထောက်ထားသော အသိုက်အဝန်း (People-centered and humane community) ကို အကောင်အထည်ဖော်ရာတွင် အာဆီယံသည် ဖြစ်စဉ် ဦးစားပေးအဖွဲ့အစည်း (Process-oriented institution) မှ လုပ်ဆောင်ချက် ဦးစားပေးအဖွဲ့အစည်း (Action-oriented one) သို့ ပြောင်းလဲရန် လိုအပ်ပါသည်။ ဤကဲ့သို့ ပြောင်းလဲရန်အတွက် ပြည်သူပိုင်ကဏ္ဍသည် ပုဂ္ဂလိကကဏ္ဍသာမက အရပ်ဘက်လူ့အဖွဲ့အစည်းများနှင့်ပါ လက်တွဲပူးပေါင်းဆောင်ရွက်သင့်ပါသည်။ သို့မှသာ အာဆီယံပြည်သူများ၏ဘဝ ပိုမိုတိုးတက်ကောင်းမွန်အောင်ကြိုးပမ်းလျက်ရှိသော အာဆီယံအဖွဲ့ကြီးကို ကူညီရာရောက်ပါမည်။

Source: www.brinknews.com

# ဓာတ်ဆီ/ဒီဇယ်

## ဓာတ်ဆီ၊ ဒီဇယ် တန်ချိန် ၉၀၀၀၀ နီးပါးဝင်

ဇူလိုင် ၉ ရက်မှ ၁၅ ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၁၉၇၂၃၇၇၅ တန်ဖိုးရှိ ဓာတ်ဆီ ၃၈၂၁၅ ဒသမ ၁၃၁ တန်နဲ့ အမေရိကန်ဒေါ်လာ ၂၃၅၂၀၄၄၅ တန်ဖိုးရှိ ဒီဇယ် ၅၁၄၂၆ ဒသမ ၁၄၃ တန်၊ စုစုပေါင်း ၈၉၆၄၁ ဒသမ ၂၇၄ တန်ကို ပင်လယ်ရေကြောင်း ကုန်သွယ်မှုလမ်းမှ တင်သွင်းခဲ့ပါတယ်။ ယခင်သီတင်းပတ်က တင်သွင်းခဲ့တဲ့ ဒီဇယ်တန်ချိန် ၃၈၄၉၀ နဲ့ နှိုင်းယှဉ်ရင် ဒီတစ်ပတ်မှာ ဒီဇယ်တန်ချိန် ၁၂၉၃၀ ကျော် အဝင်ပိုခဲ့သလို ယခင်သီတင်းပတ်က တင်သွင်းခဲ့တဲ့ ဓာတ်ဆီတန်ချိန် ၂၅၃၀၀ ကျော်နဲ့နှိုင်းယှဉ်ရင် ဒီတစ်ပတ်မှာ ဓာတ်ဆီတန်ချိန် ၁၂၉၀၀ ကျော် တင်သွင်းမှုပိုခဲ့တယ်လို့ သိရပါတယ်။ ဒါကြောင့် ဒီတစ်ပတ်မှာ ဒီဇယ်ရော ဓာတ်ဆီပါ အဝင်ပိုခဲ့ပါတယ်။

နယ်စပ်ကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ ၆၇၀၄၄ တန်ဖိုးရှိ ဒီဇယ် ၁၄၅ တန်၊ တာချီလိတ်ကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ ၃၁၉၉၁၉ တန်ဖိုးရှိ ဒီဇယ် ၆၁၀ ဒသမ ၀၅၆ တန်နဲ့ အမေရိကန်ဒေါ်လာ ၉၀၄၆၀ တန်ဖိုးရှိ ဓာတ်ဆီ ၁၄၂ ဒသမ ၈၄ တန် တင်သွင်းခဲ့တယ်လို့ သိရပါတယ်။

**ရန်ကုန်ဈေးကွက်မှာ** ဓာတ်ဆီရောဒီဇယ်ပါ ပုံမှန်အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ ပုဂ္ဂလိကစက်သုံးဆီဆိုင်များမှာဒီဇယ်၊ အဆင့်မြင့်ဒီဇယ်၊ အောက်တိန်း (92)နဲ့ (95) မှာဈေးငြိမ်နေတယ်လို့ သိရပါတယ်။ ဒီတစ်ပတ်ပုဂ္ဂလိက စက်သုံးဆီဆိုင်မှာ ရောင်းချနေတဲ့ တစ်လီတာဈေးနှုန်းများမှာ ဒီဇယ် ၆၆၀ ကျပ်၊ အောက်တိန်း (92) ကျပ် ၆၅၀ ၊ အောက်တိန်း (95) ကျပ် ၇၀၀၊ အဆင့်မြင့်ဒီဇယ် ၆၈၀ ကျပ် နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ ပြင်ပလက်လီဆိုင်များမှာ အရောင်းအဝယ်ဖြစ်နေတဲ့ ပီပါဈေးများမှာ ဇူလိုင် ၁၇ ရက်မှာ ဒီဇယ်ဝယ်ဈေး ကျပ် ၁၂၆၀၀၀၊ ရောင်းဈေး ကျပ် ၁၂၉၀၀၀ နဲ့ အရောင်းအဝယ်ဖြစ်ခဲ့ရာ ဇူလိုင် ၁၈ ရက်တွင် ဝယ်ဈေး ၊ရောင်းဈေး ကျပ် ၂၀၀၀ ဈေးမြင့်ခဲ့တယ်လို့ သိရပါတယ်။ ဇူလိုင်လ၁၇ ရက်မှာ ဓာတ်ဆီ ဝယ်ဈေး ကျပ်၁၄၅၀၀၀၊ ရောင်းဈေး ကျပ် ၁၅၀၀၀၀ နဲ့ အရောင်းအဝယ်ဖြစ်ခဲ့ရာ တစ်ပတ်လုံးဒီဈေးနဲ့ အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ သိရပါတယ်။ ယခင်တစ်ပတ်ဈေးနဲ့ နှိုင်းယှဉ်ရင် ဓာတ်ဆီရောဒီဇယ်ပါ ဈေးကျခဲ့တယ်လို့ သိရပါတယ်။

**မန္တလေးဈေးကွက်မှာ** ဓာတ်ဆီ၊ ဒီဇယ်က ပုံမှန်အရောင်းအဝယ်ရှိနေပါတယ်။ ပုဂ္ဂလိကဆိုင်များတွင် အောက်တိန်း (92)၊အောက်တိန်း(95)၊ ဒီဇယ်နဲ့ အဆင့်မြင့်ဒီဇယ်မှာ ဈေးငြိမ်နေတယ်လို့ သိရပါတယ်။ ပုဂ္ဂလိက စက်သုံးဆီဆိုင်မှာ ရောင်းချနေတဲ့ တစ်လီတာဈေးနှုန်းများမှာ အောက်တိန်း (95) တစ်လီတာ ကျပ် ၇၈၅၊ ဒီဇယ် တစ်လီတာ ကျပ် ၆၆၀၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၆၈၀ ကျပ် ၊ အောက်တိန်း (92) တစ်လီတာ ကျပ် ၆၉၀ ၊ ဓာတ်ဆီ တစ်လီတာ ကျပ် ၈၀၀ နဲ့ ရောင်းချနေပါတယ်။ ပြင်ပလက်လီဆိုင်များမှာ အရောင်းအဝယ်ဖြစ်နေ တဲ့ပီပါဈေးများမှာ ဇူလိုင်လ ၁၇ ရက်မှာ ဒီဇယ်ဝယ်ဈေး ကျပ် ၁၃၂၀၀၀၊ ရောင်းဈေး ကျပ် ၁၃၄၀၀၀ နဲ့အရောင်းအဝယ်ဖြစ်ခဲ့ရာ တစ်ပတ်လုံးဒီဈေးနဲ့ အရောင်းအဝယ်ဖြစ် ခဲ့တယ်လို့ သိရပါတယ်။ အောက်တိန်း (92) ဈေးမှာ ဇူလိုင် ၁၇ ရက်တွင် ဝယ်ဈေး ကျပ် ၁၃၄၀၀၀၊ ရောင်းဈေး ကျပ် ၁၃၆၀၀၀ နဲ့ အရောင်းအဝယ်ဖြစ်ခဲ့ရာ ဇူလိုင် ၂၀ ရက်နေ့မှာ ဝယ် ဈေး၊ ရောင်းဈေး ကျပ် ၁၀၀၀ ဈေးမြင့်ခဲ့တယ်လို့ သိရပါတယ်။

**မော်လမြိုင်ဈေးကွက်မှာ** ဓာတ်ဆီ၊ ဒီဇယ်၊ အောက်တိန်း (92) ၊ အဆင့်မြင့်ဒီဇယ်နဲ့ အောက်တိန်း (95)တို့ ဈေးငြိမ်တယ်လို့ သိရပါတယ်။ ဒီတစ်ပတ် ပုဂ္ဂလိကဆိုင်မှာ ရောင်းချနေတဲ့ တစ်လီတာ ဈေးများမှာ အဆင့်မြင့်ဒီဇယ် ကျပ် ၇၄၀၊ အောက်တိန်း(92) ကျပ် ၇၀၀၊ အောက်တိန်း (95) ကျပ် ၇၆၀ နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ ပြင်ပလက်လီဆိုင်များမှာ ဒီဇယ် တစ်ဂါလံ ကျပ် ၃၄၀၀၊ အဆင့်မြင့်ဒီဇယ် တစ်ဂါလံ ကျပ် ၃၄၀၀၊ အောက်တိန်း (92)တစ်ဂါလံ ကျပ် ၃၂၀၀၊ အောက်တိန်း (95) တစ်ဂါလံ ကျပ် ၃၅၀၀ နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။

**တောင်ကြီးဈေးကွက်မှာ** ပုဂ္ဂလိကစက်သုံးဆီဆိုင်ရဲ့ဈေးများမှာ ဈေးငြိမ်နေတယ်လို့ သိရပါတယ်။ ပုဂ္ဂလိကစက်သုံးဆီဆိုင်မှာ ရောင်းချနေတဲ့ဈေးများမှာ ဒီဇယ် တစ်လီတာ ကျပ် ၇၄၀၊ အဆင့်မြင့်ဒီဇယ် ကျပ် ၇၇၀၊ အောက်တိန်း (92)၇၅၅ ကျပ်၊ အောက်တိန်း (95)ကျပ် ၈၈၀ နဲ့အရောင်းအဝယ် ဖြစ်နေတယ်လို့ သိရှိရပါတယ်။ ပြင်ပလက်လီဆိုင်များမှာ ဒီဇယ်တစ်ဂါလံ ကျပ်၃၃၀၀၊ အောက်တိန်း (92)ကျပ် ၃၄၀၀ နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ **MIRT-DOT**

## ပြည်တွင်းငွေလဲနှုန်းများ ပြန်လည်ကျဆင်းလာ

ယခုတစ်ပတ်အတွင်း ပြည်တွင်းငွေလဲနှုန်းများသည် ပြန်လည်ကျဆင်း လာခဲ့ကြောင်း ဈေးကွက်အတွင်းမှ စုံစမ်းသိရှိရသည်။ ပြီးခဲ့သည့်ရက်သတ္တပတ်အတွင်းက နှစ်ပတ်ဆက်တိုက်မြင့်တက်ခဲ့သည့် ပြည်တွင်းငွေလဲနှုန်းများသည် ယခုတစ်ပတ်တွင် ပြန်လည်ကျဆင်းလာခဲ့ခြင်းဖြစ်သည်။

ပြီးခဲ့သည့်တစ်ပတ်က ဈေးမြင့်တက်လာသဖြင့် ဈေးကွက်အတွင်း လှုပ်လှုပ်ခတ်ခတ်ဖြစ်ခဲ့သော်လည်း ယခုတစ်ပတ်တွင်မူ ဈေးပြန်လည်ကျဆင်းခဲ့သဖြင့် ဈေးကွက်အတွင်း အရောင်းအဝယ်ပုံမှန်ပြန်ဖြစ်လာခဲ့သည်။ ယခုတစ်ပတ်၏ဈေးကွက်စဖွင့်ချိန်တွင် အမြင့်ဈေးဖြင့် ဈေးစဖွင့်ခဲ့သော်လည်း ရက်သတ္တတစ်ပတ်၏နောက်ဆုံးရက်တွင် ဈေးကျဆင်းခဲ့သည်။

"ပြီးခဲ့တဲ့တစ်ပတ်တုန်းက မြင့်တက်ခဲ့ပေမယ့် အခုတစ်ပတ်မှာတော့ ဈေးကပြန်ကျလာတယ်။ အပြင်ငွေလဲစင်တာတွေမှာ ဈေးကျဆင်းနေပေမယ့် ဗဟိုဘဏ်ကတော့ သူ့ရဲ့ရည်ညွှန်းငွေလဲနှုန်းကို အခုတစ်ပတ်လုံး ၁၃၆၆ ကျပ်လို့ အတက်အကျမရှိ သတ်မှတ်ခဲ့တယ်"ဟု ဈေးကွက်အတွင်း ဝယ်ရောင်းပြုလုပ်နေသူတစ်ဦးက ပြောကြားခဲ့သည်။

ပြည်တွင်းငွေလဲစင်တာများတွင် ဇူလိုင် ၁၇ ရက်က ဈေးစဖွင့်ချိန်၌ အမေရိကန်တစ်ဒေါ်လာလျှင် ရောင်းဈေး ၁၃၆၁ ကျပ်၊ ဝယ်ဈေး ၁၃၅၉ ကျပ်ရှိခဲ့သော်လည်း ထိုနေ့ဈေးပိတ်ချိန်တွင် အနည်းငယ်မြင့်တက်ခဲ့ကာ ရောင်းဈေး ၁၃၆၂ကျပ်၊ ဝယ်ဈေး ၁၃၆၁ ကျပ် ရှိခဲ့သည်။ ဇူလိုင်လ ၂၀ ရက်တွင် ရောင်းဈေး ၁၃၆၁ကျပ်၊ ဝယ်ဈေး ကျပ် ၁၃၆၀ သို့ ပြန်လည်ကျဆင်းခဲ့ကာ ရက်သတ္တတစ်ပတ်၏နောက်ဆုံးရက်ဖြစ်သည့် သောကြာနေ့တွင် ရောင်းဈေး ၁၃၅၈ ကျပ်၊ ဝယ်ဈေး ၁၃၅၆ ကျပ်သို့ ဆက်လက်ကျဆင်းခဲ့သည်။ ယခုတစ်ပတ်အတွင်း ဗဟိုဘဏ်၏ ရည်ညွှန်းငွေလဲနှုန်းမှာ ၁၃၆၆ ကျပ်ရှိခဲ့သည်။ **မယ်သီတာ**

## ပြည်တွင်းရွှေဈေး ကျပ်ကိုးသိန်းကျော်သို့ ပြန်လည်ရောက်ရှိလာ

ယခုရက်သတ္တပတ်အတွင်း ပြည်တွင်းရွှေဈေးသည် ကျပ်ကိုးသိန်းကျော်သို့ ပြန်လည်ရောက်ရှိခဲ့ကြောင်း ပြည်တွင်းရွှေဈေးကွက်အတွင်းမှ စုံစမ်းသိရှိရသည်။

ပြီးခဲ့သည့်ရက်သတ္တပတ်ကတည်းက မြင့်တက်ခဲ့သည့်ပြည်တွင်းရွှေဈေးများသည် ယခုတစ်ပတ်တွင်ဆက်လက်မြင့်တက်ခဲ့ခြင်းဖြစ်သည်။ ကမ္ဘာ့ရွှေဈေးမြင့်တက်လာမှုကြောင့် ပြည်တွင်းရွှေဈေးများ မြင့်တက်လာရခြင်းဖြစ်သည်ဟု ရွှေဈေးကွက်ကျွမ်းကျင်သူများက သုံးသပ်ခဲ့သည်။

"ဒီတစ်ပတ်မှာ ပြည်တွင်းရွှေဈေးက မြင့်တက်လာတာ ကျပ်ကိုးသိန်းနီးပါးကို ရောက်လာပြီ။ ကမ္ဘာ့ရွှေဈေးမြင့်တက်လာတဲ့အတွက် ပြည်တွင်းရွှေဈေး လည်း လိုက်ပါမြင့်တက်ခဲ့ရတာပါ။ ပြီးခဲ့တဲ့တစ်ပတ်ကတည်းကမြင့်တက်ခဲ့တဲ့ ပြည်တွင်းရွှေဈေးက ဒီတစ်ပတ်မှာလည်း မြင့်တက်ခဲ့ပါတယ်။ ပြည်တွင်းရွှေဈေး ဆက်လက်မြင့်တက်မယ့် အရိပ်အယောင်ကြောင့် ဈေးကွက်ထဲမှာ အဝယ်ပိုလိုက်လာတယ်။ အထည်ပိုင်းမှာတော့ သိပ်မရောင်းရပေမယ့် ဒိုးမှာတော့ တော်တော်အဝယ်လိုက်တယ်"ဟု ရွှေကုန်သည်ဦးလှစိန်က ပြောကြားခဲ့သည်။

ပြည်တွင်းရွှေဈေးကွက်တွင် ဇူလိုင် ၁၇ ရက်က အခေါက်ရွှေ တစ်ကျပ်သားလျှင် ကျပ် ၈၉၆၀၀၀ ရှိခဲ့ပြီး ဇူလိုင် ၁၈ ရက်တွင် ကျပ် ၈၉၉၅၀၀ သို့ ရောက်ရှိခဲ့သည်။ ဇူလိုင် ၂၀ ရက်တွင် ကျပ် ၈၉၉၀၀၀ သို့ရောက်ရှိခဲ့သည်။ ဇူလိုင် ၂၂ ရက်တွင် ကျပ် ၉၀၁၅၀၀ သို့ ရောက်ရှိခဲ့သည်။

ကမ္ဘာ့ရွှေဈေးကွက်တွင် တစ်အောင်စလျှင် ဇူလိုင် ၁၇ ရက်က အမေရိကန်ဒေါ်လာ ၁၂၃၂ ရှိခဲ့ရာမှ ဇူလိုင် ၂၀ ရက်တွင် အမေရိကန်ဒေါ်လာ ၁၂၄၁ သို့ မြင့်တက်ခဲ့ကာ ဇူလိုင် ၂၁ ရက်တွင် အမေရိကန်ဒေါ်လာ ၁၂၄၅ သို့ ဆက်လက်မြင့်တက်ခဲ့သည်။ ဇူလိုင် ၂၂ ရက်တွင် အမေရိကန်ဒေါ်လာ ၁၂၅၅ သို့ ရောက်ရှိခဲ့သည်။ **မယ်သီတာ**

## ရန်ကုန်စတော့အိတ်ချိန်းတွင် ရောင်းဝယ်လျက်ရှိသည့် အစုရှယ်ယာဈေးများ အကျဈေးဖြင့် ငြိမ်သက်လျက်ရှိ

ရန်ကုန်စတော့ အိတ်ချိန်းတွင် ရောင်းဝယ်လျက်ရှိသည့် အစုရှယ်ယာဈေးများသည် ယခုတစ်ပတ်အတွင်း အကျဈေးဖြင့် ငြိမ်သက်လျက်ရှိကြောင်း ရန်ကုန်စတော့အိတ်ချိန်း၏ သတင်းထုတ်ပြန်ချက်များအရ သိရသည်။

ရန်ကုန် စတော့အိတ်ချိန်းတွင် ရောင်းဝယ်လျက်ရှိသည့် ကုမ္ပဏီများအနက် FMI နှင့် MCB တို့မှ နှစ်ပတ်လည် အထွေထွေ အစည်းအဝေးများတွင် ရှယ်ယာများအပေါ် အမြတ်ဝေစုထုတ်ပေးမည့်သတင်းများထွက်ပေါ်လာခဲ့သော်လည်း ရှယ်ယာအရောင်းအဝယ်မှာ အေးစက်လျက်ရှိကာ အကျဈေးဖြင့် ငြိမ်သက်လျက်ရှိကြောင်း သိရသည်။ ထို့ပြင် MTSH နှင့် FPB တို့၏ အစုရှယ်ယာဈေးများမှာလည်း အကျဈေးဖြင့် အရောင်းအဝယ်အနည်းငယ်သာဖြစ်လျက်ရှိကြောင်း သိရသည်။

နေ့စဉ် အရောင်းအဝယ်ဖြစ်မှုပမာဏမှာလည်း အများဆုံးတစ်ထောင်ကျော်အထိသာ ဖြစ်လျက်ရှိကြောင်း သိရသည်။ **မယ်သီတာ**

## Currency Exchange Rate

July 21, 2017

Base Currency is United States Dollar - USD

| Currency Unit | | Units per USD |
|---|---|---|
| AUD | Australia Dollars | 1.26 |
| BDT | Bangladesh Taka | 80.71 |
| CAD | Canada Dollars | 1.26 |
| CNY | China Yuan Renminbi | 6.76 |
| EUR | Euro | 0.86 |
| H KD | Hong Kong Dollars | 7.81 |
| I NR | India Rupees | 64.32 |
| I DR | Indonesia Rupiahs | 13313.44 |
| JPY | Japan Yen | 111.76 |
| MYR | Malaysia | 4.29 |
| PKR | Pakistan Rupees | 105.38 |
| PHP | Philippines Pesos | 50.77 |
| RUB | Russia Rubles | 59.03 |
| SGD | Singapore Dollars | 1.36 |
| KRW | South Korea Won | 1118.57 |
| LKR | Sri Lanka Rupe | 153.71 |
| THB | Thailand Baht | 33.46 |
| GBP | United Kingdom Pounds | 0.77 |
| VND | VietnamDon | 22732.73 |

*Source:xe.com*

## World Gold Price

July-2017 (USD/OZ)

| Date | NY | London | Zurich |
|---|---|---|---|
| Date | NY | London | Zurich |
| 17 | 1233 | 1232 | 1232 |
| 18 | 1236 | 1237 | 1237 |
| 19 | 1239 | 1242 | 1242 |
| 20 | 1241 | 1239 | 1239 |
| 21 | 1247 | 1247 | 1248 |

## Domestic Gold Price

Kyats(Thousand)

| Date | Yangon | Mandalay |
|---|---|---|
| 17-7- 2017 | 895.30 | 895.10 |
| 18-7-2017 | 898.00 | 897.70 |
| 19-7- 2017 | - | - |
| 20-7 -2017 | 898.00 | 897.30 |
| 21-7- 2017 | 899.80 | 899.70 |

## နယ်စပ်ငွေလဲလှယ်နှုန်း

ဇူလိုင်လ ၂၀၁၇ (1US$)

| ရက် | တရုတ် (ယွမ်) | ထိုင်း (ဘတ်) | ဘင်္ဂလားဒေ့ရှ် (တာကာ) | အိန္ဒိယ (ရူပီး) |
|---|---|---|---|---|
| 17 | 6 .77 | 33.64 | 80.94 | 64.34 |
| 18 | 6. 76 | 33.67 | 80.65 | 64.34 |
| 19 | 6 .75 | 33.60 | 80.82 | 64.26 |
| 20 | 6 .77 | 33.66 | 80.78 | 64.41 |
| 21 | 6.76 | 33.46 | 80.71 | 64.32 |

## World Metal Price (US$)

| Date | Silver/Oz | Zinc/Ton | Aluminium/Ton | Copper/Ton | Platinum/Oz |
|---|---|---|---|---|---|
| 17- July | 16.03 | 2827.33 | 1939.62 | 5980.58 | 923.00 |
| 18- July | 16.07 | 2840.09 | 1918.78 | 6044.64 | 921.00 |
| 19- July | 16.26 | 2763.26 | 1920.58 | 6006.78 | 926.00 |
| 20 - July | 16.20 | 2772.89 | 1927.74 | 6028.29 | 917.00 |
| 21- July | 16.33 | 2773.57 | 1921.02 | 6054.45 | 926.00 |

Source:kitco.com

## Energy NYMEX

21-7-2017

| | Price | Change | Change % |
|---|---|---|---|
| WTI Crude Future (USD/bbl.) | 46.94 | 0.02 | 0.04 |
| Brent Crude Futr (USD/bbl) | 49.32 | 0.02 | 0.04 |
| Gasoline Rbob Fut (Cent/gal) | 160.38 | -0.24 | -0.15 |
| Natural Gas Futr (USD/MMBtu) | 3.03 | -0.01 | -0.43 |
| Heating Oil Futr (Cent/gal) | 154.34 | -0.02 | -0.01 |

## ဘိလပ်မြေ

# ဒီတစ်ပတ်ဘိလပ်မြေ အဝင်နည်း

ဇူလိုင်လ ၉ ရက်မှ ၁၅ ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၉၃၅၀၈တန်ဖိုးရှိ ဘိလပ်မြေ ၆၁၇ ဒသမ ၉၃ တန်ကို ပင်လယ်ရေကြောင်း ကုန်သွယ်မှုလမ်းမှ တင်သွင်းခဲ့ပါတယ်။ ဒီတစ်ပတ် ထိုင်းနိုင်ငံမှ တန်ချိန် ၂၈၀ နဲ့ တရုတ်နိုင်ငံမှ ၃၃၇ ဒသမ ၉၃ တန် တင်သွင်းခဲ့တယ်လို့ သိရပါတယ်။ ယခင်သီတင်းပတ်က တင်သွင်းခဲ့တဲ့ ဘိလပ်မြေတန်ချိန် ၈၅၃၀ကျော်နဲ့ နှိုင်းယှဉ်ရင် ဒီတစ်ပတ်မှာတန်ချိန် ၇၉၀၀ ကျော် တင်သွင်းမှုလျော့နည်းခဲ့တယ်လို့သိရပါတယ်။

# မန္တလေးဘိလပ်မြေဈေးကွက် အရောင်းပုံမှန်ရှိ

ဇူလိုင်လ ၉ ရက်မှ ၁၅ ရက်အထိ သီတင်းပတ်အတွင်း ပြည်တွင်းသို့ ရေလမ်းမှ ဘိလပ်မြေတန်ချိန် ၆၁၀ ကျော်အဝင်ရှိခဲ့ပြီး ယခင် သီတင်းပတ်က တင်သွင်းခဲ့တဲ့ တန်ချိန် ၈၅၃၀ နဲ့နှိုင်းယှဉ်ရင် ဒီတစ်ပတ်မှာ တန်ချိန် ၇၉၀၀ ကျော်အဝင်လျော့ခဲ့တယ်လို့ သိရပါတယ်။ ယခုတစ်ပတ်နယ်စပ်လမ်းမှ ဘိလပ်မြေအဝင်မှာ တန်ချိန် ၈၄၄၀ ကျော်ရှိခဲ့ပြီး ယခင်တစ်ပတ်အဝင်မှာ တန်ချိန် ၁၈၂၀၀ ကျော်ရှိခဲ့တာကြောင့် ဒီတစ်ပတ်မှာတန်ချိန် ၉၇၅၀ ကျော် အဝင်လျော့ခဲ့တယ်လို့သိရပါတယ်။ ဒါကြောင့် ဒီတစ်ပတ်မှာ ရေကြောင်းလမ်းရောနယ်စပ်လမ်းမှပါ ဘိလပ်မြေအဝင်လျော့ခဲ့ပါတယ်။

**ရန်ကုန်ဘိလပ်မြေဈေးကွက်မှာ** ဒီတစ်ပတ်မှာလည်း အရောင်းအဝယ်အေးတယ်လို့ သိရပါတယ်။ ဒီတစ်ပတ် ဆင်၊ မော်လမြိုင်ဆင်နဲ့ ကြံ့ခိုင်ကောင်ဘိလပ်မြေက ဈေးငြိမ်နေပေမယ့် စိန်ဘိလပ်မြေက ကျပ် ၂၀၀ ဈေးကျလာတယ်လို့ သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ အထိုင်ဈေးမှာ ဆင်(ထိုင်း) ကျပ် ၅၈၀၀၊ စိန်(ထိုင်း) ကျပ်၅၇၀၀၊ မော်လမြိုင်ဆင် ကျပ် ၅၆၀၀၊ ကြံ့ခိုင်ကောင်(နီ) ကျပ် ၅၅၅၀၊ ကြံ့ခိုင်ကောင်(စိမ်း)ကျပ် ၅၂၅၀နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ ဘုရင့်နောင်ပွဲရုံတန်းအိမ်ဆောက်ပစ္စည်း ရောင်းဝယ်ရေးဆိုင်မှ စုံစမ်းသိရှိရပါတယ်။

**မကွေးဘိလပ်မြေဈေးကွက်မှာ**အရောင်းအဝယ်အေးတယ်လို့ သိရပါတယ်။ ဒီတစ်ပတ်ကြံ့ဘိလပ်မြေက ကျပ် ၂၀၀နဲ့ ဆင်(ထိုင်း) ဘိလပ်မြေ က ကျပ်၁၅၀ ဈေးမြင့်ခဲ့ပြီး အပါချီဘိလပ်မြေနဲ့ မြင်းခေါင်းဘိလပ်မြေက ယခင်ဈေးနဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ဈေးကွက်ထဲအရောင်းအဝယ်ဖြစ်နေတဲ့ ဈေးမှာ ဆင်(ထိုင်း) ကျပ် ၆၃၅၀၊ အပါချီ (ထိုင်း)ကျပ် ၅၁၅၀၊ ကြံ့ ကျပ် ၅၂၀၀၊မြင်းခေါင်း ကျပ် ၅၄၀၀ နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေးဆိုင်မှ သိရှိရပါတယ်။

**မန္တလေးဘိလပ်မြေဈေးကွက်မှာ** အရောင်းအဝယ်ပုံမှန်ရှိတယ်လို့ သိရပါတယ်။ ဒီတစ်ပတ် အေသုံးလုံးဘိလပ်မြေက ကျပ်၂၀၀ ဈေးမြင့်ပြီး ကြံ့ခိုင်ကောင်ဘိလပ်မြေက ကျပ် ၂၀၀၊ အယ်လ်ဖာဘိလပ်မြေက ကျပ် ၃၀၀ ဈေးကျခဲ့တယ်လို့သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ ဈေးမှာ အေသုံးလုံး ကျပ် ၄၉၀၀၊ ကြံ့ခိုင်ကောင် ကျပ် ၅၀၀၀၊ အယ်လ်ဖာ ကျပ် ၅၀၀၀၊ ဆင်မင်း(ကျောက်ဆည်) ကျပ် ၄၅၀၀၊ ကျားခေါင်း ကျပ်၄၅၀၀၊ မြင်းခေါင်း ကျပ်၄၅၀၀၊ ကြံ့ကျပ် ၄၃၀၀ နဲ့အရောင်းအဝယ်ဖြစ်တယ်လို့ အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေးဆိုင်မှ စုံစမ်းသိရှိရပါတယ်။

**တောင်ကြီးဘိလပ်မြေဈေးကွက်မှာ** ဒီတစ်ပတ်အရောင်းအဝယ်အေးပြီး ဈေးငြိမ်တယ်လို့ သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ ဈေးမှာ စိန်(ထိုင်း) ကျပ် ၇၁၀၀၊ အေသုံးလုံးကျပ် ၅၂၀၀၊ အပါချီ ကျပ် ၄၃၀၀၊ ကမ္ဘောဇ ကျပ် ၄၃၀၀၊ နဂါးကျပ် ၄၆၀၀၊ ဆင်(ထိုင်း) ကျပ် ၆၆၀၀ နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေးဆိုင်မှ စုံစမ်းသိရပါတယ်။

သီတာဝင်း(DOT) စုစည်းသည်

## ဓာတ်မြေသြဇာ

# နိုင်ငံစုံမှ မြေသြဇာတန်ချိန် တစ်သောင်းကျော်ဝင်

ဇူလိုင် ၉ ရက်မှ ၁၅ ရက်အထိ သီတင်းပတ်အတွင်း အမေရိကန် ဒေါ်လာ ၂၈၀၂၁၈၉ တန်ဖိုးရှိ မြေသြဇာ ၁၀၉၃၇ ဒသမ ၅၀ တန်ကို ပင်လယ်ရေကြောင်း ကုန်သွယ်မှုလမ်းမှ တင်သွင်းခဲ့ပါတယ်။ ဒီတစ်ပတ် ဘီလာရုစ်နိုင်ငံမှ ၅၂၂ ဒသမ ၅၀ တန်၊ ကနေဒါနိုင်ငံမှ တန်ချိန် ၅၀၀၊ တရုတ်နိုင်ငံမှ ၁၈၇၃ တန်၊ အင်ဒိုနီးရှားနိုင်ငံမှ တန်ချိန် ၄၀၊ အာရပ်စော်ဘွားများပြည်ထောင်စုနိုင်ငံမှ ၃၄၂ တန် ၊ ထိုင်းနိုင်ငံမှ တန်ချိန် ၆၈၂၀၊ တာ့ခ်မေးနစ္စတန်နိုင်ငံမှ တန်ချိန် ၃၄၀ နဲ့ ဗီယက်နမ်နိုင်ငံမှ တန်ချိန် ၅၀၀ တင်သွင်းခဲ့တယ်လို့ သိရပါတယ်။ တင်သွင်းခဲ့တဲ့ အမျိုးအစားများမှာ ပိုတက်၊ နိုက်တြိုဂျင်၊ ယူရီးယား၄၆%၊ ကွန်ပေါင်း၊ ဓာတ်ဆားတို့ဖြစ်ပါတယ်။ ယခင်သီတင်းပတ်က တင်သွင်းခဲ့တဲ့ မြေသြဇာတန်ချိန် ၁၀၁၉၀ ကျော်နဲ့နှိုင်းယှဉ်ရင် ဒီတစ်ပတ်မှာ တန်ချိန် ၇၄၀ကျော် ပိုမိုတင်သွင်းခဲ့တယ်လို့ သိရပါတယ်။

# ရန်ကုန်နဲ့မန္တလေးမြေသြဇာဈေးကွက် အရောင်းအဝယ်ဖြစ်

ဇူလိုင် ၉ ရက်မှ ၁၅ ရက် အထိသီတင်းပတ်အတွင်း ပြည်တွင်းသို့ ရေလမ်းမှ မြေသြဇာတန်ချိန် ၁၀၉၃၀ ကျော် အဝင်ရှိခဲ့ပြီး ယခင်သီတင်းပတ်က တင်သွင်းခဲ့တဲ့ တန်ချိန် ၁၀၁၉၀ ကျော်နဲ့ နှိုင်းယှဉ်ရင် ဒီတစ်ပတ်မှာ တန်ချိန် ၇၄၀ကျော် အဝင်ပိုခဲ့တယ်လို့ သိရပါတယ်။ ယခုတစ်ပတ် နယ်စပ်လမ်းမှ မြေသြဇာအဝင်မှာ တန်ချိန် ၁၉၇၇၀ ကျော်ရှိခဲ့ပြီး ယခင်တစ်ပတ်က အဝင်မှာ တန်ချိန် ၁၈၀၂၀ ကျော် ရှိခဲ့တာကြောင့် ဒီတစ်ပတ်မှာ တန်ချိန် ၁၇၅၀ ကျော် အဝင်ပိုခဲ့တယ်လို့ သိရပါ တယ်။ ဒါကြောင့် ဒီတစ်ပတ် မြေသြဇာတင်သွင်းမှုမှာ ရေကြောင်းလမ်းရော နယ်စပ်လမ်းမှပါ အဝင်ပိုခဲ့ပါတယ်။

ပြည်တွင်းဈေးကွက်များဖြစ်တဲ့ မော်လမြိုင်နဲ့ တောင်ကြီးမှာ အရောင်းအေးပြီး မန္တလေးနဲ့ရန်ကုန်မှာ အရောင်းပုံမှန်ရှိတယ်လို့ သိရပါတယ်။

**မော်လမြိုင်ဈေးကွက်မှာ** ဒီတစ်ပတ် ဈေးငြိမ်နေသလို အရောင်းအဝယ်လည်း ငြိမ်နေတယ်လို့ သိရပါတယ်။ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ ပုလဲ-အသေး ၄၆%(ရွှေတုံး၊ ရွှေပျား၊ ရွှေတောင်-တရုတ်) ကျပ် ၂၃၅၀၀၊ ကွန်ပေါင်း (အစိမ်း) ၁၅း၁၅း၁၅ (ထိုင်း) ကျပ် ၃၉၀၀၀၊ ကွန်ပေါင်း (ပန်းရောင်) ကျပ် ၃၁၅၀၀၊ ကွန်ပေါင်း ၁၆း၁၆း၈ (မြင်းပျံ-ထိုင်း) ကျပ် ၃၀၀၀၀၊ တီစူပါ၄၆% (သံကွင်း-တရုတ်) ကျပ် ၂၁၅၀၀၊ တီစူပါ ၁၆%(မြားကမ္ဘာ-တရုတ်) ကျပ် ၁၃၅၀၀ နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ စုံစမ်းသိရှိရပါတယ်။

**မန္တလေးဈေးကွက်မှာ** အရောင်းအဝယ်နည်းနည်းဖြစ်တယ်လို့ သိရပါတယ်။ ဒီတစ်ပတ် ယူရီးယားက အဝယ်နည်းနည်းလိုက်တယ်လို့ သိရပါတယ်။ ဈေးကွက်ထဲ ပစ္စည်းအဝင်နည်းပေမယ့် ယူရီးယားမြေသြဇာက ဈေးနည်းနည်းကျပြီး ကျန်မြေသြဇာများက ယခင်ဈေးနဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ် ဖြစ်နေတဲ့ ဈေးမှာ ယူရီးယား (ရွှေတောင်-တရုတ်) ကျပ် ၂၃၃၀၀၊ ယူရီးယား(ပန်းဖူး-တရုတ်) ကျပ် ၂၄၂၀၀ ၊ တီစူပါ(၄၆% -တရုတ်) ကျပ် ၁၉၆၀၀၊ ပန်းသီးစုံ ကျပ် ၁၅၁၀၀၊ မြားသီးစုံ ကျပ် ၁၄၄၀၀ နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့သိရပါတယ်။

**တောင်ကြီးဈေးကွက်မှာ** ဒီအချိန်က စိုက်ပျိုးရာသီချိန်လည်း မရောက်သေးတာကြောင့် အရောင်းအဝယ်က တော်တော်ပါးတယ်။မြေသြဇာဈေးကလည်း ဒီတစ်ပတ်မှာငြိမ်နေတယ်လို့သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ ဈေးမှာ (ကမ္ဘာလုံး-တရုတ်) ကျပ် ၂၄၅၀၀ ၊ ယူရီးယား (ရွှေတောင်-တရုတ်) ကျပ် ၂၄၅၀၀၊ ယူရီးယား (ပန်းဖူး-တရုတ်) ကျပ် ၂၄၈၀၀၊ တီစူပါ ၂၀% (တရုတ်) ကျပ် ၁၂၅၀၀ ၊ ပိုးသတ်ဆေး ကျပ် ၂၂၀၀၊ တီစူပါ ၁၅ ပတ်လည် (တရုတ်) ကျပ် ၃၇၈၀၀၊ တီစူပါ ၁၀း၁၀း၅(တရုတ်)ကျပ် ၁၅၈၀၀၊ ဓာတ်ဆား (တရုတ်) ကျပ် ၁၅၁၀၀၊ ပိုတက် (တရုတ်) ကျပ် ၂၄၀၀၀၊ ယူရီးယား (ယူအေအီး) ကျပ် ၂၂၀၀၀ ၊ မြားကမ္ဘာကျပ်၁၆၀၀၀ ဈေးနဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ ဈေးကွက်အတွင်းမှ စုံစမ်းသိရပါတယ်။

**ရန်ကုန်ဈေးကွက်မှာ**အရောင်းအဝယ်ပုံမှန်ရှိတယ်။ ဒါပေမယ့် ဈေးက ငြိမ်နေတယ်လို့ စိုက်ပျိုးရေးပစ္စည်းရောင်းဝယ်ရေးဆိုင်မှ တာဝန်ရှိသူတစ်ဦးက ပြောပါတယ်။ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာယူရီးယား(ရွှေတောင်-တရုတ်) ကျပ် ၂၅၅၀၀၊ ယူရီးယား (နေရွက်လှေ-တရုတ်) ကျပ် ၂၅၅၀၀၊ယူရီးယား(ရွှေတောင်-တရုတ်) ကျပ် ၂၄၅၀၀၊ တီစူပါ (သံကွင်း-တရုတ်) ကျပ် ၂၅၀၀၀၊ ပိုတက်(အိန္ဒိယ) ကျပ် ၂၃၀၀၀၊ကွန်ပေါင်း ၁၅ ပတ်လည် ကျပ် ၃၇၇၀၀၊ ကွန်ပေါင်း၁၆ ပတ်လည် ကျပ် ၄၀၇၀၀နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။

## နို့ဆီ/နို့မှုန့်

# ဒီတစ်ပတ် နို့ဆီအဝင်ပိုပြီး နို့မှုန့် အဝင်လျော့

ဇူလိုင်လ ၉ ရက်မှ ၁၅ ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၄၆၆၃၆၃ တန်ဖိုးရှိ နို့ဆီ ၃၅၈ ဒသမ ၅၆၀ တန်ကိုပင်လယ်ရေကြောင်း ကုန်သွယ်မှု လမ်းမှ တင်သွင်းခဲ့ပါတယ်။ ဒီတစ်ပတ် မလေးရှားနိုင်ငံမှ ၁၃၉ ဒသမ ၆၈ တန်နဲ့ စင်ကာပူနိုင်ငံမှ ၂၁၈ ဒသမ ၈၈တန် တင်သွင်းခဲ့တယ်လို့ သိရပါတယ်။ တင်သွင်းခဲ့တဲ့ တံဆိပ်များမှာ TEAPOT နဲ့ အိုကေ နို့ဆီတို့ဖြစ်ပါတယ်။ ယခင်သီတင်းပတ်က တင်သွင်းခဲ့တဲ့ နို့ဆီ တန်ချိန် ၂၃၀ ကျော်နဲ့နှိုင်းယှဉ်ရင် ဒီတစ်ပတ်မှာနို့ဆီတန်ချိန် ၁၂၀ ကျော် ပိုမိုတင်သွင်းခဲ့တယ်လို့ သိရပါတယ်။

နို့မှုန့်က နယူးဇီလန်နိုင်ငံမှ ၁၄၂ ဒသမ ၇၅ တန်၊ ဖိလစ်ပိုင်နိုင်ငံမှ ၄ ဒသမ ၄၄၆ တန်၊ စင်ကာပူနိုင်ငံမှ ၂ ဒသမ ၀၃၁ တန်နဲ့ ဗီယက်နမ်နိုင်ငံမှ ၁၁ဒသမ ၈၃ တန်၊စုစုပေါင်း ၁၆၁ဒသမ ၀၅၇ တန် တင်သွင်းခဲ့တယ်လို့ သိရပါတယ်။ ယခင်သီတင်းပတ်က တင်သွင်းခဲ့တဲ့ နို့မှုန့်တန်ချိန် ၃၇၀ ကျော်နဲ့ နှိုင်းယှဉ်ရင် ဒီတစ်ပတ်မှာ နို့မှုန့်တန်ချိန် ၂၁၀ကျော် တင်သွင်းမှုလျော့နည်းခဲ့တယ်လို့သိရပါတယ်။ ဒါကြောင့် ဒီတစ်ပတ် နို့ဆီအဝင်ပိုပြီး နို့မှုန့်အဝင်လျော့ခဲ့တယ်လို့သိရပါတယ်။

### ကုန်သွယ်ရေးစခန်း/ဇုန်အလိုက် ဘိလပ်မြေတင်သွင်းမှုအခြေအနေ

| စဉ် | စခန်းအမည် | ယခုသီတင်းပတ် တင်သွင်းမှုတန်ချိန် ၈/၇ မှ ၁၄/၇ | ယခင်သီတင်းပတ် တင်သွင်းမှုတန်ချိန် ၁/၇ မှ ၇/၇ | နှိုင်းယှဉ်ချက် (ပို/လို) +/- | |
|---|---|---|---|---|---|
| ၁။ | မူဆယ် | ၅၀.၅၀ | ၁၆၈.၅၀ | (-) | ၁၁၈.၀၀ |
| ၂။ | လွယ်ဂျယ် | ၃၂၂.၀၀ | ၄၈၀.၀၀ | (-) | ၁၅၈.၅၀ |
| ၃။ | ချင်းရွှေဟော် | - | ၁၇.၀၀ | (-) | ၁၇.၀၀ |
| ၄။ | ကန်ပိုက်တီ | ၁၆၉၇.၅၀ | ၂၀၅၄.၀၀ | (-) | ၃၅၆.၅၀ |
| ၅။ | တာချီလိတ် | ၁၀၀၀.၀၀ | ၂၂၀၀.၀၀ | (-) | ၁၂၀၀.၀၀ |
| ၆။ | မြဝတီ | - | - | | - |
| ၇။ | ကော့သောင်း | ၅၁၅၀.၀၀ | ၁၀၀၅၀.၀၀ | (-) | ၄၉၀၀.၀၀ |
| ၈။ | မြိတ် | ၂၂၅.၀၀ | ၃၂၃၅.၀၀ | (-) | ၃၀၁၀.၀၀ |
| | စုစုပေါင်း | ၈၄၄၅.၀၀ | ၁၈၂၀၄.၅၀ | (-) | ၉၇၅၉.၅၀ |

မော်မော်အောင်

### ကုန်သွယ်ရေးစခန်း/ဇုန်အလိုက် ဓာတ်မြေသြဇာတင်သွင်းမှုအခြေအနေ

| စဉ် | စခန်းအမည် | ယခုသီတင်းပတ် တင်သွင်းမှုတန်ချိန် ၈/၇ မှ ၁၄/၇ | ယခင်သီတင်းပတ် တင်သွင်းမှုတန်ချိန် ၁/၇ မှ ၇/၇ | နှိုင်းယှဉ်ချက် (ပို/လို) +/- | |
|---|---|---|---|---|---|
| ၁။ | မူဆယ် | ၁၃၃၁၅.၅၅ | ၁၁၀၈၆.၉၀ | (+) | ၂၂၂၈.၆၅ |
| ၂။ | လွယ်ဂျယ် | ၄၇၅.၀၀ | ၄၂၇.၀၀ | (+) | ၄၈.၀၀ |
| ၃။ | ချင်းရွှေဟော် | ၉၆၁.၇၀ | ၁၉၈၆.၅၀ | (-) | ၁၀၂၄.၈၀ |
| ၄။ | ကန်ပိုက်တီ | ၇၅၀.၀၀ | ၂၃၄၅.၀၀ | (-) | ၁၅၉၅.၀၀ |
| ၅။ | မြဝတီ | ၃၂၇၅.၂၈ | ၂၀၅၀.၀၀ | (+) | ၁၂၂၅.၂၈ |
| ၆။ | ကော့သောင်း | - | ၁၂၅.၀၀ | (-) | ၁၂၅.၀၀ |
| ၇။ | မြိတ် | - | - | | - |
| ၈။ | ရိုဒ် | ၁၀၀၀.၀၀ | - | (+) | ၁၀၀၀.၀၀ |
| | စုစုပေါင်း | ၁၉၇၇၇.၅၃ | ၁၈၀၂၀.၄၀ | (+) | ၁၇၅၇.၁၃ |

ခင်မိုးသူ

## နှမ်း

# ပြည်နှမ်းဈေးကွက်မှာ နှမ်းနီနဲ့စမုံနက်နှမ်း ဈေးပြန်မြင့်လာပြီး နှမ်းနက်ဝယ်လက်ပျောက်နေ

ယခုတစ်ပတ် ပြည်ဈေးကွက်မှာ နှမ်းနီနဲ့စမုံနက်နှမ်း ဈေးပြန်မြင့်လာပြီး နှမ်းနက်ရိုးရိုးမှာ ဝယ်လက်ပျောက်နေသဖြင့် ဈေးပါပျောက်နေတာတွေ့ရပါတယ်။ နှမ်းနက်အဝင်မရှိပေမယ့် ဈေးကွက်မှာ လက်ကျန်အနည်းငယ်နဲ့သာ ရောင်းဝယ်လျက်ရှိပါတယ်။

နှမ်းနီကိုတော့ မြို့တွင်းဆီစက်နှင့် အခြားမြို့နယ်များမှ ပုံမှန် အတိုင်း ဝယ်ယူလျက်ရှိပြီး စမုံနက်နှမ်းကိုတော့ မန္တလေးဝယ်လက်နဲ့ ရန်ကုန် ဝယ်လက်များက ပြန်လည်ဝယ်ယူနေလို့ ဈေးပြန်တက်လာတာဖြစ်ကြောင်း စမုံနက် နှမ်းကိုတော့ သန့်ရင်သန့်သလို ဈေးပိုပေးတယ်လို့ သိရပါတယ်။ ယခု တစ်ပတ် စမုံနက်နှမ်းဈေးမှာ သုံးတင်းတစ်အိတ်လျှင် ကျပ် ၁၁၅၀၀၀ အထိရှိနေပြီး တစ်နေ့ လျှင် အိတ် ၁၀၀ မှ ၁၅၀ ထိ အရောင်းအဝယ်ဖြစ်တာတွေ့ရပါတယ်။ ယခုတစ်ပတ်မှာ နှမ်းနီသုံးတင်း တစ်အိတ်လျှင် ကျပ် ၉၃၀၀၀ ဖြင့် ယခင်တစ်ပတ်ထက် ကျပ် ၁၀၀၀ ခန့် ဈေးပိုလာ ပေမယ့် နှမ်းနက်မှာတော့ ဝယ်လက်ပျောက်သွားလို့ ဈေးပါပျောက်နေတာတွေ့ရပါတယ်။ နှမ်းဆီဈေးမှာ ယခင်တစ်ပတ်အတိုင်း တစ်ပိဿာလျှင် ကျပ် ၄၆၀၀ မှ ကျပ် ၄၇၀၀ ဖြင့် ဈေးငြိမ်နေတာတွေ့ရပါတယ်။

ဝေဝေမင်း

# ချင်းရွှေဟော်မှ နှမ်းပိုမိုတင်ပို့ပြီး မူဆယ်မှလျော့နည်းတင်ပို့

မြန်မာ-တရုတ်နယ်စပ်ရှိ ချင်းရွှေဟော်ကုန်သွယ်ရေးစခန်းမှ ဇူလိုင် ဒုတိယပတ်တွင် အမေရိကန်ဒေါ်လာ ၁ ဒသမ ၈၁၃ သန်းတန်ဖိုးရှိ နှမ်းဖြူ ၇၈၆ တန်ကျော်နဲ့ နှမ်းနက် ၈၂၆ တန်ကျော်ကို တရုတ်နိုင်ငံသို့ တင်ပို့ခဲ့ရာ ယခင်တစ်ပတ်က တင်ပို့ခဲ့တဲ့ ၇၉၇ တန်ကျော်နဲ့ နှိုင်းယှဉ်ပါက ၂၉ တန်ပိုမိုတင်ပို့ခဲ့တာ တွေ့ရပါတယ်။

မူဆယ်(၁၀၅) မိုင်ကုန်သွယ်ရေးဇုန်ကတော့ အမေရိကန် ဒေါ်လာ သုည ဒသမ ၁၂၃ သန်းတန်ဖိုးရှိ နှမ်းညို ၁၃၆ တန်ခွဲကို ယခုတစ်ပတ်မှာတင်ပို့ခဲ့ရာ ယခင်တစ်ပတ်က တင်ပို့ခဲ့တဲ့ တန် ၂၁၀ နဲ့နှိုင်းယှဉ်ပါက ၇၃ တန်ခွဲလျော့နည်းတင်ပို့ခဲ့ပါတယ်။

မူဆယ်ကုန်စည်ဒိုင်မှာ ဇူလိုင်ပထမပတ်က နှမ်းဖြူ တစ်တန် ကျပ် ၁၃၅၁၆၇၀၊ နှမ်းနက်တစ်တန် ၂၁၃၇၅၂၅ ကျပ်ရှိရာမှ ဇူလိုင်ဒုတိယပတ်တွင် နှမ်းဖြူဈေး ၁၃၅၉၆၈၄ ကျပ်နဲ့ နှမ်းနက်ဈေး ၂၁၅၀၁၉၈ ကျပ်သို့ ဈေးမြင့်တက် ခဲ့ပါတယ်။

မြန်မာ-ထိုင်းနယ်စပ်ရှိမြဝတီကုန်သွယ်ရေးဇုန်မှလည်း အမေရိကန်ဒေါ်လာ ၁၀၂၉၆ တန်ဖိုးရှိ နှမ်းနက် ရှစ်တန်နီးပါးကို ထိုင်းနိုင်ငံသို့ တင်ပို့ခဲ့တယ်လို့ သိရပါတယ်။

"နှမ်းကို ဆီမကြိတ်တော့ဘဲ နယ်စပ်ကတစ်ဆင့် တရုတ်နိုင်ငံကို တင်ပို့နေကြတယ်။ တရုတ်ဝယ်လက်တွေက နှမ်းဖြူ နှမ်းနက်မရွေးဘဲ အားလုံးဝယ်နေလို့ နှမ်းဈေးတွေ မြင့်တက်နေပြီး ဆီကြိတ်သမားတွေက နှမ်းကို သိပ်မကြိတ်ကြတော့ဘူး"ဟု နှမ်းကုန်သည်အသိုင်းအဝိုင်းမှ သတင်းရရှိပါတယ်။

မော်မော်အောင်

## စားအုန်းဆီ

# မလေးရှားစားအုန်းဆီ ကြိုရောင်းကြိုဝယ်ဈေး နှစ်ရာခိုင်နှုန်းမြင့်တက်

မလေးရှားစားအုန်းဆီ ကြိုရောင်းကြိုဝယ်ဈေးနှုန်းသည် ပြီးခဲ့သည့် ဇူလိုင် ၂၀ ရက်က နှစ်ရာခိုင်နှုန်းမြင့်တက်ခဲ့ကြောင်း စတားအွန်လိုင်းသတင်းတွင် ဖော်ပြထားသည်။

ယခုကဲ့သို့ မြင့်တက်ခဲ့သဖြင့် လွန်ခဲ့သည့်နှစ်ပတ်က ဈေးနှုန်းကျဆင်းခဲ့မှုကို ထေမိစေခဲ့ကြောင်း၊ စားအုန်းဆီ ဈေးနှုန်းမြင့်တက်မှုကြောင့် ၎င်းနှင့်ဆက်နွယ်နေသည့် စားသုံးဆီဈေးနှုန်းများလည်း လိုက်ပါမြင့်တက်ခဲ့သည်ဟု အဆိုပါသတင်းတွင် ဖော်ပြထားသည်။

စားအုန်းဆီပြည်ပတင်ပို့မှု မြင့်တက်လာသဖြင့် ယခုကဲ့သို့ ဈေးမြင့်တက်လာရခြင်းဖြစ်ပြီး ဆက်လက်၍လည်း ပြည်ပတင်ပို့မှု မြင့်တက်လာနိုင်ကြောင်း သတင်းအချက်အလက်ကောက်ယူမှုများအပေါ်အခြေခံ၍ ကုန်သည်တစ်ဦးက ပြောကြားခဲ့သည်။

တရုတ်နိုင်ငံသို့ စားအုန်းဆီတင်ပို့မှုမှာ ဩဂုတ်လနှင့် စက်တင်ဘာလတို့တွင် တန်ချိန် ၄၅၀၀၀၀အထိရှိလာမည်ဟုမျှော်လင့်ရကြောင်း၊ ဇူလိုင်လအတွင်း တန်ချိန် ၂၅၀၀၀၀ တင်သွင်းမည်ဟု ခန့်မှန်းထားကြောင်း တရုတ်နိုင်ငံ China National Grain and Oil Information Center(CNGOIC)၏အစီရင်ခံစာတွင် ဖော်ပြထားသည်။

တရုတ် စားအုန်းဆီကုန်သည်များသည် ဇူလိုင် ၁၈ ရက်က တန်ချိန် ၈၀၀၀၀ ဆံ့သည့် ကွန်တိန်နာ ခုနစ်လုံးကို မှာယူထားသည်ဟု ဆိုသည်။ ကမ္ဘာ့စားအုန်းဆီကြိုရောင်းကြိုဝယ်ဈေးကွက်တွင် စားအုန်းဆီဈေး ကျဆင်းလျက်ရှိနေပြီး တရုတ်နိုင်ငံဒါလီယံ ကုန်စည်ဒိုင်ဈေးကွက်တွင်မူ စားအုန်းဆီကြိုရောင်းကြိုဝယ်ဈေးများခိုင်မာလျက်ရှိသည်။ ပြည်တွင်းကုန်သည်များက ဩဂုတ်လအတွင်းတွင် စားအုန်းဆီဈေးနှုန်းများ မြင့်တက်လာမည်ကို စိုးရိမ်သဖြင့် စားအုန်းဆီကုန်သေတ္တာများကို ပိုမိုမှာယူထားလိုသည်ဟုဆိုသည်။



ဘာဆာမလေးရှားကုန်စည်ဒိုင်၏ အောက်တိုဘာလအတွက် စားအုန်းဆီစံထားဈေးနှုန်းမှာ ဇူလိုင် ၂၀ ရက်က နှစ်ရာခိုင်နှုန်းမြင့်တက်ပြီး ၂၅၇၆ ရင်းဂစ်ရှိခဲ့ရာ လေးလအတွင်း အမြင့်ဆုံးဈေးနှုန်းဖြစ်ခဲ့သည်။

ဇူလိုင် ၁၂ ရက်ကဖြစ်ပေါ်ခဲ့သည့် စားအုန်းဆီကြိုရောင်းကြိုဝယ်ဈေး ၂၅၇၈ ရင်းဂစ်သည် ထိုနေ့တစ်နေ့အတွင်း အမြင့်ဆုံးဈေးဖြစ်ခဲ့သည်။ ဈေးကွက်ပိတ်ချိန်တွင် စားအုန်းဆီ ရောင်းချရမှုပမာဏမှာ ၂၅တန်ရှိ အတွဲပေါင်း ၃၃၈၂၄ တွဲရှိခဲ့သည်။

"စားအုန်းဆီတင်ပို့မှုနဲ့ ထွက်ပေါ်လျက်ရှိတဲ့ သတင်းတွေကြောင့် တရုတ်နိုင်ငံရဲ့စားအုန်းဆီဝယ်ယူတဲ့အပေါ်မှာ အကျိုးသက်ရောက်မှုရှိစေပါတယ်"ဟု ကွာလာလမ်ပူ အခြေစိုက်ကြိုရောင်းကြိုဝယ် ကုန်သည်များကပြောကြားခဲ့သည်။

မလေးရှားနိုင်ငံ၏ စားအုန်းဆီတင်ပို့မှုသည် ဇူလိုင် ၁ ရက်မှ ၂၀ ရက်အတွင်း ၁၀ ဒသမ ၅ ရာခိုင်နှုန်း မြင့်တက်ခဲ့ကြောင်း Intertek Testing Service မှ ထုတ်ပြန်သည့် အချက်အလက်များတွင် ဖော်ပြထားသည်။

မယ်သီတာ

## ပြည်တွင်းဆီဈေးနှုန်းများ (၂၁-၇-၂၀၁၇) ကျပ်/ပိဿာ

| မြို့အမည် | ပဲဆီ | | | နှမ်းဆီ | | | စားအုန်းဆီ | | |
|---|---|---|---|---|---|---|---|---|---|
| | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် |
| နေပြည်တော် (ပျဉ်းမနား) | ၅၀၀၀ | ၅၂၀၀ | □ | ၄၂၀၀ | ၄၂၀၀ | □ | ၁၉၀၀ | ၁၉၀၀ | □ |
| ရန်ကုန် | ၅၀၀၀ | ၅၀၀၀ | □ | ၄၀၀၀ | ၄၀၀၀ | □ | ၁၇၅၅ | ၁၇၅၅ | □ |
| မန္တလေး | ၃၀၀၀ | ၃၀၀၀ | □ | ၃၂၀၀ | ၃၂၀၀ | □ | ၁၈၅၀ | ၁၈၃၀ | ▽ |
| ပဲခူး | ၅၀၀၀ | ၅၀၀၀ | □ | ၄၈၀၀ | ၄၈၀၀ | □ | ၁၈၅၀ | ၁၈၅၀ | □ |
| မကွေး | ၅၀၀၀ | ၄၂၀၀ | ▽ | ၄၂၀၀ | ၄၂၀၀ | □ | ၁၈၂၀ | ၁၉၅၀ | △ |
| မုံရွာ | ၄၀၀၀ | ၄၀၀၀ | □ | ၃၅၀၀ | ၃၅၀၀ | □ | ၁၈၇၀ | ၁၈၆၀ | ▽ |
| စစ်တွေ | ၄၀၀၀ | ၄၀၀၀ | □ | ၄၀၀၀ | ၄၀၀၀ | □ | ၂၃၀၀ | ၂၃၀၀ | □ |



## မလေးရှားစားအုန်းဆီ အပတ်စဉ်ပျမ်းမျှ (FOB) ဈေးနှုန်း

၂၁-၇-၂၀၁၇ US$/Ton

| အမျိုးအစား | ဇူလိုင်ဒုတိယပတ် | ဇူလိုင်တတိယပတ် | နှိုင်းယှဉ်ချက် |
|---|---|---|---|
| RBD P.Oil | ၆၆၀.၀၀ | ၆၄၇.၅၀ | ▽ |
| RBD P.Olein | ၆၆၅.၀၀ | ၆၅၉.၅၀ | ▽ |
| RBD P.Stearin | ၆၀၅.၀၀ | ၆၀၄.၀၀ | ▽ |

*Source: bepi.mpob*

## ပြည်ပမှတင်သွင်းလာသော စားအုန်းဆီများ ရန်ကုန်ဆိပ်ကမ်းအရောက် တစ်ပိဿာအရင်းဈေးတွက်ချက်ပုံ (၂၁-၇-၂၀၁၇ )နေ့

| အကြောင်းအရာ | တွက်ချက်နှုန်း | တစ်ပိဿာကုန်ကျစရိတ် (ကျပ်) Cloud Point 8˚CMax |
|---|---|---|
| CIF ဈေး | (CIFx USD)/ 612 | ၁၅၆၂.၄၂ |
| FDA ထောက်ခံစာ | 58 .20/ 612 | ၀.၁၀ |
| သွင်းကုန်လိုင်စင်ကြေး | 50/ 612 | ၀.၀၈ |
| L/C စရိတ် | (CIF x 0.25% x USD)/612 | ၃.၉၁ |
| Bill စရိတ် | (CIF x 0.50% x USD )/612 | ၇.၈၁ |
| စားအုန်းဆီအလျော့ | 0.5% x လက်ကားဈေး | ၈.၆၀ |
| ဆီကန်သိုလှောင်ထိန်းသိမ်းခ | 5/ -1% | ၄.၉၅ |
| ကုန်သွယ်လုပ်ငန်းခွန် | (FOB x USD x 1.0 x 5%)/612 | ၇၅.၃၃ |
| ဆိပ်ကမ်းခွန် | (50000/ 1000)/612 | ၀.၀၈ |
| MITS စစ်ဆေးခ (FDA အပါအဝင်) | | ၀.၆၀ |
| အမြတ်ခွန် | (CIF x 35/-)/ 612 | ၄၀.၀၃ |
| ဆိပ်ကမ်းကပ်ခ | (3x USD )/ 612 | ၆.၇၀ |
| | ရန်ကုန်ဆိပ်ကမ်းအရောက် အရင်းဈေး | ၁၇၁၀.၆၀၃ |

မှတ်ချက်။

၁။ အထက်ပါတွက်ချက်မှုမှာ ၂၁-၇-၂၀၁၇နေ့ (CIF ဈေး Cloud Point 8˚C Max ၆၉၀ဒေါ်လာနှင့် USD ဈေး ၁၃၆၆ ကျပ်)ဖြင့် တွက်ချက်ထားခြင်းဖြစ်ပါသည်။

၂။ ၂၁-၇-၂၀၁၇နေ့ ဝယ်ယူပြီးနောက် ၁၀ ရက်ခန့်အကြာ ရန်ကုန်ဆိပ်ကမ်းရောက်ရှိမည့် ဈေးဖြစ်ပါသည်။

၃။ တင်သွင်းလာသော ကုမ္ပဏီ၏ အမြတ်၊ ဆိပ်ကမ်းမှ ဖြန့်ဖြူးမည့် ဈေးကွက်အရောက် သယ်ယူစရိတ်၊ လုပ်သားခ၊ လက်လီဆိုင်များ၏ အမြတ်များ မပါဝင်သေးပါ။

၄။ ငွေလဲနှုန်း တစ်ဒေါ်လာကို ယခင် ၄၅၀ ကျပ်နှင့် တွက်ချက်ပြီး ၂၀၁၂ ခုနှစ် ဧပြီ ၁ ရက်မှစ၍ ဗဟိုဘဏ်မှ နှုန်းရှင်သတ်မှတ်သည့်အတွက် ဒေါ်လာဈေး ၁၃၆၆ ကျပ်ဖြင့် တွက်ချက်ထားပါသည်။

၅။ ကုန်သွယ်လုပ်ငန်းခွန်မှာ ယခင် သုညရာခိုင်နှုန်းဖြစ်ပြီး ယခု ၅ ရာခိုင်နှုန်း ဖြစ်ပါသည်။

၆။ ဆိပ်ကမ်းကပ်ခမှာ ယခင်ကောက်ခံခြင်းမရှိပါ။ ယခုတစ်တန်လျှင် အမေရိကန် ၃ ဒေါ်လာနှုန်းကောက်ခံပါသဖြင့် ထည့်သွင်းတွက်ချက်ပါသည်။

Vol: 17, No.28 Monday July 24 2017

# SMEs နှင့် မြန်မာ့စီးပွားရေးကို သုံးသပ်ခြင်း

| ဒေါက်တာအီးဂဲလ် |

မြန်မာနိုင်ငံပါဝင်သည့် အာဆီယံအပါအဝင် ကမ္ဘာ့နိုင်ငံအများစုသည် အသေးစား၊ အလတ်စားလုပ်ငန်းများ (Small and Medium Enterprise - SMEs) များကို တိုင်းပြည်၏စီးပွားရေး ကျောရိုးမဏ္ဍိုင်အဖြစ် တည်ဆောက်ကြသည်။ ကြီးမားသည့် နိုင်ငံတကာကော်ပိုရေးရှင်းကြီးများ၊ ကုမ္ပဏီကြီးများအဆင့်သို့ မလှမ်းနိုင်မီ အဆိုပါအသေးစား၊ အလတ်စား စီးပွားရေးအဆင့်ဖြင့် စတင်ကြရသည်။ ထို့ကြောင့် SMEs အတွက် စီမံကိန်းများရေးဆွဲခြင်း၊ အခွင့်အလမ်းထွက်ပေါက်ရှာခြင်း လုပ်ကြရသည်။

မြန်မာနိုင်ငံ၏ SMEs ဖွံ့ဖြိုးလာရန် ငွေကြေးလိုအပ်ချက်အပြင် အခြားစိန်ခေါ်မှု အများအပြားကို ကျော်ဖြတ်ရပေမည်။ နည်းပညာလိုအပ်ချက်ကြောင့် ဈေးကွက်ရရှိရန် အလှမ်းဝေးကွာမှုကို ကြိုးပမ်းရပေမည်။ အဓိကအားဖြင့် အာဆီယံစီးပွားရေး အသိုက်အဝန်းရှိ SMEs ကဏ္ဍ၌ အပြန်အလှန် ကူညီရိုင်းပင်းမှုရယူ၍ မှုန်ဝါးနေဆဲအဆင့်၌ ရှိနေသော မြန်မာ့ SMEs ကဏ္ဍကို ဖွံ့ဖြိုးခိုင်မာအောင် လုပ်ဆောင်သင့်သည်။

၂၀၁၇ ခုနှစ်၊ ဇွန်လ ၆ ရက်မှစတင်ကာ နှစ်ရက်ကြာကျင်းပခဲ့သည့် မြန်မာ့ရင်းနှီးမြှုပ်နှံမှုဖိုရမ်တွင် SMEs ဖွံ့ဖြိုးမှုအတွက် ကြိုးစားကြမည်ဆိုသည့် ပြောကြားချက်ကို မည်ကဲ့သို့ ဖွံ့ဖြိုးအောင် ကြိုးစားရမည်ဆိုသည့် နည်းလမ်းသာလိုသည်။ SMEs ကို ယခင်ဦးသိန်းစိန်အစိုးရလက်ထက်ကတည်းက အကောင်အထည်ဖော်ခဲ့မှုသည် ယနေ့တိုင် Stagnant flow ထဲ၌ပင်ရှိနေသေးသည်။ မြန်မာနိုင်ငံထဲသို့ ဝင်ရောက်လာမည့် FDI ခေါ် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများက ပြည်တွင်းမြန်မာ့ SMEs လုပ်ငန်းများကို အထောက်အကူပြု ချိတ်ဆက်မှုပြုပေးခြင်းနှင့် ထိုသို့ အထောက်အပံ့ပေးနိုင်မည့် မူဝါဒချမှတ်ခြင်းများကို ဆောင်ရွက်သင့်သည်။

အိမ်နီးချင်းနိုင်ငံများဖြစ်သည့် တရုတ်၊ ထိုင်းနှင့် အိန္ဒိယတို့မှ ထွက်ကုန်ပစ္စည်းများကို ယှဉ်ပြိုင်ရန် နိုင်ငံတော်အစိုးရက ဘယ်လိုကူညီမည်၊ ဘယ်လောက်အထိ ကူညီနိုင်မည်ကို စဉ်းစားသင့်ပါသည်။ ပြီးခဲ့သည့်နှစ်အတွင်းက စက်မှုဝန်ကြီးဌာန စာရင်းများအရ မြန်မာ့ SMEs လုပ်ငန်းပေါင်း ၁၂၀၀၀၀ ကျော်ရှိသည်ဟုဆိုရာ နိုင်ငံတော်စီးပွားရေးတစ်ခုလုံး၏ ၉၉ ရာခိုင်နှုန်း ရှိနေပါသည်။ ထို့ကြောင့်ပင် မြန်မာ့စီးပွားရေး ဖွံ့ဖြိုးမှုအခြေခံသည် SMEs လုပ်ငန်းများ၏ ဖွံ့ဖြိုးမှုဟုပင် ဆိုနိုင်သည်။

ကျွန်ုပ်တို့ သတိပြုဖွယ်ရာတစ်ခုမှာ ဆွေမျိုးပေါက်ဖော်ဆိုသည့် တရုတ်သည် မြန်မာ့ SMEs များကို ကူညီမှုမရသည် သာမက ဈေးမစီးပွားရေးစီမံကိန်းများကိုသာ ခြေစုံပစ်ရင်းနှီးမြှုပ်နှံနေခြင်း၊ မြှုပ်နှံရန်ပြင်ဆင်နေခြင်း၊ ယူနန်မှ ကုန်မျိုးစုံကို တင်ပို့နေခြင်းတို့ကိုသာ တွေ့ကြမည်ဖြစ်သည်။ မြန်မာနိုင်ငံသို့ ကုန်ပစ္စည်းတင်သွင်းနေသည့် ထိုင်းသည်လည်း မြန်မာ့ SMEs များကို မကူညီသည့်အပြင် မြန်မာ့စီးပွားရေးဖွံ့ဖြိုးမှုကို လိုလားပုံမပေါ်ပေ။ ထို့ကြောင့် တရုတ်နှင့်ထိုင်းအပါအဝင် အာဆီယံအဖွဲ့ဝင်နိုင်ငံအချို့သည် မြန်မာ့စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို စိုးရိမ်ခြင်းနှင့်အတူ စီးပွားရေးအမြတ်ထုတ်လိုမှုရှိကြပေသည်။ ဤသည်များကို ကျော်လွှားနိုင်ရန်အတွက် ပြည်တွင်း SMEs များ၏ ရင်ဆိုင်နေရသည့်ပြဿနာ ငါးရပ်ကို နိုင်ငံတော်မှ ကူညီဖြေရှင်းနိုင်ပါက အတိုင်းအတာတစ်ခုထိ SMEs လုပ်ငန်းများ ဖွံ့ဖြိုးလာနိုင်သည်။ ထိုပြဿနာ ငါးရပ်မှာ (၁) ငွေကြေးအရင်းအနှီးနှင့် ဘဏ်ချေးငွေရရှိရန်လိုခြင်း၊ (၂) မြေဈေးနှုန်းကြီးမြင့်ခြင်း၊ (၃)လျှပ်စစ်မီးလုံလောက်စွာမရရှိခြင်း၊ (၄) နည်းပညာအားနည်းခြင်းနှင့် အခြေခံအဆောက်အအုံ အပါအဝင် အစိုးရဘက်မှ ပံ့ပိုးပေးနိုင်မည့် စီမံကိန်းများ အားနည်းခြင်းနှင့် (၅) ဈေးကွက်မရှိသေးခြင်းတို့ဖြစ်ပါသည်။

မြန်မာနိုင်ငံတွင် SMEs လုပ်ငန်းများ အားနည်းသည်ဆိုခြင်းထက် အများစုမှာ အိမ်တွင်းမှုလုပ်ငန်းအဆင့်၌သာ ရပ်တန့်နေသည်။ အချို့ရိုးရာလုပ်ငန်းများသည် အထောက်အပံ့မရမှုကြောင့် တိမ်ကောပပျောက်မည့်အရေးနှင့် ရင်ဆိုင်နေရသည်။ အာဆီယံစီးပွားရေးအသိုက်အဝန်း (Asean Economic Community-AEC) က ကူညီမှုရရှိချိန်၌ အခြေအနေမဆိုးအောင် ထိန်းသိမ်းပံ့ပိုးရန် လိုနေသည်။ အထူးသဖြင့် SMEs အတွက် ချေးငွေ (ဘဏ်ချေးငွေ) အထူးလိုအပ်သည်။ ကျွမ်းကျင်သူတို့အဆိုအရ မြန်မာနိုင်ငံတွင် လုပ်ငန်းသေးများ၏ ၉၅ ရာခိုင်နှုန်းသည် ဘဏ်ချေးငွေမရဘဲ မိမိကိုယ်တိုင်စိုက်ထုတ်လုပ်ကိုင်နေရပြီး ၅ ရာခိုင်နှုန်းလောက်သာငွေကြေးထောက်ပံ့မှုရရှိသည်ဟု ဆိုကြသည်။ အခြားအာဆီယံနိုင်ငံများတွင် ၅၀ ရာခိုင်နှုန်းလောက်ကို သက်ဆိုင်ရာအစိုးရက ထောက်ပံ့ပေးကြောင်းတွေ့ရသည်။ ဤသည်မှာ မြန်မာနိုင်ငံ၌ မြန်မာအစိုးရက ထောက်ပံ့ကူညီရန် လိုအပ်နေမှုဖြစ်သည်။

လျှပ်စစ်မီးလိုအပ်ချက်ကို တတ်နိုင်သည့်အပိုင်းကစပြီး ဖြည့်ဆည်းပေးနိုင်ရန်လိုသည်။ ရှေ့တန်းတင်စကား ပြောရလျှင် “ ဈေးကွက် ”ပင်ဖြစ်သည်။ SMEs ရှင်သန်ဖွံ့ဖြိုးရန် ဈေးကွက်ရှိရပေလိမ့်မည်။ ထုတ်ကုန်ရောင်းချရန် ဈေးကွက်နေရာမရက မရပ်တည်နိုင်ပါ။ SMEs များအတွက် တရားမဝင်ကုန်သွယ်မှုများကို တားဆီးပေးသင့်သည်။ တရားမဝင်ကုန်သွယ်မှုကြောင့် အစိုးရ၏အခွန်ဘဏ္ဍာထိခိုက်သလို စားသုံးသူပြည်သူလူထုဘက်က ကြည့်လျှင်လည်း အရည်အသွေး၊ စံချိန်စံညွှန်း၊ ဘယ်နိုင်ငံဘယ်ဒေသက ထုတ်လုပ်ကြောင်း အာမခံချက်မရှိသောကြောင့် ပြည်သူ၏ ကျန်းမာရေးနှင့် အသက်အန္တရာယ်ရှိကြောင်း ကြုံတွေ့ရပေမည်။ စူပါမားကက်၊ စတိုးဆိုင်ကြီးများတွင် ထိုင်းနှင့်တရုတ် နိုင်ငံတို့မှ ထုတ်လုပ်သည့် ကုန်ပစ္စည်းများကို တွေ့ရပြီး၊ အိန္ဒိယပစ္စည်းများမှာလည်း တိုးမပေါက်ကြောင်းတွေ့နေရလျှင် ပြည်တွင်း SMEs ထုတ်ကုန်များ အတွက် နေရာမရှိတော့ပေ။ နိုင်ငံတော်အစိုးရအနေဖြင့် SMEs လုပ်ငန်းထုတ်ကုန်များအပေါ် ဈေးနှုန်းချိုသာမှု၊ နည်းပညာ အရည်အသွေးရှိမှု၊ လက်ရာဒီဇိုင်းပါကင်ထုပ်ပိုးမှု ကောင်းမွန်အောင် ကူညီသင့်သည်။ ဖော်ပြချက်များသည် မြန်မာ့စီးပွားရေး ဦးမော့ရန် အခြေခံတစ်ခုဖြစ်သည့် SMEs လုပ်ငန်းများကို အာရုံစိုက်ပံ့ပိုးအားပေး မြေတောင်မြှောက်သင့်ပေသည်။

ပြီးခဲ့သည့်နှစ်က ကမ္ဘာ့ဘဏ်၏ သုံးသပ်ချက်အချို့တွင် မြန်မာ့နိုင်ငံရေး၊ စီးပွားရေးအခြေအနေသည် အသွင်ကူးပြောင်းမှု သမိုင်းမှတ်တိုင်သစ်တစ်ခုသို့ ရောက်ရှိနေသည့်အလျောက် လက်ရှိအားကောင်းခိုင်မာလာနေသည့် စီးပွားရေးမှုတစ်ဆင့် မြန်မာပြည်သူလူထုဘဝကို တိုးတက်ဖွံ့ဖြိုးအောင် လုပ်ဆောင်ပေးနိုင်သည့် အခွင့်အလမ်းတစ်ရပ်ရှိကြောင်း ဖော်ပြပေးခဲ့ဖူးသည်။ ကမ္ဘာ့ဘဏ်က အကြံပြုထားသည့် အဓိကမူဝါဒသုံးရပ်မှာ စီးပွားရေးဈေးကွက် ပိုမိုဖွင့်ပေးပြီး ပုဂ္ဂလိက စီးပွားရေးကဏ္ဍတွင် မျှတစွာယှဉ်ပြိုင်နိုင်ရေးအတွက် အပြောင်းအလဲပြုလုပ်ရန် အခြေခံပညာရေး၊ ကျန်းမာရေး၊ လျှပ်စစ်ဓာတ်အား စသည့်ကဏ္ဍများကို တိုးမြှင့်ဆောင်ရွက်ပေးရန် အုပ်ချုပ်ရေးပိုင်း၌ ပွင့်လင်းမြင်သာမှု၊ တာဝန်ယူမှု ပိုမိုရရှိလာရေးကို လုပ်ဆောင်ပေးရန်တို့ ပါဝင်သည်။

၂၀၁၆ ခုနှစ် အောက်တိုဘာလက ထုတ်ပြန်ခဲ့သည့် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုဥပဒေကို ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန(Directorate of Investment and Company Administration-DICA)က နိုင်ငံတကာငွေကြေးပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ (International Finance Corporation-IFC)၏ အကူအညီဖြင့် ရေးဆွဲခဲ့ကြောင်း သိရသည်။ IFC ၏ ယေဘုယျလုပ်ငန်းမှာ ကမ္ဘာ့ဘဏ်လက်အောက်ခံ အဖွဲ့တစ်ခုအနေဖြင့် ဖွံ့ဖြိုးမှုနည်းပါးသော နိုင်ငံများ တွင် ပုဂ္ဂလိကလုပ်ငန်းကဏ္ဍဖွံ့ဖြိုးရေးကို ကူညီပေးခြင်းနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေး၊ အလုပ်အကိုင်ဖန်တီးရေးတို့ဖြစ်သည်။ ရင်းနှီးမြှုပ်နှံမှုနှင့် စီမံခန့်ခွဲမှုကို စီစဉ်ပေးသည်။ IFC သည် မြန်မာနိုင်ငံအတွက် အစိုးရအရာရှိများ၊ ပုဂ္ဂလိကစီးပွားရေး လုပ်ငန်းရှင်များ၊ အရပ်ဘက်လူ့အဖွဲ့အစည်းများ (CSOs) နှင့် ချိတ်ဆက်၍ ပွင့်လင်းမြင်သာမှု၊ နှီးနှောဖလှယ်မှု၊ လူထုလူတန်းစားများနှင့် ထိတွေ့ဆက်ဆံမှု စသည့်လုပ်ငန်းစဉ်များကို အထူးပြုကူညီကြသည်။ ဤကဏ္ဍမှနေ၍ ဩစတြေးလျ၊ ဗြိတိန် (UKAID)နှင့် ဂျပန်နိုင်ငံအစိုးရများက ကူညီခဲ့ကြသည်။

အားကိုးယုံကြည်မှုများစွာဖြင့် ပြည်သူများက NLD အပေါ် မဲပေးလိုက်ကြခြင်းသည် ပြည်သူတို့၏ စီးပွားရေး၊ အလုပ်အကိုင်အခွင့်အလမ်း တိုးတက်ဖွံ့ဖြိုးရေးကို မျှော်ကိုးကြခြင်းဖြစ်သည်။ ၂၀၁၇ ခုနှစ်အတွင်း မြန်မာ့စီးပွားရေး သိသာစွာတိုးတက်လာစေရန် ဒေါ်အောင်ဆန်းစုကြည်က ပြည်ထောင်စုအစိုးရ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရခေါင်းဆောင်များအား တိုက်တွန်းလျက်ရှိကြောင်းကို NLD ဗဟိုအလုပ်အမှုဆောင် အတွင်းရေးမှူး ဦးဝင်းထိန်က ပြောကြောင်း 7 Day Daily သတင်းအရ သိရသည်။ အစိုးရသက်တမ်းတစ်နှစ်ပြည့်ပြီးသော်လည်း အဂတိလိုက်စားမှုများ များပြားသလို တရားဥပဒေစိုးမိုးမှုကလည်း အားနည်းနေပြီး ဆင်းရဲချမ်းသာကွာဟမှုလည်း ကြီးထွားနေဆဲ ဖြစ်သည်။ အဂတိလိုက်စားခြင်း ဖြေရှင်းမှုကို ပြည်သူလူထုအကျိုးရှိမည့် စီမံကိန်းများ ထပ်မံဖော်ထုတ်သည့် စီမံကိန်းများ၌ ပါဝင်လုပ်ကိုင်ခွင့် အခွင့်အလမ်းများ ဖန်တီးပေးခြင်းအားဖြင့် ဆောင်ရွက်နိုင်သည်။ တစ်ဖက်မှလည်း SMEs လုပ်ငန်းများကို အစိုးရက အင်တိုက်အားတိုက်ပံ့ပိုးမှုဖြင့် အကောင်အထည်ဖော် အားပေးအားမြှောက် ဆောင်ရွက်စေခြင်းဖြင့် ပြည်သူလူထုကို အလုပ်အကိုင် ဖန်တီးရာရောက်သည်။

အခြားတစ်ဖက်တွင် ငွေမည်းများစီးဝင်နေသည့် လမ်းကြောင်းများကို ပိတ်ဆို့ဟန့်တားအရေးယူမှုမလုပ်နိုင်လျှင် အိတ်ပေါက်နှင့်ဖားကောက်သလိုသာ ရှိချေမည်။ မူးယစ်ဆေးဝါး၊ သစ်နှင့် ကျောက်စိမ်းစသော သယံဇာတများ တရားမဝင် ရောင်းဝယ်ဖောက်ကားနေမှုများ၊ လူကုန်ကူးမှုများ စသည့်လုပ်ငန်းများမှ ငွေမည်းအများစု စီးဝင်နေသည်မှာ လက်ရှိအခြေအနေဖြစ်ကြောင်း ပြည်သူတို့သိနေကြသည်။ အုပ်ချုပ်ရေး၊ တရားစီရင်ရေး၊ တရားဥပဒေစိုးမိုးရေးကဏ္ဍ၌ တာဝန်ရှိသူများက တာဝန်သိသိ၊ တာဝန်ရှိရှိဖြင့် လာဘ်မစားဘဲ တာဝန်ခံဆောင်ရွက်ကြမှသာ ငွေမည်းထုထည်ကို လျှော့ချနိုင်ပေလိမ့်မည်။ ငွေကြေးဖောင်းပွမှုကိုလည်း လျှော့ချနိုင်ပေမည်။ အထူးသဖြင့် အကျင့်ပျက်ခြစားမှု (Corruption) လျော့ပါးသွားအောင် မလုပ်နိုင်ခြင်း၊ အကျင့်ပျက်ဝန်ထမ်းများအား အရေးယူမှုလျော့ရဲခြင်းတို့သည်ပင် နိုင်ငံတော်စီးပွားရေး ဖွံ့ဖြိုးမှုကို ဆွဲတင်မရဖြစ်နေရသည်။

ငွေကြေးဖောင်းပွမှုနှုန်း မြင့်မားပြီး ကုန်ဈေးနှုန်းမြင့်တက်သောကြောင့် စီးပွားရေးကျဆင်းနေရသည့် အခြေအနေ၌ အစိုးရက အခွန်တိုးမြှင့်ကောက်ခံရန် လုပ်ဆောင်ခြင်းသည် လူလတ်တန်းစားနှင့် SMEs လုပ်ငန်းရှင်များအား အခက်အခဲများစွာ ကြုံတွေ့နိုင်စေသည်။ အစိုးရသည် အခွန်မဆောင်သူများ၊ အခွန်ရှောင်သူများထံမှ အခွန်ငွေရရှိအောင် စီမံ ဆောင်ရွက်နိုင်ခြင်းမရှိဘဲ ပုံမှန်အခွန်ဆောင်သူ လက်လုပ်လက်စား ပြည်သူအများစုထံမှသာ အခွန်နှုန်းထားကို တိုးမြှင့်ကောက်ခံမှုသည် တိုင်းပြည်စီးပွားရေး တိုးတက်မှုကို လွန်စွာနှေးကွေးစေမည် ဖြစ်သည်။ ပြည်သူ့ဘဏ္ဍာထဲမှ လစာပေးရသည့် ပြည်သူ့ဝန်ထမ်းများ၏ ဝန်ဆောင်မှုကောင်းမွန်လာအောင် ကြိုတင်ပညာပေးလုပ်ငန်း ဆောင်ရွက်ပြီးမှသာ အခွန်တိုးမြှင့် ကောက်ခံမှုကို စဉ်းစားလုပ်ဆောင်သင့်သည်။ မြန်မာနိုင်ငံအတွင်း၌ အခွန်မှန်သမျှ သာမန်အလုပ်သမား၊ လယ်သမား၊ အသေးစားအလတ်စားလုပ်ငန်း (SMEs)ရှင်များနှင့် ဆင်းရဲသားပြည်သူများကသာ ပေးဆောင်နေရပြီး အိမ်ခြံမြေ၊ မော်တော်ယာဉ်များကို လက်ဝါးကြီးအုပ်ဈေးကစားရောင်းဝယ်နေသူများ၊ ရွှေနှင့် ဒေါ်လာဈေး ကစားနေသူများ၊ စက်ရုံအလုပ်ရုံပိုင်ရှင်များနှင့် လုပ်ငန်းရှင်ကြီးများက နည်းလမ်းမျိုးစုံသုံးကာ နိုင်ငံတော်အခွန်ကို ရှောင်တိမ်းနေကြောင်း ကျွန်ုပ်တို့ တွေ့မြင်နေကြရသည်။ ဝိသမလောဘဖြင့် စီးပွားရှာနေသူများကြောင့် နိုင်ငံစီးပွားရေး ကမောက်ကမဖြစ်ပြီး ဖွံ့ဖြိုးမှု နှောင့်နှေးဖြစ်နေရသည်။ ဤသည်ကို အစိုးရက ထိန်းချုပ်ထိန်းကျောင်းနိုင်အောင် ကြိုးပမ်းသင့်သည်။ အခြေအနေ အရပ်ရပ်ကို တည်ငြိမ်လာစေ၍ လုပ်ငန်းလည်ပတ်အောင် မဆောင်ရွက်ဘဲ ပြည်သူလူထုအများစုထံမှ အခွန်တိုးကောက် မည့်ပေါ်လစီကို ချမှတ်လုပ်ဆောင်လျှင် သာမန်ဆင်းရဲသားပြည်သူအများစုနှင့် ဝန်ထမ်းများမှာ နစ်နာရုံကလွဲပြီး အခြားမရှိနိုင်ပေ။

အချုပ်အားဖြင့် SMEs လုပ်ငန်းများတွင် ဖြစ်ပေါ်နေသော SMEs လုပ်ငန်းရှင်များ ရင်ဆိုင်ရသည့် ပြဿနာငါးရပ်ကို အစိုးရက ကူညီပံ့ပိုးဖြေရှင်းဆောင်ရွက်ပေးပြီး ပြည်သူအများစုထံမှ အခွန်တိုးမြှင့်ကောက်ခံမှုကို အလုံးစုံဖွံ့ဖြိုးမှုအခြေခံကို ဆောင်ရွက်ပြီးမှ စဉ်းစားဆောင်ရွက်သင့်သည်။ ငွေမည်းစီးဆင်းမှုဖြစ်ပေါ်စေသည့် လက်သည်များကို အဂတိတရားကင်းစွာ အမြန်ဆုံးဖော်ထုတ် အရေးယူနိုင်ခြင်းဖြင့် နိုင်ငံငွေကြေးဖောင်းပွမှုကို လျှော့ချပေးနိုင်ပေသည်။ လွှတ်တော်များရှိ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်အသီးသီးအနေဖြင့်လည်း ပြည်သူထဲသို့ ကွင်းဆင်းကာ ပြည်သူ့အသံ နားစွင့်၍ ပြည်သူ့စီးပွားရေးအကျပ်အတည်းကို မည်သို့လျော့ပါးအောင် လုပ်ဆောင်နိုင်မည်ကို ကြံဆသင့်သည်။

**စာမျက်နှာ ၁၇ သို့**

## မြန်မာသံရုံးများမှ ပေးပို့သော စီးပွားရေးသတင်းများ

# မဏိပူရ်-မြန်မာ အမြန်လမ်းအား အဆင့်မြှင့်တင်ရန်နှင့် လမ်းအကျယ်တိုးချဲ့ရန် အိန္ဒိယစီးပွားရေးကော်မတီ အတည်ပြု

အိန္ဒိယနိုင်ငံအတွင်းရှိ အင်ဖာမှ မြန်မာနယ်စပ်သို့ ဖောက်လုပ်ထားသည့် အဝေးပြေးလမ်းမကြီးအား လေးလမ်းသွားအဖြစ် အဆင့်မြှင့်တင်ခြင်းနှင့် လမ်းအကျယ်တိုးချဲ့ခြင်းတို့ကို ဆောင်ရွက်ရန် အိန္ဒိယစီးပွားရေးရာကော်မတီက ဇူလိုင် ၁၂ ရက်တွင် အတည်ပြုခဲ့ကြောင်း၊ အဆိုပါစီမံကိန်းအတွက် ရူပီးကုဋေ ၁၆၃၀ ဒသမ ၂၉ ကုဋေ ကျခံသုံးစွဲမည်ဖြစ်ကြောင်း သိရှိရပါ သည်။

အင်ဖာ-မိုရေးလမ်းပိုင်းသည် အိန္ဒိယနှင့်မြန်မာနိုင်ငံတို့ကို ဆက်သွယ်ထားသည့်လမ်းဖြစ်ပြီး၊ အာရှအဝေးပြေးလမ်းမကြီး စီမံကိန်းအောက်ရှိ လမ်းပိုင်းတစ်ခုဖြစ်ကြောင်း၊ အဆိုပါလမ်းပိုင်းမှတစ်ဆင့် မြန်မာနိုင်ငံကိုဖြတ်ကာ ထိုင်းနိုင်ငံ၊ ဗန်ကောက်မြို့သို့ သွားရောက်နိုင်ကြောင်း၊ ထိုမှတစ်ဆင့် အင်ဒိုနီးရှားနှင့်မလေးရှားတို့အထိ ဆက်လက်သွားရောက်နိုင်ကြောင်း၊ သို့ဖြစ်ပါ၍ အဆိုပါလမ်းပိုင်းသည် နိုင်ငံတကာနှင့်ချိတ်ဆက်နေသည့် လမ်းတစ်ခုလည်းဖြစ်ကြောင်း အိန္ဒိယနိုင်ငံ၊ ကုန်းလမ်းပို့ဆောင်ရေး၊ ရေကြောင်းနှင့်အဝေးပြေးလမ်းမကြီးဝန်ကြီးဌာန ဝန်ကြီး Nitin Gadkari က ပြောကြားခဲ့ကြောင်း သိရှိရပါသည်။

အဆိုပါလမ်းပိုင်းအား အဆင့်မြှင့်တင်ခြင်းအားဖြင့် အိန္ဒိယအရှေ့မြောက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် များစွာအထောက်အကူပြုစေမည်ဖြစ်ပြီး၊ အထူးသဖြင့် ကုန်းတွင်းပိတ်ဒေသဖြစ်သည့် မဏိပူရ်ဒေသတွင် အလုပ်အကိုင်နှင့်စီးပွားရေး အခွင့်အလမ်းများပိုမိုဖန်တီးပေးလာနိုင်မည်ဖြစ်ကြောင်း၊ ယင်းဒေသ၌ အများအားဖြင့် ကုန်းလမ်းခရီးကိုသာအားထားနေရကြောင်း၊ ယခုစီမံကိန်းအား South Asian Sub-Regional Economic Cooperation (SASEC)၏ ကုန်းလမ်းဆက်သွယ်ရေးရင်းနှီးမြှုပ်နှံမှု အစီအစဉ်အောက်၌ အာရှဖွံ့ဖြိုးရေးဘဏ်၏ အကူအညီဖြင့် ဆောင်ရွက်နေခြင်းဖြစ်ကြောင်း သိရှိရပါသည်။

အင်ဖာ-မိုရေးစင်္ကြံသည် အာရှအဝေးပြေးလမ်းအပိုင်း(၁) တွင်ပါဝင်နေပြီး၊ အိန္ဒိယမှအရှေ့ဘက်နိုင်ငံများသို့ သွားရောက်ရာ ထွက်ပေါက်တစ်ခုအနေဖြင့် တည်ရှိကြောင်း၊ ယခုဖော်ဆောင်သည့် စီမံကိန်းသည် မဏိပူရ်ဒေသတွင် နေ့စားအလုပ်အကိုင်ပေါင်း ၂ ဒသမ ၆၇ သိန်းကိုဖော်ဆောင်နိုင်မည်ဖြစ်ကာ၊ လမ်းခရီးကြာချိန်ကိုလည်း လျှော့ချနိုင်မည်ဖြစ်ကြောင်း၊ လက်ရှိတွင် သုံးနာရီခွဲခန့်ရှိရာမှ စီမံကိန်းပြီးစီးပါက တစ်နာရီခွဲခန့်သာ ကြာမြင့်တော့မည်ဖြစ်ကာ အရှေ့တောင်အာရှနိုင်ငံများနှင့် ကုန်သွယ်မှုအချိတ်အဆက်များ တိုးမြှင့်လာနိုင်တော့မည်ဖြစ်ကြောင်း Nitin Gadkari ကပြောကြားထားပါသည်။

**ယဉ်ယဉ်နွယ်၊ စီးပွားရေးသံမှူး**
**မြန်မာသံရုံး၊ နယူးဒေလီမြို့**

# ထိုင်းနိုင်ငံ၏ အရှေ့ပိုင်းစီးပွားရေးစင်္ကြံ (EEC)နှင့် ချိတ်ဆက်ရန် တရုတ်နိုင်ငံက စိတ်အားထက်သန်လျက်ရှိ

တရုတ်နိုင်ငံသည် ခိုင်မာသော supply chain ကွန်ရက် တည်ဆောက်ရန်အတွက် ၎င်း၏ ကူမင်းအထူးစီးပွားရေးဇုန်ကို ထိုင်းနိုင်ငံ၏ အရှေ့ပိုင်းစီးပွားရေးစင်္ကြံ (Eastern Economic Corridor – EEC) နှင့် ချိတ်ဆက်ရန် စိတ်အားထက်သန်လျက်ရှိရာ ရွှေ့လာမည့် ဇူလိုင်လတွင် တရုတ်ကိုယ်စားလှယ်အဖွဲ့သည် ထိုင်းနိုင်ငံသို့ လာရောက်၍ စက်မှုဝန်ကြီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့်တွေ့ဆုံ၍ အထူးစီးပွားရေးဇုန်အချင်းချင်း ချိတ်ဆက်မည့် အသေးစိတ် အစီအစဉ်များကိုဆွေးနွေးရန်ရှိကြောင်း သိရှိရပါသည်။

ကူမင်း အထူးစီးပွားရေးဇုန်သည် တရုတ်နိုင်ငံတွင် အကြီးဆုံးနှင့်ရင်းနှီးမြှုပ်နှံရန်နေရာ အသစ်တစ်ခု ဖြစ်ပါသည်။ ထို့အပြင် ယင်းစက်မှုဇုန်သည် စတုရန်းမီတာ ၁၅၀ ကျယ်ဝန်းသည့် အဆင့်မြင့် နည်းပညာများကို မြှင့်တင်ပေးမည့်ဇုန်တစ်ခုလည်းဖြစ်ပါသည်။

ထိုင်းအစိုးရသည် အရှေ့ပိုင်းစီးပွားရေးစင်္ကြံကို နိုင်ငံအတွင်း အခြားပြည်နယ်များ၊ ကမ္ဘာ့နိုင်ငံများနှင့်ချိတ်ဆက်ပေးနိုင်ရန်အတွက် ရေနက်ဆိပ်ကမ်းများ၊ လေဆိပ်များနှင့် အမြန်ရထားလမ်းများ တည်ဆောက်ရေးတွင် အမြောက်အများရင်းနှီးမြှုပ်နှံလျက်ရှိခြင်းနှင့်အတူ အရှေ့ပိုင်းစီးပွားရေးစင်္ကြံသည် တိုင်းပြည်ကို အလယ်အလတ် အဆင့်ဝင်ငွေရှိသောနိုင်ငံတစ်နိုင်ငံအဖြစ်မှ ကျော်လွှားနိုင်ရန်နှင့် နည်းပညာနှင့် ဆန်းသစ်တီထွင်မှုရှိသော စတုတ္ထစက်မှုတော်လှန်ရေး Thailand 4.0 ကိုရောက်ရှိရန် အတွက် အစိုးရကအလေးထား၍ မြှင့်တင်ဆောင်ရွက်လျက်ရှိသော ထင်ရှားသည့် အထူးစီးပွားရေးဇုန်တစ်ခု ဖြစ်ပါသည်။

ထိုင်းနိုင်ငံ၏ အရှေ့ပိုင်းစီးပွားရေးစင်္ကြံသည် လရောင်ပြည်နယ်၊ ချွန်ဘူရီပြည်နယ်နှင့် ချန်ချူံဆာပြည်နယ် စသည့်ပြည်နယ်သုံးခုပါဝင်ပြီး မြေဧရိယာရိုင် ၃၀၀၀ (တစ်ရိုင်= ၀. ၃၉၅ ဧက) ကျယ်ဝန်းပါသည်။

ရွှေ့လာမည့် ငါးနှစ်အတွင်း အစိုးရနှင့် ပုဂ္ဂလိက ရင်းနှီးမြှုပ်နှံမှုအသစ်မှ စုစုပေါင်း ဘတ် ၁ ဒသမ ၅ ထရီလီယံရရှိရန် မျှော်မှန်းထားပါသည်။ အရှေ့ပိုင်း စီးပွားရေးစင်္ကြံတွင် အစိုးရ၏ ဦးစားပေး စက်မှုလုပ်ငန်းများမှာ Next-generation cars၊ Smart electronics၊ Affluent, Medical and wellness tourism၊ Agriculture and biotechnology၊ Food၊ Robotics for industry၊ Logistics and aviation၊ Biofuels and biochemical၊ Digital နှင့် Medical services တို့ ဖြစ်ကြပါသည်။

ထိုင်းနိုင်ငံအစိုးရအနေဖြင့် ထိုင်းနိုင်ငံကိုဒေသတွင်းပူးပေါင်းဆောင်ရွက်မှုအချက်အချာနိုင်ငံ ဖြစ်လာစေရန်အတွက်ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုအခြေခံအဆောက်အဦများ တည်ဆောက်ရန် အဆင်သင့်ရှိပြီးအရှေ့ပိုင်းစီးပွားရေးစင်္ကြံကို တရုတ်နိုင်ငံ၏ ကူမင်း အထူးစီးပွားရေးဇုန်နှင့် ချိတ်ဆက်ရန်အလေးထားကြောင်း၊ အာဆီယံနိုင်ငံအားလုံးသည် တိုးတက်ကောင်းမွန်သည့် အခြေခံအဆောက်အဦများကို အသုံးပြုနိုင်ရန်နှင့် နှစ်နိုင်ငံ ကုန်သွယ်ရေးသာမက နိုင်ငံများစွာနှင့်ကုန်သွယ်ရေး ပူးပေါင်းဆောင်ရွက်ခြင်းများကိုလည်း ကျင့်သုံးသင့်ကြောင်း၊ ထိုင်းနိုင်ငံသည် ပင်လယ်ရေနက်ဆိပ်ကမ်းတည်ဆောက်ခြင်း၊ ဥတပါအို လေဆိပ်အဆင့်မြှင့်တင်ခြင်း စသည့် အခြေခံအဆောက်အဦးဆိုင်ရာ တိကျသော စီမံချက်များရှိပြီးဖြစ်သည့် အပြင် တရုတ်နိုင်ငံ၏ One Belt, One Road ရပ်ဝန်းနှင့် ပိုးလမ်းမကိုချိတ်ဆက်မည့် မီးရထားလမ်း စီမံကိန်းများတွင် အမြောက်အမြား ရင်းနှီးမြှုပ်နှံရန် စီမံထားရှိကြောင်း EEC ရုံး၏အတွင်းရေးမှူးချုပ် Mr. KanitSangsuhan က ပြောကြားပါသည်။

အာဆီယံဒေသနှင့် တရုတ်နိုင်ငံအကြားတွင် စီးပွားရေးချိတ်ဆက်ဆောင်ရွက်မှုများစွာ ရှိထားပြီးဖြစ်သဖြင့် ယခုအချိန်တွင် အဆိုပါပူးပေါင်းဆောင်ရွက်မှုများသည် ရေရှည်ဖွံ့ဖြိုးတိုးတက်မှုကို ရရှိမည်ဟု ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ (WTO)၏ အတွင်းရေးမှူးချုပ်ဟောင်း Mr. Supachai Panitchpakdi က ပြောကြားပါသည်။

**ကျော်သူရ၊ စီးပွားရေးသံမှူး**
**မြန်မာသံရုံး၊ ဗန်ကောက်မြို့**

# တရုတ်နိုင်ငံ အလီဘာဘာကုမ္ပဏီက ထိုင်းနိုင်ငံ၏ အရှေ့ပိုင်း စီးပွားရေးစင်္ကြံ (EEC)တွင် အီးကောမတ်စ်ဇုန် တည်ထောင်မည်

အီးကောမတ်စ်လုပ်ငန်းများ လုပ်ကိုင်လျက်ရှိသည့် အလီဘာဘာကုမ္ပဏီ (Alibaba Group) သည် လျင်မြန်စွာ ကြီးထွားဖွံ့ဖြိုးလျက်ရှိသည့် အာဆီယံ၏ အီးကောမတ်စ်ဈေးကွက်သို့ လုပ်ငန်းတိုးချဲ့ရန်အတွက် ထိုင်းနိုင်ငံ၏ အရှေ့ပိုင်းစီးပွားရေးစင်္ကြံ (Eastern Economic Corridor - EEC)၏ မြေဧရိယာရိုင် ၃၀၀ (တစ်ရိုင်=0.395ဧက) ပေါ်တွင် အီးကောမတ်စ်ဇုန်တည်ထောင်မည်ဖြစ်ကြောင်း စက်မှုဝန်ကြီးဌာနဝန်ကြီး Mr. Uttama Savanayana က ပြောကြားပါသည်။

အဆိုပါအလီဘာဘာ၏ အီးကောမတ်စ်ဇုန်သည် အာဆီယံအီးကောမတ်စ်ဈေးကွက်အတွက် အဓိကအရေးပါသည့် ထောက်ပံ့ပို့ဆောင်ရေးစင်တာ (logistic center) ဖြစ်လာနိုင်ကြောင်း၊ အီးကောမတ်စ်ဇုန်၏ ပထမအဆင့်စီမံကိန်းများကို ပြည်တွင်းလုပ်ငန်းရှင်များနှင့်ပူးပေါင်း၍ ယခုနှစ် တတိယပတ်သုံးလပတ်တွင် လက်မှတ်ရေးထိုး၍ နောက်ဆုံးသုံးလပတ်တွင် စတင်အကောင် အထည်ဖော်မည်ဖြစ်ကြောင်း၊ ဒုတိယအဆင့်စီမံကိန်းတွင် သုတေသနနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများ (Research and Development) နှင့် အသေးစားနှင့် အလတ်စားကုမ္ပဏီများကို မြှင့်တင်ပေးရန်အတွက် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုစင်တာ (business development center) တည်ထောင်မည့် လုပ်ငန်းများပါဝင်ကြောင်း၊ အီးကောမတ်စ်ဇုန်၏ စီမံကိန်းအားလုံးကို ၂၀၁၈ခုနှစ်တွင်ပြီးစီးမည်ဟု မျှော်မှန်းထားကြောင်းနှင့် အလီဘာဘာသည် EEC တွင် အီးကောမတ်စ်ဇုန် တည်ဆောက်မည့်နေရာနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ အသေးစိတ်အချက်အလက်များကို မကြာမီထုတ်ပြန်ပေးရန် မျှော်လင့်ကြောင်းလည်း ဝန်ကြီး Mr. UttamaSavanayana က ဆက်လက်ပြောကြားပါသည်။

ထိုင်းနိုင်ငံ၏ EEC သည်အာဆီယံဒေသအတွင်း၌ဆွဲဆောင်မှု အရှိဆုံးရင်နှီးမြှုပ်နှံမှု စီမံကိန်းများရှိသည့် စီးပွားရေးဇုန်တစ်ခုဖြစ်၍ တရုတ်အလီဘာဘာကုမ္ပဏီက လာရောက်ရင်းနှီးမြှုပ်နှံခြင်းဖြစ်ကြောင်း၊ ထိုင်းနိုင်ငံသည် ဒေသအတွင်း၌ အလားအလာကောင်းသော နိုင်ငံတစ်နိုင်ငံဖြစ်ပြီး အီးကောမတ်စ်လုပ်ငန်းများအတွက်လည်း အကောင်းဆုံးဈေးကွက်တစ်ခု ဖြစ်ကြောင်း၊ CLMV ဈေးကွက်သို့ ဖြန့်ဖြူးရောင်းချရာ၌ ကုန်ထုတ်လုပ်မှုအခြေခံကို ထိုင်းနိုင်ငံတွင် ထားရှိခြင်းဖြစ်ပြီး ကမ္ဘာ့ဈေးကွက်သို့ထိုးဖောက်ရာတွင် ထိုင်းနိုင်ငံကို အသုံးပြုခြင်းဖြစ်ကြောင်းနှင့် ဒေသတွင်းရှိလုပ်ငန်းများကို အလီဘာဘာနှင့်ချိတ်ဆက်ပေးပြီး ဖွံ့ဖြိုးတိုးတက်မှုများ ရရှိမည်ဖြစ်ကြောင်း ဝန်ကြီး Mr. UttamaSavanayana က ဆက်လက်ပြောကြားပါသည်။

**ကျော်သူရ၊ စီးပွားရေးသံမှူး**
**မြန်မာသံရုံး၊ ဗန်ကောက်မြို့**

# ကုန်စည်ဒိုင်အသီးသီး၏ လက်ရှိအရောင်းအဝယ်ဖြစ်နေသော ဈေးနှုန်းများနှင့် ဈေးကွက်အခြေအနေ (၂၁–၇–၂၀၁၇)

ဇော်ဝင်း

## ဘုရင့်နောင်ဈေးကွက်မှာ မတ်ပဲနဲ့ ပဲစင်းငုံနီ ဈေးဆက်လက်ကျဆင်း

ယခုတစ်ပတ် ဘုရင့်နောင်ဈေးကွက်မှာ မတ်ပဲနဲ့ ပဲစင်းငုံနီ တို့ဈေးဆက်လက်ကျဆင်းခဲ့ကြောင်း သိရပါတယ်။ ယခင်တစ်ပတ်က မတ်ပဲ FAQ(RC) တစ်တန်ကျပ် ၈၂၅၀၀၀ နဲ့ ဈေးကျဆင်းခဲ့ပြီး ယခုတစ်ပတ်မှာလည်း တစ်တန် ကျပ် ၇၆၈၀၀၀ နဲ့ ဈေးဆက်လက်ကျဆင်းခဲ့ပါတယ်။ မတ်ပဲ SQ (RC) ကလည်း ယခင်တစ်ပတ်က တစ်တန် ကျပ် ၁၀၁၀၀၀၀ နဲ့ ဈေးကျခဲ့သလို ယခုတစ်ပတ်မှာလည်း တစ်တန်ကျပ် ၉၂၀၀၀၀ အထိ ဈေးဆက်လက်ကျဆင်းခဲ့ကြောင်း သိရပါတယ်။ အလားတူ ပဲစင်းငုံနီကလည်း ယခင်တစ်ပတ်က တစ်တန် ကျပ် ၆၁၂၅၀၀ နဲ့ ဈေးကျခဲ့သလို ယခုတစ်ပတ်မှာ တစ်တန် ကျပ် ၅၉၆၅၀၀ ထိ ဈေးဆက်လက်ကျဆင်းခဲ့ပါတယ်။ ယခင်တစ်ပတ်ဈေးနဲ့ နှိုင်းယှဉ်ပါက ယခုတစ်ပတ်မှာ မတ်ပဲ FAQ(RC) က တစ်တန်ကို ကျပ် ၅၇၀၀၀၊ မတ်ပဲ SQ(RC)တစ်တန်ကို ကျပ် ၉၀၀၀၀ နဲ့ ပဲစင်းငုံနီတစ်တန်ကို ကျပ် ၁၆၀၀၀ အသီးသီးဈေးဆက်လက်ကျဆင်းခဲ့ကြောင်း သိရပါတယ်။

××××××××××××××××

## မူဆယ်ဈေးကွက်မှာ ပြောင်းဈေးငြိမ်

ယခုတစ်ပတ် မူဆယ်ဈေးကွက်မှာ ပြောင်းဈေးက ယခင်တစ်ပတ်အတိုင်း ဆက်လက်ဈေးငြိမ်နေကြောင်း သိရပါတယ်။ ပြောင်းဈေးအနေနဲ့ ၅၀ ကီလိုတစ်အိတ်ကို ၇၂ ယွမ်မှ ၈၂ ယွမ် (တစ်တန်ယွမ် ၁၄၄၀ မှ ယွမ် ၁၆၄၀) နဲ့ အရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။ တစ်ဖက်နိုင်ငံ တင်ပို့နိုင်မှုအနေနဲ့ ယခင်တစ်ပတ်က တန်ချိန် ၁၂၈၀၀ ကျော်ရှိခဲ့ပြီး ယခုတစ်ပတ်မှာ တန်ချိန် ၁၅၇၀၀ ကျော်ရှိခဲ့တာကြောင့် ယခင်တစ်ပတ်ထက် ပိုမိုတင်ပို့ခဲ့ကြောင်းလည်း သိရပါတယ်။

××××××××××××××××

## လားရှိုးဈေးကွက်မှာ ပြောင်းဈေးပြန်လည်တက်ရိပ်ပြ

ယခုတစ်ပတ် လားရှိုးဈေးကွက်မှာ ပြောင်းဈေး ပြန်လည်တက်ရိပ်ပြခဲ့ကြောင်း သိရပါတယ်။ ပြောင်းဈေးအနေနဲ့ ယခင်တစ်ပတ်က တစ်ပိဿာ ကျပ် ၅၁၀ နဲ့ဈေးကျခဲ့ရာက ယခုတစ်ပတ်မှာ တစ်ပိဿာ ကျပ် ၅၃၀ (တစ်တန် ကျပ် ၃၂၄၅၆၀) နဲ့ ဈေးပြန်လည် တက်ရိပ်ပြခဲ့ပေမယ့် အရောင်းအဝယ်ဖြစ်မှုအနေနဲ့ ယခင်တစ်ပတ်က ၂၅၉၄၈၉၈ ပိဿာရှိခဲ့ပြီး ယခုတစ်ပတ်မှာ ၂၄၅၆၆၅၅ ပိဿာသာရှိခဲ့တာကြောင့် အရောင်းအဝယ်အေးခဲ့ကြောင်း သိရပါတယ်။ သယ်ယူပို့ဆောင်ခအနေနဲ့ လားရှိုးမှ မူဆယ်အထိ ပြောင်းတစ်ပိဿာ ၂၉ ကျပ်ရှိကြောင်း သိရပါတယ်။

××××××××××××××××

## မန္တလေးဈေးကွက်မှာ ပဲတီစိမ်း(အညာ)ရွှေဝါ ဆက်လက်ဈေးမြင့်ခဲ့ပြီး မတ်ပဲဈေးဆက်လက်ကျ

ယခုတစ်ပတ် မန္တလေးဈေးကွက်မှာ ပဲတီစိမ်း (အညာ) ရွှေဝါ ဆက်လက်ဈေးမြင့်တက်ခဲ့ပြီး မတ်ပဲကဆက်လက်ဈေးကျဆင်းခဲ့ ကြောင်း သိရပါတယ်။ ယခင်တစ်ပတ်က ပဲတီစိမ်း (အညာ) ရွှေဝါ တစ်ပိဿာ ၂၂၂၂ ကျပ်နဲ့ ဈေးမြင့်ခဲ့သလို ယခုတစ်ပတ်မှာလည်း တစ်ပိဿာ ၂၂၅၈ ကျပ် (တစ်တန် ကျပ် ၁၃၈၂၇၇၀) နဲ့ ဆက်လက်ဈေးမြင့်ခဲ့ပါတယ်။ ပဲတီစိမ်း(အညာ) ရွှေဝါကို တရုတ်ဝယ်လက်က ဝယ်လိုအားများသဖြင့် အရောင်းအဝယ်သွက်ခဲ့ကြောင်း သိရပါတယ်။ ယခင်တစ်ပတ်က မတ်ပဲတစ်ပိဿာ ၁၄၁၇ ကျပ်နဲ့ ဈေးကျခဲ့သလို ယခုတစ်ပတ်မှာ လည်း တစ်ပိဿာကျပ် ၁၃၀၀ (တစ်တန်ကျပ် ၇၉၆၁၀၀) နဲ့ ဆက်လက်ဈေးကျဆင်းခဲ့ပါတယ်။ မတ်ပဲကို ရန်ကုန်ဝယ်လက်နဲ့ မြို့ခံပဲခွဲစက်များက ဝယ်ယူမှုရှိသော်လည်း အရောင်းအဝယ် အေးကြောင်း သိရပါတယ်။ အလားတူ ပဲစင်းငုံနီကလည်း ယခင် တစ်ပတ်က တစ်ပိဿာ ၉၅၈ ကျပ်နဲ့ဈေးမြင့်ခဲ့ပေမယ့် ယခုတစ်ပတ်မှာ တစ်ပိဿာ ၉၅၅ ကျပ် (တစ်တန်ကျပ် ၅၈၄၈၃၀) နဲ့ဈေးကျဆင်းခဲ့ပြီး ရန်ကုန်ဝယ်လက်က ဝယ်ယူခဲ့ကြောင်း သိရပါတယ်။ ဆီထွက်သီးနှံနှမ်းမျိုးစုံအနက် ယခင်တစ်ပတ်က နှမ်းနက်စမုံ တစ်ပိဿာကျပ် ၂၈၀၀ နဲ့ဈေးမြင့်ခဲ့ပြီး ယခုတစ်ပတ် မှာတစ်ပိဿာ ၂၈၄၄ ကျပ်(တစ်တန်ကျပ် ၁၇၄၁၆၃၀) နဲ့ ဆက်လက်ဈေးမြင့်ခဲ့ပါတယ်။ နှမ်းဖြူထိပ်စကလည်း ယခင် တစ်ပတ်ဈေးအတိုင်းတစ်ပိဿာ ၂၃၃၃ ကျပ်(တစ်တန်ကျပ် ၁၄၂၈၇၀၀)နဲ့ ဆက်လက်ဈေးငြိမ်နေခဲ့ပြီး နှမ်းမျိုးစုံကို တရုတ်တင်ပို့သူ ကုန်သည်များက ပုံမှန်ဝယ်ယူလျက်ရှိကြောင်း သိရပါတယ်။ စီပီပြောင်းက ယခင်တစ်ပတ်ထက်ဈေးမြင့်ခဲ့ပြီး တစ်ပိဿာ ၅၁၉ ကျပ်(တစ်တန်ကျပ် ၃၁၇၈၃၀)နဲ့ တရုတ်နိုင်ငံသို့တင်ပို့သူများနဲ့အစာစပ်လုပ်ငန်းရှင်များက ဝယ်ယူလျက်ရှိကြောင်း သိရပါတယ်။

××××××××××××××××

## မုံရွာဈေးကွက်မှာ ပဲတီစိမ်းဈေးဆက်လက်တက်ရိပ်ပြပြီး မတ်ပဲနဲ့ပဲစင်းငုံဈေးကျ

ယခုတစ်ပတ် မုံရွာဈေးကွက်မှာ ပဲတီစိမ်းကြီးထိပ်စ(အသစ်) ဈေးဆက်လက်တက်ရိပ်ပြခဲ့ပါတယ်။ ယခင်တစ်ပတ်က ပဲတီစိမ်းကြီးထိပ်စ(အသစ်) တစ်ပိဿာကျပ် ၂၀၀၀ နဲ့ ဈေးမြင့်ခဲ့သလို ယခုတစ်ပတ်မှာ လည်း တစ်ပိဿာ ၂၁၀၅ ကျပ် (တစ်တန် ကျပ် ၁၂၈၉၀၈၀ ) နဲ့ ရက်သတ္တသုံးပတ်ဆက်တိုက် ဈေးမြင့်ခဲ့ပါတယ်။ မန္တလေးတင်ပို့မယ့်သူများက ပဲတီစိမ်းကြီး ထိပ်စ(အသစ်)ကို ပုံမှန်ဝယ်ယူလျက်ရှိကြောင်း သိရပါတယ်။ ယခင်တစ်ပတ်က မတ်ပဲတစ်ပိဿာ ၁၃၆၅ ကျပ်နဲ့ ဈေးကျခဲ့သလို ယခုတစ်ပတ်မှာလည်းတစ်ပိဿာကျပ် ၁၂၅၀ (တစ်တန်ကျပ် ၇၆၅၄၈၀) နဲ့ ဈေးဆက်လက်ကျဆင်းခဲ့ပါတယ်။ မတ်ပဲကို မြို့ခံပဲခွဲစက်များ၊ မန္တလေးတင်ပို့သူများက ဝယ်လိုအားကောင်းပြီး အရောင်းအဝယ်သွက်ခဲ့ ကြောင်း သိရပါတယ်။အလားတူ ပဲစင်းငုံနီကလည်း ယခင်တစ်ပတ်က တစ်ပိဿာကျပ် ၉၆၀ နဲ့ဈေးမြင့် ခဲ့ ရာမှ ယခုတစ်ပတ်မှာ တစ်ပိဿာကျပ် ၉၃၀ (တစ်တန်ကျပ် ၅၆၉၅၂၀) နဲ့ ပြန်လည်ဈေးကျခဲ့ပါတယ်။ ပဲစင်းငုံနီကို ရန်ကုန်ဝယ်လက်က ဝယ်လိုအားရှိသော် လည်း အရောင်းအဝယ်နည်းခဲ့ကြောင်း သိရပါတယ်။ ယခင်တစ်ပတ်က ကုလားပဲဖြူလုံးကြီး တစ်ပိဿာ ၂၁၈၅ ကျပ်နဲ့ ဈေးမြင့် ခဲ့သလို ယခုတစ်ပတ်မှာလည်း တစ်ပိဿာ ၂၂၃၇ ကျပ် (တစ်တန် ကျပ် ၁၃၆၉၉၁၀) နဲ့ ဆက်လက် ဈေးမြင့်ခဲ့ကြောင်း သိရပါတယ်။ ရန်ကုန်ဝယ်လက်နဲ့ မန္တလေး ဝယ်လက်က ကုလားပဲဖြူလုံးကြီးကို ဝယ်လိုအားများကြောင်းလည်း သိရပါတယ်။

××××××××××××××××

## မကွေးဈေးကွက်မှာ မတ်ပဲနဲ့ ပဲစင်းငုံနီဈေးကျ

ယခုတစ်ပတ် မကွေးဈေးကွက်မှာ မတ်ပဲနဲ့ပဲစင်းငုံနီ တို့ဈေးကျခဲ့ကြောင်း သိရပါတယ်။ ယခင်တစ်ပတ်က မတ်ပဲ တစ်ပိဿာ ၁၃၇၅ ကျပ်နဲ့ဈေးကျခဲ့သလို ယခုတစ်ပတ်မှာလည်း တစ်ပိဿာကျပ် ၁၃၁၀ (တစ်တန်ကျပ် ၈၀၂၂၃၀) နဲ့ ဈေးဆက်လက်ကျဆင်းခဲ့ပါတယ်။ အလားတူ ပဲစင်းငုံနီကလည်း ယခင်တစ်ပတ်အထိ တစ်ပိဿာကျပ် ၉၅၀ နဲ့ဈေးငြိမ်နေခဲ့ရာမှ ယခုတစ်ပတ်မှာ တစ်ပိဿာ ၉၂၅ ကျပ် (တစ်တန်ကျပ် ၅၆၆၄၆၀) နဲ့ ဈေးကျဆင်းခဲ့ကြောင်း သိရပါတယ်။ ဆီထွက်သီးနှံ နှမ်းမျိုးစုံအနက် နှမ်းနက်စမုံကလည်း ယခင်တစ်ပတ်က တစ်ပိဿာ ၂၇၁၀ ကျပ်နဲ့ဈေးမြင့်ခဲ့ပေမယ့် ယခုတစ်ပတ်မှာ တစ်ပိဿာကျပ် ၂၆၇၀ (တစ်တန် ကျပ် ၁၆၃၅၀၈၀) နဲ့ ပြန်လည်ဈေးကျခဲ့ပါတယ်။ အလားတူ နှမ်းနက်ရိုးရိုးကလည်း ယခင်တစ်ပတ် က တစ်ပိဿာ ကျပ် ၂၆၂၀ နဲ့ ဈေးမြင့်ခဲ့ရာက ယခုတစ်ပတ်မှာ တစ်ပိဿာကျပ် ၂၅၆၀ (တစ်တန် ကျပ် ၁၅၆၇၇၁၀) နဲ့ ဈေးပြန်လည်ကျဆင်းခဲ့ပါတယ်။ နှမ်းနက်စမုံကို မန္တလေးဝယ်လက်က ဝယ်လိုအား ပုံမှန်ရှိပြီး နှမ်းဖြူကို မြို့ခံနှမ်းလှော်လုပ်ငန်းနဲ့ နှမ်းလှော်မှုန့်ပြုလုပ်သူများက ဝယ်ယူမှုရှိကြောင်းလည်း သိရပါတယ်။

××××××××××××××××

## အောင်လံဈေးကွက်မှာ ပဲတီစိမ်းဈေးဆက်လက်တက်ရိပ်ပြ

ယခုတစ်ပတ် အောင်လံဈေးကွက်မှာ ပဲတီစိမ်းနဲ့ကုလားပဲဟော်လန်ဈေးဆက်လက်တက်ရိပ်ပြခဲ့ပါတယ်။ ယခင်တစ်ပတ်က ပဲတီစိမ်းတစ်ပိဿာ ကျပ် ၁၈၀၀ နဲ့ ဈေးမြင့်ခဲ့ သလို ယခုတစ်ပတ်မှာလည်း တစ်ပိဿာကျပ် ၁၉၀၀ (တစ်တန် ကျပ် ၁၁၆၃၅၄၀)နဲ့ ဆက်လက်ဈေးမြင့်ခဲ့ပါတယ်။ အလားတူ ကုလားပဲဟော်လန်ကလည်း ယခင်တစ်ပတ်က တစ်ပိဿာ ၁၉၇၅ကျပ်နဲ့ ဈေးမြင့်ခဲ့ပြီး ယခုတစ်ပတ်မှာလည်း တစ်ပိဿာကျပ် ၂၀၅၀ (တစ်တန်ကျပ် ၁၂၅၅၃၉၀) နဲ့ဆက်လက်ဈေးမြင့်ခဲ့ ကြောင်းသိရပါတယ်။ ပဲတီစိမ်းကို မန္တလေးတင်ပို့သူများကဝယ်ယူပြီး ဝယ်လိုအားကောင်းတာကြောင့် အရောင်းအဝယ်ကောင်းကြောင်း သိရပါတယ်။ ကုလားပဲဟော်လန်ကိုတော့ မြို့ခံ ပဲခွဲစက်များက ပုံမှန်ဝယ်ယူလျက်ရှိကြောင်း သိရပါတယ်။ ဆီထွက် သီးနှံနှမ်းမျိုးစုံကတော့ ယခင်တစ်ပတ်အတိုင်း ဆက်လက်ဈေးငြိမ်နေပြီး သိပ္ပံနှမ်း တစ်ပိဿာကျပ် ၂၆၇၀ (တစ်တန်ကျပ် ၁၆၃၅၀၈၀)၊ နှမ်းနီ တစ်ပိဿာကျပ် ၂၀၀၀ (တစ်တန်ကျပ် ၁၂၂၄၇၈၀)၊ နှမ်းနက်ရိုးရိုး တစ်ပိဿာ ကျပ် ၂၀၀၀ (တစ်တန်ကျပ် ၁၂၂၄၇၈၀) နဲ့ အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။ သိပ္ပံနှမ်းနက်နဲ့ နှမ်းနက်ရိုးရိုးကို မန္တလေးတင်ပို့သူများက ဝယ်ယူ ပြီး နှမ်းနီကိုမြို့ခံဆီစက်လုပ်ငန်းများက ဝယ်ယူကြောင်းလည်း သိရပါတယ်။

××××××××××××××××

## တောင်ကြီးဈေးကွက်မှာ ပြောင်းဈေးငြိမ်သော်လည်း အရောင်းအဝယ်အေး

ယခုတစ်ပတ် တောင်ကြီးဈေးကွက်မှာ ယခင်တစ်ပတ်ဈေးအတိုင်း ပြောင်းဈေးဆက်လက်ငြိမ်နေကြောင်း သိရပါတယ်။ ပြောင်းဈေးအနေနဲ့ တစ်ပိဿာကျပ် ၄၉၀ (တစ်တန်ကျပ် ၃၀၀၀၇၀) နဲ့ အရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။ မြို့ခံအစာစပ်လုပ်ငန်းများကသာ ဝယ်ယူမှုရှိတာကြောင့် တစ်ပတ်အတွင်း ပိဿာချိန် ၂၇၀၀၀၀ ကျော်သာ အရောင်းအဝယ်ဖြစ်ခဲ့တာကြောင့် ယခင်တစ်ပတ်ထက် အရောင်းအဝယ်အေးနေခဲ့ကြောင်း သိရပါတယ်။

××××××××××××××××

## ပခုက္ကူဈေးကွက်မှာ ပဲတီစိမ်းဈေးဆက်လက်တက်ရိပ်ပြ

ယခုတစ်ပတ် ပခုက္ကူဈေးကွက်မှာ ပဲတီစိမ်းလုံးသေး (အသစ်) ဆက်လက်တက်ရိပ်ပြခဲ့ပြီး ပဲစင်းငုံနီဈေး ဆက်လက်ကျဆင်းခဲ့ကြောင်း သိရပါတယ်။ ယခင်တစ်ပတ်က ပဲတီစိမ်းလုံးသေး(အသစ်) တစ်ပိဿာကျပ် ၂၀၁၀ နဲ့ ဈေးမြင့်ခဲ့သလို ယခုတစ်ပတ်မှာလည်း တစ်ပိဿာ ကျပ် ၂၀၂၀ (တစ်တန် ကျပ် ၁၂၃၇၀၂၀) နဲ့ ဆက်လက်တက်ရိပ်ပြခဲ့ပါတယ်။ ရန်ကုန်ဝယ်လက်နဲ့ မန္တလေးဝယ်လက်များက အရည်အသွေးကောင်းမွန်သော ပဲတီစိမ်းလုံးသေး(အသစ်)များကို ဝယ်လိုအားကောင်းကြောင်း သိရပါတယ်။ ယခင်တစ်ပတ်က ပဲစင်းငုံနီ တစ်ပိဿာကျပ် ၉၆၀ နဲ့ဆက်လက်ဈေးကျခဲ့သလို ယခုတစ်ပတ်မှာလည်း တစ်ပိဿာ ကျပ် ၉၃၀ (တစ်တန်ကျပ် ၅၆၉၅၂၀) နဲ့ ဈေးဆက်တိုက်ကျဆင်းခဲ့ပါတယ်။ ပဲစင်းငုံနီကို ရန်ကုန်ဝယ်လက်က ဝယ်ယူမှုရှိကြောင်းလည်း သိရပါတယ်။



# pm;oHolynlor;\ ucG(tu&;r;

နိုင်ဦး၊ မြင့်မြင့်ချို

ယနေ့ကမ္ဘာပေါ်တွင် ခေတ်မီဖွံ့ဖြိုးတိုးတက်လာသည်နှင့် အမျှ လူတို့၏ နေထိုင်စားသောက်မှု ပုံစံများလည်း ပြောင်းလဲလာကြပါသည်။ လူတို့သည် အစားအသောက်များကို လွယ်ကူစွာ စားသုံးလာကြသဖြင့် စီးပွားရေးလုပ်ငန်းရှင်များကလည်း လူတို့၏လိုအပ်ချက်များနှင့်အညီ အသင့်စား စားသောက်ကုန်ပစ္စည်းများကို တာရှည်ခံစေရန်၊ အနံ့အရသာနှင့်ပြည့်စုံစေရန်၊ မျက်စိပသာဒရှိစေရန်တို့ကိုသာ ဦးစားပေး၍ ဈေးနှုန်းသက်သာသော တရားမဝင် ဓာတုဆေးဝါးများ၊ ခွင့်မပြုဓာတု ဆိုးဆေးများကို လိုင်လိုင်သုံးကာ အသုံးပြုထုတ်လုပ်လာကြသဖြင့် ပြည်သူများသည်အရွယ်မတိုင်မီ ရောဂါဆန်းများဖြစ်ပွားခြင်း၊ နာတာရှည်ဖြစ်ခြင်း၊ သေကျေပျက်စီးခြင်းများကြုံတွေ့လာရပြီး လူ့စွမ်းအား အရင်းအမြစ်များဆုံးရှုံးကာ နိုင်ငံတော် ဘဏ္ဍာငွေများလည်း ထိခိုက်ပြီး နိုင်ငံဖွံ့ဖြိုး တိုးတက်မှုများကိုပါ ထိခိုက်လာသည်ထိ ဖြစ်လာသည်ကို တွေ့ရှိရသည်။

ထိုသို့ စီးပွားရေးလုပ်ငန်းရှင်အချို့၏ ဘယ်သူသေသေ၊ ငတေမာရင်ပြီးရော ဟူသော သဘောဖြင့် မိမိတိုးတက်ကြီးပွားရေးအတွက်သာ ဦးတည်ပြီး ပြည်သူများဘေးအန္တရာယ်ဖြစ်ပွားမှု၊ သေကျေပျက်စီးမှု၊ နိုင်ငံဖွံ့ဖြိုးတိုးတက်မှုများကို ဥပေက္ခာပြုကာ ထုတ်လုပ်လာကြသဖြင့် စားသုံးသူ ပြည်သူများ အတိဒုက္ခရောက်ပြီး နိုင်ငံဖွံ့ဖြိုးတိုးတက်မှုကို နှောင့်နှေးစေလာနိုင်သည်။ ထို့ကြောင့် စားသုံးသူ ပြည်သူများကို အကာအကွယ်ပေးနိုင် ရေးအတွက် နိုင်ငံအသီးသီးတွင် စားသုံးသူအကာအကွယ်ပေးရေး ဥပဒေများပြဋ္ဌာန်းကာ ဆောင်ရွက်လာကြခြင်းဖြစ်သည်။

ကမ္ဘာပေါ်တွင် စားသုံးသူတို့အတွက် ထုတ်ကုန်နှင့် ဝန်ဆောင်မှုလုပ်ငန်းများအပေါ် မသမာမှုကို ကာကွယ်ရန်အတွက် ၁၉၀၆ ခုနှစ်တွင် အမေရိကန်ပြည်ထောင်စု၌ ကွန်ဂရက် အစားအသောက်နှင့် ဆေးဝါးသီးသန့် အက်ဥပဒေကို ပြဋ္ဌာန်း၍ စားသုံးသူများကို အကာအကွယ်ပေးရန် ဆောင်ရွက်ခဲ့ပါသည်။ ၁၉၆၀ နောက်ပိုင်းနှစ်များတွင် စားသုံးသူအကာအကွယ်ပေးရေးနှင့် ပတ်သက်သည့် လှုပ်ရှားမှုများသည် ဥရောပတိုက်နှင့် မြောက်အမေရိကတိုက်တို့မှစတင်၍ ပေါ်ပေါက်ခဲ့ပြီးနောက် အမေရိကန်နိုင်ငံတွင် ၁၉၆၂ ခုနှစ်၊ မတ်လ ၁၅ ရက်တွင် ကျင်းပခဲ့သည့် ညီလာခံ၌ အမေရိကန်သမ္မတ ဂျွန်အက်ဖ်ကနေဒီက စားသုံး သူများ၏ အခြေခံအခွင့်အလမ်းများကို တရားဝင် အသိအမှတ်ပြု လက်မှတ်ရေးထိုးခဲ့ပြီး မိန့်ခွန်းတွင် ထည့်သွင်းပြောကြားခဲ့ရာမှစတင်၍ အရှိန်အဟုန် မြင့်မားစွာ အားပေးထောက်ခံမှုများ ရရှိခဲ့ပါသည်။ ၁၉၇၀ နောက်ပိုင်းနှစ်များတွင် ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ကြီး၏ အထွေထွေအတွင်းရေးမှူးချုပ်ထံသို့ စီးပွားရေးနှင့်လူမှုရေးကောင်စီ၏ တောင်းဆိုချက်ကြောင့် စားသုံးသူအကာအကွယ်ပေးရေးလှုပ်ရှားမှုများသည် အပြည်ပြည်ဆိုင်ရာ အဆင့်သို့ ရောက်ရှိခဲ့သည်။

ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ကြီးသည် ကမ္ဘာ့နိုင်ငံများတွင် စားသုံးသူအကာအကွယ်ပေးရေး ဆိုင်ရာမူဝါဒများနှင့် ဥပဒေပြဋ္ဌာန်းမှုများ ဖွံ့ဖြိုးတိုးတက်မှုနှင့် ခိုင်မာတောင့်တင်းစေမှုတို့ကို အကူအညီပေးနိုင်ရန် ကုလသမဂ္ဂ၏ အထွေထွေညီလာခံမှ ၁၉၈၅ ခုနှစ်၊ ဧပြီလ ၉ ရက်တွင် ဆုံးဖြတ်ချက် အမှတ် ၃၉/၂၄၈ဖြင့် စားသုံးသူအကာအကွယ်ပေးရေးအတွက် ကုလသမဂ္ဂ၏ လမ်းညွှန်ချက်များ ဖြစ်သည့် "United Nations Guidelines For Consumer Protection" ကို ချမှတ်နိုင်ခဲ့သည်။ ထိုလမ်းညွှန်ချက်များတွင် စားသုံးသူအကာအကွယ်ပေးရေးနှင့်ပတ်သက်၍ စားသုံးသူများ၏ အခြေခံလိုအပ်ချက်များ ပြည့်စုံစေနိုင်မှု ( Basic needs )၊ လုံခြုံစိတ်ချစွာဖြင့် ဘေးဥပဒ်အန္တရာယ် ကင်းရှင်းစေနိုင်မှု ( Safety )၊ သတင်းအချက် အလက်ပြည့်စုံစွာရရှိနိုင်စေမှု ( Information )၊ လွတ်လပ်စွာ ရွေးချယ်နိုင်စေမှု ( Choice )၊ နစ်နာ ဆုံးရှုံးမှုများအတွက် ပြောဆို တင်ပြကြားနာနိုင်စေမှု (Representation )၊ ထိခိုက်နစ်နာမှုများ အတွက် လျော်ကြေးရနိုင်စေမှု ( Redress )၊ စားသုံးသူကိစ္စရပ်များ သင်ယူလေ့လာနိုင်မှု ( Consumer education) နှင့်ကျန်းမာရေးနှင့်ညီညွတ်သော ပတ်ဝန်းကျင်ကို ရရှိစေနိုင်မှုစသည့် စားသုံးသူအခွင့်အရေးရှစ်ချက်ကို သတ်မှတ်ပြဋ္ဌာန်းနိုင်ခဲ့ပါသည်။

မြန်မာနိုင်ငံတွင်လည်း ရှေးယခင်ကတည်းကပင် စားသုံးသူအကာအကွယ်ပေးရေးအတွက် တွဲဖက်မစားသင့်သော အစားအစာများအကြောင်း၊ နွယ်မြက်သစ်ပင်များ၏ အာနိသင် အကျိုးအပြစ်များအကြောင်းကို ပြည်သူများအား အသိပေးခဲ့ပါသည်။ သို့သော် ပြည်သူလူထုအတွင်းသို့ ထဲထဲဝင်ဝင် မရောက်မှုကြောင့် လည်းကောင်း၊ တိကျသေချာပြည့်စုံသော အချက်အလက်များ မပါရှိ၍လည်းကောင်း၊ ဥပဒေသဘော သက်ရောက်မှု မရှိခဲ့၍လည်းကောင်း၊ ပြည်သူလူထုအများစုမှာ သိရှိမှုအားနည်းခဲ့ကြောင်း တွေ့ရှိရပါသည်။ ထို့ကြောင့် ခေတ်နှင့်အညီ စားသုံးသူများအား အပြည့်အဝကာကွယ်ပေးနိုင်ရေးအတွက် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးသူရေးရာဦးစီးဌာနမှ စာသုံးသူအကာအကွယ်ပေးရေး ဥပဒေ (၂၀၁၄)ကို ပြည်ထောင်စုလွှတ်တော်အမှတ် ( ၁၀ )ဖြင့် ၂၀၁၄ ခုနှစ်၊ မတ်လ ၄ ရက်တွင် ပြဋ္ဌာန်းခဲ့ပြီး စားသုံးသူများအား အပြည့်အဝကာကွယ်ပေးပြီး စီးပွားရေးလုပ်ငန်းရှင်များကိုလည်း အန္တရာယ်ကင်းသော ကုန်စည်နှင့် ဝန်ဆောင်မှုများကို ကျင့်ဝတ်များနှင့်အညီ ထုတ်လုပ်ဆောင်ရွက်နိုင်စေရေးအတွက် အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိပါသည်။

မြန်မာနိုင်ငံတွင် ကျင့်သုံးလျက်ရှိသော စားသုံးသူအကာအကွယ်ပေးရေး ဥပဒေသည် ကမ္ဘာ့ကုလသမဂ္ဂအထွေထွေညီလာခံမှ စားသုံးသူအကာအကွယ်ပေးရေးအတွက် ၁၉၈၅ ခုနှစ် ဧပြီလ ၉ ရက်တွင် ဆုံးဖြတ်ချက်အမှတ်(၃၉/၂၄၈) ဖြင့် ချမှတ်ခဲ့သော စားသုံးသူအခွင့်အရေးများကဲ့သို့ပင် မြန်မာနိုင်ငံရှိ ၅၁ သန်းကျော် ရှိသော ပြည်သူများအားလုံး စားသုံးသူအခွင့်အရေးများ အပြည့်အဝရရှိစေရေးအတွက် ပြဋ္ဌာန်းထားခြင်းဖြစ်ပါသည်။ စားသုံးသူရေးရာ ဦးစီးဌာနရှိ ဝန်ထမ်းများသည် ဥပဒေပါပြဋ္ဌာန်း ချက်များ၊ မူဝါဒလုပ်ထုံးလုပ်နည်းများနှင့်အညီ သက်ဆိုင်ရာ ဆက်စပ်ဌာနများနှင့် ပူးပေါင်း၍ ပညာပေး ဟောပြောဆွေးနွေးခြင်း၊ အသိပညာ ပေးခြင်း၊ နည်းပညာများ ဖြန့်ဖြူးပေးခြင်း၊ ကွင်းဆင်းစစ်ဆေး အရေးယူခြင်းများအား ဆောင်ရွက်လျက်ရှိပါသည်။

စားသုံးသူအကာအကွယ်ပေးရေး ဥပဒေ (၂၀၁၄)အရ စားသုံးသူများရရှိမည့် အခွင့်အရေးများမှာ အောက်ပါအတိုင်းဖြစ်ပါသည်။ ထိုအခွင့်အရေးများနှင့် ပတ်သက်၍ မိမိကိုယ်တိုင်သိရှိပါက မိမိ မိသားစုဆွေမျိုးသားချင်း၊အိမ်နီးချင်းများသို့ပါ အသိပေးဖြန့်ဝေပေးပါမှ တစ်နိုင်ငံလုံး အတိုင်းအတာ ဖြင့် အောင်မြင်နိုင်မည်ဖြစ်ပါသည်။

**ကုန်စည်နှင့် ဝန်ဆောင်မှုကို ဘေးဥပဒ်အန္တရာယ်ကင်းရှင်းစွာ အသုံးပြုခွင့်ရရှိစေခြင်း (Right to Safety)**

လူ့အသက်နှင့် ကျန်းမာမှုတို့ကို ခြိမ်းခြောက်အန္တရာယ်ပေးနိုင်သော ကုန်စည်များ၊ ထုတ်လုပ်မှုဖြစ်စဉ်များနှင့် ဝန်ဆောင်မှုများမှအကာအကွယ်ရရှိနိုင်ခြင်းပင်ဖြစ်ပေသည်။ အချို့သောလုပ်ငန်းရှင်များသည် စံချိန်စံညွှန်းမကိုက်ညီသော ကုန်စည် သို့မဟုတ် ဝန်ဆောင်မှုအားထုတ်လုပ်ခြင်းဖြင့် စားသုံးသူများအတွက် လုံခြုံစိတ်ချရမှု ရှိ/မရှိကို အလေးမထားဘဲ ကိုယ်ကျိုးရှာအမြတ်ထုတ်နေကြပါသည်။ ထို့ကြောင့် ကုန်စည် သို့မဟုတ် ဝန်ဆောင်မှုကိုထုတ်လုပ်ရန်အတွက် ညွှန်ကြားထားသည့် ညွှန်ကြားချက်များ သို့မဟုတ် ရုပ်ပိုင်းဆိုင်ရာလိုက်နာရမည့်အသိပေးမှုများအား လိုက်နာခြင်းဖြင့် စားသုံးသူများ၏အသက်၊ ကိုယ်ခန္ဓာနှင့် ပစ္စည်းများကို အန္တရာယ်ဖြစ်ပေါ်ခြင်းမရှိအောင် ပြုလုပ်ပေးထားခြင်းသည်လည်း ကုန်စည် သို့မဟုတ် ဝန်ဆောင်မှုကို ဘေးအန္တရာယ်ကင်းရှင်းစွာ အသုံးပြုနိုင်စေခြင်းအတွက် ပေးသင့်သော အခွင့်အရေးပင်ဖြစ်ပါသည်။ ဥပမာ - စာသင်ကျောင်းရှိမုန့်ဈေးတန်းတွင် ရောင်းချနေသော မုန့်ရောင်းသူများသည် ၎င်းတို့ရောင်းချသည့် မုန့်များ၊ အစားအစာများအား သန့်ရှင်းစွာ ပြုလုပ် ရောင်းချခြင်း၊ အဖုံးအအုပ်များအုပ်ဆိုင်းထားခြင်း၊ ဆေးကြောသန့်စင်ရန်ရေများထားရှိခြင်း၊ အစားအစာများကို သန့်ရှင်းသော လက်အိတ်ဖြင့် ကိုင်တွယ်စေခြင်း သို့မဟုတ် တစ်ခါသုံး လက်အိတ် များ အသုံးပြု၍ ကိုင်တွယ်စေခြင်း၊ တစ်ကိုယ်ရေ သန့်ရှင်းစွာဖြင့် ရောင်းချခြင်းများပြုလုပ်ရမည်။ ကလေးကစားစရာပစ္စည်းများအနေဖြင့် ကလေးများအတွက် အန္တရာယ်ဖြစ်စေနိုင်သော ပစ္စည်းများမရောင်းချစေရန်ညွှန်ကြားပြီး ကလေးများကိုလည်း ထိုကဲ့သို့ အန္တရာယ်ဖြစ်စေနိုင်သော ပစ္စည်းမျိုးမသုံးကြရန် သင်ပြပြောဆိုခြင်းများ ပြုလုပ်ပေးရမည်။

ဆက်လက်ဖော်ပြပါမည်။

## ယင်းမာပင်ခရိုင်စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေး (၄/၂၀၁၇) ကျင်းပ

ယင်းမာပင်ခရိုင် စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေး (၄/၂၀၁၇) ကို ခရိုင်အထွေထွေအုပ်ချုပ်ရေးမှူးရုံး အစည်းအဝေးခန်းမ၌ ဇူလိုင်လ ၃ ရက်တွင် ကျင်းပခဲ့ရာ ခရိုင်အငြင်းပွားမှုဖြေရှင်းရေး အဖွဲ့ဥက္ကဋ္ဌ၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်ဇော်လတ်က အဖွင့်အမှာစကားပြောကြားခဲ့ပါသည်။ ဆက်လက်ပြီး ခရိုင်အငြင်းပွားမှုဖြေရှင်းရေး အဖွဲ့ အတွင်းရေးမှူး၊ ယင်းမာပင်ခရိုင်စားသုံးသူရေးရာဦးစီးဌာန၊ ခရိုင်ဦးစီးမှူး ဦးစိုးငြိမ်းက ဇွန်လအတွင်း ဆောင်ရွက်ခဲ့သော စာသင်ကျောင်းများ၊ စည်ပင်ဈေးများ၊ ရပ်ကွက်ကျေးရွာများသို့စားသုံးသူအကာအကွယ်ပေးရေး အသိပညာပေးဟောပြောပွဲများနှင့် ထုတ်ကုန်လုံခြုံစိတ်ချရမှုဆိုင်ရာ ကွင်းဆင်းစစ်ဆေးခြင်းများကို ရှင်းလင်းပြောကြားပြီး၊ ဆက်လက်၍ စားသုံးသူ ရေးရာဦးစီးဌာန၊ ရုံးချုပ်၏ ညွှန်ကြားချက်အရ မိမိတို့ဌာနမှ ကျန်းမာရေးဝန်ကြီးဌာနနှင့် ပူးပေါင်း၍ ဆေးဆိုင်များတွင် စပ်ဆေးတွဲများ ရောင်းချခြင်းရှိ/မရှိ ကွင်းဆင်းစစ်ဆေးမည်ဖြစ်ကြောင်း ဆွေးနွေးပြောကြားခဲ့ပါသည်။

ထို့နောက် အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ ဥက္ကဋ္ဌက ခရိုင်စားသုံးသူ အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ အတွင်းရေးမှူးအနေဖြင့် မိမိတို့သွားရောက် စစ်ဆေးလိုသည့်နေရာ ဒေသများသို့ ကြိုတင်အစီရင်ခံစာ တင်ပြရန်၊ အဖွဲ့ဝင်များကလည်း ကိုယ်တိုင်မလိုက်နိုင်ပါက ကိုယ်စားလှယ်များအားစေလွှတ်၍ ပူးပေါင်းဆောင်ရွက်ရန် ပြောကြားခဲ့ပြီး အစည်းအဝေးတက်ရောက်လာကြသော အဖွဲ့ဝင်များက ရှေ့ဆက်ဆောင်ရွက်မည့် လုပ်ငန်းများအား ဆွေးနွေးအကြံပြုခဲ့ပါသည်။ အဆိုပါ အစည်းအဝေးသို့ စုစုပေါင်း ၁၄ ဦးတက်ရောက်ခဲ့ကြောင်း သတင်းရရှိသည်။

**မိုးမိုးမြင့်(ယင်းမာပင်)**

## လှိုင်းဘွဲ့မြို့နယ် အထက်တန်းကျောင်းခွဲများတွင် စားသုံးသူ အကာအကွယ်ပေးရေး အသိပညာပေးဟောပြောခြင်းနှင့်ကျောင်းမုန့်ဈေးတန်း စစ်ဆေးမှုများဆောင်ရွက်

ကရင်ပြည်နယ် စားသုံးသူရေးရာ ဦးစီးဌာနသည် ဇူလိုင်လ ၁၂ ရက်၌ လှိုင်းဘွဲ့မြို့နယ် ဒိုင်းပြကျေးရွာ အထက်တန်းကျောင်းခွဲ နှင့် ကမော့ ကချူးကျေးရွာ အထက်တန်းကျောင်းခွဲတို့တွင် စားသုံးသူ အကာအကွယ်ပေးရေး အသိပညာပေး ဟောပြော၍ ကျောင်းမုန့်ဈေးဆိုင်အား စစ်ဆေးခဲ့သည်။ ဟောပြောပွဲအပြီးတွင် တက်ရောက်လာသူများအား စားသုံးသူ အကာအကွယ်ပေးရေး အသိပညာပေး လက်ကမ်းစာစောင် ၅၀၀ အားဖြန့်ဝေပေးခဲ့ကြောင်း သတင်းရရှိပါတယ်။

ဟောပြောပွဲတွင် စားသုံးသူရေးရာဦးစီးဌာန ပြည်နယ်ဦးစီးမှူးရုံးမှ ဦးစီးအရာရှိ ဒေါ်အေးအေးနွယ်က စားသုံးသူ အကာအကွယ်ပေးရေး သိကောင်းစရာ ခေါင်းစဉ်ဖြင့်အကျယ်တဝင့် ရှင်းလင်း ဟောပြောခဲ့ပြီး ဟောပြောပွဲသို့ ကျောင်းသား၊ ကျောင်းသူများနှင့် ဆရာ၊ ဆရာမများစုစုပေါင်း ၉၁၈ ဦး တက်ရောက်ခဲ့ကြောင်း သတင်းရရှိပါတယ်။

**ခင်ကြည်**
**(ကရင်ပြည်နယ်၊ စားသုံးသူရေးရာ)**

# လွယ်ဂျယ်ကုန်သွယ်ရေးစခန်းတွင်နာနတ်သီးများ ဖုံးအုပ်၍ တရားမဝင်ကျွန်းသစ်များ တင်ဆောင်လာသည့်ယာဉ်များအား ဖမ်းဆီးရမိ





လွယ်ဂျယ်ကုန်သွယ်ရေးစခန်း မှ ဒုတိယညွှန်ကြားရေးမှူး ဦးသန့်ဇင်မင်း ဦးစီးသည့် OSS ကုန်သွယ်ရေးဦးစီးဌာန၊ OSS အကောက်ခွန်ဦးစီးဌာန၊ OSS မြန်မာနိုင်ငံရဲတပ်ဖွဲ့ပါဝင်သော ပူးပေါင်းအဖွဲ့သည် ဗန်းမော်မှ တစ်ဖက်နိုင်ငံသို့ တင်ပို့မည့် နာနတ်သီးများ တင်ဆောင်လာသည့် ယာဉ်များပေါ်၌ တရားမဝင် သစ်များ ဖုံးအုပ်သယ်ဆောင်လျက်ရှိကြောင်း သတင်းအရ ပို့ကုန်/သွင်းကုန် ယာဉ်များအား စနစ်တကျ ရှာဖွေစစ်ဆေးဆောင်ရွက်လျက်ရှိရာ ဇူလိုင်လ ၁၆ ရက် ၁၅ : ၀၀ နာရီအချိန်ခန့်တွင် ဗန်းမော်မှ လွယ်ဂျယ်သို့ထွက်ခွာလာသည့် ယာဉ်အမှတ် 9D-2408 ပါဂျဲရိုးယာဉ်(လိုင်စင်စိစစ်ဆဲ)နှင့် ယာဉ်အမှတ် 3C-7154 ပါဂျဲရိုးယာဉ် (လိုင်စင်စိစစ်ဆဲ) တို့အားစစ်ဆေးစဉ် နာနတ်သီးများ အောက်၌ ဖုံးအုပ်သယ်ဆောင်လာသည့် ကျွန်းသစ်များအား သိမ်းဆည်းရမိခဲ့ကြောင်း သိရှိရပါတယ်။

အဆိုပါ သိမ်းဆည်းရမိသည့် ယာဉ်အမှတ် 9D-2408 ပါဂျဲရိုးယာဉ် (လိုင်စင်စိစစ်ဆဲ) ပေါ်မှ ကျွန်းသစ်ခွဲသားဆိုဒ်စုံ သုည ဒသမ ၁၅၀ တန်၊ ခန့်မှန်းတန်ဖိုး ကျပ် ၆၀၀၀၀ အား အကောက်ခွန်အမှုတွဲအမှတ်၊ ၁၁-လဂ (OSS )/ ၂၀၁၇(၀၀၂-က) ဖြင့် လည်းကောင်း၊ ယာဉ်အမှတ် 3C-7154 ပါဂျဲရိုးယာဉ် (လိုင်စင်စိစစ်ဆဲ) ပေါ်မှ ကျွန်းသစ်ခွဲသားဆိုဒ်စုံ သုည ဒသမ ၁၁၂ တန်၊ ခန့်မှန်းတန်ဖိုး ကျပ် ၄၄၈၀၀ အား အကောက်ခွန်အမှုတွဲ အမှတ်၊ ၁၁-လဂ (OSS )/ ၂၀၁၇(၀၀၃-က) ဖြင့် လည်းကောင်း အကောက်ခွန် အမှုတွဲများဖွင့်လှစ်၍ လွယ်ဂျယ် သစ်တောဦးစီးဌာနသို့ စနစ်တကျလွှဲပြောင်းပေးအပ်ခဲ့ပြီး၊ ကျွန်းသစ်များတင်ဆောင်လာသည့် ယာဉ်အမှတ် 9D-2408 ပါဂျဲရိုးယာဉ်(လိုင်စင်စိစစ်ဆဲ)ခန့်မှန်းတန်ဖိုး ကျပ် ၁၅၀၀၀၀၀ အား အကောက် ခွန် အမှုတွဲအမှတ်၊ ၁၁-လဂ/ ၂၀၁၇(၀၀၂) ဖြင့်လည်း ကောင်း၊ ယာဉ်အမှတ် 3C-7154 ပါဂျဲရိုးယာဉ် (လိုင်စင်စိစစ်ဆဲ) ခန့်မှန်းတန်ဖိုး ကျပ် ၁၅၀၀၀၀၀ အား အကောက်ခွန် အမှုတွဲအမှတ် ၊ ၁၁-လဂ (OSS) / ၂၀၁၇(၀၀၃) ဖြင့်လည်း ကောင်း အကောက်ခွန်လုပ်ထုံးလုပ်နည်းနှင့်အညီ အမှုတွဲဖွင့်လှစ် ဆောင်ရွက်ခဲ့ကြောင်း သိရှိရပါတယ်။

**လွယ်ဂျယ် (ကသရ)**

# မြန်မာ-ထိုင်းနယ်စပ်မှ ရေထွက်ကုန် တန်ဖိုးပိုမိုသော်လည်း တန်ချိန်လျော့နည်းတင်ပို့

မြန်မာ-ထိုင်းနယ်စပ်ရှိကုန်သွယ်ရေးစခန်းများမှ ဇူလိုင် ၈ ရက်မှ ၁၄ ရက်ထိ သီတင်းပတ်အတွင်း အမေ ရိကန်ဒေါ်လာ ၂ ဒသမ ၂၀၂ သန်း တန်ဖိုးရှိ ရေထွက်ကုန် မျိုးစုံ ၂၁၈၁ တန် တင်ပို့ခဲ့ပါတယ်။ ယခင်တစ်ပတ်ထက် တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ သုညဒသမ ၅၂၄ သန်း ပိုမိုတင်ပို့ခဲ့သော်လည်း တန်ချိန်အားဖြင့် တန် ၂၂၀ လျော့နည်းတင်ပို့ခဲ့တယ်လို့ သိရပါတယ်။

ကုန်သွယ်ရေးစခန်းအလိုက် တင်ပို့မှုကို ကြည့်ပါက မြဝတီကုန်သွယ်ရေးဇုန်မှ အမေရိကန်ဒေါ်လာ သုည ဒသမ ၀၉၇ သန်းတန်ဖိုးရှိ ငါးမျိုးစုံ၊ ကဏန်း၊ ပုစွန်တို့ကို ၇၄ တန်၊ ကော့သောင်း ကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ ၁ ဒသမ ၀၀၈ သန်းတန်ဖိုးရှိ ငါးမျိုးစုံ၊ အခြား ရေထွက်ပစ္စည်းများဖြစ်သည့် ပုစွန်၊ ကဏန်း၊ ကင်းမွန်၊ ရေဘဝဲတို့ကို ၁၀၃၈ တန်နဲ့ မြိတ်ကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ ၁ ဒသမ ၀၉၇ သန်းတန်ဖိုးရှိ ငါးမျိုးစုံ၊ ငါးမှုန့်၊ ရေငန်ပုစွန်၊ ကင်းမွန်၊ သဲကဏန်း၊ ကင်းမွန်(လိပ်) တို့ကို ၁၀၆၈ တန် တင်ပို့ခဲ့တယ်လို့ သတင်းရရှိပါတယ်။

**ခင်မိုးသူ**

# မူဆယ်မှ ရေထွက်ကုန် တန်ချိန်ရော တန်ဖိုးပါ ပိုမိုတင်ပို့

မူဆယ် (၁၀၅) မိုင် ကုန်သွယ်ရေးဇုန်မှ ဇူလိုင်၈ ရက်မှ ၁၄ ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၁ ဒသမ ၂၅၁ သန်း တန်ဖိုးရှိ ရေထွက်ကုန် ၇၆၃ တန်ကို တရုတ်နိုင်ငံသို့ တင်ပို့ခဲ့ရာ ယခင်တစ်ပတ်က တင်ပို့ခဲ့တဲ့ ၆၉၈ တန်နဲ့နှိုင်းယှဉ်ပါက တန်ချိန်အားဖြင့် ၆၅ တန် ပိုမိုပြီး တန်ဖိုးအားဖြင့် သုညဒသမ ၂၂၄ သန်းပိုမို တင်ပို့ခဲ့ ပါတယ်။

ယခုတစ်ပတ်တွင် ကဏန်း၊ ငါးမျိုးစုံ၊ ငါးမှုန့်နဲ့ ပုစွန်ဖွဲ့ တင်ပို့မှုမှာ ယခင်တစ်ပတ်ထက် ပိုမိုတင်ပို့လာနိုင်တာကြောင့် တန်ချိန်ရော တန်ဖိုးပါ ပိုမိုလာရခြင်းဖြစ်ပါတယ်။

**မော်မော်အောင်**

# အိန္ဒိယနယ်စပ်မှ ကွမ်းသီးပိုမိုတင်ပို့

မြန်မာ-အိန္ဒိယ နယ်စပ်ရှိကုန်သွယ်ရေးစခန်းများမှ ဇူလိုင် ၈ ရက်မှ ၁၄ ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ သုည ဒသမ ၅၇၇ သန်း တန်ဖိုးရှိ ကွမ်းသီး ၇၁၄ တန် တင်ပို့ခဲ့ပါတယ်။ ယခင်တစ်ပတ်က ၆၁၇ တန်သာ တင်ပို့ခဲ့တဲ့ အတွက် ယခုတစ်ပတ်မှာ ၉၇ တန် ပိုမို တင်ပို့ခဲ့တယ်လို့ သိရပါတယ်။

ယခုတစ်ပတ်မှာ တမူးနယ်စပ်မှ ကွမ်းသီးတင်ပို့မှု မရှိသော်လည်း ရိဒ်နယ်စပ်တစ်ခုတည်းမှ ပိုမိုတင်ပို့တာတွေ့ရပါတယ်။

တမူးကုန်သွယ်ရေးစခန်းမှ ကွမ်းသီးတင်ပို့မှု မရှိသော်လည်း အမေရိကန်ဒေါ်လာ သုညဒသမ ၁၃၃ သန်း တန်ဖိုးရှိ နန့်ဖာလုံ အမယ်စုံနဲ့ ကြက်သွန်ဖြူတို့ကို ၃ တန်နဲ့ ရိဒ်ကုန် သွယ်ရေးစခန်းမှ ကွမ်းသီးအပြင် အမေရိကန်ဒေါ်လာ သုည ဒသမ ၀၇၃ သန်း တန်ဖိုးရှိ ငရုတ်ကောင်း၊ စောင်၊မစီး ဖိနပ်၊ မဝတ် တီရှပ်တို့ကို ၈၃ တန် တင်ပို့ ခဲ့တယ်လို့ သတင်းရရှိပါတယ်။

**ခင်မိုးသူ**

# ဘင်္ဂလားဒေ့ရှ်နယ်စပ်မှ ရေချိုငါးမြစ်ချင်းပိုမိုတင်ပို့

မြန်မာ-ဘင်္ဂလားဒေ့ရှ် နယ်စပ်ရှိ ကုန်သွယ်ရေးစခန်းများမှ ဇူလိုင် ၈ ရက်မှ ၁၄ ရက်ထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ သုညဒသမ ၀၉၉ သန်း တန်ဖိုးရှိ ရေချို ငါးမြစ်ချင်း ၉၅ တန်ကို တင်ပို့ခဲ့ပါတယ်။ ယခင်တစ်ပတ် ၇၈ တန်သာ တင်ပို့ခဲ့တဲ့အတွက် ယခုတစ်ပတ်မှာ ၁၇ တန် ပိုမိုတင်ပို့ခဲ့တယ်လို့ သိရပါတယ်။

တင်ပို့မှုကို ကြည့်ပါက စစ်တွေကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ သုညဒသမ ၀၇၇ သန်း တန်ဖိုးရှိ ရေချိုငါးမြစ်ချင်း ၈၅ တန်နဲ့ မောင်တောကုန်သွယ်ရေး စခန်းမှ အမေရိကန်ဒေါ်လာ သုညဒသမ ၀၁၁ သန်း တန်ဖိုးရှိ ရေချိုငါးမြစ်ချင်း ၁၀ တန်ကို တင်ပို့ခဲ့တယ်လို့ သိရပါတယ်။

မောင်တောကုန်သွယ်ရေးစခန်းမှ ရေချိုငါးမြစ်ချင်း အပြင် အခြားရေထွက်ကုန်များဖြစ်တဲ့ အာပြဲခြောက်၊ ရေငန်ပုစွန်၊ ငါးခေါင်းပွ၊ ငါးကုန်းညိုခြောက်၊ ငါးစုံလေးခြောက်၊ ငါးနီတူခြောက်တို့ကို တန်၆၀ ကျော် တင်ပို့ခဲ့တယ်လို့ သတင်းရရှိပါတယ်။

**ခင်မိုးသူ**

# ကုန်သွယ်ရေး စခန်းများမှ ဆိုင်ကယ်တင်သွင်းမှု ကျဆင်း

ဇူလိုင် ၈ ရက်မှ ၁၄ ရက်ထိ သီတင်းပတ်အတွင်း ကုန်သွယ်ရေးစခန်းများမှ အမေရိကန်ဒေါ်လာ ၄ ဒသမ ၃၈၈ သန်း တန်ဖိုးရှိ ဆိုင်ကယ်မျိုးစုံ ၈၉၆၁ စီး တင်သွင်းခဲ့ပါတယ်။ ယခင်တစ်ပတ်က ၁၀၀၆၆ စီး တင်သွင်းခဲ့တဲ့အတွက် ယခုတစ်ပတ်မှာ ၁၁၀၅ စီး လျော့နည်း တင်သွင်းခဲ့တယ်လို့ သိရပါတယ်။

ယခုတစ်ပတ် ကန်ပိုက်တီ ကုန်သွယ်ရေးစခန်းမှ ပိုမိုတင်သွင်းခဲ့သော်လည်း မူဆယ်ကုန်သွယ်ရေးဇုန်၊ မြဝတီကုန်သွယ်ရေးဇုန်၊ တမူးကုန်သွယ်ရေး စခန်းများမှ လျော့နည်းတင်သွင်းခဲ့တဲ့အတွက် ယခုလို လျော့နည်းရခြင်းဖြစ်တယ်လို့ သိရပါတယ်။

တင်ပို့မှုကို ကြည့်ပါက မူဆယ်ကုန်သွယ်ရေးဇုန်မှ အမေရိကန်ဒေါ်လာ ၂ ဒသမ ၄၀၅ သန်း တန်ဖိုးရှိ ဆိုင်ကယ် ၇၅၅၉ စီး၊ မြဝတီကုန်သွယ်ရေးဇုန်မှ အမေရိကန်ဒေါ်လာ ၁ ဒသမ ၉၀၃ သန်း တန်ဖိုးရှိ ဆိုင်ကယ် ၁၁၇၃ စီး၊ တမူး ကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ သုည ဒသမ ၀၁၂ သန်း တန်ဖိုးရှိ ဆိုင်ကယ် ၉ စီး၊ ကန်ပိုက်တီကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ သုည ဒသမ ၀၅၈ သန်း တန်ဖိုးရှိ ဆိုင်ကယ် ၂၂၀ စီးကို တင်သွင်းခဲ့တယ်လို့ သတင်းရရှိပါတယ်။

**ခင်မိုးသူ**

# တရုတ်နယ်စပ်မှ သကြားတင်ပို့ပေမယ့် ယခင်တစ်ပတ်ထက် လျော့နည်းတင်ပို့



မြန်မာ-တရုတ် နယ်စပ်ရှိ မူဆယ်၊ လွယ်ဂျယ်၊ ချင်းရွှေဟော်နဲ့ ကန်ပိုက်တီ စခန်းစုံမှ ဇူလိုင် ၈ရက်မှ ၁၄ ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၁၅ ဒသမ ၅၆၁ သန်း တန်ဖိုးရှိRe-Export သကြား ၂၃၉၄၁ တန်ကျော်ကို တရုတ်နိုင်ငံသို့ တင်ပို့ခဲ့ပါတယ်။

စခန်းအလိုက်တင်ပို့ မှုမှာ မူဆယ်မှ တန် ၂၀၄၃၀၊ လွယ်ဂျယ် မှ ၂၆၇ တန်ခွဲ၊ ချင်းရွှေဟော်မှ ၃၁၉၃ တန်ကျော်နဲ့ ကန်ပိုက်တီမှ တန် ၅၀ ဖြစ်ပါတယ်။ ယခင် သီတင်းပတ်က မူဆယ်၊ ချင်းရွှေဟော်နဲ့ ကန်ပိုက်တီ စခန်း သုံးခုပေါင်းမှ ၂၉၉၂၂ တန်ကျော် တင်ပို့ခဲ့တဲ့အတွက် ၅၉၈၁ တန် လျော့ နည်းတင်ပို့ခဲ့ပါတယ်။ မူဆယ်ကုန်စည်ဒိုင်မှာ ဇူလိုင်ပထမပတ်က သကြားတစ်တန်ကို ကျပ် ၇၆၄၄၀၀ ရှိရာမှ ဇူလိုင် ဒုတိယပတ်မှာ ကျပ် ၇၆၈၂၄၀ သို့ ဈေးအနည်းငယ်မြင့်တက်ခဲ့ကြောင်း၊ တစ်ဖက်နိုင်ငံ ဝယ်ဈေးမှာ ယွမ် ၃၈၈၀ ရှိကြောင်း သိရပါတယ်။

အလားတူ မြန်မာ-ထိုင်း နယ်စပ်ရှိ မြဝတီ ကုန်သွယ်ရေးဇုန် မှလည်း အမေရိကန်ဒေါ်လာ ၁ ဒသမ ၆၂၉ သန်း တန်ဖိုးရှိ Re-Export သကြား ၂၉၆၁ တန်ကျော်ကို မြန်မာနိုင်ငံသို့ တင်သွင်းခဲ့ရာ ယခင်တစ်ပတ်က တင်သွင်းခဲ့တဲ့ တန် ၃၂၂၀ ကျော်နဲ့ နှိုင်းယှဉ်ပါက ၂၅၉ တန်လျော့နည်း တင်သွင်းလာတာ တွေ့ရပါတယ်။

**မော်မော်အောင်**

# မြန်မာကုန်ပစ္စည်းစစ်ဆေးရေးနှင့် စမ်းသပ်မှုလုပ်ငန်းလီမိတက်၏ ၂၀၁၆-၁၇ ဘဏ္ဍာနှစ် နှစ်ပတ်လည်အထွေထွေအစည်းအဝေး ကျင်းပ

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးသူရေးရာဦးစီးဌာန၊ ကုန်ပစ္စည်းစစ်ဆေးရေးနှင့် စမ်းသပ်မှုလုပ်ငန်း လီမိတက်၏ ၂၀၁၆-၁၇ ဘဏ္ဍာနှစ် နှစ်ပတ်လည် အထွေထွေအစည်းအဝေးကို ရန်ကုန်မြို့ရှိ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ရန်ကုန်တိုင်းဒေသကြီးရုံးတွင် ဇူလိုင် ၂၂ ရက်က ကျင်းပခဲ့သည်။

အခမ်းအနားတွင် ဒုတိယဝန်ကြီး ဦးအောင်ထူးက ကုန်ပစ္စည်း စစ်ဆေးရေးနှင့် စမ်းသပ်မှုလုပ်ငန်းလီမိတက်သည် ၂၆နှစ်ပြည့်မြောက်ခဲ့ပြီဖြစ်ကြောင်း၊ ယင်းလီမိတက်သည် မြန်မာနိုင်ငံ၏ စီးပွားရေးမူဝါဒ၊ ကုန်သွယ်ရေးမူဝါဒများကို အကောင်အထည်ဖော်ရာတွင် အထောက်အကူ ပြုလျက်ရှိသဖြင့် များစွာ အားရကျေနပ်မိပါကြောင်း၊ မြန်မာကုန်ပစ္စည်း စစ်ဆေးရေးနှင့် စမ်းသပ်မှုလုပ်ငန်း လီမိတက်သည် မြန်မာပြည်သူတစ်ရပ်လုံး ဘေးအန္တရာယ်ကင်းရှင်းစွာဖြင့် ဝယ်ယူစားသုံးနိုင်ရေးအတွက် အထောက်အကူပြုလျက်ရှိပါကြောင်း၊ ကုန်ပစ္စည်း စစ်ဆေးရေးနှင့် စမ်းသပ်မှု လုပ်ငန်းလီမိတက် (MITS) သည် စားသုံးသူများ ဘေးအန္တရာယ်ကင်းရှင်းရေးအတွက်လုပ်ဆောင်လျက်ရှိသကဲ့သို့ FDA ကဆောင်ရွက်နေသည့် လုပ်ငန်းများ အောင်မြင်အောင်ဆောင်ရွက်ရေးတွင် အကူအညီပေးလျက်ရှိသည့် အဖွဲ့အစည်းတစ်ခုဖြစ်ကြောင်း၊ FDA သည် စားသုံးသူများဘေးအန္တရာယ်ကင်းရှင်းအောင် ဆောင်ရွက်နေသည့် အဖွဲ့အစည်းဖြစ်ပြီး MITS သည် ထုတ်လုပ်မှု၊ ဖြန့်ဖြူးရောင်းချမှုအပိုင်းတွင် အရည်အသွေးပိုမိုမြင့်မားသည့် ပစ္စည်းများကိုရရှိရန် အာမခံချက်ပေးသည့် အဖွဲ့အစည်းဖြစ်ကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် ပို့ကုန်ကဏ္ဍတွင် သုံးဆတိုးမြှင့်စေရန် ဆောင်ရွက်လျက်ရှိပါကြောင်း၊ ဆန်၊ ပဲမျိုးစုံ၊ ပြောင်း၊ နှမ်းစတဲ့ လယ်ယာထွက်ကုန်ပစ္စည်း၊ သစ်တောထွက်ပစ္စည်း၊ ရေထွက်ပစ္စည်းစသည်တို့ကို နိုင်ငံတကာသို့ ရောင်းချလျက်ရှိပါကြောင်း၊ ယင်းကဲ့သို့ရောင်းချရာတွင် နိုင်ငံတကာမှ ကန့်သတ်ထားသည့်စည်းမျဉ်းစည်းကမ်းများ၊ လိုအပ်ချက်များကို ဖြည့်ဆည်းပေးရမည်ဖြစ်ကြောင်း၊ ယင်းကဲ့သို့ ဖြည့်ဆည်းပေးနိုင်ရေးအတွက် ဓာတ်ခွဲခန်းများသည် အရေးပါလာပါကြောင်း၊ ဆိုလိုသည်မှာ MITS ၏ လုပ်ငန်းများသည် FDA ၏ လုပ်ငန်းများကဲ့သို့ ကျယ်ပြန့်လျက်ရှိပါကြောင်း၊ ထို့ကြောင့် ပို့ကုန်တိုးမြှင့်ရေးတွင် MITS ၏ လုပ်ငန်းများသည် အရေးပါနေသည်ကို တွေ့ရကြောင်း စသည်ဖြင့် ပြောကြားခဲ့သည်။




အဆိုပါ နှစ်ပတ်လည်အထွေထွေ အစည်းအဝေးသို့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထူး၊အမြဲတမ်းအတွင်းဝန် ဦးတိုးအောင်မြင့်၊ ကုန်ပစ္စည်း စစ်ဆေးရေးနှင့် စမ်းသပ်မှုလုပ်ငန်း လီမိတက် ဥက္ကဋ္ဌ၊ စားသုံးသူရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးလှမော်ဦး၊ မြန်မာကုန်သွယ်မှု မြှင့်တင်ရေးအဖွဲ့ ညွှန်ကြားရေးမှူးချုပ် ဦးအောင်စိုး၊ ကုန်သွယ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးရန်နိုင်ထွန်းနှင့် ကုန်ပစ္စည်း စစ်ဆေးရေးနှင့် စမ်းသပ်မှုလုပ်ငန်း လီမိတက်မှ တာဝန်ရှိသူများတက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

**မယ်သီတာ**

# မြိုင်မြို့အတွင်းရှိ သနပ်ခါးစိုက်ပျိုး၊ ထုတ်လုပ်တင်ပို့ရောင်းချသူများအား ပြည်တွင်းကုန်သွယ်မှုမြှင့်တင်ရေးအတွက် အသိပညာပေးဟောပြောပွဲကျင်းပ

ပခုက္ကူခရိုင်ဦးစီးမှူးရုံးမှကြီးမှူး၍ မြိုင်မြို့ရှိသနပ်ခါးစိုက်ပျိုး၊ ထုတ်လုပ်တင်ပို့ရောင်းချသူများအား ပြည်တွင်းကုန်သွယ်မှုမြှင့်တင်ရေးအတွက် အသိပညာပေးဟောပြောပွဲကို ဇူလိုင် ၁၈ ရက်တွင် ကျင်းပခဲ့ရာ ကုန်သည်များ၊ သနပ်ခါးစိုက်ပျိုးထုတ်လုပ်ရောင်းချသူများ စုစုပေါင်း ၁၆ ဦးတက်ရောက်ခဲ့ပါသည်။

ဟောပြောပွဲတွင် ပခုက္ကူခရိုင်ဦးစီးမှူးဦးသန်းဦးက ပခုက္ကူမြို့နယ်၊ ရေစကြိုမြို့နယ်၊ ဆိပ်ဖြူမြို့နယ်တို့တွင် ကုန်စည်ဒိုင်များ သိသိသာသာတိုးတက်လာသော်လည်း မြိုင်မြို့နယ်မှာ သိသိသာသာ တိုးတက်မှု မရှိသေးကြောင်း၊ ပခုက္ကူမြို့နယ်ကုန်စည်ဒိုင်မှာ သီးနှံစုံရှိသဖြင့် ဖွံ့ဖြိုးတိုးတက်မှုရှိ၍ ဆိပ်ဖြူမြို့နယ်ကုန်စည်ဒိုင်မှာလည်း ကြက်သွန်နီ တစ်မျိုးတည်းသာ အရောင်းအဝယ်ဖြစ်ကြောင်း၊ မြိုင်မြို့နယ်အနေဖြင့် အခြေခံဒေသထွက်ကုန်ဖြစ်သော ဆီးသီး၊ သနပ်ခါးများကိုလည်း သတ်သတ်မှတ်မှတ် ဆောင်ရွက်၍ ကုန်စည်ဒိုင်တွင် တင်ပို့ရောင်းချရန်ဖြစ်ကြောင်း၊ မိမိဒေသတွင် ကုန်စည်ဒိုင်ရှိမှသာ ခိုင်ခိုင်မာမာရှိမှာဖြစ်ပြီး အခြားဒေသမှ ကုန်စည်ဒိုင်များသို့မရောက်ဘဲ မိမိတို့ကုန်စည်ဒိုင်၌သာ ဆုံးဖြတ်ရောင်းချနိုင်မှာဖြစ်ကြောင်း၊ ထို့ကြောင့် စီးပွားရေးလုပ်ငန်းရှင်များက အချင်းချင်းပေါင်းစပ်ညှိနှိုင်းရန်လိုအပ်ကြောင်း၊ ကုန်သွယ်မှုမြှင့်တင်ရေးနှင့်ပတ်သက်၍ နိုင်ငံတကာသို့ ပို့ရန်အတွက် စိုက်ပျိုးထုတ်လုပ်သူများအနေဖြင့်ရော နိုင်ငံတော်အနေဖြင့်ရော ပြည်တွင်းစားသုံးမှုဖူလုံမှသာ နိုင်ငံခြားသို့တင်ပို့ရောင်းချနိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် ပြည်တွင်းကုန်သွယ်မှုမြှင့်တင်ရေးအတွက် အစုအဖွဲ့အလိုက် စုပေါင်းပြီး စိုက်ပျိုးထုတ်လုပ်တင်ပို့နိုင်ရန်အတွက် လာရောက်ခြင်းဖြစ်ကြောင်း၊ မိမိအနေဖြင့်လည်း ပြည်တွင်းကုန်သွယ်မှုမြှင့်တင်ရေးအတွက် စီးပွားရေးလုပ်ငန်းရှင်များနှင့် ကုန်သည်လုပ်ငန်းရှင်များကို လစဉ်လတိုင်း ယခုလို လာရောက်ဆွေးနွေးပေးမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံအတွင်းမှ ထွက်ရှိနေသော ဆီထွက်သီးနှံများအနေဖြင့် ဈေးကွက်အခြေအနေကိုမသိဘဲ စိုက်ပျိုးနေခြင်းကြောင့် တောင်သူများနှင့်စီးပွားရေးလုပ်ငန်းရှင်များ၊ ကုန်သည်များ များစွာ ထိခိုက်နစ်နာဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့ကြောင်း၊ ထို့ကြောင့် ပြည်ပမှဝယ်လိုအားကို သိရှိနိုင်ရန်နှင့် သတင်းအချက်အလက်များကို သိရှိထားရန် လိုအပ်ကြောင်း၊ မိမိတို့ဝန်ကြီးဌာနမှ ထားရှိသည့် စီးပွား ရေးသံမှူးများက ဝယ်ယူလိုသည့် စံချိန်စံညွှန်းများ၊ ပြည်ပတွင်ဖြစ်ပေါ်နေသော ဈေးနှုန်းများနှင့် ပြည်တွင်းမှ ဈေးကွက်များကို နှိုင်းယှဉ်၍ စီးပွားရေး သတင်းအချက်အလက်များကို သတင်းပေးပို့လျက်ရှိသောကြောင့် အသင်းအဖွဲ့ ဖွဲ့စည်းဆောင်ရွက်နိုင်မှသာလျှင် ၎င်းအချက်အလက်များကို သိရှိနိုင်မည်ဖြစ်ကြောင်း၊ မိမိတို့ဒေသထွက်ဖြစ်သော ဆီထွက်သီးနှံများသည် နိုင်ငံခြားပို့ကုန်များဖြစ်သောကြောင့် ပြည်ပသို့ တင်ပို့နိုင်ရန်အတွက် သတ်မှတ်ထားသော စံချိန်စံညွှန်းမီအောင် ထုတ်လုပ်စိုက်ပျိုးရန်လိုအပ်ကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် ယခင်နှစ်က ဈေးကွက်မရှိ၍ သိုလှောင်ထားသော နှစ်ဟောင်းသီးနှံများနှင့်အသစ်ထွက် သီးနှံများ ရောနှောရောင်းချလျက်ရှိတာကြောင့် ပိုးသတ်ဆေးကြွင်းကျန်များ ပါရှိနေကြောင်း၊ ထို့ကြောင့် စံချိန်စံညွှန်းနှင့်မညီညွတ်၍ ပြည်ပမှ ဝယ်လိုအား ကျဆင်းနေခြင်းဖြစ်ကြောင်း၊ စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် မိမိဒေသရှိ ပြည်သူလူထု၏ကောင်းကျိုးကို ရည်ရွယ်၍ ကုန်သည်အသင်းအဖွဲ့များကို ပြန်လည်ဖြစ်မြောက်အောင် ဆောင်ရွက်ပေးရန် မိမိအနေဖြင့် တိုက်တွန်းလိုကြောင်း ဆွေးနွေးပြောကြားခဲ့ပါသည်။

တက်ရောက်လာသူများက ဆွေးနွေးရာတွင် သစ်တောဥပဒေအနေဖြင့် အခြားသီးနှံများလို လွတ်လပ်စွာရောင်းဝယ်လိုကြောင်း၊ တောင်သူများအနေဖြင့် တစ်ဧကသာရှိသောသူများသည် မြို့နယ်သစ်တောဦးစီးသို့ ပုံစံ(၇) လျှောက်ထားရန် အခက်အခဲရှိကြောင်း၊ သနပ်ခါးထုတ်လုပ်ရောင်းချတင်ပို့ရာတွင် မျှောလုပ်ရန်အတွက် အခက်အခဲရှိကြောင်း၊ အသင်းအဖွဲ့အနေဖြင့် မျှောလုပ်ရန် တင်သော်လည်း လာရောက်စစ်ဆေးပြီး စိုက်ပျိုးသူက မျှောလုပ်သည့် ကုန်ကျစရိတ်များအား ကျခံနေရသဖြင့် ခက်ခဲနေ၍ ဖြေရှင်းပေးစေလိုကြောင်း ပြောကြားခဲ့သည်။

ဆွေးနွေးမေးမြန်းမှုများကို ခရိုင်ဦးစီးမှူးက ပြန်လည်ရှင်းလင်းခဲ့ရာ စိုက်ပျိုးထုတ်လုပ် တင်ပို့ရောင်းချသူများအနေဖြင့် မိမိတို့အချင်းချင်းပေါင်းစပ်ညှိနှိုင်း၍ ဆောင်ရွက်ရမည့်လုပ်ငန်းများကို ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်ရန်၊ အခက်အခဲများရှိပါက ဝန်ကြီးဌာနအထိ တင်ပြ၍ သက်ဆိုင်ရာဌာနများနှင့် ချိတ်ဆက်ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ရှင်းလင်းဖြေကြားပေးခဲ့ပါသည်။

**သူဇာကျော်(ပခုက္ကူ)**

စာမျက်နှာ - ၁၂ SMEs နှင့် မြန်မာ့စီးပွားရေးကို ....မှအဆက်

အထူးသဖြင့် အစိုးရက တရားဥပဒေစိုးမိုး ရေးနှင့် အကျင့်ပျက်ခြစားမှု (Corruption) တိုက်ဖျက်ရေး ကို ထိရောက်စွာ ကိုင်တွယ်ဖြေရှင်းသင့်သည်။ တရားစီရင်ရေးနှင့် ရဲကျင့်ဝတ်များ ဆောင်ရွက်မှုအပိုင်း၌ ပိုမိုမြင်သာထင်သာ ပွင့်လင်းစွာဆောင်ရွက်နိုင်ရေးသည် စီးပွားရေးမြှင့်တင်ဖွံ့ဖြိုးလာရေး၌ အရေးပါလှသည်။ အကျင့်ပျက်ဝန်ထမ်းများကို အရေးယူမှု လျော့ရဲခြင်းသည် စီးပွားရေးတိုးတက်မှုကို ကျဆင်းစေသည်။ ယင်းကဲ့သို့သော ပြည်တွင်းရှိ အခြေခံလိုအပ်ချက်၊ အားနည်း ချက်များကို ပြုပြင်ပြောင်းလဲခြင်းအား အချိန်နှင့်တစ်ပြေးညီ မဆောင်ရွက်နိုင်ပါက FDI အကူအညီများသည် သဲထဲရေသွန်သလို ဖြစ်နေချေမည်။ နိုင်ငံတကာအကူအညီများမှ ပေါ်ထွက်လာသည့် စီးပွားရေးအကျိုးအမြတ်များကိုလည်း ပြည်သူများမခံစားရဘဲ အကျင့်ပျက်ခြစားသူများနှင့် ဝိသမစီးပွားရေးလုပ်ငန်းရှင်ကြီးများကသာ ရယူခံစားကြရပေလိမ့်မည်။ စီးပွားရေးမတည်ငြိမ် မဖွံ့ဖြိုးသောကြောင့် နိုင်ငံရေးမတည်မငြိမ်ဖြစ်ရေး ဖန်တီးလိုသူများကို အခွင့်အရေးပေးသလို အခြေအနေမျိုး မရောက်စေရန် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ အစိုးရဝန်ထမ်းများ နိုင်ငံရေးအသိ၊ နိုင်ငံရေးသတိရှိစွာဖြင့် နိုင်ငံစီးပွားရေး ဖွံ့ဖြိုးအောင် မြှင့်တင်ဆောင်ရွက်နိုင်ကြစေကြောင်း ဖော်ပြအပ်ပါသည်။

## အကြံပြုစာများ ဖိတ်ခေါ်ခြင်း

မြန်မာနိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် ကုန်သွယ်မှုလုပ်ငန်းသည် အရေးပါသောအခန်းကဏ္ဍမှပါဝင်လျက်ရှိရာ နိုင်ငံတော်အနေဖြင့် ကုန်သွယ်မှု လွယ်ကူချောမွေ့စေရေးအတွက် အပတ်တကုတ် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။ ကုန်သွယ်မှုလုပ်ငန်းများ အဆင်ပြေ ချောမွေ့စေရေးအတွက် ဆောင်ရွက်ရာတွင် တွေ့ကြုံရသော အခက်အခဲများကို အဆင်ပြေစွာ ဆောင်ရွက်နိုင်ရေးအတွက် လိုအပ်ချက်များကို စာဖတ်သူများထံမှ အကြံပြုချက်များအား ဖိတ်ခေါ်ပါသည်။ ပေးပို့လာသော အကြံပြုချက်များကို သက်ဆိုင်ရာများ သိရှိနိုင်စေရန်အတွက်ဂျာနယ်တွင် ဖော်ပြပေးသွားမည်ဖြစ်ပါသည်။

အကြံဉာဏ်များကိုပေးပို့ရာတွင် အမည်၊ မှတ်ပုံတင်နှင့် နေရပ် လိပ်စာကို ဖော်ပြပေးရမည်ဖြစ်ပြီး အဆိုပါ ကိုယ်ရေးအချက်အလက်များကို ဖော်ပြသွားမည် မဟုတ်ပါ။



# အာလူးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးနှင့်ပြည်ပသို့ ဈေးကွက်ရှာဖွေတင်ပို့နိုင်ရေး ကြိုးပမ်းကြရာဝယ်

စောမောင် (တောင်ကြီး)

ရှမ်းပြည်နယ် (တောင်ပိုင်း)တောင်ကြီးမြို့၊ စားသုံးသူ ရေးရာ ဦးစီးဌာန၊ ပြည်နယ်ဦးစီးမှူး ဦးမြသန်းသည် လက်ထောက် ညွှန်ကြားရေးမှူး ဦးအောင်ကျော်၊ ရုံးအုပ် ဦးခွန်ကျော်ဌေး၊ အောင်ပန်းမြို့နယ် တာဝန်ခံ ဦးမြင့်နိုင်တို့နှင့်အတူ ဇွန်လ ၉ ရက်က ဟဲဟိုးမြို့ အာလူးအစုအဖွဲ့ရုံးမှာ အာလူးအစုအဖွဲ့ဥက္ကဋ္ဌ ဦးအောင်သန်းကျော်နှင့်ပြည်တွင်းကုန်သွယ်မှု မြှင့်တင်ရေးအတွက်တွေ့ဆုံ ဆွေးနွေးခဲ့ကြပါတယ်။

**ပြည်နယ်ဦးစီးမှူး။ ။ ရှမ်းပြည်နယ် (တောင်ပိုင်း) မှာ အာလူးကို ဘယ်မြို့တွေမှာ စိုက်ပါသလဲ။**

ဦးအောင်သန်းကျော်။ ။ ရှမ်းပြည်နယ်(တောင်ပိုင်း) မှာ အာလူးစိုက်ပျိုးတဲ့ မြို့တွေကတော့ တောင်ကြီး ခရိုင်အတွင်းမှာ တောင်ကြီး၊ ကလော၊ ပင်လောင်း၊ ပင်းတယ၊ ရွာငံ၊ ညောင်ရွှေ၊ ဖယ်ခုံ၊ ဆီဆိုင်၊ ဟိုပုံး၊ ရပ်စောက်နဲ့ နောင်တရားမြို့နယ်တို့ဖြစ်ပြီး လွိုင်လင်ခရိုင်အတွင်းရှိ လွိုင်လင်၊ လဲချား၊ နမ့်ဆန်၊ ကွန်ဟိန်း၊ ကျေးသီး၊ မိုင်းကိုင်၊ မိုင်းရှူးနဲ့ လင်းခေးခရိုင်အတွင်း မိုးနဲ/ မိုင်းပန်မြို့နယ်တို့မှာ စိုက်ပျိုးကြပါတယ်။ အထူးသဖြင့် တောင်ကြီးမြို့နယ် နောင်တရားဒေသနှင့် ဟဲဟိုးမြို့နယ်၊ ဟဲဟိုး၊ အောင်ပန်းနဲ့ ကလောမြို့နယ်တို့မှာ အာလူးကို အဓိက စိုက်ပျိုးကြပါတယ်။

**ပြည်နယ်ဦးစီးမှူး။ ။ ရှမ်းပြည်နယ်မှာ အများဆုံး စိုက်ပျိုးတဲ့ အာလူးမျိုးများကို ပြောပြပေးပါ။**

ဦးအောင်သန်းကျော်။ ။ ရှမ်းပြည်နယ်မှာ အများဆုံး စိုက်ပျိုးတဲ့ အာလူး မျိုးတွေကတော့ ပွင့်ဖြူ ဘောလုံးသီးနဲ့ နယ်သာလန်မျိုးများ ဖြစ်ပါတယ်။

**ပြည်နယ်ဦးစီးမှူး။ ။ အာလူးကို ဘယ်အချိန်မှာ စိုက်ပြီးတော့ ဘယ်အချိန်မှာ ရိတ်သိမ်းပါသလဲ။**

ဦးအောင်သန်းကျော်။ ။ မိုးအာလူး စိုက်ချိန်ကတော့ မတ်လမှာ စိုက်ပြီး ဇွန်လမှာသိမ်းရပါတယ်။ ဆောင်းအာလူးကိုတော့ ဩဂုတ်လကုန်၊ နိုဝင်ဘာလဆန်းမှာ စိုက်ပျိုးပြီး ဇန်နဝါရီလကုန် ဖေဖော်ဝါရီ လဆန်းမှာ သိမ်းရပါတယ်။ နွေအာလူးကိုတော့ ဇန်နဝါရီလကုန် ဖေဖော်ဝါရီလဆန်းမှာ စိုက်ပြီး၊ မတ်လကုန် ဧပြီလဆန်းမှာ သိမ်းရပါတယ်။

**ပြည်နယ်ဦးစီးမှူး။ ။ ရှမ်းပြည်နယ်တောင်ပိုင်းမှာ အာလူးစိုက် ဧက ဘယ်လောက်ရှိပါသလဲ။ တစ်ဧကကို ဘယ်လောက် ထွက်ရှိပါသလဲ။**

ဦးမြင့်နိုင်။ ။ အာလူးကို ရှမ်းပြည်နယ်(တောင်ပိုင်း)မှာ ၂၀၁၆-၂၀၁၇ ခုနှစ် စိုက်ပျိုးရာသီမှာ စိုက်ဧကပေါင်း ၄၃၅၁၁ ဧကရှိပါတယ်။ စိုက်ပျိုး ထုတ်လုပ်တဲ့ မျိုးတွေကတော့ ပွင့်ဖြူမျိုး၊ ဘောလုံးမျိုး၊ တရုတ်မျိုး၊ နယ်သာလန်မျိုးတို့ဖြစ်ပါတယ်။ ပွင့်ဖြူမျိုးကိုဧက ၁၇၄၀၀၊ ဘောလုံးမျိုးကို ဧက ၄၃၀၀၊ တရုတ်မျိုးကို ဧက ၁၇၄၀၀၊ နယ်သာလန်မျိုးကို ဧက ၉၀၀ နဲ့ အခြားမျိုးကို ဧက ၃၀၀၀ စိုက်ပျိုးလျက်ရှိပါတယ်။

**ပြည်နယ်ဦးစီးမှူး။ ။ အမျိုးအစားအလိုက် အာလူးအရွယ်အစား ထွက်ရှိမှုကို ပြောပြပေးပါ။**

ဦးအောင်သန်းကျော်။ ။ အမျိုးအစားအလိုက် အာလူးအရွယ် အစားထွက်ရှိမှုကတော့ ပွင့်ဖြူမျိုး၊ ဘောလုံးမျိုး၊ အခြားဒေသမျိုးများ တစ်ဧကစိုက်ပျိုးပါက အလုံးကြီး ပိဿာ၁၀၀၀ ခန့်၊ အလုံးလတ် ပိဿာ ၃၂၀၀ ခန့်၊ အလုံးသေး ပိဿာ၈၀၀ ခန့်ထွက်ရှိပြီး၊ စုစုပေါင်း ပိဿာချိန် ၅၀၀၀ ထွက်ရှိပါတယ်။ တရုတ်မျိုး တစ်ဧကစိုက်ပျိုးပါကအလုံးကြီး ပိဿာ ၆၀၀၀ ခန့်၊ အလုံးလတ် ပိဿာ ၁၄၀၀ ခန့်၊ အလုံးသေးပိဿာ ၆၀၀ ခန့် စုစုပေါင်း ပိဿာ ၈၀၀၀ ထွက်ရှိပါတယ်။ နယ်သာလန်မျိုး တစ်ဧကစိုက်ပျိုးပါက အလုံးကြီး ပိဿာ၇၂၀၀ ခန့်၊ အလုံးလတ်ပိဿာ ၈၅၀ ခန့်၊ အလုံးသေး ပိဿာ ၄၅၀ ခန့်ထွက်ရှိပါတယ်။ စုစုပေါင်းအထွက်နှုန်းကတော့ ပိဿာ ၈၅၀၀ ခန့်ရှိပါတယ်။

**ပြည်နယ်ဦးစီးမှူး။ ။ အာလူးတစ်ဧကမှာ ထုတ်လုပ်မှု ကုန်ကျစရိတ်နဲ့ အကျိုးအမြတ်က ဘယ်လောက်ရှိပါသလဲ။**

ဦးအောင်သန်းကျော်။ ။ အမျိုးအစား အလိုက်တစ်ဧက ကုန်ကျစရိတ်နဲ့ အကျိုးအမြတ်တွေ ကတော့ ပွင့်ဖြူမျိုးနဲ့ ဘောလုံးမျိုး ဆိုရင် တစ်ဧကကို ကုန်ကျစရိတ် ကျပ် ၁၂၇၂၀၀၀ ကုန်ကျနိုင်ပြီး၊ အကျိုးအမြတ်အားဖြင့် ကျပ် ၇၂၈၀၀၀ ရှိပါတယ်။ တရုတ်မျိုးဆိုရင် တစ်ဧကကို ကုန်ကျစရိတ် ကျပ် ၁၅၈၀၀၀၀ ခန့် ကုန်ကျနိုင်ပြီး၊ အကျိုးအမြတ်အားဖြင့် ကျပ် ၉၂၀၀၀၀ ရှိပါတယ်။ နယ်သာလန်မျိုးဆိုရင် တစ်ဧကကို ကုန်ကျစရိတ်ကျပ် ၁၅၃၀၅၀၀ ခန့်ကုန်ကျနိုင်ပြီး၊ အကျိုးအမြတ်အားဖြင့်ကျပ် ၁၇၁၉၅၀၀ ရှိပါတယ်။

**ပြည်နယ်ဦးစီးမှူး။ ။ ဘယ်လို မြေဩဇာတွေကို သုံးစွဲပါသလဲ။**

ဦးအောင်သန်းကျော်။ ။ အာလူး အမျိုးအစားအလိုက် မြေဩဇာသုံးစွဲမှု တစ်ဧကနှုန်းမှာ ပွင့်ဖြူမျိုးနဲ့ ဘောလုံးမျိုးကို နွားချေး ၁၀ ကျင်း၊ ယူရီးယား ကီလိုဂရမ် ၁၀၀၊တီစူပါ ကီလိုဂရမ် ၅၀၊ ပိုတက် ကီလိုဂရမ် ၁၀၀ စီသုံးစွဲပါတယ်။ တရုတ်မျိုးကိုတော့ နွားချေး ၇ ကျင်း၊ ယူရီးယား ၁၂၅ ကီလိုဂရမ်၊ တီစူပါ ၅၀ကီလိုဂရမ်၊ ပိုတက် ကီလိုဂရမ် ၁၀၀ ၊ ရွက်ဖျန်း တစ်ကီလိုဂရမ် သုံးစွဲရပါတယ်။ နယ်သာလန်မျိုးကိုတော့ နွားချေး ၅ကျင်း၊ တီစူပါ ၇၅ကီလိုဂရမ်၊ ပိုတက် ကီလိုဂရမ် ၁၀၀၊ ကွန်ပေါင်း ကီလိုဂရမ် ၃၀၀၊ ရွက်ဖျန်း ၁ ဒသမ ၅ ကီလိုဂရမ်၊ အမိုးနီးယား ကီလိုဂရမ် ၁၀၀ သုံးစွဲရပါတယ်။

**ပြည်နယ်ဦးစီးမှူး။ ။ အာလူး စိုက်ပျိုးချိန်နဲ့ ရိတ်သိမ်းချိန်တို့မှာ ကျရောက်တတ်တဲ့ ရောဂါနဲ့ ပိုးတွေက ဘာတွေပါလဲ။**

ဦးအောင်သန်းကျော်။ အာလူးမှာ ကျရောက်တတ်သော ရောဂါများကတော့ ဘက်တီးရီးယား ကျရောက်တဲ့ ရောဂါကြောင့် အာလူးဥများပုပ်ခြင်း၊ စိုက်ခင်းများ ပျက်စီးခြင်း၊ အထွက်နှုန်း လျော့ကျခြင်းတို့ ဖြစ်စေနိုင်ပါတယ်။ ဒါ့အပြင် မှိုစွဲရောဂါလည်း ကျရောက် တတ်ပါတယ်။ မှိုစွဲရောဂါဟာ ပင်စည်မှာကျရောက်တတ်သော်လည်း မြေကြီးထဲမှ ဥအထိ ကူးစက်တတ်လို့ အထွက်နှုန်းကို လျော့ကျစေနိုင်ပါတယ်။ ဒီရောဂါတွေဟာ စိုက်ပျိုးစနဲ့ ရိတ်သိမ်းချိန်တို့မှာ ဝင်ရောက်တတ်လို့ အာလူးစော ပင်ကျရောဂါနဲ့ နှောင်းပင်ကျ ရောဂါများလို့ စိုက်ပျိုးရေးဌာနက ထုတ်ပြန်ထားပါ တယ်။ အာလူးမှာ ကျရောက်တတ်တဲ့ ပိုးမွှားရောဂါတွေကတော့ မျက်ဆံပိုးထိုးဟာဆိုရင် မျိုးဥများမှာ ကျရောက်တတ်သလို၊ စိုက်ခင်းတွေမှာလည်း ကျရောက်တတ်ပါတယ်။ ဒါ့အပြင် အာလူးကို သိုလှောင်ထားချိန်မှာလည်း ကျရောက်တတ်ပါတယ်။

စတင် စိုက်ပျိုးချိန်မှာ ကျရောက်လာမယ့် အဖျက်ပိုးများကို ကာကွယ်ဖို့အတွက် မြေအောင်း ပိုးသတ်ဆေးကို ထည့်ပေးရပါတယ်။ ပင်ဖြတ်ပိုးကတော့ ပျိုးခင်းမှာကျရောက် တတ်ပါတယ်။ စုပ်စားပိုးဖြစ်တဲ့ ယင်ဖြူ၊ ပျ၊ လှေး၊ သရစ်တို့ကတော့ စိုက်ခင်းမှာသာမက အာလူးဥများအထိ ကျရောက်နိုင်ပါတယ်။ အခက်အရွက်စားပိုး (ငါးမြှောင်တောင်)ကတော့ စိုက်ပျိုးပြီး ရက် ၃၀ ခန့်မှာ စတင် ကျရောက်တတ်ပါတယ်။

**ပြည်နယ်ဦးစီးမှူး။ ။ ဈေးကွက်အခြေအနေနဲ့ ထုပ်ပိုးသိုလှောင်မှု အခြေအနေကို ပြောပြပါ။**

ဦးအောင်သန်းကျော်။ အာလူးကို ရန်ကုန်ဈေးကွက်နဲ့ အောက်မြန်မာနိုင်ငံ ဒေသများသို့ ဆက်လက်ဖြန့်ချိပြီး၊ မန္တလေး၊ မုံရွာဈေးကွက်မှ အထက်မြန်မာပြည်ဈေးကွက်များသို့ ဆက်လက်ဖြန့်ချိပါတယ်။ ထုပ်ပိုးမှုအနေနဲ့ကတော့ အာလူးသီးနှံမှာ တူးဖော်စဉ်ကပင် အစိုဓာတ်ပါလာခြင်း၊ ဘက်တီးရီးယား၊ မှိုရောဂါနှင့် ဗိုင်းစ်ရပ်ကပ်ပါးပိုးများ ပါဝင်လာနိုင်ခြင်းတွေကြောင့် သိုလှောင်ထိန်းသိမ်းရန် ကာလတို တောင်းပါတယ်။ သိုလှောင်စဉ် ကာလမှာ ဥထိုး ဖလံပိုးကျ ရောက်တတ်ပြီး သိုလှောင်ရုံမှာ မသိုလှောင်မီကပင် ပိုးသတ်ဆေးဖျန်းပြီးကာကွယ်ဖို့ လိုအပ်ပါတယ်။ သိုလှောင်စဉ်ကာလ တစ်လမှာ သိုလှောင်ကုန်စည်ရုံရဲ့ ၂၀ ရာခိုင်နှုန်းခန့် ဥပုပ်ခြင်း၊ အလေးချိန်လျော့ကျခြင်းတို့ကြောင့် ပျက်စီးဆုံးရှုံးတတ်ပါတယ်။ ယခုအခါမှာတော့ အအေးခန်းသိုလှောင်ရုံများ တည်ဆောက် သိုလှောင်နိုင်ဖို့ အစုအဖွဲ့အနေဖြင့် ကြိုးစားဆောင်ရွက်လျက် ရှိပါတယ်။

**ပြည်နယ်ဦးစီးမှူး။ ။ အာလူးမျိုးထား စိုက်ပျိုးမှုနဲ့ ပိုးမွှားများကို မနိမ်နင်းနိုင်ပါက ကျရောက်မယ့် အနေအထားကို ပြောပြပေးပါ။**


ဦးအောင်သန်းကျော်။ ။ အာလူးကိုအထူးသဖြင့် ဟဲဟိုးမှာ တစ်နှစ်ပတ်လုံး စိုက်ပျိုးပါတယ်။ နယ်သာလန်မျိုး ကိုးမျိုးကို စိုက်ပျိုးပါတယ်။ အာလူးကို မျိုးပေါင်း ၂၀ ကျော် စမ်းသပ်စိုက်ပျိုးခဲ့ပါတယ်။ အမေရိကန်မျိုးလည်း ပါဝင်တယ်။ အာလူးမှာ Starch က အဓိကကျပါတယ်။Starch များမှ မျိုးအောင်တယ်။ အာလူးကို မျိုးထားလို့ ရပါတယ်။ မြန်မာနိုင်ငံမှာ အာလူးမျိုးကို စနစ်တကျ ထိန်းသိမ်းနိုင်ခြင်း မရှိပါဘူး။ အာလူးမျိုးစေ့ ထုတ်လုပ်ရာမှာ အဓိက လိုက်နာရမယ့် စည်းမျဉ်း၊ စည်းကမ်းများ ရှိပါတယ်။ စုပ်စားပိုးကို ထိန်းနိုင်ဖို့ အရေးကြီးပါတယ်။ မထိန်းနိုင်ပါက ဗိုင်းစ်ရပ်ပိုးဝင်ပြီး အရွက်များတွန့်ခြင်း၊ ဝါသွားခြင်းတို့ ဖြစ်တတ်တယ်။ ဗိုင်းစ်ရပ် သုံးမျိုး ရှိပါတယ်။ ယခင်က ဗိုင်းစ်ရပ်ပြဿနာ နည်းပါးခဲ့ပေမယ့် တရုတ်နိုင်ငံ အောက်လမ်းက ဝင်လာတဲ့ အာလူးမှာ ဗိုင်းစ်ရပ်များ ပါဝင်နေတယ်လို့ သိရပါတယ်။ စုပ်စားပိုးများက Carrier အနေနဲ့ သွားတယ်။ အောက်လိုင်းက ဝင်လာတဲ့ အာလူးမျိုးများကို တရားဝင်သွင်းရန် လိုအပ်ပါတယ်။ Free Trade Area အရ တားမြစ်လို့မရဘူးဆိုတာကိုတော့ သိပါတယ်။

**ပြည်နယ်ဦးစီးမှူး။ ။ ပိုးသတ်ဆေးနဲ့ ဓာတ်မြေဩဇာ ဝယ်ယူ အသုံးပြုတဲ့ အခြေအနေနဲ့ SME လုပ်ငန်းများရဲ့ အခြေအနေကို ပြောပြပေးပါ။**

ဦးအောင်သန်းကျော်။ ။ ပိုးသတ်ဆေးနဲ့ ဓာတ်မြေဩဇာကလည်း ဈေးကြီးနေပါတယ်။ တရားမဝင် အောက်လမ်းက ဝင်လာတဲ့ ပိုးသတ်ဆေး ကျပ် ၅၀၀ တန်ကို ကုမ္ပဏီ တံဆိပ်တပ်လိုက်တာနဲ့ ဈေးကကျပ် ၂၀၀၀ တန် ဖြစ်သွားတယ်။ အထောက်အထားတော့ မရှိပါဘူး။ ဒါ့ကြောင့် SME ကို ပံ့ပိုးမှုသာလျှင် နိုင်ငံတိုးတက်မှာ ဖြစ်ပါတယ်။

စာမျက်နှာ (၂၀)သို့ ➤


Golden Lion
ရွှေခြင်္သေ့
အဆင့်မြင့်စိုက်ပျိုးရေးစွမ်းအားစုကုမ္ပဏီလီမိတက် မှ
အစွမ်းထက်စိုက်ပျိုးရေးသုံးဆေးများ
TERRAFIX
ရွှေခြင်္သေ့ အဆင့်မြင့်စိုက်ပျိုးရေးစွမ်းအားစုကုမ္ပဏီလီမိတက်
A member of the GL Group


Hendrix
AERIAL CABLE SYSTEMS
www.hendrix-wc.com
YADANAR KYAW CO., LIMITED
Bld. B-2(2), Thirimingalar Yeiktha, Strand Road, Ahlone Township, Yangon, Myanmar.
Tel : (951) 2301235, 2301236, Fax : (951) 212161, 212206, E-mail : admin@yadanarkyaw.com
- Rice & Rice Mail
- Hendrix Spacer Cable & Accessories
- Installation & Sale
- ABC Cable System Accessories
- Installation & Sale


SUPER POWER
ELECTRIC INDUSTRY CO., LTD.
ELECTRICAL & LIGHTING PRODUCTS SUPPLIER
OSRAM
LEDVANCE
OSRAM
ENERGY SAVING LAMPS
LED LAMPS
Made in Singapore
KEYSTONE
CABLE
ASFOUR
IRIS CRISTAL
BOHEMIA
LUXUS
MADE IN ITALY
fumagalli
Leo
Leo Power
EPE
BUS DUCT SYSTEM
Superior Electric
LED SPOTLIGHTS
LED DOWNLIGHTS
LED FLOODLIGHTS
WALSIN
MADE IN TAIWAN
CABLE
AUTOMATIC VOLTAGE STABILIZERS
STREETLIGHTS
HIGH MAST
:hager
France
socomec
MADE IN FRANCE
MADE IN JAPAN
TERASAKI
Innovators in Protection Technology
MAIN DISTRIBUTION BOARD
& CONTROL PANELS
Changeover Switch
Kilowatt-Hour Meters
Auto Transfer Switch
Multifunction Meters
For Safety & Protection
YANGON (Showroom & Sales Centre)
Shwegon Plaza, Corner of Shwegondai Road & Kabar Aye Pagoda Road, Bahan Township, Yangon, Myanmar.
TEL : 01 552594, 558422, 558386, 860 3223 ~ 5. FAX : 01 558397
E-Mail: info2@mspei.com, spowercompany@gmail.com
www.facebook.com/speimyanmar
NAY PYI TAW BRANCH
* SUCCESS * LIGHTING & ELECTRIC
140, Thiri Yadana Shopping Complex, Nay Pyi Taw, Myanmar.
MANDALAY BRANCH
6/7,71st Street, (Between 29th Street & 30th Street), Ba Htoo Stadium, Chan Aye Thar Zan Township, Mandalay, Myanmar.

# ကုန်သွယ်ရေးစခန်းများမှ ယခုတစ်ပတ် ရော်ဘာပိုမိုတင်ပို့

မြန်မာ-တရုတ်နယ်စပ်ရှိ ကုန်သွယ်ရေးစခန်းများမှ အမေရိကန်ဒေါ်လာ ၁ ဒသမ ၃၇၀ သန်းတန်ဖိုးရှိ ရော်ဘာအဆင့်စုံ ၁၁၂၇ တန်ကျော်ကို ဇူလိုင် ၈ ရက်မှ ၁၄ ရက်အထိကာလအတွင်းမှာ တစ်ဖက်တရုတ်နိုင်ငံသို့ တင်ပို့ခဲ့ပါတယ်။ မူဆယ် (၁၀၅)မိုင် ကုန်သွယ်ရေးဇုန်မှ RSS 3 အမျိုးအစား ၁၄၁ တန်၊ RSS 5 အမျိုးအစား ၄၈၂ တန်ကျော်၊ MSR 20 အမျိုးအစား ၂၂၁ တန်ကျော်၊ ချင်းရွှေဟော် ကုန်သွယ်ရေးစခန်းမှ RSS3 အမျိုးအစား ၂၄၈ တန်နဲ့ RSS 5 အမျိုးအစား ၃၅ တန်တင်ပို့ခဲ့ပါတယ်။ ယခင်တစ်ပတ်က ကုန်သွယ်ရေးစခန်းများမှ ရော်ဘာ ၃၀၁ တန်တင်ပို့ခဲ့တဲ့အတွက် ယခုတစ်ပတ်မှာ ၈၂၆ တန် ပိုမို တင်ပို့ နိုင်ခဲ့ပါတယ်။ ယခုတစ်ပတ် ရော်ဘာဈေးအနည်းငယ် အတက်ရှိကြောင်း မူဆယ်ကုန်စည်ဒိုင်ရဲ့ ရော်ဘာဈေးထုတ်ပြန် ချက်အရ သိရှိရပါတယ်။ RSS 3 တစ်တန်လျှင် ကျပ် ၁၉ ဒသမ ၅၂၅ သိန်း၊ RSS 5 တစ်တန်ကို ကျပ် ၁၈ ဒသမ ၅၆၅ သိန်းရှိပြီး တစ်တန်ကို ၁၁၅၀၈ ကျပ်ဈေးတက်ကြောင်း သိရှိရပါတယ်။

ဇူလိုင် ၉ ရက်မှ ၁၅ ရက်အထိ ကာလအတွင်း ပင်လယ်ရေကြောင်းကုန်သွယ်မှုမှ အမေရိကန်ဒေါ်လာ သုည ဒသမ ၂၆၅ သန်းတန်ဖိုးရှိ MSR 20 အမျိုးအစား ၁၉၆ တန်ကို ဂျပန်နိုင်ငံသို့ တင်ပို့ခဲ့ပါတယ်။ ယခင်တစ်ပတ် က ရော်ဘာ ၄၇၆ တန်ကျော် တင်ပို့ခဲ့တဲ့အတွက် ယခု တစ်ပတ်မှာတန် ၂၈၀ လျော့နည်းတင်ပို့ခဲ့ပါတယ်။

ယခုတစ်ပတ် နိုင်ငံတကာရော်ဘာဈေးအတက်အကျ အနည်းငယ်သာ ရှိတဲ့အတွက် မြန်မာ့ရော်ဘာFOB ဈေးကိုလည်း ယခင်တစ်ပတ်ဈေးအတိုင်း မြန်မာနိုင်ငံ ရော်ဘာစိုက်ပျိုးထုတ်လုပ်သူများအသင်းက ဈေးနှုန်းထုတ်ပြန်ခဲ့ကြောင်း သိရပါတယ်။

**ယဉ်ယဉ်အေး**

# ရှမ်းပြောင်းလက်ကျန် အနည်းငယ်သာရှိနေ

ရှမ်းပြည်နယ်တောင်ပိုင်းမှာ ပြောင်းလက်ကျန် အနည်းငယ်သာ ရှိပါတယ်။ ဒီလကုန်ရင် ဆီဆိုင်မြို့နယ်က စိုက်ပျိုးတဲ့ ရေသွင်းပြောင်းတွေ ဈေးကွက်ကို စပြီး ဝင်လာတော့မှာဖြစ်ပါတယ်။ ရှမ်းပြည်နယ် တောင်ပိုင်းမှာ ရေသွင်းပြောင်းစိုက်ဧကနည်းပါတယ်။ ရေသွင်း ပြောင်းကိုတောင်ကြီးခရိုင်အတွင်းရှိ ဆီဆိုင်၊ ဟိုပုံး၊ တောင်နီ၊ ရပ်စောက်စတဲ့မြို့တွေက စိုက်ပျိုးကြပြီး ဆီဆိုင် မြို့နယ်ကတော့ ဒီနှစ်အထိ ပုံမှန်စိုက်ဧကအတိုင်း စိုက်ပြီး စိုက်ဧက မလျော့ပါဘူး။ ကျန်မြို့တွေကတော့ ရေသွင်း စိုက်ဧကလျော့သွားပြီး မိုးစိုက်ဧကတော့ ပုံမှန်စိုက်ဖြစ်တယ်လို့ သိရပါတယ်။ သကြ်နမတိုင်ခင်က ရှမ်းပြောင်းဈေးကွက်ပျက်သွားတာကြောင့် ရေသွင်းပြောင်းစိုက်နေကျ တောင်သူတွေက မစိုက်တော့ဘဲ၊ ရာသီပေါ်သီးနှံတွေကိုသာ ပြောင်းပြီးစိုက်ပျိုးကြလို့ ရေသွင်းစိုက်ဧကနည်းသွားတယ်လို့ ဈေးကွက်မှ သိရပါတယ်။ ဈေးကွက်မှာ အရောင်းအဝယ် ပြုလုပ်နေတဲ့ မိုးပြောင်းတွေလည်း ရှမ်းပြည်နယ်တစ်ခုလုံးမှာ တန်ချိန် ခြောက်သောင်းခန့် ကျန်ရှိနေသေးတယ်လို့ သိရပါတယ်။ လောလောဆယ်မှာတော့ မူဆယ်ဝယ်လက်တွေက အဝယ်နည်းနေပြီး တိရစ္ဆာန် အစာစပ်တွေကသာ အဝယ်ရှိနေပါတယ်။ ဒီတစ်ပတ် တောင်ကြီးဈေးကွက်မှာ ပြောင်း တစ်ပိဿာ ပေါက်ဈေးက ကျပ် ၄၉၀ ရှိပါတယ်။

**ဇေခိုင် (တောင်ကြီး)**

# တရုတ်နယ်စပ်ရှိ ကုန်သွယ်ရေးစခန်းများမှ ပြောင်းလျော့နည်းတင်ပို့

မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ်၊ လွယ်ဂျယ်နဲ့ ချင်းရွှေဟော် စခန်းသုံးခုမှ ဇူလိုင်ဒုတိယပတ်တွင် အမေရိကန်ဒေါ်လာ ၂ ဒသမ ၅၈၄ သန်းတန်ဖိုးရှိ ပြောင်းတန်ချိန် ၁၂၉၁၉ တန်ကျော်ကို တရုတ်နိုင်ငံသို့ တင်ပို့ခဲ့ပါတယ်။ စခန်းအလိုက်တင်ပို့မှုမှာ မူဆယ်မှ ၁၀၂၆၅ တန်ခွဲ၊ လွယ်ဂျယ်မှ ၁၅၄၅ တန်ကျော်နဲ့ ချင်းရွှေဟော်မှ ၁၁၀၈ တန်ကျော်ဖြစ်ပါတယ်။ ယခင်တစ်ပတ်ကအဆိုပါစခန်းသုံးခုမှ ပြောင်း ၂၇၆၅၈ တန်ကျော် တင်ပို့ခဲ့တဲ့အတွက် ယခုတစ်ပတ်မှာ ၁၄၇၃၉ တန် လျော့နည်းတင်ပို့ခဲ့တာတွေ့ရပါတယ်။ မူဆယ်ကုန်စည်ဒိုင်မှာ ဇူလိုင် ပထမပတ်က ပြောင်းတစ်တန်ကို ကျပ် ၂၇၁၁၂၀ရှိရာမှ ဇူလိုင်ဒုတိယပတ်တွင် ၂၇၂၇၂၇ ကျပ်သို့ပြောင်းဈေးအနည်းငယ်မြင့်တက်ခဲ့ကြောင်း၊ မူဆယ်သို့ပြောင်းကားစီးရေ ၆၁၀ စီး ဝင်ရောက်ခဲ့ပြီး ပြောင်းတစ်ပိဿာ သယ်ယူခမှာ ၆၃ ကျပ်မှ ၆၅ ကျပ်ရှိကြောင်း၊ တစ်ဖက်နိုင်ငံဝယ်ဈေးမှာ ယွမ် ၁၅၀၀ ရှိကြောင်း သိရပါတယ်။

စီပီအစေ့ထုတ်ပြောင်းမျိုးကို အမြို့မြို့အနယ်နယ်မှာ တွင်ကျယ်စွာတိုးချဲ့စိုက်ပျိုးလျက်ရှိကြောင်း၊ ပြည်တွင်းမှာ စိုက်ပျိုးထုတ်လုပ်တဲ့ စီပီ အစေ့ထုတ်ပြောင်းကို အိမ်နီးချင်းနိုင်ငံတွေက ဝယ်လက်ရှိလို့ အချို့ဒေသတွေမှာ တစ်နှစ်ပတ်လုံး စိုက်ပျိုးကြကြောင်း၊ စီပီအစေ့ထုတ်ပြောင်းကို နည်းပညာများ အသုံးပြုပြီး ဘီယာချက်ရာတွင်လည်းကောင်း၊ ကွေကာကဲ့သို့ဖြည့်စွက်အစာအဖြစ်လည်းကောင်း အသုံးပြုကြတယ်လို့ လေ့လာသိရှိရပါတယ်။

**မော်မော်အောင်**

# မူဆယ်မှ တရုတ်နိုင်ငံသို့ ပရဆေး လျော့နည်း တင်ပို့

ဇူလိုင်လ ၈ ရက်မှ ၁၄ ရက်အထိ သီတင်းပတ်အတွင်း မြန်မာ-တရုတ် နယ်စပ်ရှိ မူဆယ်(၁၀၅) မိုင် ကုန်သွယ်ရေးဇုန်မှ အမေရိကန်ဒေါ်လာ သုည ဒသမ ၃၈၃ သန်း တန်ဖိုးရှိ ပရဆေး ကုန်ကြမ်း အမယ်ရှစ်မျိုး၊ တန်ချိန် အားဖြင့် ၃၈၅ တန်ကျော်ကို တရုတ်နိုင်ငံသို့ တင်ပို့ခဲ့ရာ ယခင် တစ်ပတ်က တင်ပို့ခဲ့တဲ့ ၅၂၉ တန် ကျော်နဲ့ နှိုင်းယှဉ်ပါက ယခုတစ်ပတ်မှာ ၁၄၄ တန် လျော့နည်း တင်ပို့ခဲ့ပါတယ်။ တင်ပို့ခဲ့တဲ့ ပရဆေးအမယ်များမှာ မိကျောင်းကွမ်းဖတ်စေ့၊ နေလဲစေ့၊ ဆီးဆန်၊ တောချင်း၊ ချင်းခြောက်၊ နနွင်းတက်၊ မာလာဥ ခေါင်းနဲ့ ဒရင်ကောက်မြစ်တို့ ဖြစ်ပါတယ်။ ယခုတစ်ပတ်တွင် နနွင်းတက်၊ ချင်းခြောက်နဲ့ ဒရင်ကောက်မြစ်တို့ ပိုမိုတင်ပို့ခဲ့ သော်လည်း အခြားပရဆေးများ လျော့နည်း တင်ပို့ ခဲ့၍ လည်းကောင်း၊ ကြောင်လျှာစေ့နဲ့ ကွမ်းစားဂမုန်းတို့ တင်ပို့မှု မရှိခဲ့၍ လည်းကောင်း တင်ပို့မှု လျော့နည်းခဲ့ရတာ ဖြစ်ပါတယ်။

မြန်မာ-အိန္ဒိယ နယ်စပ်ရှိ ရိဒ် ကုန်သွယ်ရေးစခန်းမှလည်း အမေရိကန်ဒေါ်လာ သုညဒသမ ဝ၁၀ သန်း တန်ဖိုးရှိ တောင်လုံးကျော် တန်ဝက်ကို မြန်မာနိုင်ငံသို့ တင်သွင်းခဲ့ပါတယ်။

**မော်မော်အောင်**

*စာမျက်နှာ (၁၇) ➢➢➢ အာလူးကဏ္ဍဖွံ့ဖြိုး တိုးတက်ရေးနှင့် ပြည်ပသို့ . . . . . . မှအဆက်*

တောင်သူများအနေနဲ့ စာပေတတ်ကျွမ်းမှု အားနည်းတဲ့အတွက် ဓါတ်မြေဩဇာနဲ့ ပိုးသတ်ဆေးမှာ $A_1$ (အဆိပ်ရှိပစ္စည်း) ကို မြန်မာလို ရေးသားဖော်ပြရန် လိုအပ်ပါတယ်။ နိုင်ငံတကာမှာ မြေဩဇာတစ် အိတ်ကို အမေရိကန်ဒေါ်လာ ၂၀ နဲ့သုံးစွဲ နေချိန်မှာ ပြည်တွင်း တောင်သူတွေမှာ အမေရိကန်ဒေါ်လာ ၄၀ နဲ့ သုံးစွဲနေရပါတယ်။ ဒါကြောင့် ကုန်ကျစရိတ် နှစ်ဆဖြစ်နေပါတယ်။ နိုင်ငံတကာမှ ချေးငွေ များပေးသော်လည်း အောက်ခြေမှာ တကယ် လုပ်တဲ့သူတွေ ချေးငွေ မရရှိပါဘူး ။ ဟဲဟိုးအာလူး အစုအဖွဲ့မှ အအေးခန်း သိုလှောင်ရုံအတွက် လုပ်ငန်းစီမံချက်နဲ့ တကွ ၅ နှစ် ချေးငွေတင်ထားပါတယ်။ချေးငွေ ရရှိပါက အအေးခန်း တည်ဆောက်သွားမှာဖြစ်ပါတယ်။

**ပြည်နယ်ဦးစီးမှူး။ ။ အာလူးကြော် ထုတ်လုပ်မှုနဲ့ပတ်သက်ပြီး သိသလောက် ပြောပြပေးပါ။**

ဦးအောင်သန်းကျော်။ ။ အာလူးကြော် ထုတ်လုပ်မှု ကုန်ကျစရိတ်နဲ့ အကျိုးအမြတ်ကို ပြောရမယ်ဆိုရင်တော့ အာလူး ပိဿာ ၅၀ ကို ကျပ် ၆၅၀ နှုန်းနဲ့ ကျပ် ၃၂၅၀၀ ကျသင့်ပါတယ်။ ဆီ ၁၀ ပိဿာကို ကျပ် ၂၀၀၀နှုန်းနဲ့ ကျပ် ၂၀၀၀၀ ကုန်ကျပါတယ်။ ပလပ်စတစ်ထုပ်ပိုးမှုအတွက် တစ်ပေါင်အိတ်ကို ကျပ် ၁၁၀၀ နှုန်းရှိပါတယ်။ ထင်း၊ မီးသွေးဖိုးက ကျပ် ၄၀၀၀ ကုန်ကျမှာဖြစ်ပါတယ်။ လုပ်သားခအနေနဲ့ ကျပ် ၈၀၀၀ ပေးရမှာ ဖြစ်ပါတယ်။ အာလူးအခွံချွတ်ခက ပိဿာ ၅၀ ကိုကျပ် ၅၀ နှုန်းနဲ့ ကျပ် ၂၅၀၀ ကုန်ကျပြီး လှီးဖြတ်မှုအတွက် နေ့စား ငှားရင် တစ်ဦးအတွက် ကျပ် ၄၀၀၀ ပေးရမှာဖြစ်ပါတယ်။ ကြော်ခ ပိဿာ ၅၀ ကို ကျပ်၃၀ နှုန်းနဲ့ ကျပ် ၁၅၀၀ အပါအဝင် စုစုပေါင်းကျပ် ၆၅၆၀၀ ကုန်ကျမှာ ဖြစ်ပါတယ်။

အာလူးအချိန်၅၀ ကို ကြော်ပါက အာလူးကြော် ၁၁ ပိဿာ ခန့်ရပါတယ်။ အာလူးအကျိုး အကြေတစ်ပိဿာ နုတ်ပါက ၁၀ ပိဿာ ကျန်ရှိပါတယ်။ ကျပ် ၁၀၀၀ တန်အထုပ်တစ်ထုပ်ကို ၁၅ ကျပ်သားထုပ်ပါက အထုပ်ပေါင်း ၇၅ ထုပ်ခန့်ရပါတယ်။ ကျပ် ၅၀၀ တန် အထုပ်တစ်ထုပ်ကို ၇ဒသမ ၅၀ ကျပ်သားထုပ်ပါက အထုပ် ပေါင်း ၁၄၀ ခန့်ရရှိနိုင်ပါတယ်။ အမြတ်ငွေ အနေဖြင့် ကျပ် ၉၄၀၀ ကျန်ရှိရာ၊ အမြတ်ရာခိုင်နှုန်း ၁၄ ဒသမ ၃၂ ရာခိုင်နှုန်းရှိပါတယ်။

**ပြည်နယ်ဦးစီးမှူး။ ။ အာလူးကို ပြည်ပပို့တဲ့အခါမှာ ကြုံတွေ့ရတဲ့ အခက်အခဲများကို ပြောပြစေလိုပါတယ်။**

ဦးအောင်သန်းကျော်။ ။ အာလူးကို ပြည်ပပို့တဲ့အခါမှာ ကြုံတွေ့ရတဲ့ အခက်အခဲတွေကတော့ အိမ်နီးချင်းအင်အားကြီး နှစ်နိုင်ငံဖြစ်တဲ့ တရုတ်နဲ့ အိန္ဒိယနိုင်ငံတို့မှာ အာလူးစိုက်ပျိုးထုတ်လုပ်မှု အားကောင်းတဲ့အတွက် အဓိက ကုန်သွယ်ဖက်နိုင်ငံကြီးတွေမှာ ဈေးကွက်မရရှိဘဲ ဖြစ်နေပါတယ်။ အရှေ့တောင်အာရှနိုင်ငံများဖြစ်တဲ့ ထိုင်း၊ လာအို၊ ဗီယက်နမ်နိုင်ငံတွေမှာလည်း အာလူးစိုက်ပျိုး ထုတ်လုပ်မှုရှိနေတဲ့အတွက် ဈေးကွက်ထိုးဖောက်မှု ခက်ခဲနေပါတယ်။ ဒ့ါအပြင် နယ်စပ် ဖြတ်ကျော် ကုန်သွယ်မှု ပြုလုပ်နိုင်တဲ့ တရုတ်နိုင်ငံနဲ့ ထိုင်းနိုင်ငံတို့ရဲ့ ဝယ်လိုအားများ မရရှိခြင်း၊ ပုံမှန် ကုန်သွယ်မှုအရ ပြည်ပတင်ပို့နိုင်ဖို့ရာအတွက် ကောင်းမွန်တဲ့ စိုက်ပျိုးထုတ်လုပ်မှုကျင့်စဉ် GAP အရ စိုက် ပျိုးထုတ်လုပ်ရန် နည်းပညာ၊ ငွေကြေး၊ အခက်အခဲများ ရှိနေပါတယ်။

**ပြည်နယ်ဦးစီးမှူး။ ။ အာလူးကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုအတွက် အခြား ဘာတွေများ အကြံပြုပြောစရာရှိပါသလဲ။**

ဦးအောင်သန်းကျော်။ ။ အခုဆိုရင် ဟဲဟိုး စိုက်ခင်းအတွင်းမှာ ကုန်ထုတ်လမ်းတွေ ပျက်စီးနေပါတယ်။ ဟဲဟိုးမှ ရန်ကုန်ကို အာလူး တစ်ပိဿာ သယ်ယူပို့ဆောင်ခ ကျပ် ၄၀ သာ ပေးရသော်လည်း ၊ ဟဲဟိုးမှာတော့ သုံးမိုင်ပတ်လည်ကို တစ်ပိဿာ ကျပ် ၃၀ ပေးနေရပါတယ်။ လမ်းပြင်ဖို့အတွက် တောင်သူတွေကို စည်းရုံး ရာမှာလည်း ခက်ခဲနေပါတယ်။ ဟဲဟိုးဆည်ရဲ့ ရေထွက်နေရာကိုလည်း ပြုပြင်ဖို့ လိုအပ်နေပါတယ်။ ဟဲဟိုးဆည်ဟာ တောင်သူများရဲ့ အသက် သွေးကြောဖြစ်ပါတယ်။ ဟဲဟိုးမှာ ဟင်းသီးဟင်းရွက်ကို အဓိကစိုက်ပျိုးလျက်ရှိရာ စပါးထက် အကျိုးအမြတ်ရရှိပါတယ်။ စပါးကျွမ်းကျင်ဝန်ထမ်းကို ဟဲဟိုးမှာ တာဝန်ပေးပါက အဆင်မပြေနိုင်သလို ယုံကြည်မှု တည်ဆောက်ဖို့လည်း မလွယ်ကူနိုင်ပါဘူး။ လယ်ကွင်း၊ ယာခင်းထဲအထိ လက်တွေ့ကွင်းဆင်းမယ့်သူများကိုသာ မျှော်လင့်ပါတယ်။ နိုင်ငံတကာမှ ပညာရှင်များဟာ ဖုန်ထဲ၊ ဗွက်ထဲမှာလည်း လက်တွေ့ဒူးထောက် စမ်းသပ်အဖြေရှာကြပါတယ်။

မြန်မာနိုင်ငံမှာ သုတေသန ပြုလုပ်မည့်သူများကို ကြည်ဖြူစွာ အသုံးချခွင့်ရစေလိုပါတယ်။ သုတေသနပိုင်းမှာ အားနည်းခဲ့တဲ့အတွက် မတိုးတက်ခဲ့တာ ဖြစ်ပါတယ်။ စပါးသာမက သီးနှံအလိုက် ပညာရှင်များ မွေးထုတ်ပေးရန် လိုအပ်ပါတယ်။ ထုတ်လုပ်မှု ကုန်ကျစရိတ်များ လျော့ကျအောင် စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ပေးပါရန်နဲ့ နည်းပညာ လိုအပ်မှုများ ဖြည့်ဆည်းပေးပါရန် အာလူးထုတ်လုပ်သူ တောင်သူများအတွက် GAPဖော်ဆောင်မှု မြှင့်တင်ပေးပါရန်နဲ့ နယ်သာလန် အာလူးမျိုးသည် မျိုးစိုက်ထုတ်မှု၏ ၁၀ ဆကျော်ထွက်ရှိရာ၊ ထွက်ရှိသော အာလူးများကို အအေးခန်းနှင့်ထားပြီး သိုလှောင်မှုဖြည့်တင်းနိုင်မည်ဆိုပါက အာလူး စိုက်ပျိုး ထုတ်လုပ်မှု ကဏ္ဍဖွံ့ဖြိုး တိုးတက်လာနိုင်မှာ ဖြစ်ပါတယ်။

**ပြည်နယ်ဦးစီးမှူး။ ။ အခုလို အာလူးစိုက်ပျိုး၊ ထုတ်လုပ်၊ တင်ပို့၊ ရောင်းချမှုနဲ့ ပတ်သက်ပြီး ပြည့်ပြည့်စုံစုံ ဖြေကြားပေးတဲ့အတွက် ဦးအောင်သန်းကျော်ကို အထူးကျေးဇူးတင်ရှိပါတယ်။ ယခုဆွေးနွေးချက်များမှ တတ်နိုင်သည့်အပိုင်းများကို ကူညီဆောင်ရွက်ပေးသွားမှာ ဖြစ်ပါတယ်။ မိမိတို့ဌာနအနေနဲ့လည်း အာလူးတောင်သူများရဲ့ အခက်အခဲတွေနဲ့ လိုအပ်ချက်တွေကို အထက်ဌာန အဆင့်ဆင့်သို့ ဆက်လက်တင် ပြပေးသွားမှာဖြစ်ပါတယ်။**

ဦးအောင်သန်းကျော်။ ။ ဟုတ်ကဲ့ပါ ကျွန်တော့်အနေနဲ့လည်း ကျွန်တော်တို့ အာလူးစိုက်ပျိုးမှုနဲ့ပတ်သက်ပြီး ပြောကြားခွင့်ရတဲ့အတွက် အထူးကျေးဇူးတင်ရှိပါတယ်။

# မြန်မာအမည်များကို ကိုကာကိုလာအချိုရည် ဘူးများပေါ်တွင် ပထမဦးဆုံးအကြိမ်အဖြစ် ရိုက်နှိပ်ဖော်ပြ

ကိုကာကိုလာသည် စားသုံးသူများ၏ နာမည်နှင့် မိမိတို့၏ချစ်ခင်ရသူများ၏ နာမည်များကို အချိုရည်ဘူးများပေါ်တွင် တွေ့မြင်နိုင်မည့်အခွင့်အရေးကို “Coke ကို မျှဝေလိုက်ပါ”ဟူသည့်အစီအစဉ်ဖြင့် စတင်လိုက်ပြီဖြစ်သည်။

စားသုံးသူများအနေဖြင့် မိမိတို့၏ နှစ်သက်ရာနာမည်များကို ကိုကာကိုလာအချိုရည်ဘူးများပေါ်တွင် ရိုက်နှိပ်ကာ မိမိတို့၏ချစ်ခင်ရသူများအား သီးသန့် ကိုယ်ပိုင်အချိုရည်ဘူးများပေးအပ်ခြင်းဖြင့် အံ့ဩဝမ်းသာစေနိုင်ရန်အတွက် ပထမဦးဆုံးအကြိမ်အဖြစ် ဆောင်ရွက်ခြင်းဖြစ်သည်။



အဆိုပါအစီအစဉ်တွင် မြန်မာလူမျိုးတို့ မှည့်လေ့မှည့်ထရှိသည့် နာမည်များအား ရိုက်နှိပ်ထားသည့် ကိုကာကိုလာ 330ml, 350ml, 600ml, 1.5L PET အချိုရည်ဘူးများနှင့် Max+350 ml, 600ml, 1.5 L PET အချိုရည်ဘူးများကို ဇူလိုင်လမှစတင်ကာ နိုင်ငံတစ်ဝန်းရှိ အရောင်းဆိုင်များတွင် ပစ္စည်းမပြတ်လပ်မီ အချိန်အထိ ဝယ်ယူရရှိနိုင်မည်ဖြစ်ကြောင်း သိရသည်။

ထို့ပြင် ကိုကာကိုလာ၏“Coke ကို မျှဝေလိုက်ပါ” အစီအစဉ်အရ မိမိလိုချင်သည့်အမည်များကို အမည်ရိုက်နှိပ်စက်ဖြင့် ရိုက်ပေးမည့်အစီအစဉ်ကိုလည်း လုပ်ဆောင်မည်ဖြစ်သည်။

အဆိုပါအစီအစဉ်ပြုလုပ်သွားမည့်နေရာများမှာ ဇူလိုင် ၁၁ ရက်မှ ၂၃ ရက်အထိ စိန်ဂေဟာ(ပါရမီ)နှင့်KFC (Junction City) တွင်လည်းကောင်း၊ ဇူလိုင် ၁၁ ရက်မှ ဇူလိုင် ၃၀ ရက်အထိ KFC (ဗိုလ်ချုပ်ဈေး) နှင့် Aeon Orange(တော်ဝင်စင်တာ) တွင် လည်းကောင်း၊ ဇူလိုင် ၁၁ ရက် မှ ဇူလိုင် ၃၁ ရက်အထိ Market Place (ခြောက်မိုင်ခွဲ)နှင့် ဇူလိုင်လ ၁၁ ရက်မှ ဩဂုတ် ၃၁ ရက်အထိ Ocean (ရွှေဂုံတိုင်)တွင်လည်းကောင်း ပြုလုပ်သွားမည်ဖြစ်သည်။

ကိုကာကိုလာမြန်မာ၏ မားကက်တင်းဒါရိုက်တာဖြစ်သူ Mr. Akra opakunkajorn က “ကျွန်တော်တို့အနေနဲ့ မြန်မာနိုင်ငံမှာ အချင်းချင်းရည်ညွှန်းလေ့ရှိတဲ့ အမည်အခေါ်အဝေါ်များရဲ့စွမ်းပကားကို သိရှိပြီဖြစ်ပါတယ်။ မြန်မာနိုင်ငံမှာ ပထမဦးဆုံးအနေနဲ့ ကိုကာကိုလာ အချိုရည်ဘူးတွေပေါ်မှာ ကိုကာကိုလာ အမှတ်တံဆိပ်နဲ့အတူ မြန်မာနာမည်များကို တွေ့မြင်နိုင်မှာဖြစ်တာကြောင့် မူလထက် ပိုမိုထူးခြားစိတ်ဝင်စားဖွယ်အသွင်နဲ့ အချိုရည်ဘူးများကို မြန်မာလူမျိုးများအနေနဲ့ ဂုဏ်ယူဝင့်ကြွားစွာနဲ့ အချင်းချင်းလက်ဆောင်ပေးနိုင်မှာပါ”ဟု ပြောကြားခဲ့သည်။

**မယ်သီတာ**

# COLGATE ၏ ကျပ်သိန်း ၈၀၀ တန်ဖိုးရှိ ပညာသင်ဆုအစီအစဉ်မှ ပထမဆု ရရှိသူထွက်ပေါ်

Colgate ၏ ကျပ်သိန်း ၈၀၀ တန်ဖိုးရှိ ပညာသင်ဆုအစီစဉ်မှ ပထမဆုကို ပျဉ်းမနားမြို့မှ အသက် ၁၄နှစ်အရွယ်ရှိ ကျောင်းသားလေး မောင်ဝေဟင်ကျော်က ရရှိခဲ့ကြောင်း Colgate ၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။



Colgate ၏ ပညာသင်ဆုအစီအစဉ်တွင် ကျပ်သိန်း ၆၀ တန်ကြေးရှိသည့် ပထမဆုသုံးဆု ပါဝင်ခဲ့ရာ ယင်းဆုသုံးဆုအနက် ပထမဦးဆုံးသော ကျပ်သိန်း ၆၀ဆုကိုမောင်ဝေဟင်ကျော်က ဆွတ်ခူးရရှိခဲ့ခြင်းဖြစ်သည်။

မောင်ဝေဟင်ကျော်သည် မိခင်ဖြစ်သူ ဒေါ်ခင်မာချိုနှင့်အတူ ၎င်းတို့မိသားစုနေထိုင်ရာ မြို့နယ်ရှိ ရွှေလီစတိုးဆိုင်မှ Colgate Super Strong သွားတိုက်ဆေးတစ်ဘူးကို ဝယ်ယူခဲ့ပြီးနောက် ယခုကဲ့သို့ ကံထူးခဲ့ခြင်းဖြစ်သည်။ ပျဉ်းမနားမြို့ ကံ့ကော်အထက်တန်းကျောင်းတွင် ပညာသင်ယူနေသော နဝမတန်းကျောင်းသားတစ်ဦးဖြစ်သည့် မောင်ဝေဟင်ကျော်သည် အတန်းထဲတွင်စာတော်သော ကျောင်းသားတစ်ဦးဖြစ်ပြီး ယခုရရှိသော Colgate ၏ ပညာသင်ဆုကို နောင်အနာဂတ်တွင် ၎င်းစိတ်ဝင်စားသော အင်ဂျင်နီယာဘာသာရပ်ကို လေ့လာသင်ယူရာတွင် အသုံးပြုမည်ဟု မျှော်လင့်ထားသည်ဟု သိရသည်။

“ဒီသွားတိုက်ဆေးကို ဝယ်ခဲ့တုန်းက ဒီလိုပညာသင်ဆု အစီအစဉ်ရှိတယ်ဆိုတာကိုတောင် ကျွန်မသတိမထားမိခဲ့ပါဘူး။ ဝယ်ပြီးမှသိရတော့ ကျွန်မသားလေးက ဒီပညာသင်ဆုအစီအစဉ်မှာ ဝင်ပါချင်တယ်ဆိုလို့ Colgate က ပြောထားတဲ့ ဖုန်းနံပါတ်ဆီ စာပို့လိုက်တယ်။ သိပ်မကြာလိုက်ဘူး၊ Colgate ဘက်ကနေ ကျွန်မတို့ သိန်း ၆၀ တန် ပညာသင်ဆုကြီး ဆွတ်ခူးသွားတယ်လို့ စာပြန်ပို့လာတော့ ယုံတောင်မယုံနိုင်ပါဘူး။ မိသားစုတွေ အားလုံး အခုအရမ်းကို ဝမ်းသာပျော်ရွှင်နေကြပါတယ်။ အခုဆို သားလေးရဲ့ ပညာရေးအတွက် အထောက်အပံ့ဖြစ်တဲ့ ငွေကြေးပမာဏတစ်ခုရှိနေပြီဆိုတော့ ကျွန်မတို့စိတ်မပူတော့ပါဘူး။ Colgate သွားတိုက်ဆေးကို လွန်ခဲ့တဲ့ သုံးနှစ်လောက်က သားအမိနှစ်ယောက်လုံး သွားကိုက်၊ သွားနာတာဖြစ်ပြီးတဲ့နောက်ပိုင်း စသုံးဖြစ်ခဲ့ပါတယ်။ အခုဆိုရင် ကျွန်မတို့ အိမ်နီးချင်း အားလုံးရော သားလေးရဲ့ အတန်းထဲက သူငယ်ချင်းတွေရော သူတို့ဘဝကို ကူညီထောက်ပံ့ပေးနိုင်မယ့်ဆုတွေ ဆွတ်ခူးနိုင်ဖို့ မျှော်လင့်ချက်နဲ့ Colgate သွားတိုက်ဆေးကို သုံးနေကြပါပြီ”ဟု ဒေါ်ခင်မာချိုက ပြောကြားခဲ့သည်။

Colgate ၏ ပညာသင်ဆု အစီအစဉ်တွင် စုစုပေါင်းကျပ်သိန်း ၈၀၀ တန်ဖိုးရှိ ပညာသင်ဆုပေါင်း ၁၆၅ ဆုပါဝင်ပြီး၊ ဤအစီအစဉ်မှ မြန်မာနိုင်ငံတစ်ဝန်းရှိ မိသားစုများနှင့်ကလေးများအား ပိုမိုကောင်းမွန်စွာ ပညာသင်ယူနိုင်ပြီး ၎င်းတို့၏ စိတ်ကူးအိပ်မက်များ၊ ဘဝရည်မှန်းချက်များကို အကောင်အထည်ဖော်စေနိုင်ရေးအတွက် အကူအညီဖြစ်ရန် ရည်ရွယ်ဖော်ဆောင်ခဲ့သော အစီအစဉ်တစ်ခုဖြစ်သည်။

**မယ်သီတာ**

# Ford ၏ CML ကားအစိတ်အပိုင်းများ တပ်ဆင်သည့်စက်ရုံကို ရန်ကုန်မြို့တွင်ဖွင့်လှစ်

Ford နှင့် RMA Thailand, Capital Automotive Limited (CAL), Capital Motors Limited (CML) တို့ ပူးပေါင်း၍ မြန်မာနိုင်ငံတွင် ကားအစိတ်အပိုင်းများ တပ်ဆင်သည့်စက်ရုံကို ဒဂုံမြို့သစ်အရှေ့ပိုင်းစက်မှုဇုန်တွင် ဖွင့်လှစ်လိုက်ပြီဖြစ်ကြောင်း သိရသည်။



ကားအစိတ်အပိုင်းများ တပ်ဆင်သည့်စက်ရုံဖွင့်လှစ်လိုက်ခြင်းနှင့် ပတ်သက်၍ Capital Automotive ၏ ဥက္ကဋ္ဌဖြစ်သူ ဦးခင်ထွန်းက “CML ကား တပ်ဆင်စက်ရုံဖွင့်လှစ်နိုင်ခဲ့ခြင်းဟာ ပြည်တွင်းစီးပွားရေးကဏ္ဍမှာ တိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုကိုထောက်ပံ့ပေးနိုင်မယ့်အပြင် ကျွန်တော်တို့ရဲ့ ဝန်ထမ်းတွေကိုလည်း လုပ်ငန်းကျွမ်းကျင်မှုပိုင်းဆိုင်ရာမှာ ကမ္ဘာ့အဆင့်မီ အကောင်းဆုံး လက်တွေ့လုပ်ငန်းတွေနဲ့ မြှင့်တင်ပေးနိုင်မှာ ဖြစ်တဲ့အတွက်ကြောင့် ဂုဏ်ယူမိပါတယ်။ CML ဟာ ဒေသတွင်းမှာနေထိုင်တဲ့ မိသားစုတွေ၊ စီးပွားရေးလုပ်ငန်းတွေနဲ့ မော်တော်ယာဉ်ပိုင်ရှင်တွေအတွက် ဈေးနှုန်းချိုသာတဲ့ 4WD Ford Ranger နဲ့ Ford Everest မော်တော်ယာဉ်အသစ်တွေကို ယူဆောင်လာမှာဖြစ်ပါတယ်”ဟု ပြောကြားခဲ့သည်။

CML ကားတပ်ဆင်စက်ရုံ တည်ထောင်ရခြင်း၏ရည်ရွယ်ချက်မှာ လတ်တလောမြင့်တက်လာသည့် ဈေးကွက်လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရန်ဖြစ်ပြီး ရှေ့ဆက်တိုးတက်လာမည့် ဝယ်လိုအားကို မျှော်မှန်းကာ CML အနေဖြင့် အလုပ်အကိုင် အခွင့်အလမ်းများနှင့် စီးပွားရေးအကျိုးအမြတ် များစွာကို ဆက်လက်ယူဆောင်လာနိုင်ရန် ကြိုးပမ်းလျက်ရှိသည်။ CML စက်ရုံသစ်တွင် Ford Ranger Duble Cab နှင့် 7-seat Ford Everest SUV မော်ဒယ်လ်များကို တပ်ဆင်မည်ဖြစ်ပြီး ယင်းကားနှစ်မျိုးစလုံးကို ဒေသတွင်း လမ်းပန်းအခြေအနေများ၊ ရာသီဥတု အခြေအနေများနှင့်ကိုက်ညီမှုရှိအောင်ဖန်တီးပေးထားကြောင်း သိရသည်။

Ranger နှင့် Everest မော်တော်ယာဉ်များသည် လောင်စာဆီသုံး စွဲမှုနည်းပါးသည့်အပြင် အကြမ်းခံသော ဒီဇယ်အင်ဂျင်များ တပ်ဆင်ပေးထားပြီး ခရီးသည်များအား သက်သောင့်သက်သာ စီးနင်းနိုင်စေရန် စီမံပေးထားကြောင်း သိရသည်။ ကားအမျိုးအစားနှစ်မျိုးစလုံးအတွက် ထူးခြားသော ဈေးနှုန်းများဖြင့် ရောင်းချပေးမည်ဖြစ်ပြီး လိုအပ်ချက်အလိုက် မော်ဒယ်အမျိုးအစားများကို စိတ်ကြိုက်ရွေးချယ်နိုင်သည်။

Ford Ranger Duble Cab ကို အမေရိကန်ဒေါ်လာ ၃၄,၀၀၀ မှ စတင်၍ လည်းကောင်း၊ Ford Everest SUV ကို အမေရိကန်ဒေါ်လာ ၄၉,၀၀၀ မှစတင်၍လည်းကောင်း ဝယ်ယူနိုင်ပြီး ဝယ်ယူသူများအနေဖြင့် ရန်ကုန်လိုင်စင် ရရှိနိုင်မည့်အခွင့်အရေးလည်း ရရှိမည်ဖြစ်သည်။

CML စတင်ဖွင့်လှစ်ခြင်းအထိမ်းအမှတ်အနေဖြင့် အချိန်အတိုင်းအတာတစ်ခုအတွင်း ဝယ်ယူသူများအနေဖြင့် တစ်နှစ်စာ လက်ခမဲ့ ဝန်ဆောင်မှုအားပေးအပ်သွားမည်ဖြစ်ပြီး CML တွင် တပ်ဆင်သော Ford Ranger Duble Cab နှင့် Ford Everest SUV များအား ရန်ကုန်နှင့် မန္တလေးရှိအရောင်းဆိုင်ကြီးများတွင် စတင်ဝယ်ယူနိုင်ပြီဖြစ်သည်။

ထို့အပြင် နိုင်ငံတစ်ဝန်း၌ ဖွင့်လှစ်ထားသည့် ဖို့ဒ်ကားဆားဗစ်စင်တာများတွင် ကားနှင့်ပတ်သက်သော ဝန်ဆောင်မှုများအား ရယူနိုင်မည်ဖြစ်ကြောင်း သိရသည်။

**မယ်သီတာ**

**စာမျက်နှာ - ၃ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် လွတ်လပ်သော ကုန်သွယ်မှုဆိုင်ရာ ....မှအဆက်**

စသည့် ဘာသာရပ်များကို သက်ဆိုင်ရာ ဘာသာရပ်ကျွမ်းကျင်သူများက ပို့ချသင်ကြားပေးခဲ့ပြီးဖြစ်ကြောင်း၊ ဝန်ထမ်းများ အနေဖြင့် မိမိတို့ ဌာန၏ ဥပဒေလုပ်ထုံးလုပ်နည်းများကို ကျွမ်းကျင်နှံ့စပ်စွာ သိရှိထားခြင်းဖြင့် လုပ်ငန်းဆောင်ရွက်ရာတွင် အမှားအမှန် ဝေဖန်ပိုင်းခြားနိုင်ပြီး ပြည်သူကို ဝန်ဆောင်မှုပေးရာ၌လည်း ထိရောက်မှန်ကန် မြန်ဆန်လာမှာဖြစ်ကြောင်း၊ မိမိတို့ဝန်ကြီးဌာနရှိ အရာထမ်း၊ အမှုထမ်းများအားလုံး ကုန်သွယ်မှုဆိုင်ရာ လုပ်ထုံးလုပ်နည်းများ၊ မူဝါဒများ၊ ဥပဒေ၊ အမိန့်ညွှန်ကြားချက်များကို သိရှိနေရမှာဖြစ်သလို နိုင်ငံတကာတွင် ကျင့်သုံးဆောင်ရွက်နေသည့် ကုန်သွယ်မှုဆိုင်ရာ လုပ်ထုံးလုပ်နည်းများ၊ ဈေးကွက်နှင့် ကုန်သွယ်မှုဆိုင်ရာ စေ့စပ်ညှိနှိုင်းဆောင်ရွက်နေမှုများကို စဉ်ဆက်မပြတ် လေ့လာသုံးသပ်ဆောင်ရွက်ရမည်ဖြစ်ကြောင်းနှင့် အခြေခံဗဟုသုတအပြင် ဘာသာရပ်ဆိုင်ရာ ကျွမ်းကျင်သူများဖြစ်အောင် ကြိုးစားသွားကြရန် မှာကြားခဲ့သည်။

ထို့နောက် လွတ်လပ်သောကုန်သွယ်မှုဆိုင်ရာ ကုန်စည်ကုန်သွယ်ရေး၊ ပင်ရင်းနိုင်ငံ စည်းမျဉ်းနှင့် ဝန်ဆောင်မှု ကုန်သွယ်မှု ကုန်သွယ်ရေးကဏ္ဍ အသိပညာပေးသင်တန်းတွင် ဆုရရှိကြသူများအား ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်က လည်းကောင်း၊ ကုန်သွယ်မှုလုပ်ထုံး လုပ်နည်းသင်တန်းတွင် ထူးချွန်ဆုရရှိကြသူများအား ဒုတိယဝန်ကြီး ဦးအောင်ထူးကလည်းကောင်း ဆုများ အသီးသီးပေးအပ်ချီးမြှင့်သည်။ ယင်းနောက် ကုန်သွယ်ရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဦးရန်နိုင်ထွန်းက သင်တန်းသူတစ်ဦးအား သင်တန်းဆင်းလက်မှတ်များ ပေးအပ်ခဲ့သည်။ အဆိုပါ သင်တန်းသို့ သင်တန်းသူ/သား ၇၉ ဦး တက် ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

**MOC(IR)**

**စာမျက်နှာ - ၃ ပြည်ထောင်စုဝန်ကြီးဒေါက်တာသန်းမြင့် ဝန်ကြီးဌာနလုပ်ငန်း .... မှအဆက်**

(International Trade) ကိုပါ မျှမျှတတ တိုးတက်ရန် ကြိုးစားသွားရမည်ဖြစ်ကြောင်း၊ ကုန်သွယ်မှုမြှင့်တင်ရေးအတွက် အဓိကတာဝန်ယူဆောင်ရွက်ရသည့် ဝန်ကြီးဌာနဖြစ်သဖြင့် ကုန်သွယ်မှုလုပ်ငန်း ကိစ္စရပ်များအပေါ် အနှောင့်အယှက် အဟန့်အတားဖြစ်စေနိုင်သော ကိစ္စရပ်များ၊ တရားမဝင်ကုန်ပစ္စည်းများ ဝင်ရောက်မှု အခြေအနေ၊ ကုန်သွယ်မှုကိစ္စရပ်များနှင့် ဆက်စပ်လျက်ရှိသော နယ်မြေအသီးသီး၌ ဖြစ်ပေါ်လျက်ရှိသော သတင်းအချက်အလက်များကို အချိန်နှင့်တစ်ပြေးညီ ရယူပြီး သက်ဆိုင်ရာ အဖွဲ့အစည်းအဆင့်ဆင့်သို့ တင်ပြအသိပေးမှုများ စဉ်ဆက်မပြတ် လုပ်ဆောင်ကြရန် အသိပေး ပြောကြားလိုကြောင်း၊ ကုန်သွယ်မှုနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရန်မိမိဝန်ကြီးဌာနတစ်ခုတည်း ဆောင်ရွက်ရမည့် ကိစ္စရပ်များရှိသလို အခြားဝန်ကြီးဌာနများနှင့် ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ရမည့်ကိစ္စရပ်များ၊ အခြားဝန်ကြီးဌာနများမှ ဆောင်ရွက်ပေးရန်အတွက် တွန်းအားပေးဆောင်ရွက်ရန် ကိစ္စရပ်များ ရှိပါကြောင်း၊ နိုင်ငံတော်အကျိုးစီးပွား တိုးတက်စေရန်အတွက် ပုဂ္ဂလိကလုပ်ငန်းရှင်များ၏ အခက်အခဲများကိုအတတ်နိုင်ဆုံးဖြေရှင်းဆောင်ရွက်ပေးရမှာဖြစ်ပြီး ဖြေလျှော့မှုများကိုလည်း ဆောင်ရွက်ပေးရမှာဖြစ်ကြောင်း စသည်ဖြင့် ပြောကြားပြီး ဒုတိယဝန်ကြီး ဦးအောင်ထူးက ဖြည့်စွက်ရှင်းလင်းပြောကြားသည်။

ထို့နောက် ဌာနသုံးခုမှ တာဝန်ခံများက ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်အတွင်းလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နိုင်မှု၊ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် ရှေ့ဆက်အကောင်အထည်ဖော် ဆောင်ရွက်မည့် လုပ်ငန်းစဉ်များအား ရှင်းလင်းတင်ပြကြ သည်။

ဆက်လက်၍ ဆွေးနွေးတင်ပြချက်များအပေါ် သက်ဆိုင်ရာ ဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ်များက ပြန်လည်သုံးသပ်ဆွေးနွေးကြပြီး အမြဲတမ်းအတွင်းဝန်က ဝန်ကြီးဌာနအနေဖြင့် ရှေ့ဆက်ဆောင်ရွက်ရမည့်လုပ်ငန်းများအား ရှင်းလင်းတင်ပြပြီး ဒုတိယဝန်ကြီး ဦးအောင်ထူးက ပြန်လည်သုံးသပ် ဆွေးနွေးခဲ့ပါသည်။

အဆိုပါ အစည်းအဝေးသို့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ တိုင်းဒေသကြီး/ပြည်နယ်များမှ ဦးစီးမှူးများ၊ နယ်စပ်ကုန်သွယ်ရေးစခန်းများမှ စခန်းတာဝန်ခံများနှင့် တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သတင်းရရှိသည်။

**MOC(IR)**

## အိမ်ခြံမြေကဏ္ဍ

| စဉ် | အိမ်/အခန်း | တည်နေရာ | အကျယ်အဝန်း | ပါဝင်ပုံ | ဈေးနှုန်း | သီးခြားအချက် | ဆက်သွယ်ရန် |
|---|---|---|---|---|---|---|---|
| ၁။ | အဆင့်မြင့်တိုက်ခန်း | စမ်းချောင်းမြို့နယ် | ၁၁၀၀ စ/ပေ | MB (၁)၊ BR (၂) | ၈ သိန်း၊ ၁၄၀၀ သိန်း | ၁ လအငှားနှုန်းနှင့်ရောင်းနှုန်း | ၀၉/၅၁၁၇၂၆၂ |
| ၂။ | တိုက်ခန်း | ဗိုလ်တထောင်မြို့နယ်၊ (၄၈)လမ်း | (၁၂.၅ x ၄၇)ပေ | (၅) လွှာ၊ ဟောလ် | ၆၈၀ သိန်း | | ၀၉/၉၇၆၂၁၁၂၃ |
| ၃။ | တိုက်ခန်း | သယ်န်းကျွန်းမြို့နယ် | (၁၂.၅ x ၄၇)ပေ | | ၂၃၀ သိန်း | | ၀၉/၉၇၆၂၁၁၂၃ |
| ၄။ | မြေ | ရန်ကင်းမြို့နယ်၊ ကျောက်ကုန်း | (၅၀ x ၇၅)ပေ | ဂရန်မြေ | ၉၃၀၀ သိန်း | အုတ်တံတိုင်းခတ်ပြီး | ၀၉/၅၁၁၇၂၆၂ |
| ၅။ | လုံးချင်းအိမ် | ရန်ကင်းမြို့နယ်၊ ဘောက်ထော် | (၅၀ x ၁၀၀)ပေ | RC (၁) ထပ် | ၉၅၀၀ သိန်း | | ၀၉/၅၁၁၇၂၆၂ |
| ၆။ | လုံးချင်းအိမ် | သယ်န်းကျွန်းမြို့နယ်၊ သုမင်္ဂလာအိမ်ရာ | (၈၀ x ၈၀)ပေ (၃၀ x ၂၇)ပေ | RC (၂) ထပ်၊MB (၃) ခန်း | ၂၃ သိန်း | အသင့်နေ တစ်လအငှားနှုန်း၊ ရပ်ကွက်သန့် | ၀၉/၅၁၁၇၂၆၂ |
| ၇။ | တိုက်ခန်း | အင်းစိန်မြို့နယ်၊ မြို့သစ် (၈) ရပ်ကွက် | (၁၈ x ၅၄)ပေ | မြေညီဟောလ် | ၆၀၀ သိန်း | | ၀၉/၂၅၀၃၇၆၃၇၉ |
| ၈။ | တိုက်ခန်း | မင်္ဂလာတောင်ညွန့်မြို့နယ်၊ ဖဆပလအိမ်ရာ | (၁၂.၅ x ၄၅)ပေ | (ပ) ထပ် | ၆၀၀ သိန်း | လမ်းမနှင့်နီး၊ အသင့်နေ | ၀၉/၅၁၁၇၂၆၂ |
| ၉။ | မြေ/အိမ် | ပြင်ဦးလွင်မြို့ | မြေ ၆၀၀၀ စ/ပေ အိမ် ၁၂၀၀ စ/ပေ | MB (၂) ခန်း | ၃. ၅ သိန်း | ၁လ အငှားနှုန်း | ၀၉/၅၁၁၇၂၆၂ |

# Mobil 1 သုံးစွဲသူများအတွက် စင်ကာပူခရီးစဉ်ကံထူးရှင်အား MJK & AKT Petroleum Co. Ltd., က မဲနှိုက်ရွေးချယ်ပေးခဲ့




အမေရိကန်အခြေစိုက် ကမ္ဘာကျော် ရေနံကုမ္ပဏီတစ်ခုဖြစ်သော Exxon Mobil ၏ ထုတ်ကုန်များကို တရားဝင် တင်သွင်းရောင်းချလျက်ရှိသည့် MJK & AKT Petroleum Co. Ltd., က Mobil အင်ဂျင်ဝိုင်သုံးစွဲသူများအား ကျေးဇူးတုံ့ပြန်သည့်အနေဖြင့် စင်ကာပူခရီးစဉ်ကံထူးရှင် ရွေးချယ်ပွဲကို ဇူလိုင် ၁၅ ရက်က နိုဗိုတယ်ဟိုတယ်မက်စ်၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် လစဉ်ကံစမ်းမဲအစီအစဉ်၏ ဇွန်လကံထူးသူများကို ဦးစွာ မဲနှိုက်ရွေးချယ်ပေးခဲ့ပြီး ပထမဆု iPhone 7, ဒုတိယဆု iPhone SE, တတိယဆု Samsung Tablet J, စတုတ္ထဆု Samsung J2 Prime နှင့် ပဉ္စမဆု Samsung J1 Prime ကံထူးရှင်များအား ဖုန်းဖြင့် ချက်ချင်းဆက်သွယ်အကြောင်းကြားပေးခဲ့သည်။

အထူးအစီအစဉ် ဖြစ်သော စင်ကာပူခရီးစဉ် ကံထူးရှင်အတွက် ပဏာမရွေးချယ်ခြင်းခံထားရသူ ငါးဦးအနက်မှ မဲနှိုက်ရွေးချယ်ပေးခဲ့ရာ ယင်းဆုအတွက် မဟာစိုး ကားဆားဗစ်စင်တာမှ ကိုအေးကိုက ကံထူးသွားခဲ့သည်။

စင်ကာပူခရီးစဉ် ကံထူးသူအနေဖြင့် စင်ကာပူနိုင်ငံတွင် ကျင်းပမည့် Formula 1 ကားပြိုင်ပွဲကို ကြည့်ရှုခွင့်ရမည့်အပြင် စင်ကာပူနိုင်ငံ၏ အထင်ကရနေရာများသို့လည်း သွားရောက်လည်ပတ်ခွင့်ရရှိမည်ဖြစ်သည်။

ထို့အပြင် ကံထူးသူအနေဖြင့် အဖော်တစ်ယောက် ခေါ်ဆောင်သွားခွင့်ရှိသည့်အပြင် ကံထူးသူအား Mobil အင်ဂျင်ဝိုင် ရောင်းချပေးခဲ့သော ကိုယ်စားလှယ်လည်း လိုက်ပါခွင့်ရရှိမည်ဖြစ်သည်။ ပဏာမ ရွေးချယ်ခြင်းခံထားရပြီး စင်ကာပူနိုင်ငံခရီးစဉ်နှင့်လွဲချော်ခဲ့သူလေးဦးအား MJK & AKT Petroleum Co. Ltd., က Mobil 1 အင်ဂျင်ဝိုင်တစ်ဘူးစီ လက်ဆောင်ပေးအပ်ခဲ့ကြောင်း သိရသည်။

**မယ်သီတာ**

## ရန်ကုန်မြို့ တစ်ပတ်အတွင်း မော်တော်ယာဉ်ဈေးနှုန်းများ

| စဉ် | အမျိုးအစား/MDL | အက္ခရာ | ဈေးနှုန်း | မှတ်ချက် |
|---|---|---|---|---|
| ၁။ | မတ်(စ်)အိပ်(စ်) (၂၀၀၆) | ယာယီ | ၃၇၅ သိန်း | 3.0 ဓာတ်ဆီ |
| ၂။ | အာလ်ဖတ် (၂၀၀၅) | H | ၅၀၀ သိန်း | 3.0 ဓာတ်ဆီ |
| ၃။ | စီအာဗီ/ဟွန်ဒါ (၂၀၀၇) | N | ၄၅၀ သိန်း | 2 .4 ဓာတ်ဆီ |
| ၄။ | တိုယိုတာခရောင်း (၂၀၀၄) | G | ၃၄၀ သိန်း | 2.5 ဓာတ်ဆီ |
| ၅။ | ဟွန်ဒါဖစ် (၂၀၁၂) | ယာယီ | ၂၀၀ သိန်း | 1.3 ဓာတ်ဆီ၊ နယ်လိုင်စင် |
| ၆။ | ပရိုဘောက်၊ ဆက်စီ(၂၀၁၁) | ယာယီ | ၁၈၀ သိန်း | 1.5 ဓာတ်ဆီ |
| ၇။ | ပါဆို (၂၀၁၂) | ယာယီ | ၁၄၈ သိန်း | 1.0 ဓာတ်ဆီ |
| ၈။ | နီဆန်းနုတ် (၂၀၁၄) | ယာယီ | ၁၈၀ သိန်း | 1.3 ဓာတ်ဆီ၊ နယ်လိုင်စင် |
| ၉။ | ဟွန်ဒါအင်ဆိုက် (၂၀၁၀) | ယာယီ | ၁၉၀ သိန်း | 1.3 ဓာတ်ဆီ၊ နယ်လိုင်စင် |

# စစ်ကိုင်းတိုင်းဒေသကြီး၊ မြန်မာနိုင်ငံလက်လီရောင်းချသူများအသင်းမှ ကြီးမှူး၍ မုံရွာမြို့တွင် စီးပွားရေးဆိုင်ရာ အခမဲ့ဟောပြောပွဲကျင်းပ

မြန်မာနိုင်ငံ လက်လီရောင်းချသူများအသင်း (စစ်ကိုင်းတိုင်းဒေသကြီး) မှကြီးမှူး၍ စီးပွားရေးဆိုင်ရာ ဟောပြောပွဲကို ဇူလိုင်၁၆ရက်က မုံရွာမြို့ မြစန္ဒာခန်းမ၌ကျင်းပခဲ့ရာ ဖိတ်ကြားထားသူများ၊ဌာနဆိုင်ရာများနှင့် စိတ်ဝင်စားသူများ စုစုပေါင်း ၃၀၀ကျော် တက်ရောက်ခဲ့ပါသည်။ စစ်ကိုင်းတိုင်းဒေသကြီး အသင်းခွဲဖွဲ့စည်းသည့် (၂)နှစ်မြောက်နှစ်ပတ်လည် အထိမ်းအမှတ်အဖြစ် ကျင်းပခဲ့ခြင်းဖြစ်ပြီး ဥက္ကဋ္ဌဦးကျော်သန်းလှိုင်က နှုတ်ခွန်းဆက်စကားပြောကြားကာ ဗဟိုအသင်းဒုတိယဥက္ကဋ္ဌ ဦးနိုင်လင်းက အသင်းဖွဲ့စည်းရခြင်း၏ရည်ရွယ်ချက်များ၊ လုပ်ငန်း ဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းပြောကြားခဲ့ပါသည်။

လက်လီလုပ်ငန်းသည်သေးငယ်သည် ဟုထင်ရသော်လည်း အများဆုံးဆောင်ရွက်နေသည့် စီးပွားရေးလုပ်ငန်းဖြစ်သဖြင့် စုစည်းလိုက်ပါက အလွန်ကြီးမားသော အသင်းအင်အားကိုရရှိသဖြင့် လက်လီလုပ်ငန်းဖွံ့ဖြိုးတိုးတက်သည်နှင့်အမျှ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မည်ဖြစ်ပါကြောင်း၊ ပြည်တွင်းလက်လီ လုပ်ငန်းများ၏ အခက်အခဲများကို ကူညီပံ့ပိုးဖြေရှင်းပေးနိုင်ရန် အခြားနိုင်ငံများ၏ ဗဟုသုတများကို နည်းယူနိုင်စေရန် ယခုလိုတွေ့ဆုံပွဲ၊ဟောပြောပွဲကျင်းပပြုလုပ်ရခြင်းဖြစ်ကြောင်း ပြောကြားပါသည်။

အဆိုပါဟောပြောပွဲတွင်Device Business Management Academy၏ကျောင်းအုပ်ကြီး ဦးတင်ဇံကျော်က "မိရိုးဖလာစီးပွားရေးမှသည်ခေတ်မီစီးပွားရေးဆီသို့" ခေါင်းစဉ်ဖြင့်ဟောပြောဆွေးနွေးခဲ့ကြောင်း သတင်းရရှိပါသည်။ **ရီလင်းထွဋ်(မုံရွာ)**



# ရွှေဘိုခရိုင်၊ ရေဦးမြို့နယ်တွင် GAPအမြင်ဖွင့်သင်တန်း ဖွင့်လှစ်ပြီး ထုတ်ကုန်လုံခြုံစိတ်ချရမှုဆောင်ရွက်

ရွှေဘိုခရိုင်၊ရေဦးမြို့နယ်၊အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ရွှေနဒီဦးအစည်းအဝေးခန်းမ၌ ဇူလိုင် ၁၉ရက်တွင် တိုင်းဒေသကြီး ဖရဲ၊သခွား၊သစ်သီးဝလံနှင့်ပန်းမန်တင်ပို့ရောင်းချသူများအစုအဖွဲ့၊ တိုင်းဒေသကြီးဖရဲ၊ သခွားစိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများ အစုအဖွဲ့မှ ကြီးမှူးပြီး မြို့နယ်ဖရဲ၊သခွားစိုက်ပျိုးထုတ်လုပ် တင်ပို့ရောင်းချသူများအစုအဖွဲ့၊ မြို့နယ်စားသုံးသူရေးရာဦးစီးဌာနမှ ကူညီဆောင်ရွက်လျက် စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချမှု GAPအမြင်ဖွင့် သင်တန်းဖွင့်လှစ်ပို့ချခဲ့ရာ စားသုံးသူရေးရာဦးစီးဌာန၊ မြို့နယ်တာဝန်ခံကိုယ်တိုင်တက်ရောက်ခဲ့ပါသည်။ ၎င်းသင်တန်း၌ သင်တန်းဆရာသုံးဦးက ပရိုဂျက်တာများဖြင့် GAPစနစ်၏ ကောင်းကျိုးများကို သိမြင်လာစေရန် အမြင်ဖွင့်သင်ကြားပေးပြီး သင်တန်းသားများအား သင်တန်းဆင်းလက်မှတ်များ ချီးမြှင့်ပေးအပ်ခဲ့ပါသည်။

သင်တန်းဆင်းပွဲတွင် စားသုံးသူရေးရာဦးစီးဌာန၊ ရေဦးမြို့နယ်တာဝန်ခံက သင်တန်းတက်ရောက်သူ သင်တန်းသား ၆၃ ဦးအား စားသုံးသူအကာအကွယ်ပေးရေးဥပဒေအကြောင်း၊ ဝန်ဆောင်မှုများအကြောင်းကို ရှင်းလင်းဆွေးနွေးပြီးနောက် ဖရဲ၊ သခွားနှင့်သစ်သီးဝလံများ စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချရာတွင် စားသုံးသူပြည်သူများ ဘေးအန္တရာယ်ကင်း၍ လုံခြုံစိတ်ချစွာ စားသုံးနိုင်ရေးအတွက်GAPအမြင်ဖွင့်သင်တန်းမှပို့ချသည့်ကောင်းမွန်သော ထုတ်လုပ်မှုအလေ့အကျင့်ကောင်းများအတိုင်း စနစ်တကျ စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချမှသာ ထုတ်ကုန်လုံခြုံစိတ် ချရမှုရှိမည်ဖြစ်သဖြင့် စနစ်တကျလိုက်နာဆောင်ရွက်ကြရန် ရှင်းလင်းဆွေးနွေးပြီး ထုတ်ကုန်လုံခြုံစိတ်ချရမှုလုပ်ငန်းဆောင်ရွက်ခဲ့ကြောင်းသတင်းရရှိပါသည်။ **အောင်ညွန့်(ရေဦး)**

# ခနောဖြူမြို့နယ်တွင် ကီလိုမာလကာ စိုက်ပျိုးအောင်မြင်

ဧရာဝတီတိုင်းဒေသကြီး၊ မအူပင်ခရိုင်၊ ခနောဖြူမြို့နယ် ငွေလဝန်းကျေးရွာတွင် ကီလိုမာလကာပင်များ စိုက်ပျိုးဖြစ်ထွန်းနေကြောင်းသိရသည်။ငွေလဝန်းကျေးရွာမှ ကီလိုမာလကာပင်စိုက်ပျိုးသူ ဦးထွန်းသောင်းက ကီလိုမာလကာ စိုက်ဧကသုံးဧကခန့် စိုက်ပျိုးထားရှိပြီး အပင်ပေါင်း ၃၀၀၀ ခန့်ရှိကြောင်း၊ အပင်ငယ်တစ်ပင်လျှင် ကျပ် ၃၀၀ ဖြင့် ဝယ်ယူစိုက်ပျိုးခဲ့ရကြောင်း၊ စိုက်ပျိုးထားရှိပြီး ခြောက်လ၊ ခုနစ်လအကြာတွင် အသီးများသီးလာကြောင်း၊ ခြောက်လ၊ ခုနစ်လအတွင်း မြန်မာ့သြဘာမှ ရောင်းချသည့် ဓါတ်မြေသြဇာသာ ကျွေးခဲ့ကြောင်း၊ တစ်ပင်လျှင် ပျမ်းမျှ ၂၅ လုံးခန့်သီးပြီး ၁၅ လုံးခန့်မှာ တစ်လုံးလျှင် ကျပ် ၁၈၀ ဖြင့် ရောင်းချခဲ့ရကြောင်း၊ ကျန် ၁၀ လုံးမှာ အသီးအရည်အသွေးနိမ့်ကျသဖြင့် ကျပ် ၆၀ မှ ကျပ် ၇၀ ဖြင့်သာ ရောင်းချရကြောင်း၊ အသီးတစ်ပြန်ရောင်းချလျှင် ကျပ် ခြောက်သိန်းခန့်ရရှိကြောင်း သိရှိရပါသည်။

မာလကာပင်များရှိ အသီးများကိုစက္ကူကပ်၍ ပလပ်စတစ်စွတ်ပြီး မှည့်စွန်းများမရှိအောင် ဆောင်ရွက်နေမှုအား မအူပင်ခရိုင်ဦးစီးမှူးနှင့်အဖွဲ့က လေ့လာကြည့်ရှုပြီး ပြည်တွင်းဈေးကွက်သာမက ပြည်ပဈေးကွက်သို့ တင်ပို့ရောင်းချနိုင်ရန် နည်းပညာ၊ သွင်းအားစုနှင့် ဈေးကွက်ရရှိရေးတို့ကိုဆွေးနွေးခဲ့ကြောင်းသိရှိရပါသည်။ **MTConsumer**



# ပုသိမ်မြို့ အသေးစားနှင့်အလတ်စား စက်မှုလုပ်ငန်းဦးစီးဌာန၏လုပ်ငန်းမြှင့်တင်ရေးနည်းဥပဒေဆွေးနွေးပွဲ ကျင်းပ

ပုသိမ်မြို့ အသေးစားနှင့်အလတ်စား စက်မှုလက်မှုလုပ်ငန်းဦးစီးဌာန၏အသေးစားနှင့် အလတ်စားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လုပ်ငန်းမြှင့်တင်ရေးနည်းဥပဒေဆွေးနွေးပွဲအခမ်းအနားကို ဇူလိုင်လ ဒုတိယပတ်တွင် ပုသိမ်မြို့ အသေးစားနှင့် အလတ်စား စက်မှုလက်မှုလုပ်ငန်းဦးစီးဌာနတွင် ကျင်းပခဲ့သည်။ အဆိုပါ ဆွေးနွေးပွဲတွင် တိုင်းဦးစီးမှူး ဦးစိုးနိုင်ထူး၊ ARCCI အသင်းအတွင်းရေးမှူး ဦးမောင်မောင်ဦးတို့က ရှင်းလင်းဆွေးနွေးခဲ့ရာ ပုသိမ်မြို့ပေါ်ရှိ စီးပွားရေးလုပ်ငန်းရှင် ၅၀ ဦးခန့် တက်ရောက်ခဲ့ပါသည်။

တိုင်းဦးစီးမှူး ဦးစိုးနိုင်ထူးက အသေးစားနှင့်အလတ်စား စက်မှုလက်မှုလုပ်ငန်း ဦးစီးဌာန၏ လုပ်ငန်း မြှင့်တင်ရေး ဥပဒေရည်ရွယ်ချက်များကိုလည်းကောင်း၊ ARCCI အသင်း အတွင်းရေးမှူး ဦးမောင်မောင်ဦးက အသေးစားလုပ်ငန်းရှင်များကို ငွေကြေးစီမံခန့်ခွဲခြင်း၊ ငွေကြေးစီမံခန့်ခွဲ ထိန်းသိမ်းခြင်းနှင့် ဈေးကွက်စီးပွားရေးစနစ်တွင် ရပ်တည်ရှင်သန်အောင်မြင်ရန် လိုအပ်နေသောအစိတ်အပိုင်းများ၊အရင်းအနှီးစီမံခန့်ခွဲမှုဆိုင်ရာကိစ္စရပ်များ၊ ဈေးကွက်သုံးသပ်မှု၊လုပ်ငန်းစီမံအုပ်ချုပ်မှု၊စီမံခန့်ခွဲမှု နည်းပညာနှင့်စီမံခန့်ခွဲမှုနည်းစနစ်များအကြောင်းအားလည်းကောင်း ရှင်းလင်းဆွေးနွေးပြောကြားခဲ့ကြောင်းသိရသည်။ **မင်းမင်းဦး(စီးပွားကူးသန်း)**


**နိုင်ငံတကာနှင့် ပြည်တွင်းကုန်သွယ်မှု လုပ်ငန်းများအတွက် အချက်အလက်များရရှိလိုပါက အောက်ပါဖုန်းနံပါတ်တို့ကို ဆက်သွယ်နိုင်ပါသည်**

(၁) မြန်မာကုန်သွယ်မှုဗဟိုဌာန (Myanmar Trade Center) ဖုန်း-၀၁ ၂၅၄၀၂၄ ဖက်စ်- ၀၁ ၂၅၄၀၂၃ အီးမေးလ်-itpic.moc@gmail.com

(၂) Myanmar-EU Trade Help Desk ဖုန်း- ၀၉ ၄၃၀ ၄၁ ၈၄၇ အီးမေးလ်- mmeu.tradehelpdesk@gmail.com


## ပြည်နယ်နှင့် တိုင်းဒေသကြီး အသီးသီးရှိ Consumer Complaint Center (CCC) များ၏ Contact Points များ

| | | |
|---|---|---|
| (၁) | ရန်ကုန်တိုင်းဒေသကြီး | ၂၂၈/၂၄၀၊ ဒုတိယထပ်၊ ကမ်းနားလမ်းနှင့်ရွှေဘုံသာလမ်းထောင့်၊ ရန်ကုန်မြို့။ Fax:01-254023, Ph:01-250270,254019 email: ygnmapt@gmail.com |
| (၂) | ပဲခူးတိုင်းဒေသကြီး(အနောက်) | ရတနာမာန်အောင်ဘုန်းကြီးကျောင်းအနီး၊ ပြည်မြို့။ Fax : 053-28220, Ph : 053-28032,28020 |
| (၃) | ပဲခူးတိုင်းဒေသကြီး(အရှေ့) | အောင်မြေသာရပ်ကွက်၊ ပိုလန်ဝင်း၊ ပဲခူးမြို့။ Ph : 052-2221844, 2221108, 2221036 |
| (၄) | ဧရာဝတီတိုင်းဒေသကြီး | ပုသိမ်မြို့။ Fax : 042-21811, Ph: 042-24520,24522 email: yiyinaingwin@gmail.com |
| (၅) | မန္တလေးတိုင်းဒေသကြီး | မန္တလေးမြို့။ Fax : 02-36340, Ph: 02-36342,36339 email: mdymapt@gmail.com |
| (၆) | ရခိုင်ပြည်နယ် | စစ်တွေမြို့။ Fax:043-23426,Ph:043-23426 |
| (၇) | မကွေးတိုင်းဒေသကြီး | အစိုးရရပ်ကွက်၊အနော်ရထာလမ်း၊မကွေးမြို့။ Fax : 063-23199, Ph : 063-23196,23197 |
| (၈) | ရှမ်းပြည်နယ်(တောင်ပိုင်း) | အရှေ့မြို့ပတ်လမ်း၊ ရေအေးကွင်းရပ်ကွက်၊ အမှတ်(၅)ဈေးမြောက်ဘက်၊ တောင်ကြီးမြို့။ Ph:081-2121615, Fax:081-2121627, email:dtptaunggyi@gmail.com |
| (၉) | ရှမ်းပြည်နယ်(အရှေ့ပိုင်း) | ရပ်ကွက်(၁)၊ နောင်ရေး၊ ကျိုင်းတုံမြို့။ Fax:084-21034,Ph:084-21034 |
| (၁၀) | ရှမ်းပြည်နယ်(မြောက်ပိုင်း) | အမှတ်(၉)၊ လေယာဉ်ကွင်းလမ်း၊ ထပရတပ်ရင်း(၆၂၆)နှင့် မျက်နှာချင်းဆိုင်၊ လားရှိုးမြို့။ Fax:082-23493,Ph:082-23039 |
| (၁၁) | ကရင်ပြည်နယ် | ဘားအံမြို့။ Fax:058-21666,Ph:058-21041 |
| (၁၂) | တနင်္သာရီတိုင်းဒေသကြီး | ကမ်းနားလမ်း၊ ဆိပ်ငယ်ရပ်ကွက်၊ မြိတ်မြို့။ Fax:059-41012,Ph:059-41012 |
| (၁၃) | ကချင်ပြည်နယ် | အမှတ်(၁၉၉)၊ မြို့သစ်ရပ်ကွက်၊ မြစ်ကြီးနားမြို့။ Fax:074-22459,Ph:074-22459 |
| (၁၄) | ကယားပြည်နယ် | (၈/၉)လမ်းကြား၊ ကန္တာရဝတီလမ်းနှင့် သီရိဒေါလမ်းကြား၊ နောင်ယား(က)ရပ်ကွက်၊ လွိုင်ကော်မြို့။ Fax:083-21005,Ph:083-21005 |
| (၁၅) | မွန်ပြည်နယ် | အမှတ်(၇)၊ အောက်လမ်းမကြီး၊ ဘိုကုန်းရပ်၊ မော်လမြိုင်မြို့။ Fax:057-24728, Ph:057-24318 |
| (၁၆) | စစ်ကိုင်းတိုင်းဒေသကြီး | သာစည်လမ်း၊ ဒေါနခြံရပ်၊ မီးရထားသံလမ်းနှင့် ဗိုလ်ချုပ်ကြေးရုပ်ကြား၊ မုံရွာမြို့။ Fax : 071-23630, Ph:071-23630,22924 |

## (၇) နေ့ သားသမီးများအတွက်


## စီးပွားရေး အကြံပေး ဟောကိန်း

## ၂၄-၇-၂၀၁၇ မှ ၃၀-၇-၂၀၁၇ ရက်နေ့ထိ


ဒေါ်မြတ်မြတ်အေး
(မြန်မာနိုင်ငံ ဝေဒသုတေသနအဖွဲ့)




**တနင်္ဂနွေသားသမီးများအတွက်** လုပ်ငန်းရေရှည်တည်တံ့ခိုင်မာနိုင်ရေးအတွက် ကြိုးပမ်းနေရပြီး လိုအပ်ချက်များကိုဖြည့်ဆည်းနေရတတ်ပါသည်။ ဝင်ငွေထွက်ငွေညီမျှနေသဖြင့် အမြတ်အစွန်းမရှိဘဲဖြစ်နေတတ်သည်။ ထောပတ်၊ စားသုံးဆီ လုပ်ငန်း အကျိုးအမြတ်ရရှိရန် သတိထားလုပ်ကိုင်ပါ။ ကျန်းမာရေးအတွက် ပညာပေးလုပ်ငန်းများပြု လုပ်နေရတတ်သည်။ စာပေပညာရှင်များနှင့်နီးစပ်မှုရှိနေသော်လည်း ဆက်ဆံရေးသိပ်မရှိတတ်ပါ။ အချစ်ရေးအတွက်မျှော်လင့်ချက်ကြီးမားစွာဖြင့်ရှိနေတတ်သည်။ **ယတြာ။ ။ဘုရားတွင်နေကြာပန်းလှူပါ။**




**တနင်္လာသားသမီးများအတွက်** ဥစ္စာခနေပေါကြွယ်ဝသောသူ၊ ဉာဏ်စွမ်းဉာဏ်စ၊ ရာထူးရှိ သူတို့၏စောင့်ရှောက်မှုကိုရတတ်သည်။ လုပ်ငန်းခွင်တွင်နည်းပညာသစ်များရှာဖွေရရှိမည်။ ယခုအခါတွင်ငွေ၊ ဘော်၊ ပတ္တမြား၊ စိန်၊ ပုလဲ၊ လက် ဝတ်ရတနာများအကျိုးပေးနေတတ်ပါသည်။ သုတေသနပြုသောလုပ်ငန်းပညာရပ်တို့တွင် အောင်မြင်နေမည်။ ကျန်းမာရေးတွင်ရုပ်ပိုင်းဆိုင်ရာကောင်းနေတတ်သော်လည်း၊ စိတ်ပိုင်းဆိုင်ရာလျော့နည်းနေတတ်သည်။ အချစ်ရေး၊ အိမ်ထောင်ရေးတွင် ရုပ်ရည်လှပသပ်ရပ်သောသူနှင့်မေတ္တာမျှရတတ်သည်။ **ယတြာ။ ။ဘုရားတွင်စကားဝါပန်းလှူပါ။**



**အင်္ဂါသားသမီးများအတွက်** လုပ်ငန်းခွင်တွင်ရဲဝံ့စွန့်စားလိုစိတ်ရှိနေမည်။ အရာရာတွင်လှံ့လဇွဲတို့ကို မလျော့သောသတိဖြင့် တင်းခံနိုင်စွမ်းရှိနေတတ်သည်။ ကြံ၊ အခွံပါးသောသီးနှံ၊ သစ်သီးဝလံ၊ ယမကာလုပ်ငန်းများ အကျိုးအမြတ်ရရှိတတ်သည်။ ငွေနှင့်ပစ္စည်းစုဆောင်းမိတတ်ပါသည်။ စာပေပညာရပ်များ လေ့လာသင်ယူနေရတတ်သည်။ သွေးအားနည်းခြင်းရောဂါကာကွယ်ကုသခြင်းဖြင့် လက်ဦးမှုကိုရယူပါ။ အချစ်ရေးတွင်စိတ်ထားဖြောင့်မတ်သူနှင့်ကြုံရတတ်သည်။
**ယတြာ။ ။ ဘုရားတွင်ဇွန်ပန်းလှူပါ။**




**ဗုဒ္ဓဟူးသားသမီးများအတွက်** မိမိလုပ်ငန်းကိုသူတစ်ပါးဝင်ရောက်လုပ်ခြင်းမျိုးရှိတတ်သဖြင့် သတိပြုပါ။ ယှဉ်ပြိုင်ရမှုကြုံသော်လည်း မိမိကအနိုင်ရတတ်ပါသည်။ ငွေကြေးကံကောင်းနေတတ်သည်။ လျှို့ဝှက်ကြံစည်ဆောင်ရွက်သောကိစ္စများတွင် အကျိုးအမြတ်ရရှိတတ်ပါသည်။ စိတ်ကူးမရှိဘဲခရီးသွားခြင်းဖြင့် မမျှော်လင့်ဘဲချစ်သူတွေ့တတ်ပါသည်။ ပညာရေးဆိုင်ရာအားနည်းမှုရှိလာတတ်သည်။ အရာရာအလောတကြီးမဆုံးဖြတ်သင့်ပါ။ ကျန်းမာရေးမျက်စိဝေဒနာသတိရှိပါ။
**ယတြာ။ ။ဇီဇဝါပန်းလှူပါ။**



**ကြာသပတေးသားသမီးများအတွက်** စိတ်ဆန္ဒလောကြီးနေတတ်သည်။ ငွေကြေးကိစ္စများဆင်ဆင်ခြင်ခြင်ဆောင်ရွက်နိုင်မှသင့်တော်ရုံရှိမည်။ သတိပညာနှင့်ဆောင်ရွက်မည်ဆိုလျှင် အိမ်၊ ခြံ၊ မြေ၊ အဆောက်အဦကိစ္စများအောင်မြင်မှုရရှိမည်။ စည်းစိမ်သစ်များရရှိမည်။ အလုပ်ကိစ္စစိတ်ဖိစီးမှုကြောင့် ကျန်းမာရေးသာမန်ရောဂါများဖြစ်တတ်သည်။ အချစ်ရေး၊ အိမ်ထောင်ရေးတွင်တစ်ဦးနှင့်တစ်ဦးယုယမှုများကြောင့်ဘဝအမောပြေနေတတ်ပါသည်။ **ယတြာ။ ။ဘုရားတွင်ကြာပန်းကပ်လှူပါ**



**သောကြာသားသမီးများအတွက်** အလုပ်အကိုင်အမျိုးမျိုးလုပ်ကိုင်နေရတတ်သည်။ အခက်အခဲကြုံပြီးမှ ငွေကြေးရရှိမှုလည်းကြုံရတတ်ပါသည်။ စီးပွားရေးတွင်အထည်အလိပ်ထုတ်လုပ်ရောင်းဝယ်ခြင်းဖြင့် အမြတ်အစွန်းရရှိတတ်ပါသည်။ နှလုံးသားအရေးတွင် အစွဲအလမ်းကြီးစွာဖြင့် ခံစားနေရတတ်သည်။ ဥပဒေပြုရေးပညာရပ်များတွင် ထူးချွန်မှုများရှိလာတတ်သည်။ ကျန်းမာရေး ကောင်းမွန်နေမည်။ သင့်အတွက်အားထားရမည့်ဆွေမျိုးအသိုင်းအဝိုင်းများရောက်ရှိလာတတ်သည်။
**ယတြာ။ ။သစ်ခွပန်းလှူပါ။**



**စနေသားသမီးများအတွက်** လုပ်ငန်းကိစ္စများကိုရေရှည်မျှော်တွေးပြီး ဖွံ့ဖြိုးစွာလုပ်ကိုင်နေရတတ်ပါသည်။ စီးပွားရေးလုပ်ငန်းများမှာ သတ္တုတွင်းလုပ်ငန်း၊ လျှပ်စစ်နှင့်ပတ်သက်သောလုပ်ငန်း၊ ဆေးဝါးလုပ်ငန်းများအကျိုးပေးသန်နေတတ်ပါသည်။ ပညာရေးအနေဖြင့် သုတေသနပြုခြင်းများတွင် အဆင်ပြေနေတတ်ပါသည်။ ကျန်းမာရေးတွင်စိတ်ဓာတ်နှင့်ခန္ဓာကြံ့ခိုင်မှုအားနည်းနေတတ်သည်။ အချစ်ရေးတွင် မေတ္တာ၊ သစ္စာနဲ့သိုင်းခြုံထားမှန်းသိသဖြင့်လေးစားသနားလာတတ်လိမ့်မည်။
**ယတြာ။ ။အင်ကြင်းပန်းလှူပါ။**

## ပြည် မန်ကျည်းမှည့် နယ်ဝယ်လက်ရှိပြီး ဈေးကွက်ဝင်ရောက်မှုများလာ

ပြည် မန်ကျည်းမှည့်(ပွဲရုံ)များသို့ ဟသ်ာတ၊ မြန်အောင်၊ ကြံခင်း၊ ထုံးဘို၊ ပန်းတောင်းတို့မှ ယခင်ရက်သတ္တပတ်များကထက် မန်ကျည်းမှည့် ပိဿာချိန် ပိုမိုဝင်ရောက်လာပါတယ်။ ရန်ကုန်နဲ့ ရခိုင်ဝယ်လက်များထံသို့လည်း ပုံမှန် တင်ပို့နေရသလို မန်ကျည်းမှည့်ဈေးကလည်း ဈေးငြိမ်လျက်ရှိနေပါတယ်။

ယခုတစ်ပတ် မန်ကျည်းမှည့် တစ်ပိဿာလျှင် ပွဲရုံဈေး ကျပ် ၃၂၀၀ ရှိပြီး ဒေသတွင်း မန်ကျည်းမှည့်ဈေး ကျပ် ၃၆၀၀ အထိ ကျဆင်းလာတာ တွေ့ရပါတယ်။ ဈေးကွက်အတွင်း ပွဲရုံများသို့ အစေ့အနည်းငယ်ပါ မန်ကျည်းမှည့်လည်း ဝင်ရောက်လာတာတွေ့ရပြီး ဈေးနှုန်း အနည်းငယ် ကျဆင်းလာတာလည်း တွေ့ရပါတယ်။ ဒေသတွင်း ဈေးများတွင် လက်လီ တစ်ပိဿာဈေး (အစေ့ပါ) ကျပ် ၃၀၀၀ နဲ့ အရောင်းအဝယ်ဖြစ်နေတာ တွေ့ရပါတယ်။ ပွဲရုံဈေးကတော့ (အစေ့ပါ) ကျပ် ၂၇၀၀ သာရှိပြီး ယခုတစ်ပတ်မှ ဝင်ရောက်နေတာ ဖြစ်ပါတယ်။

မန်ကျည်းသီးစိမ်းများလည်း ဈေးကွက်သို့ ဝင်ရောက်နေပြီး လက္ကား တစ်ပိဿာကျပ် ၄၀၀၀ နှင့် လက်လီဈေးကျပ် ၆၀၀၀ တို့ဖြင့် ရောင်းချလျက်ရှိပါတယ်။ မန်ကျည်းသီးစိမ်းပေါ်စဖြစ်လို့ စားသုံးသူများမှ ဝယ်ယူမှုရှိတာကြောင့် အရောင်းအဝယ်ကောင်းနေကြောင်း တွေ့ရပါတယ်။

**နီနီဝင်း**

## မုံရွာကုန်စည်ဒိုင်တွင် နှမ်းသီးနှံ အရောင်းအဝယ်ပုံမှန်ဖြစ်

မုံရွာကုန်စည်ဒိုင်သို့ဆီထွက်သီးနှံဖြစ်သောနှမ်းအိတ် ၁၀၀၀ ခန့် နေ့စဉ် ဝင်ရောက်လျက်ရှိပြီး နှမ်းနက်ကတော့ အရောင်းအဝယ်သွက်လျက်ရှိကာ နှမ်းဖြူနဲ့ နှမ်းညိုကတော့ ပုံမှန် အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း သိရပါတယ်။ ယခုတစ်ပတ် နှမ်းသီးနှံ ပေါက်ဈေးနှုန်းကတော့ နှမ်းဖြူတစ်ပိဿာ ကျပ်၂၃၃၃နဲ့ အိတ် ၂၀၀ ခန့်၊ နှမ်းညိုတစ်ပိဿာ ၁၈၆၇ ကျပ်နဲ့ အိတ် ၃၀၀ခန့်၊ နှမ်းနက်တစ်ပိဿာ ကျပ် ၂၆၀၀နှုန်းနဲ့ အိတ်၅၀၀ခန့် အသီးသီး အရောင်းအဝယ်ပုံမှန်ဖြစ်လျက်ရှိပြီး နှမ်းနက်ကတော့ ယခုတစ်ပတ်မှာဈေးအနည်းငယ်တက်လာပြီး အရောင်းအဝယ်လည်းသွက်လာပါတယ်။ ယခင်နှစ်ကာလတူ အချိန်ပေါက် ဈေးနှုန်းနှင့်နှိုင်းယှဉ်ပါက ယခုနှစ်ပေါက်ဈေးနှုန်းကဈေးမြင့်နေကြောင်း သိရပါတယ်။ နှမ်းဖြူနဲ့နှမ်းညိုကို မန္တလေးဝယ် လက်ကဝယ်ယူပြီး နှမ်းညိုကို မြို့တွင်းဆီစက်သမားများကဝယ်ယူလျက်ရှိကြောင်း ကုန်စည်ဒိုင်သတင်းရပ်ကွက်မှ သိရပါတယ်။

**ကြည်ကြည်နွယ်(မုံရွာ)**

## ဇူလိုင်တတိယပတ်အတွင်း ပခုက္ကူကုန်စည်ဒိုင်၌ အရောင်းအဝယ်ဖြစ်ပေါ်ခဲ့သော ဈေးကွက်နှင့်ဈေးနှုန်း

ပခုက္ကူကုန်စည်ဒိုင်၌ ယခုတစ်ပတ်အတွင်း ပဲစင်းငုံ တစ်တင်းလျှင် ကျပ် ၁၈၆၀၀ ဖြင့် တင်း ၅၀၀ ကျော်အရောင်းအဝယ်ဖြစ်လျက်ရှိပါတယ်။ ကုလားပဲဖြူ V2 တစ်တင်းလျှင် ကျပ် ၄၁၅၀၀ နှင့်ကုလားပဲဝါ HL တစ်တင်းလျှင် ကျပ် ၃၈၅၀၀ ဈေးနှင့် ကုလားပဲဖြူလုံးကြီး 929 တစ်တင်းလျှင် ကျပ် ၃၉၀၀၀ ဈေးများဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိပါတယ်။ ပဲတီစိမ်း(ကြီး) တစ်တင်းလျှင်ကျပ် ၃၉၀၀၀ နှင့်ပဲတီစိမ်း(သေး) တစ်တင်းလျှင် ကျပ် ၃၈၄၀၀ ဖြင့် တင်းတစ်ရာကျော်ခန့် အရောင်းအဝယ်ဖြစ်လျက်ရှိပါတယ်။ ပခုက္ကူဒေသထွက် နှမ်းနီတစ်တင်းလျှင်ကျပ် ၂၈၀၀၀၊ နှမ်းညိုအသစ်တစ်တင်း လျှင်ကျပ် ၂၇၅၀၀၊ နှမ်းဝါအသစ်တစ်တင်းလျှင် ကျပ် ၂၉၅၀၀ နှင့်နှမ်းဝါကြားတစ်တင်းလျှင်ကျပ် ၂၈၅၀၀နှုန်းဖြင့် ကုန်စည်ဒိုင်တွင် အရောင်းအဝယ်ဖြစ်လျက်ရှိပါတယ်။ အခြားပဲများဖြစ်သည့် ပဲဇီးကွက် ကျပ် ၂၆၅၀၀၊ စွန်တာနီပြာ ကျပ် ၂၄၅၀၀၊ ပဲလွန်းပြာကျပ် ၂၁၅၀၀၊ ပဲနီပြားကျပ် ၂၁၀၀၀ ဈေးများဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း သိရပါ တယ်။

ကြက်သွန်နီဈေးမှာ တစ်ပိဿာလျှင်ထိပ်စ ၁၂၃၅ကျပ်၊ အလတ်စကျပ် ၁၁၅၀၊ အနိမ့် ကျပ် ၁၀၅၀ ဈေးဖြင့် တစ်နေ့လျှင် ပိဿာချိန် ၄၀၀၀၀ မှ ၆၀၀၀၀ ကြား အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်းသိရပါသည်။

**လှိုင်ဥမ္မာဦး(ပခုက္ကူ)**

## ဇူလိုင်တတိယပတ်အတွင်း ရေစကြိုကုန်စည်ဒိုင်၌ အရောင်းအဝယ်ဖြစ်ပေါ်ခဲ့သော ဈေးကွက်နှင့်ဈေးနှုန်း

ယခုတစ်ပတ်ရေစကြိုကုန်စည်ဒိုင်တွင် မြေပဲလုံးဆန်နီ(မြောင်) တစ်ပိဿာလျှင် ကျပ် ၂၄၀၀၊ ကွန်းဆန်တစ်ပိဿာလျှင်ကျပ် ၂၃၀၀၊ S1 မြေပဲလုံးဆန်ဖြူ ကျပ် ၂၃၀၀ ဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိပါတယ်။

ပဲဈေးနှုန်းအနေဖြင့် မတ်ပဲတစ်တင်းလျှင် ကျပ် ၂၂၀၀၀ မှ ကျပ် ၂၄၀၀၀၊ စွန်တာပြာတစ်တင်းလျှင် ကျပ် ၂၅၀၀၀၊ ပဲဇီးကွက်တစ်တင်းလျှင် ကျပ် ၂၆၅၀၀၊ ပဲနီပြားတစ်တင်း လျှင်ကျပ် ၂၁၅၀၀၊ ပဲတီစိမ်း(ပဲနောက်) တစ်တင်းလျှင် အနိမ့် ဈေးမှာကျပ် ၃၀၀၀၀ နှင့်အမြင့်ဈေးကျပ် ၃၈၀၀၀ ဈေးနှုန်းများဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိပါတယ်။ ကုလားပဲ HL တစ်တင်းလျှင် ကျပ် ၃၈၅၀၀၊ 929 တစ်တင်းလျှင် ကျပ် ၃၈၅၀၀၊ ကုလားပဲဖြူလုံးကြီး V2 တစ်တင်းလျှင် ကျပ် ၄၀၀၀၀ ဈေးနှုန်းဖြင့် အရောင်းအဝယ် ဖြစ်လျက်ရှိပါတယ်။ နှမ်းဖြူသန့်အနိမ့်ဈေးကျပ် ၃၂၀၀၀ နဲ့ အမြင့်ဈေးကျပ်၃၃၀၀၀၊ ပဲပိစပ်တစ်တင်းလျှင် ကျပ် ၁၅၀၀၀ ဖြင့် ရေစကြိုကုန်စည်ဒိုင်တွင် နေ့စဉ်အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း သိရှိရပါတယ်။

**လှိုင်ဥမ္မာဦး(ပခုက္ကူ)**

## ရှမ်းနနွင်းအရောင်းအဝယ်ခပ်ပါးပါးသာရှိ

ဒီတစ်ပတ်တော့ ရှမ်းနနွင်းက အရောင်းအဝယ် ခပ်ပါးပါးဖြစ်နေပါတယ်။ အောင်ပန်း နနွင်းထက် ဟိုပုံးနနွင်းက အရောင်းအဝယ်ဖြစ်နေပါတယ်။ ဟိုပုံးဈေးကွက်မှ နနွင်းတွေကို မူဆယ်ဝယ်လက်နဲ့ ရန်ကုန်ဝယ်လက်တွေက ဝယ်ယူနေပါတယ်။ မူဆယ်ဝယ်လက်တွေက နံပါတ်(၂) လို့ခေါ်တဲ့ နနွင်းကို တစ်ပိဿာ ကျပ် ၁၁၀၀ နဲ့ဝယ်ယူပြီး ရန်ကုန်ဝယ်လက်တွေကတော့ နံပါတ်(၁)နဲ့ နံပါတ်(၂) ရောနှောထားတဲ့ နနွင်းတွေကို ကျပ် ၁၄၅၀ နဲ့ဝယ်ယူနေတယ်လို့ သိရပါတယ်။ ဟိုပုံး ဈေးကွက်မှာတော့ နနွင်းအဝင် နည်းနေပြီး လက်ကျန် နနွင်းတွေကို အရောင်းအဝယ်ပြုလုပ်နေရတယ်လို့ သိရ ပါတယ်။ နနွင်းလက်ကျန်ကလည်း တန်ချိန်ထောင်ဂဏန်းခန့်သာကျန်တယ်လို့လည်း ဈေးကွက်မှသိရပါတယ်။ ဟိုပုံးဈေးကွက်မှာ အရောင်းအဝယ်ဖြစ်သွားတဲ့ ပမာဏကတော့ မူဆယ်ဝယ်လက်တွေကို ပိဿာချိန်နှစ်သိန်းခွဲခန့်နဲ့ ရန်ကုန် ဝယ်လက်က ပိဿာချိန် ငါးသောင်းခန့်ဖြင့်စုစုပေါင်း ပိဿာချိန် သုံးသိန်းအရောင်းအဝယ် ဖြစ်ခဲ့တယ်လို့ သိရှိရပါတယ်။ ဒီတစ်ပတ်ဟိုပုံးဈေးကွက်မှာ နနွင်းတစ်ပိဿာ ပေါက်ဈေးက ကျပ်၁၁၀၀မှကျပ် ၁၅၀၀၊အောင်ပန်းဈေးကွက်မှာတော့ တစ်ပိဿာကိုကျပ် ၁၅၀၀မှကျပ်၃၅၀၀ဈေးရှိပါတယ်။**ဇေခိုင် (တောင်ကြီး)**

# စားသုံးသူတွေကျန်းမာဖို့

wufnDufnDmuG,pfoY

**ရီလင်းထွင့်(မုံရွာ)**

စားသုံးသူ အကာအကွယ်ပေးရေး လုပ်ငန်းဟာ နိုင်ငံတိုင်းအတွက် မရှိမဖြစ် လိုအပ်လှတဲ့ အရာတစ်ခုပင်။ မြန်မာနိုင်ငံမှာတော့ အဲဒီလိုအပ်နေတဲ့ စားသုံးသူ အကာအကွယ်ပေးရေးဆိုတာကို စတင်လုပ်ဆောင်ခဲ့သည်မှာ မကြာသေးသော်လည်း ပြည်သူများရဲ့အသိ ဉာဏ်ပွင့်လင်းလာမှုကြောင့် အခုဆိုရင် အတော်လေး ထိရောက်လာတာတွေ့ရပါတယ်။

ဒါကြောင့်လည်း ပြည်နယ်တိုင်းဒေသကြီး အသီးသီးမှာရှိတဲ့စားသုံးသူ ရေးရာဦးစီးဌာနတွေဟာ စားသုံးအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့ကို မိတ်ဖက်ဌာနများနဲ့ ပူးပေါင်းပြီး ဖွဲ့စည်းခဲ့သလို စားသုံးသူတိုင်ကြားမှု လက်ခံဆောင်ရွက်ရေး လုပ်ငန်းကော်မတီနဲ့ ထုတ်ကုန်လုံခြုံစိတ်ချရမှုဆိုင်ရာ ကော်မတီများဖွဲ့စည်းပြီး လုပ်ငန်းများဆောင်ရွက်လျက်ရှိပါတယ်။

အဲဒီဖွဲ့စည်းထားတဲ့ ကော်မတီအသီးသီးဟာ လစဉ်တွေ့ဆုံကြပြီး စားသုံးသူရေးရာကိစ္စတွေသာမက ထုတ်ကုန်လုံခြုံ စိတ်ချရမှုဆိုင်ရာတွေကိုပါ ဆွေးနွေးခဲ့ကြပါတယ်။ အဲဒီလို ဆွေးနွေးကြရာမှာ စစ် ကိုင်းတိုင်းဒေသကြီး စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့ဝင်များနဲ့ ခရိုင်အသီးသီးက စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေး အဖွဲ့များဟာ စားသုံးသူရေးရာ ကိစ္စရပ်များနဲ့ ပတ်သက်ပြီး ထိထိရောက်ရောက် လုပ်ဆောင်နိုင်ဖို့ ဆွေးနွေးခဲ့ကြတာဟာ စားသုံးသူများအတွက် တကယ့်ကို အားတက်စရာဖြစ်စေခဲ့ပါတယ်။

စားသုံးသူရေးရာဦးစီးဌာနဟာ အမှန်တကယ် လိုအပ်တဲ့ဌာနတစ်ခုဖြစ်သလို လုပ်ငန်းကော်မတီအဖွဲ့ဝင်များရဲ့ လစဉ်တွေ့ဆုံဆွေးနွေးပွဲများဟာ အမှန်တကယ် လုပ်ငန်းဆောင်ရွက်နေမှုများကို ဖော်ထုတ်ပြသတာဖြစ်ပါတယ်။

စားသုံးသူရေးရာဦးစီးဌာနကို စတင် ဖွဲ့စည်းပြီးတဲ့အချိန်ကစပြီး စားသုံးသူအကာအကွယ်ပေးရေးဆိုင်ရာဟောပြောပွဲတွေကို ကျင်းပပေးခဲ့သလို ဟောပြောမှုတွေ ထိရောက်မှုရှိမရှိ ပြန်လည် ဆန်းစစ်ဖို့ လိုအပ်နေပြီဖြစ်ပါတယ်။

ထုတ်လုပ်သူ၊ ဖြန့်ဖြူးသူ၊ ရောင်းချသူများဟာ စားသုံးသူအကာအကွယ်ပေးရေးနဲ့ ပတ်သက်ပြီး သိရှိကြသူရှိသလို မသိရှိသေးသူများလည်းရှိနိုင်ပါသေးတယ်။ ဒါပေမဲ့လည်း အချို့သောလုပ်ငန်းရှင်များကတော့ မိမိတို့ထုတ်လုပ်လိုက်တဲ့ ထုတ်ကုန်ပစ္စည်းတွေဟာ စားသုံးသူတွေကို ထိခိုက်မှုရှိနိုင်တယ်ဆိုတာ သိသိနဲ့ ဘယ်သူသေသေ ငတေမာရင်ပြီးရော ဆိုတဲ့စိတ်ဓာတ်နဲ့ ထုတ်လုပ်သူများလည်း မြန်မာနိုင်ငံတစ်ဝန်းမှာသာမက ကမ္ဘာ့နိုင်ငံအသီးသီးမှာလည်းရှိနေတာကို တွေ့ရပါတယ်။ ဒါကြောင့်လည်း စားသုံးသူ အကာအကွယ်ပေးရေးဥပဒေကို နိုင်ငံတိုင်းမှာ ချမှတ်ပြီး ဆောင်ရွက်နေတာ ဖြစ်ပါတယ်။

မြန်မာနိုင်ငံသူ နိုင်ငံသားတွေအနေနဲ့ စားသုံးသူအကာအကွယ်ပေး ရေးဥပဒေနဲ့ပတ်သက်ပြီး အပြည့်အစုံမဟုတ်တောင် တစ်စိတ်တစ်ပိုင်းလောက် နားလည်သိရှိထားဖို့ လိုအပ်ပါတယ်။

ဒ့ါအပြင် ဝန်ဆောင်မှုလုပ်ငန်း များကို လုပ်ကိုင်ကြသူများ၊ လက်လီ လက်ကားရောင်းချသူများ၊ လမ်းဘေး ဈေးသည်များပါမကျန် သိရှိထားကြရမှာဖြစ်ပါတယ်။

စားသုံးသူများကတော့ မိမိတို့ နေ့စဉ်မှီဝဲစားသောက်နေကြရတဲ့လူသုံး အိမ်သုံးပစ္စည်းများ အပါအဝင်စားသောက် ကုန်ပစ္စည်းများကို ငွေပေး၍ အန္တရာယ် ကို ဝယ်ယူနေကြရသလို စိုက်ပျိုးရေးလုပ်ငန်းသုံးပစ္စည်းတွေဟာလည်း စံချိန် စံညွှန်းနဲ့ မကိုက်ညီတဲ့အတွက် နစ်နာနေရတဲ့အဖြစ်မျိုးနဲ့ ရင်ဆိုင်နေကြရပါတယ်။

အဲဒီလို နစ်နာမှုတွေနဲ့ရင်ဆိုင်နေကြရပေမယ့် မြန်မာနိုင်ငံတွင်းမှာနေထိုင်ကြတဲ့ မြန်မာပြည်သူတွေအနေနဲ့ မိမိနစ်နာမှုများကို တိုင်ကြားတတ်တဲ့ အလေ့အကျင့်မရှိသေးတဲ့အတွက် အဲဒီ အလေ့အကျင့်ကို ပြုစုပျိုးထောင်ပေးဖို့ လိုအပ်နေသေးတာကို တွေ့ရပါတယ်။

အရေးယူမှုအပိုင်းတွင်လည်း ကုန်အမှတ်တံဆိပ်နဲ့အညွှန်းများ ထည့်သွင်း ဖော်ပြထုတ်လုပ်ဖို့ ပညာပေးနေပေမယ့် ကုန်အမှတ်တံဆိပ် မပါဘဲ ထုတ်လုပ် ဖြန့်ဖြူးရောင်းချနေသူများကို အရေးယူမည်ဆိုပါက ထိထိရောက်ရောက်အရေးယူဖို့ လိုအပ်လှပါတယ်။ အဲဒီလိုမဟုတ် ဘဲ အရေးယူမှုဟာ သာမန်မျှသာဖြစ်မယ်ဆိုရင် ဈေးကွက်မညီမျှမှုတွေ၊ တရားမျှတမှုမရှိတဲ့ ဈေးကွက်ယှဉ်ပြိုင်မှုတွေ ဖြစ်ပေါ် လာနိုင်တာကြောင့် ထိထိရောက်ရောက် အရေးယူပေးကြစေလိုတယ်လို့လည်း ကုန်သည် လုပ်ငန်းရှင်အချို့က ဆိုပါတယ်။

မြန်မာနိုင်ငံမှာ ကုန်ပစ္စည်းများရဲ့ အရည်အသွေးကို စစ်ဆေးရာမှာ FDA တစ်ခုတည်းသာရှိတဲ့အတွက် ကုန်ပစ္စည်း အားလုံးကို စစ်ဆေးနိုင်ခြင်းမရှိပါဘူး။ ဒါကြောင့် FDA က ခွင့်ပြုထားတဲ့ လက်မှတ်မပါရှိပေမယ့် သာမန်အခြေအနေမျိုးမှာ ထုတ်လုပ်ခွင့်ပြုထားတာမျိုးတွေလည်း ရှိနေတဲ့အတွက် အဲဒီလိုမျိုးကိစ္စတွေကို ပြန်လည်စိစစ်ဖို့လိုအပ်နေပြီဖြစ်ပါတယ်။

စားသုံးသူများအနေနဲ့လည်း ကုန်အမှတ်တံဆိပ်မပါတဲ့ ဘယ်လို ကုန်ပစ္စည်းမျိုးကိုမဆို ဈေးသက်သာသော်လည်း ဝယ်ယူခြင်းမပြုဖို့ အသိတရားရှိကြရမှာဖြစ်ပါတယ်။

စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့မှာ ပါဝင်တဲ့ မိတ်ဖက်အဖွဲ့အစည်း အသီးသီးဖြစ်တဲ့ လုပ်ငန်းလိုင်စင်ထုတ်ပေးရတဲ့ စည်ပင်သာယာရေးဦးစီးဌာန၊ ဟိုတယ်/ခရီး၊ စိုက်ပျိုးရေးဦးစီးဌာန၊ စက်မှုစစ်ဆေးရေးနှင့် ကြီးကြပ်ရေးဦးစီးဌာန၊ အသေးစားစက်မှုလက်မှုလုပ်ငန်း ဦးစီးဌာနတို့ဟာ ထုတ်လုပ်ရောင်းချမှုလုပ်ငန်းများ၊ ဝန်ဆောင်မှုလုပ်ငန်းများကို ကြီးကြပ်ကွပ်ကဲ စစ်ဆေးလျက်ရှိပါ တယ်။

စားသုံးသူ ပြည်သူများအနေနဲ့ လုပ်ငန်းလိုင်စင်မရှိဘဲ ထုတ်လုပ်ရောင်းချနေမှုများအားတွေ့ရှိပါက ကော်မတီအသီးသီးထံ သတင်းပေးပို့အကြောင်းကြားနိုင်ပါတယ်။

စစ်ကိုင်းတိုင်းဒေသကြီးအတွင်းမှာ ရှိတဲ့ အချို့သောလုပ်ငန်းများဟာ မှတ် ပုံတင်တဲ့နေရာနဲ့ထုတ်လုပ်တဲ့နေရာများ ကွဲလွဲနေတာကို တွေ့ရပါတယ်။ အဲဒီလိုဖြစ်ရပ်မျိုးတွေကိုလည်း ထိရောက်စွာ အရေးယူသွားမှာဖြစ်တယ်လို့ ဆိုပါတယ်။

လုပ်ငန်းရှင်တစ်ဦးဟာ သူတို့ရဲ့ လုပ်ငန်းပိတ်သိမ်းခံရမှာကို ကြောက်ကြပေမယ့် မမှန်မကန်ထုတ်လုပ်နေကြတာတွေကိုလည်း တွေ့နေကြရပါတယ်။ အချို့သောနိုင်ငံများမှ လုပ်ငန်းရှင်များဟာ သူတို့ရဲ့လုပ်ငန်း ရာသက်ပန်ပိတ် သိမ်းမှာကို ကြောက်ကြတဲ့အတွက် မှန်မှန်ကန်ကန် လုပ်ကိုင်နေကြတာကို သိရှိရပါတယ်။

မြန်မာနိုင်ငံမှာတော့ လုပ်ငန်းလုပ်ကိုင်ခွင့်ပိတ်သိမ်းခဲ့ပေမယ့်အခြားသော နာမည်တစ်ခုနဲ့ ပြန်လည်လုပ်ကိုင်နေတာကို တွေ့နေရပါတယ်။

စားသုံးသူ အငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့အနေနဲ့ ဈေးကွက်မတင်မီနဲ့ ဈေးကွက်သို့ တင်ပြီးကုန်စည်နဲ့ဝန်ဆောင်မှုများကို စနစ်တကျအရေးယူဆောင်ရွက် နိုင်ရန်၊ မြန်မာတစ်နိုင်ငံလုံး စားသုံးသူအကာအကွယ်ပေးရေး လုပ်ငန်းစဉ်များအား အချိန်နှင့်တစ်ပြေးညီ ဖြေရှင်းဆောင်ရွက်နိုင်ရန်အတွက် Standard Operation Procedure(SOP) ကို ရေးဆွဲဆောင်ရွက်လျက်ရှိတယ်လို့ ဆိုပါတယ်။

စားသုံးသူရေးရာဦးစီးဌာနအနေနဲ့ စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့မှာ အတွင်းရေးမှူးတာဝန်ကို ယူထားသူဖြစ်တဲ့အတွက် စားသုံးသူအကာအကွယ်ပေးရေးဆိုင်ရာ ဆောင်ရွက်နေမှုများကို အများပြည်သူ သိရှိစေရန် စာသင်ကျောင်းများ၊ ဈေးများ၊ သင်တန်းကျောင်းများ၊ စက်ရုံအလုပ်ရုံများသို့ သွားရောက်၍ အသိပညာပေးဟောပြောမှုများ၊ စားသုံးသူများတိုင်ကြား ဆက်သွယ်နိုင်သည့် နည်းလမ်းများနှင့် တိုင်ကြားမှုများအပေါ် ဖြေရှင်းနိုင်ခဲ့မှုများကိုလည်း ပြည်သူများကျယ်ကျယ်ပြန့်ပြန့်သိရှိစေရန် ဟောပြောပွဲများ၊ လက်ကမ်းစာစောင်များ၊ မြေစိုက်ပိုစတာများ၊ နေ့စဉ်ထုတ်သတင်းစာများ၊ ကောမတ်စ် ဂျာနယ်နှင့် အခြားဂျာနယ်များ၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား စတဲ့ မီဒီယာအသီးသီးမှလည်း သတင်းများ ထုတ်ပြန်ပေးလျက်ရှိပါ တယ်။

ယခုအခါမှာ စားသုံးသူပြည်သူများ အနေနဲ့ အလွယ်တကူ တိုင်ကြားနိုင်ဖို့ စားသုံးသူ သတင်းပြန်ကြားရေးနှင့် လက်ခံဆောင်ရွက်ရေးစင်တာများကိုလည်း သက်ဆိုင်ရာခရိုင်အလိုက် ဖွင့်လှစ်ဆောင်ရွက်ပေးနေပြီဖြစ်ပါတယ်။

ဒါကြောင့် စားသုံးသူအကာအကွယ်ပေးရေး လုပ်ငန်းစဉ်တွေ အောင်မြင်မှု ရရှိစေဖို့အတွက် ပြည်သူတစ်ရပ်လုံးက တက်ညီလက်ညီဖြင့် ဝိုင်းဝန်းပူးပေါင်းကြဖို့ လိုအပ်လှပါကြောင်း ရေးသားတင်ပြလိုက်ရပါတယ်။



## အိန္ဒိယနိုင်ငံအနီးတွင် စီးပွားရေးဇုန်များကို တရုတ်နိုင်ငံက တိုးမြှင့်တည်ဆောက်သွားမည်

တရုတ်နိုင်ငံသည် အိန္ဒိယနိုင်ငံအနီးတွင် ထိရောက်မှုရှိသည့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုဇုန်များ ပိုမို တည်ဆောက်၍ ဘင်္ဂလားဒေ့ရှ်နိုင်ငံကဲ့သို့ တောင်အာရှနိုင်ငံများနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုများအား တိုးမြှင့်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း economic times သတင်းတွင် ဖော်ပြထားပါသည်။

ထိုသို့ဆောင်ရွက်ခြင်းဖြင့် အိန္ဒိယနိုင်ငံအနီးတွင် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုဇုန်များ တည်ဆောက်မှုကို တိုးမြှင့်ရာရောက်ကြောင်း၊ အိန္ဒိယနိုင်ငံအနေဖြင့် အိမ်နီးချင်းနိုင်ငံများနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ ဘင်္ဂလားဒေ့ရှ်-တရုတ်-အိန္ဒိယ-မြန်မာ စီးပွားရေး စင်္ကြံ တည်ထောင်မှုအရ မြန်မာနိုင်ငံတွင် အခြေခံအဆောက်အဦများ တိုးတက်ကောင်းမွန်ရေးအတွက် အိန္ဒိယနိုင်ငံက ပိုမိုကူညီထောက်ပံ့ပေးနိုင်မည်ဟုလည်း မျှော်လင့်ထားကြောင်း အဆိုပါသတင်းတွင် ဖော်ပြထားပါသည်။

၎င်းစီးပွားရေးစင်္ကြံ တည်ထောင်မှုသည် အိန္ဒိယ၊ တရုတ်နှင့် စီးပွားရေးလုပ်ငန်းများ အရှိန်အဟုန်မြင့် ဆောင်ရွက်လျက်ရှိသည့် အရှေ့တောင်အာရှဒေသနိုင်ငံများရှိ ဈေးကွက်များအား ချိတ်ဆက်ပေးမှုကို အထောက်အကူပြုရာရောက်ကြောင်း၊ တရုတ်နိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့ ဆက်သွယ်မှုတွင် အဓိကနေရာတွင် တည်ရှိနေသည့် မြန်မာနိုင်ငံအနေဖြင့်လည်း အာရှတွင်ကုန်သွယ်မှုလုပ်ငန်းများဆောင်ရွက်ရာ ဗဟိုချက် နေရာသစ်တစ်ခုဖြစ်လာရန် ကြိုးပမ်းဆောင်ရွက်မှုများကို တိုးမြှင့် လုပ်ဆောင်လျက်ရှိကြောင်း ဖော်ပြထားပါသည်။

**Source: economictimes**

**စန္ဒာထွန်း (TTI)**

# မသိမှုအခက် မရှိမှုအခက် ဝိသမလောဘအခက် ကြားမှာ ရှေ့ဘာဆက်ဖြစ်မှာလဲ

တစ်ရက်မှာ ခရိုင်ထွေအုပ်က အစည်းအဝေးတစ်ခုလုပ်ပါတယ်။ ခရိုင်ဦးစီးမှူးမရှိလို့ ကိုယ်စား သွားပြီး တက်ရပါတယ်။NGO တစ်ခုနဲ့ ပူးပေါင်း ဆောင်ရွက်တဲ့ ဆွေးနွေးပွဲပါ။ ကလေးတွေစားသောက်မှု အာဟာရပြည့်ဝရေး ထုံးစံအတိုင်း အစည်းအဝေးက တန်းမစနိုင်ပါဘူး။ ဟိုဌာနစောင့် ဒီဌာနစောင့်ပေါ့။ ဒါနဲ့အရင်ရောက်နေတဲ့ဌာနဆိုင်ရာချင်း 'အလ္လာပ သလ္လာပ' စကားပြောဖြစ်ပါတယ်။ ခရိုင်စီမံကိန်းက ကိုယ့်ကြည့်ပြီး 'စားသုံးသူရေးရာ'နဲ့ပေါင်းလို့ မဖြစ်ဘူး၊ ခပ်ခွာခွာလေးနေမှ. . သူတို့နဲ့ပေါင်းရင်. . စားစရာကို ရှိမှာမဟုတ်ဘူးဆိုပြီး စပြောပါတယ်။ ကျန်တဲ့ဌာနဆိုင်ရာတွေကလည်း ရယ်လိုပေါ့။ '

| မြင့်ဦး (ပခုက္ကူ) |

"ဒါနဲ့နေပါဦး. . ကျွန်တော်တို့တစ်တွေ ကိုယ်တိုင်အသက် ၅၀ ကျော်၊ ၆၀ အပိုင်းအခြားကို ရောက်နေကြပြီ။ ကိုယ်တိုင်ဖြတ်သန်းတဲ့ဘဝတစ်လျှောက်လုံး အာဟာရပြည့်ဝအောင် စနစ်တကျ စားခဲ့ကြသလား။ ပြန်လည်စဉ်းစားပါဦး"။ "လုပ်ပြီဟော့. . . စားသုံးသူရေးရာကတော့" အခြားဌာနဆိုင်ရာတစ်ဦးက "ဒါဟုတ်တယ်ဗျ. . ဒီနေ့အစည်းအဝေးခေါင်းစဉ်နဲ့လည်း ဆိုင်တယ်. . ဒါလေးလေးနက်နက် စဉ်းစားသင့်တယ်"။ "ဟုတ်တယ်လေ. . အချင်းချင်းသာပြောနေရတယ်. . တကယ်စဉ်းစားသင့်တယ်. . ကျွန်တော်ဆိုရင် မိသားစု လေးယောက်ရှိတယ်။ အိမ်က အမျိုးသမီးက အမဲသားအစိတ်သားဝယ်လာတယ်။ နှစ်ရက်စားတယ်။ တစ်နေ့တစ်ဆယ့်နှစ် ကျပ်ခွဲသား ဒါက အတိအကျပြောတာ။ တစ်ကယ်တစ်ဆယ့်နှစ်ကျပ်ခွဲသားမရှိဘူး။ ဟိုဟာပယ်. . ဒီဟာလှီးထုတ်နဲ့ ထားပါ။ တစ်ဆယ့်နှစ်ကျပ်သား လေးယောက်စားတော့ တစ်ဦးသုံးကျပ်သား ဘယ်လိုလုပ်ကယ်လိုရှိပြည့်မလဲ"။ ဒီအချိန်မှာ ဌာနဆိုင်ရာအားလုံး စိတ်ဝင်စားလာကြပါတယ်။ "ဟုတ်တယ်ဗျ. . ကျွန်တော်တို့တစ်ခါမှ သေသေချာချာ မစဉ်းစားမိဘူး"။ နောက်တစ်ဦးက "ဒါပေမဲ့ ကျွန်တော်ပြောရင်းနဲ့ သတိထားမိတယ်။ အသားဓာတ်ပြည့်ဝအောင် မစားနိုင်ပေမယ့် ဖြည့်စွက်စာပဲအမျိုးမျိုး၊ ငါးပိစတာတွေနဲ့ ပြည့်ဝစေပါတယ်ဗျ"။ "ပုံမှန်ဆိုရင်တော့ ဟုတ်တာပေါ့ဗျာ. . စားသုံးသူရေးရာဦးစီးဌာနက ပြောတယ်။ ပဲတွေမှာ ပိုးသတ်ဆေးကြွင်းတွေများတယ်။ ငါးပိထဲမှာ ဓာတ်မြေဩဇာတွေထည့်တယ်ဆိုတော့ သူပြောသလို အာဟာရအတွက်မဟုတ်ဘဲ ရောဂါရဖို့အတွက် ဖြစ်နေတယ်လို့ ပြောရမလိုပါပဲဗျာ"။ "ဟုတ်တယ်. . အချင်းချင်းမို့သာပြောနေရတယ်။ စားသုံးသူအကာအကွယ်ပေးရေး အသိပညာပေးရုံမက အရေးယူသည်အထိ လုပ်ကြရမှာ၊ ဒီအခြေအနေကိုစဉ်းစားကြည့်ရင် မျက်စိမမြင်တော့ တစ္ဆေမကြောက်ဘူး။ မျက်စိမြင်တော့ တစ္ဆေကြောက်တယ်ဆိုတဲ့ စကားလို တွေးကြည့်လေ ကြောက်စရာကောင်းတာပဲဗျို့။ ကဲ စားသုံးသူရေးရာဦးစီးဌာနရေ. . ပိုမိုထိရောက်အောင် ဆက်လက်ဆောင်ရွက်ပါလို့ပဲ အနူးအညွတ်တောင်းဆိုပါတယ်" ပြောရင်းဆိုရင်း ဆွေးနွေးရင်း အစည်းအဝေးစပါတယ်။

အစည်းအဝေးပြီးလို့ ရုံးသာပြန်လာရတယ် အတွေးစက ရင်ထဲငြိတွယ်လျက်ပါ။ မြန်မာနိုင်ငံရဲ့ အထိမ်းအမှတ် သီချင်းစာသားလေး သွားအမှတ်ရမိပါတယ်။ "ဆီကို ရေချိုး. . ဆေးရိုးမီးလှုံ. . စပါးတောင်လိုပုံ"ဆိုတာလေးကိုပါ။ နိုင်ငံရဲ့ ပေါကြွယ်ဝချမ်းသာမှု စားရေးသောက်ရေး ဖူလုံမှုကို ထင်ဟပ်စေတဲ့ နှလုံးသားထဲစွဲငြိစေတဲ့စာသားပါ။ ကိုယ်တွေ ဟောပြောပွဲတွေသွားတဲ့ ဂန့်ဂေါခရိုင်ထဲမှာ ဟင်းပဲချက်ချက် လက်ဖက်ပဲသုပ်သုပ် ဆီဆိုတာ တကယ်ကို ပေါပေါများများ၊ လက်ဖက်ခွက်ထဲ လက်နဲ့ မနှိုက်ရဲအောင်ကို ဆီကို သုံးကြပါတယ်။ "ဒါက ယောသူယောသားတို့ရဲ့ဓလေ့" ကျန်းမာရေးအသိနဲ့ကြည့်ရင် ကောင်းသလား၊ မကောင်းဘူးလား စဉ်းစားစေချင်ပါတယ်။ မြန်မာစကားပုံ တစ်ခုရှိပါတယ် "ဆီစားလို့အသားမဖြစ်" ဆိုတာကိုပါ။ ဆီဆိုတာ ပေါများတိုင်း များများ မစားသင့်ဘူးဆိုတဲ့ ကျန်းမာရေး အသိရှိခဲ့ကြသလားဆိုတာကို လွယ်ကူသိသာတာကိုပဲ အနီးဆုံးတင်ပြတာပါ။ စာရှုသူ အခြားသော စားမှုသောက်မှု နေမှုထိုင်မှုတွေမှာရော တကယ့် ကျန်းမာရေးအသိရှိခဲ့ကြသလား ဆိုတာကိုပါ။ ဇွန်လ ၁၅ ရက်နေ့ကလွှတ်တော်မှာ လွှတ်တော် ကိုယ်စားလှယ် ဦးရန်လင်းက "ထိုင်းနဲ့ယှဉ်လျှင်ကို တော်တော်သိသိသာသာ ကွာသွားပြီး ဘောလုံးပွဲတွေမှာ ထိုင်းက ဘောလုံးသမားများ အားလုံးနီးပါးဟာ လူကောင်ကြီးပြီး ပိုမိုတောင့်တင်းနေတယ်။ မြန်မာနဲ့ တော်တော် ကွာနေတယ်။ ၂၀၁၅ လူငယ်ဘောလုံး ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲမှာ မြန်မာတို့ရဲ့ ပုညက်မှုက ပိုမိုသိသာသွားတယ် ။ အာရှကိုမဆိုနဲ့ အာဆီယံဒေသတွင်း အားကစားပြိုင်ပွဲတွေမှာ အောင်မြင်မှုဝေးလာတယ်။ မြန်မာတို့ မသန်စွမ်းကြတော့ဘူးလား။ ကျွန်တော်တို့တစ်တွေ အောင်ပွဲနဲ့ တော်တော်ဝေးလာတယ်"ဟု လွှတ်တော်မှာ ထုတ်ဖော်ပြောဆိုခဲ့တာ မှတ်မိပါတယ်။ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ဖို့ အခြေခံအကြောင်းတရားတွေမှာ နိုင်ငံအတွင်း မှီတင်းနေထိုင်သော နိုင်ငံသားများ၏ ဖွံ့ဖြိုးရေးသည် အရေးပါပြီး နိုင်ငံသားများ၏ ဖွံ့ဖြိုးမှုမှာ ကိုယ်ခန္ဓာကြံ့ခိုင်သန်မာခြင်းက ရှေ့ဆုံးကဖြစ်တယ်လို့ ဖတ်ဖူးမှတ်ဖူးပါတယ်။ ဇန်နဝါရီလအတွင်းက ပခုက္ကူမြို့မှာ ပြုလုပ်သည့် အမျိုးသားအာဟာရဆိုင်ရာ မဟာဗျူဟာအစည်းအဝေးမှာ နိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က "ကိုယ်ခန္ဓာကြံ့ခိုင်ကျန်းမာခြင်းသည် ပြည်သူများ အာဟာရပြည့်ဝစွာ စားသုံးခြင်းနှင့် ဆက်စပ်နေတယ်လို့" ပြောဖူးပါတယ်။ နိုင်ငံ အတွင်း ဖွံ့ဖြိုးရေးလုပ်ငန်းများ ၁၀ နှစ်ကြာမျှ ကြာ အောင်လုပ်ဆောင်နေတဲ့ နိုင်ငံတကာ အဖွဲ့အစည်းကြီးတစ်ခုဖြစ်တဲ့ LIFT အဖွဲ့က ကောက်ယူထားတဲ့ စစ်တမ်းအရ အသက်သုံးနှစ်အတွင်း အာဟာရပြည့်ဝစွာ စားသောက်ခဲ့သည့် ကလေးတစ်ဦး အရွယ်ရောက်ချိန်မှာ အာဟာရပြည့်ဝစွာ မစားသူနဲ့ယှဉ်လျှင် လစာရရှိမှုမှာ ၂၀ ရာခိုင်နှုန်း ပိုမိုရရှိကြောင်း ဖော်ပြထားပါတယ်။

> ဆင်းရဲသူ ချမ်းသာသူ
> ဘယ်သူဖြစ်ဖြစ်
> ကျန်းမာရေးနဲ့ ကိုက်ညီတဲ့ အစားအစာကို
> ရွေးချယ်ဝယ်ယူစားသောက်ရမယ့်အစား
> မျက်စိပသာဒအရ လုပ်မှုကို မက်မောတော့ .....

ဒါ့အပြင် အသက် အန္တရာယ်ဖြစ်စေတဲ့ ရောဂါတို့မှ ၁၀ ဆကင်းဝေးသလို ပညာရေးတွင် ပုံမှန်ထက် ငါးဆ ပိုမိုစွမ်းရည် ထက်မြက်တယ်လို့ ဆိုပါတယ်။

ဒုတိယကမ္ဘာစစ်ကာလတုံးက ဂျပန်လူမျိုးတွေဟာ အရပ်ပုရာမှာ နာမည်ကျော်ပါတယ်။ မြန်မာလူမျိုးတွေကိုယ်တိုင်က ဂျပန်ငပုတွေလို့ ခေါ်ခဲ့ကြတာပါ။ မှတ်တမ်းတွေအရ ၁၉၄၀ ခုနှစ်မှာ ဂျပန်တွေရဲ့ ပျမ်းမျှအရပ်က ၅ပေ၃လက်မဝန်းကျင်ရှိခဲ့သော်လည်း ယခုအနေအထားအရ ၅ပေ ၇ လက်မ ဝန်းကျင်ကို ရောက်လာခဲ့ပြီး မြန်မာတွေအနေနဲ့ ၁၉၄၀ ခုနှစ်က ပျမ်းမျှအရပ်ဟာ ဂျပန်တို့ထက်တစ်လက်မမြင့်ခဲ့ပြီး ယခုအခါမှာဆိုရင် နှစ်လက်မခန့် နိမ့်နေပြီးဖြစ်ပါတယ်။ ဆရာဝန်တစ်ဦးကလည်း မြန်မာနိုင်ငံသား အများစုဟာ ကျန်းမာရေးနဲ့ညီညွတ်အောင် အစားအသောက်ကို ရွေးချယ်ချင့်ချိန် မစားသောက်တတ်ကြောင်း၊ ဒီလိုရွေးချယ် မစားသောက်နိုင်တဲ့အတွက် ပြည်သူတွေသက်တမ်းတိုနေကြတယ်။ နိုင်ငံရဲ့ကျန်းမာရေးအဆင့်အတန်းဟာလည်း ကမ္ဘာမှာအောက်ဆုံးကို ရောက်လုနီးပါးဖြစ်နေပြီလို့ ပြောပါတယ်။ ကုလသမဂ္ဂ လက်အောက်ခံအဖွဲ့အစည်းတွေရဲ့ နောက်ဆုံးစစ်တမ်းအရ အာဟာရချို့တဲ့ဆုံး နိုင်ငံစာရင်းတွေမှာ မြန်မာနိုင်ငံ ပါဝင်နေတယ်။ ငါးနှစ်အောက်ကလေးငယ်သုံးဦးလျှင်တစ်ဦးမှာ ရက်ရှည်အာဟာရချို့တဲ့မှုရှိပါတယ်။ အာဟာရချို့တဲ့မှုဆိုတာ ခန္ဓာကိုယ်ရဲ့ လိုအပ်ချက်ဖြစ်တဲ့ ဓာတ်သတ္တုတွင် သူ့ကဏ္ဍအလိုက် မျှတစွာမရရှိခြင်းပါပဲ။

စာစုအစမှာ တင်ပြခဲ့သလို ဆီကို လွန်ကဲစွာသုံးစွဲတော့ လိုအပ်တာထက်ပိုပြီး လိုအပ်တဲ့ဓါတ်မမျှမတဖြစ်တဲ့ သဘောပါ။ လူတွေအတွက် မရှိမဖြစ်လိုအပ်တဲ့ အာဟာရလိုအပ်ချက်ခြောက်အုပ်စုရှိတယ်လို့ လေ့လာရပြီး ကစီဓါတ်၊ အသားဓါတ်၊ အဆီဓါတ်၊ ဗီတာမင်ဓာတ်၊ သတ္တုဓာတ်နဲ့ ရေဓါတ်တွေပါ။ ဒီအုပ်စုတွေဟာ ခန္ဓာကိုယ်ကြီးထွားစေသလို အင်အားဓါတ်ကိုလည်းဖြစ်စေကာ ရောဂါကိုလည်း ကာကွယ်စေပါတယ်။ ဒီလို လုပ်ငန်းဆောင်ရွက်နေတဲ့ အုပ်စု ခြောက်စုက မမျှမတ ပိုသည့်နေရာပို လိုသည့်နေရာလိုနေရင် ချို့တဲ့နေရင် အားမရှိသေးကွေးကြုံလှီပုမယ် ရောဂါ ထူပြောမယ် ဖြစ်ပါတယ်။ မြန်မာ့သက်တမ်းဟာ အာဆီယံနိုင်ငံများနှင့်ယှဉ်လျှင်ပင် နိမ့်ကျနေတယ်လို့ သိရပါတယ်။ ပျမ်းမျှသက်တမ်းဟာ ၆၆ ဒသမ ၈ လား၊ ၆၂ ဒမသ ၈ လားဆိုတာကို မှတ်ဖူးပါတယ်။ တချို့က ၆၆ ဒသမ ၈ ပြောတယ်။ တချို့ ၆၂ ဒသမ ၈ ပြောတယ် ဘယ်လိုပြောပြော ဒါတွေသည်ပင်လျှင် အာဆီယံနိုင်ငံထဲမှာ လာအိုနှင့် အရှေ့တီမောတို့ပြီးလျှင် အနိမ့်ဆုံးလို့ သိရပါတယ်။

ဒီလိုဖြစ်ရခြင်းဟာ ဆင်းရဲမှုကြောင့်လို့ ပြောကြသော်လည်း မြန်မာ့စကားပုံမှာ "မရှိတာထက်. . မသိတာခက်" ဆိုတာရှိပါတယ်။ ကိုယ်တွေ့တစ်ခုအနေနဲ့ ပခုက္ကူဈေးမှာ အိမ်ရှင်မကို ဈေးလိုက်ပို့ရင်း ဈေးအရှေ့ဘက်မှာ မျှစ်ရောင်းနေတဲ့ အမျိုးသမီးတစ်ဦးကို ပြောဖူးပါတယ် "ဒီမယ်. . သမီးရဲ့. . သမီးရောင်းတဲ့ မျှစ်တွေကအဝါကတစ်ပုံ အနီကတစ်ပုံ ဒီဆိုးဆေးတွေဟာ မျက်စေ့ပသာဒ အလှအတွက်သာ ဖြစ်တယ်။ "စားသုံးသူကိုအကျိုးမပြုဘူး"။ ကြာရင် ကင်ဆာရောဂါကို ရစေတယ်"လို့ပြောတော့ သူဈေးဗန်းတင်ထားတဲ့ ခုံအောက်က ဈေးဗန်းတစ်ခု ထုတ်ပြပါတယ် "ဒါက. . သဘာဝအတိုင်း ဆေးမဆိုးတဲ့မျှစ် တစ်ပတ်ရှိပြီ ဖြူဖတ်ဖြူရော်မို့ ဝယ်မယ့်သူမရှိဘူး။ အခုမျှစ်နီ၊ မျှစ်ဝါ လေးပိဿာရောင်းရပြီဆရာကြီးရဲ့"။ ကောင်းရော. . စာရှုသူ ကျောက်ပန်းတောင်းထန်းလျက် ချွတ်ဆေးနဲ့ ချွတ်ထားတော့ မျက်မြင်အရတော့ နို့မလိုင်ခဲလေးတွေအတိုင်း စားချင်စရာ၊ မြို့ချင်စရာ ဒီနေရာမှာ စဉ်းစားကြည့်မိတယ် သဘာဝအရောင်ကို မျက်စိ ပသာဒအမြင်ကောင်းအောင် ဆေးဆိုးတယ် သဘာဝအရောင်ကို လှပဖြူစွတ်အောင် ချွတ်ပစ်တယ်။ ဒီနေရာမှာ မရှိတာထက်. . မသိတာခက်ဆိုတာ သွားတွေ့ရပါတယ်။ ဆင်းရဲသူ ချမ်းသာသူ ဘယ်သူဖြစ်ဖြစ် ကျန်းမာရေးနဲ့ကိုက်ညီတဲ့အစားအစာကိုရွေးချယ်ဝယ်ယူစားသောက်ရမယ့်အစား မျက်စိပသာဒအရ လှပမှုကို မက်မောတော့ ကျန်းမာရေးအသိရှိဖို့အခက်၊ ဆင်းရဲမှုအခက်၊ ပြည်တွင်း ပြည်ပလုပ်ငန်းရှင်တွေရဲ့ ဝိသမလောဘကို ဦးထိပ်ထား 'အရ သာလျှင် ဘနဖူးကို သိုက်တူးမယ့်သူ'။ "ဘယ်

စာမျက်နှာ (၃၃)သို့ ➢



## မြို့ကြီးများ၏ ၂၄-၇-၂၀၁၇ မှ ၂၈-၇-၂၀၁၇ နေ့အထိ မိုးလေဝသခန့်မှန်းချက်

| မြို့ | တနင်္လာ(၂၄-၇-၂၀၁၇) | အင်္ဂါ(၂၅-၇-၂၀၁၇) | ဗုဒ္ဓဟူး(၂၆-၇-၂၀၁၇) | ကြာသပတေး(၂၇-၇-၂၀၁၇) | သောကြာ(၂၈-၇-၂၀၁၇) |
|---|---|---|---|---|---|
| နေပြည်တော် | ၈၀% ၂၉°C/၈၅°F | ၈၀% ၂၉°C/၈၄°F | ၈၀% ၃၀°C/၈၆°F | ၈၀% ၂၉°C/၈၅°F | ၈၀% ၂၉°C/၈၅°F |
| ရန်ကုန်မြို့ | ၉၀% ၂၉°C/၈၅°F | ၈၀% ၃၀°C/၈၆°F | ၈၀% ၃၁°C/၈၇°F | ၈၀% ၃၀°C/၈၆°F | ၈၀% ၃၀°C/၈၆°F |
| မန္တလေးမြို့ | ၄၀% ၃၂°C/၈၉°F | ၆၀% ၃၂°C/၈၉°F | ၈၀% ၃၂°C/၉၀°F | ၈၀% ၃၂°C/၉၀°F | ၅၀% ၃၂°C/၉၀°F |
| မြစ်ကြီးနား | ၅၀% ၃၁°C/၈၇°F | ၅၀% ၃၂°C/၈၉°F | ၈၀% ၃၁°C/၈၇°F | ၈၀% ၃၂°C/၈၉°F | တိမ်အသင့်အတင့် ၃၂°C/၈၉°F |
| လားရှိုး | ၈၀% ၂၇°C/၈၀°F | ၈၀% ၂၈°C/၈၂°F | ၈၀% ၂၇°C/၈၁°F | ၈၀% ၂၈°C/၈၂°F | ၈၀% ၂၈°C/၈၃°F |
| ကျိုင်းတုံ | ၉၀% ၂၈°C/၈၃°F | ၈၀% ၂၉°C/၈၅°F | ၈၀% ၂၈°C/၈၂°F | ၈၀% ၂၈°C/၈၃°F | ၅၀% ၂၉°C/၈၅°F |
| လွိုင်ကော် | ၉၀% ၂၇°C/၈၀°F | ၈၀% ၂၇°C/၈၀°F | ၈၀% ၂၇°C/၈၀°F | ၈၀% ၂၆°C/၇၉°F | ၈၀% ၂၆°C/၇၉°F |
| တောင်ကြီး | ၉၀% ၂၂°C/၇၃°F | ၈၀% ၂၂°C/၇၃°F | ၈၀% ၂၂°C/၇၃°F | ၈၀% ၂၂°C/၇၂°F | ၈၀% ၂၂°C/၇၃°F |
| မော်လမြိုင် | ၁၀၀% ၂၈°C/၈၂°F | ၈၀% ၂၈°C/၈၃°F | ၇၀% ၂၈°C/၈၃°F | ၈၀% ၂၈°C/၈၃°F | ၆၀% ၂၈°C/၈၃°F |
| ဘားအံ | ၉၀% ၂၈°C/၈၃°F | ၈၀% ၂၉°C/၈၅°F | ၈၀% ၂၉°C/၈၄°F | ၆၀% ၂၉°C/၈၄°F | ၆၀% ၂၉°C/၈၄°F |
| တောင်ငူ | ၉၀% ၂၉°C/၈၄°F | ၈၀% ၂၉°C/၈၅°F | ၈၀% ၂၉°C/၈၅°F | ၈၀% ၂၉°C/၈၅°F | ၈၀% ၂၉°C/၈၅°F |
| မုံရွာ | ၈၀% ၃၁°C/၈၇°F | ၇၀% ၃၁°C/၈၇°F | ၆၀% ၃၂°C/၈၉°F | ၈၀% ၃၂°C/၉၀°F | ၆၀% ၃၂°C/၈၉°F |
| ပုသိမ် | ၉၀% ၂၉°C/၈၄°F | ၈၀% ၂၉°C/၈၅°F | ၈၀% ၂၉°C/၈၅°F | ၈၀% ၂၉°C/၈၄°F | ၈၀% ၂၈°C/၈၃°F |
| မြိတ် | ၈၀% ၂၉°C/၈၄°F | ၈၀% ၂၉°C/၈၄°F | ၈၀% ၂၉°C/၈၄°F | ၈၀% ၂၈°C/၈၃°F | ၆၀% ၂၈°C/၈၃°F |
| စစ်တွေ | ၁၀၀% ၂၈°C/၈၂°F | ၉၀% ၂၈°C/၈၃°F | ၈၀% ၂၉°C/၈၄°F | ၇၀% ၂၉°C/၈၄°F | ၆၀% ၂၉°C/၈၄°F |
| မကွေး | ၉၀% ၂၉°C/၈၅°F | ၉၀% ၃၀°C/၈၆°F | ၈၀% ၃၁°C/၈၈°F | ၈၀% ၃၂°C/၈၉°F | ၈၀% ၃၁°C/၈၈°F |
| ဖလမ်း | ၈၀% ၂၁°C/၇၀°F | ၉၀% ၂၁°C/၆၉°F | ၈၀% ၂၂°C/၇၂°F | ၇၀% ၂၂°C/၇၃°F | ၆၀% ၂၂°C/၇၃°F |



## တရုတ်နိုင်ငံတွင် မြစ်အစင်းပေါင်း ၆၀ ကျော် ရေလျှံတက်မှုကြောင့် ပြည်သူတစ်သန်းကျော် အိုးမဲ့အိမ်မဲ့ဖြစ်ပွား

ဇူလိုင်လ ၁၉ ရက်က တရုတ်နိုင်ငံတစ်ဝန်းရှိ မြစ်အစင်းပေါင်း ၆၀ ကျော် မြစ်ရေလျှံတက်မှုကြောင့် ရေလွှမ်းမိုးမှုများ ဖြစ်ပွားလျက်ရှိရာ ပြည်သူပေါင်း ၁ ဒသမ ၂ သန်းကျော်မှာ အိုးမဲ့အိမ်မဲ့များ ဖြစ်လျက်ရှိကြောင်း Weather.com တွင် ဖော်ပြထားသည်။

ရေလွှမ်းမိုးမှုကြောင့် လူ ၆၅ ဦးကျော် သေဆုံးခဲ့ရပြီး ပျောက်ဆုံးနေသူများလည်း ရှိနေသဖြင့် သေဆုံးသူအရေအတွက် မြင့်တက်လာနိုင်သည်ဟု အဆိုပါသတင်းတွင် ဖော်ပြထားသည်။

တရုတ်နိုင်ငံ ပြည်ထဲရေးဝန်ကြီးဌာန၏ သတင်းထုတ်ပြန်ချက်အရ ၅၆ ဦး သေဆုံးပြီး ၂၂ ဦး ပျောက်ဆုံးနေကြောင်း၊ မြို့အတော်များများတွင် ရေလွှမ်းမိုးနေသဖြင့် သေဆုံးသူအရေအတွက်မြင့်တက်လာနိုင်ကြောင်း သိရသည်။

ထို့ပြင် ပြည်နယ် ၁၁ ခုတွင် မြေပြိုမှုများ ဖြစ်ပွားလျက်ရှိသဖြင့် လူပေါင်း ၁၁ သန်းကျော်မှာ အတိဒုက္ခရောက်လျက်ရှိသည်ဟု အေပီသတင်းဌာနက ရေးသားဖော်ပြခဲ့သည်။

ယန်စီမြစ်နှင့် ၎င်းနှင့်ဆက်စပ်လျက်ရှိသည့် မြစ်ချောင်းများတွင် မြစ်ရေများ လျှံတက်လျက်ရှိသဖြင့် မြစ်ချောင်းများအနီးရှိ သီးနှံစိုက်ခင်းများ ပျက်စီးလျက်ရှိကြောင်း၊ တရုတ်နိုင်ငံတောင်ပိုင်းရှိ မြစ်ချောင်းများတွင်လည်း စိုးရိမ်ရေမှတ်သို့ရောက်ရှိနေသဖြင့် ရေလွှမ်းမိုးမှုများဖြစ်ပွားမည်ကို စိုးရိမ်လျက်ရှိကြောင်း ရေလွှမ်းမိုးမှုထိန်းချုပ်ရေးဆိုင်ရာ အာဏာပိုင်အဖွဲ့က ဘီဘီစီသတင်းဌာနသို့ ပြောကြားခဲ့သည်။ ထို့ပြင် ဟူဘေးပြည်နယ်တွင် ယန်စီမြစ်ရေမြင့်တက်လာမှုကြောင့် ယန်စီမြစ်ရေမှ ရေကို သွယ်ယူထားသည့် ဆည်များမှရေများကို ဖောက်ထုတ် လျက်ရှိသည်ဟု ဆိုသည်။

မုန်တိုင်းကြောင့် နေ့စဉ်ရက်ဆက် မိုးရွာသွန်းလျက်ရှိသဖြင့် ရာသီဥတု ဆိုးရွားလျက်ရှိကြောင်း၊ ထို့ကြောင့် ချန်းဒု၊ ချန်ရှုံကွမ်ကျိုးနှင့် ရှန်ကျန့် လေဆိပ်များ အပါအဝင် လေဆိပ်အများအပြားကိုလည်း ပိတ်ထားခဲ့ရကြောင်း၊ လေကြောင်းခရီးစဉ် အများအပြားကိုဖျက်သိမ်းခြင်းနှင့် ခရီးစဉ်နှောင့်နှေးခြင်းတို့ဖြစ်ပေါ်လျက်ရှိကြောင်း အဆိုပါသတင်းတွင် ဖော်ပြထားသည်။ **မယ်သီတာ**

## တူရကီနှင့် ဂရိနိုင်ငံတို့တွင် အင်အားပြင်းငလျင်လှုပ်ခတ်

တူရကီနိုင်ငံနှင့် ဂရိနိုင်ငံတို့တွင် ဇူလိုင်လ ၂၁ ရက်နံနက်ပိုင်းက အင်အားရစ်ချ်တာစကေး ၆ ဒသမ ၆ အဆင့်ရှိ အင်အားပြင်းငလျင်လှုပ်ခတ်ခဲ့ရာ လူနှစ်ဦးသေဆုံးပြီး လူနှစ်ရာကျော် ဒဏ်ရာရရှိခဲ့ကြောင်း သတင်းများအရ သိရသည်။

သေဆုံးခဲ့သူနှစ်ဦးမှာ ဂရိနိုင်ငံ Kos မြို့မှဖြစ်ပြီး အဆောက်အဦပြိုကျ မှုကြောင့် သေဆုံးခဲ့ရသည်ဟုဆိုသည်။

အဆိုပါအင်အားပြင်းငလျင်သည် တူရကီနိုင်ငံ အနောက်ဘက်ကမ်းခြေဒေသနှင့် ဂရိနိုင်ငံ၏ အနောက်မြောက်ဘက်ဒေတို့ကို ဗဟိုပြုကာ ပင်လယ်ရေမျက်နှာပြင်အောက် ခြောက်မိုင်အကွာကိုဗဟိုပြု၍ လှုပ်ခတ်ခဲ့ခြင်းဖြစ်ကြောင်း အမေရိကန် ဘူမိဗေဒတိုင်းတာရေးအဖွဲ့၏ တိုင်းတာချက်များအရ သိရသည်။

ဂရိနိုင်ငံတွင် ငလျင်လှုပ်ခတ်ရာ ဒေသသည် နိုင်ငံခြားသားဧည့်သည်အများစု လာရောက်အပန်းဖြေကြသည့် မြို့ဖြစ်ရာ လာရောက်လည်ပတ်သူ နိုင်ငံခြားသားများမှာထိတ်လန့်တုန်လှုပ်ခဲ့သည်ဟု ဆိုသည်။

ငလျင်လှုပ်ခတ်မှုကြောင့် တူရကီနိုင်ငံ Bodrum မြို့နှင့် ဂရိနိုင်ငံ Kos မြို့တို့တွင် အဆောက်အဦများ အများအပြားပျက်စီးခဲ့ကြောင်း အေပီသတင်းဌာနက ရေးသားဖော်ပြခဲ့သည်။

ဂရိနိုင်ငံ၏ Kos ဆိပ်ကမ်းသည်လည်း ဆိုးဆိုးရွားရွားပျက်စီးဆုံးရှုံးခဲ့သည့်အတွက် ဆိပ်ကမ်းသွားလာမှုများကို ပိတ်ထားခဲ့သည်။ Kos မြို့တွင် နေရာတိုင်းလိုလို အပျက်အစီးများကို မြင်တွေ့နေရသည်ဟု ဆိုသည်။

“Kos မြို့ရဲ့ လေဆိပ်ပြေးလမ်းကြောင်းတွေနဲ့ အဆောက်အဦတွေက ဆိုးဆိုးရွားရွား ပျက်စီးမှုမရှိပါဘူး။ အနည်းအကျဉ်းလောက်ပဲ ပျက်စီးခဲ့တဲ့အတွက် လေဆိပ်ကိုတော့ ဖွင့်လှစ်ထားမှာဖြစ်ပါတယ်။ သင်္ဘောဆိပ်ကိုတော့ ပိတ်ထားလိုက်ပါပြီ”ဟု ဂရိအစိုးရ၏ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

ထို့ပြင်တူရကီနိုင်ငံ၊ Bordum မြို့ တွင် လူ ၈၀ ခန့်မှာ ဒဏ်ရာများရရှိခဲ့သဖြင့် ဆေးရုံသို့ တက်ရောက်ကုသနေရသည်ဟု ဆိုသည်။

အင်အားပြင်းငလျင် လှုပ်ခတ်ပြီးနောက် ဆူနာမီအသေးစားဖြစ်ပေါ်ခဲ့ရာ ဆိပ်ကမ်းများတွင် ဆိုက်ကပ်ထားသည့် သင်္ဘောများအားလုံး ပျက်စီးခဲ့ရသည်ဟု ဆိုသည်။ **မယ်သီတာ**

Vol: 17, No.28 Monday July 24 2017

## လှိုင်ကော်မြို့ရှိ မိုင်းလုံဈေးနှင့် ရပ်ကွက်အတွင်းရှိ ကုန်စုံဆိုင်များတွင် ထုတ်ကုန် လုံခြုံ စိတ်ချရမှု ရှိ/မရှိ ကွင်းဆင်း စစ်ဆေး

ပြည်နယ်လှိုင်ကော်ခရိုင် စားသုံးသူရေးရာဦးစီးဌာနနှင့် မိတ်ဖက်အဖွဲ့အစည်းများပူးပေါင်း၍ ဇူလိုင်လ ၁၀ ရက်က လှိုင်ကော်မြို့ မိုင်းလုံဈေးနှင့် ရပ်ကွက်အတွင်းရှိ ကုန်စုံ ဆိုင်များ၌လည်းကောင်း၊ ဇူလိုင်လ၁၂ရက်တွင် ရွှေတောင်ရပ်ကွက်အတွင်းရှိ ကုန်စုံဆိုင်များ၌ လည်းကောင်း၊ ထုတ်ကုန်လုံခြုံ စိတ်ချရမှု ရှိ/မရှိ ကွင်းဆင်းစစ်ဆေးခဲ့ကြပါသည်။

ထို့သို့ ကွင်းဆင်းစစ်ဆေးရာတွင် သက်တမ်းလွန်နေသော (Pucci) အမှတ်တံဆိပ် မုန့်ကြွပ်၊ CATOON အမှတ်တံဆိပ် ကိတ်ခြောက်၊ For Green Color အမှတ်တံဆိပ် မုန့်ကြွပ်၊ YA!MIX အမှတ်တံဆိပ် ဘီစကစ်မုန့်၊ လှတယ်ဟေ့ အမှတ်တံဆိပ် အာလူးချောင်း၊ ချစ်လွန်းလို့ အမှတ်တံဆိပ်အာလူးချောင်း စသည့် သက်တမ်းလွန်စားသောက်ကုန်များရောင်းချနေသည်ကို စစ်ဆေးတွေ့ရှိရသဖြင့် ဆိုင်ရှင်ကိုယ်တိုင်ဈေးကွက်မှ ပြန်လည်သိမ်းဆည်းစေပြီး နောင်တွင် ဆက်လက်ရောင်းချခြင်းမပြုရန် ဝန်ခံကတိ လက်မှတ်များ ရေးထိုးစေခဲ့သည်။ ထို့အပြင် မိမိတို့ဆိုင်တွင်ရောင်းချသော စားသောက်ကုန်များသည် စားသုံးသူအတွက် ဘေးအန္တရာယ်ကင်းရှင်းစေရန် ရောင်းချသူများမှ မိမိရောင်းချသော ကုန်ပစ္စည်းများအပေါ် တာဝန်ယူမှု၊ တာဝန်ခံမှုရှိစေရန်အတွက် ကုန်ပစ္စည်းများ၏ ထုပ်ပိုးခွံအညွှန်းတွင် ကုန်ပစ္စည်းအမှတ်တံဆိပ်၊ ထုတ်လုပ်သည့်ရက်စွဲ၊ ကုန်ဆုံးသည့်ရက်စွဲ၊ ထုတ်လုပ်ရောင်းချသည့် နေရာဒေသ၊ သက်ဆိုင်ရာဌာန၏ ထောက်ခံချက်များပါရှိသည့် ကုန်ပစ္စည်းများကိုသာ ရွေးချယ်၍ ရောင်းချစေလိုကြောင်း အသိပညာပေးဆွေးနွေးခဲ့ပြီး စားသုံးသူအကာ အကွယ်ပေးရေးပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေခဲ့ကြောင်း သတင်းရရှိပါသည်။

**မိုင်းသိင်္ဂီလင်း (ကယား/စားသုံးသူ)**

## ထားဝယ်မြို့ တလိုင်းမရပ်ရှိ အ ◦ မ ◦ က ကျောင်းတွင် စားသုံးသူ အကာအကွယ်ပေးရေးအကြောင်း သိကောင်းစရာများအား ဟောပြောဆွေးနွေး

စားသုံးသူရေးရာ ဦးစီးဌာန၊ တနင်္သာရီတိုင်းဒေသကြီး ဦးစီးမှူးရုံးမှ ဒုတိယတိုင်းဒေသကြီး ဦးစီးမှူးနှင့် ဝန်ထမ်းများသည် ဇူလိုင် ၂၁ ရက်တွင် ထားဝယ်မြို့၊ တလိုင်းမရပ်ရှိ အခြေခံပညာမူလတန်းကျောင်း၌ စားသုံးသူ အကာအကွယ်ပေးရေး အကြောင်း သိကောင်းစရာများ ဟောပြောဆွေးနွေးခြင်းနှင့် ကျောင်းမုန့်ဈေးတန်း ကွင်းဆင်းစစ်ဆေးခြင်းများပြုလုပ်ခဲ့ပါသည်။

ဟောပြောဆွေးနွေးပွဲတွင် ဒုတိယတိုင်းဒေသကြီး ဦးစီးမှူး ဦးကျော်စိုးရီက စားသုံးသူရေးရာ ဦးစီးဌာနစတင်ပေါ်ပေါက်လာပုံ၊ ဌာန၏မျှော်မှန်းချက်နှင့် ရည်မှန်းချက်များအကြောင်းကို ရှင်းလင်းဟောပြောခဲ့ပြီး ဦးစီးမှူးဦးကျော်မင်းက ဟင်းသီးဟင်းရွက်၊ သစ်သီးဝလံများတွင် ပါဝင်သော ပိုးသတ်ဆေးများ အကြောင်းကိုလည်းကောင်း၊ တာရှည်ခံဆေးများ အသုံးပြုထားသော အစားအစာများအကြောင်းကိုလည်းကောင်း၊ အစားအသောက်များ စားသောက်ရာတွင် ရွေးချယ် ဝယ်ယူသုံးစွဲတတ်ရန်အတွက် မည်ကဲ့သို့ ရွေးချယ် ဝယ်ယူစားသောက်ရမည့် အကြောင်းများကို ရှင်းလင်းပြောကြားခဲ့ကာ၊ ဒုတိယ ဦးစီးမှူးဒေါ်ကြည်ကြည်ဇင်က ကျောင်းသား၊ ကျောင်းသူများမှ ကျန်းမာရေးနှင့်ညီညွတ်သည့် အစားအသောက်များကို ရွေးချယ်ဝယ်ယူ စားသောက်တတ်စေရန်အကြောင်းကိုလည်းကောင်း၊ လုံခြုံမှုမရှိသော ထုတ်ကုန်များ၏ဘေးအန္တရာယ်အကြောင်းကို လည်းကောင်း၊ အငယ်တန်းစာရေးဒေါ်ဖြူဖြူက အစားအသောက်များတွင်ပါဝင်သော ဆိုးဆေးများအကြောင်းကိုလည်းကောင်း ရှင်းလင်းဟောပြောခဲ့ပါသည်။

အဆိုပါ ဟောပြော ဆွေးနွေးပွဲတွင် စားသုံးသူအကာအကွယ်ပေးရေးဆိုင်ရာလက်ကမ်း စာစောင်များဖြန့်ဝေပေးခဲ့ပြီး သက်ဆိုင်ရာကျောင်းအုပ်ကြီး၊ ဆရာ/ဆရာမနှင့် ကျောင်းသား၊ ကျောင်းသူစုစုပေါင်း ၂၉၄ ဦး တက်ရောက်ခဲ့ကြောင်း သတင်းရရှိပါသည်။

**ရွှေဝယ်သား**

## ပုသိမ်မြို့ အ ◦ ထ ◦ က (၁) တွင် စားသုံးသူအကာအကွယ်ပေးရေး ဟောပြောပွဲနှင့် ကျောင်းမုန့်ဈေးတန်းအား ကွင်းဆင်းစစ်ဆေး

ပုသိမ်ခရိုင်စားသုံးသူရေးရာ ဦးစီးဌာနမှ ပုသိမ်မြို့ အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်း၌ ဇူလိုင် ၁၇ ရက်တွင် စားသုံးသူ အကာအကွယ်ပေးရေး ဟောပြောပွဲနှင့် ကျောင်းမုန့်ဈေးတန်းကွင်းဆင်း စစ် ဆေးခြင်းများကို ဆောင်ရွက်ခဲ့ပါသည်။

ကျောင်းမုန့်ဈေးတန်းအား ပုသိမ်ခရိုင်ဦးစီးမှူးနှင့် ကျောင်းအုပ်ဆရာကြီး၊ ကျောင်းမုန့်ဈေးတန်း စားသုံးသူရေးရာအဖွဲ့ ဆရာမများနှင့်အတူ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေး ဦးစီးဌာနမှ တားမြစ်ထားသောမုန့်များ၊ သန့်ရှင်းလတ်ဆတ်မှုမရှိသော မုန့်များ၊ ရက်လွန်မုန့်များ၊ ဆိုးဆေးများ အလွန်အကျွံသုံးစွဲထားသော အစားအစာများအား ကျောင်းသူ၊ ကျောင်းသားများ ဘေးအန္တရာယ်ကင်းရှင်းစွာ စားသောက်နိုင်ရေးအတွက် ရောင်းချခြင်းမပြုရန် ကွင်းဆင်းစစ်ဆေးဆောင်ရွက်ခဲ့ပါသည်။ ဆက်လက်၍ အမှတ်(၁) အ ◦ ထ ◦ က ရတနာ တန်ဆောင်ခန်းမ၌ ကျောင်းသူ ကျောင်းသားများအား စားသုံးသူ အကာအကွယ်ပေးရေး အသိပညာပေး ဟောပြောပွဲအား ကျင်းပခဲ့ရာ ပုသိမ်ခရိုင် စားသုံးသူရေးရာခရိုင် ဦးစီးမှူးက ကျောင်းသူ၊ ကျောင်းသားများအား




စားသုံးသူရေးရာနဲ့ ပတ်သက်သည့်အကြောင်းအရာများအား ရှင်းလင်းဆွေးနွေးဟောပြောခဲ့ပြီး ဒုတိယခရိုင် ဦးစီးမှူးက ကျောင်းသူ၊ ကျောင်းသားများအား အစားအသောက်နှင့် ဆေးဝါး ကွပ်ကဲရေးဦးစီးဌာနမှ ထုတ်ပြန်ထားသော စားသုံးရန်မသင့်သည့်မုန့်များ၊ ဆိုးဆေးပါသော အစားအစာများကို စားသောက်ခြင်းဖြင့် ဖြစ်ပွားနိုင်သော ရောဂါများ၊ ကျောင်းသူ ကျောင်းသားများရှောင်ရန် ဆောင်ရန် အချက်အလက်များအား ပါဝါပွိုင့်ဖြင့် ရှင်းလင်းဟောပြောဆွေးနွေးခဲ့ကြောင်း သတင်းရရှိပါသည်။

**မောင်ပုသိမ်**

## မြိတ်မြို့ ငြိမ်းချမ်းရေးရပ် အခြေခံပညာမူလတန်းလွန်ကျောင်း၌ စားသုံးသူအကာအကွယ်ပေးရေး အသိပညာပေးဟောပြော ပွဲကျင်းပ

မြိတ်ခရိုင် စားသုံးသူရေးရာဦးစီးဌာနသည် ဇူလိုင်လ ၁၄ ရက်က မြိတ်မြို့၊ ငြိမ်းချမ်းရေးရပ်၊ အခြေခံပညာမူလတန်းလွန်ကျောင်း၌ စားသုံးသူ အကာအကွယ် ပေးရေးဆိုင်ရာ သိကောင်းစရာများ အသိပညာပေးဟောပြောခဲ့ပါသည်။

ဟောပြောဆွေးနွေးရာတွင် စားသုံးသူရေး ရာဦးစီးဌာန၊ မြိတ်ခရိုင်ဦးစီးမှူးရုံးမှ ဦးစီးမှူးနှင့် ဝန်ထမ်းများ၊ အစားအသောက်နှင့် ဆေးဝါးကြီးကြပ်ကွပ်ကဲရေး ဦးစီးဌာနမှ တာဝန်ခံများက စားသုံးသူရေးရာဥပဒေ ပေါ်ပေါက်လာပုံနှင့် ရည်ရွယ်ချက်များ ခွင့်မပြု ဓာတုဆိုးဆေးများအကြောင်း၊ လုံခြုံစိတ်ချရမှုမရှိသော စားသုံးရန်/ သုံးစွဲရန် မသင့်တားမြစ်ထားသော စားသောက်ကုန်များအကြောင်းအား အသေးစိတ် ဟောပြောဆွေးနွေးခဲ့ပါသည်။ အဆိုပါဆွေးနွေးပွဲသို့ ကျောင်းမှ တာဝန်ခံဆရာ၊ ဆရာမ၊ ကျောင်းသား၊ ကျောင်းသူ စုစုပေါင်း ၄၄၅ ဦး တက်ရောက်ခဲ့ကြောင်း သတင်းရရှိပါသည်။

**ညိုညိုစန်း(မြိတ်)**

## တောင်ကြီးမြို့တွင် ရှမ်းပြည်နယ် ထုတ်ကုန်လုံခြုံ စိတ်ချရမှုဆိုင်ရာ လုပ်ငန်းကော်မတီ အစည်းအဝေး (၃/ ၂၀၁၇) ကျင်းပ၊ တောင်ကြီးမြို့တွင် မြေပဲဆီအတုပြုလုပ် ရောင်းချမှုနှင့် ပတ်သက်၍ အရေးယူသွားမည်

ရှမ်းပြည်နယ် (တောင်ပိုင်း) ပြည်နယ်ထုတ်ကုန် လုံခြုံစိတ်ချရမှုဆိုင်ရာ လုပ်ငန်း ကော်မတီ အစည်းအဝေး (၃/၂၀၁၇) ကို တောင်ကြီးမြို့၊ စားသုံးသူရေးရာ ဦးစီးဌာန၊ ပြည်နယ် ဦးစီးမှူးရုံး အစည်းအဝေး ခန်းမတွင် ဇူလိုင်လ ၁၃ ရက်က ကျင်းပခဲ့ပါတယ်။

အဆိုပါ အစည်းအဝေးတွင် ပြည်နယ်ထုတ်ကုန် လုံခြုံစိတ်ချရမှုဆိုင်ရာ လုပ်ငန်း ကော်မတီဥက္ကဋ္ဌ ဦးမြသန်းက ရှမ်းပြည်နယ်အတွင်းရှိ ဈေးကွက်များတွင် ရောင်းချနေသော ကုန်စည်များနှင့် ပတ်သက်ပြီး လုံခြုံစိတ်ချရမှု ရှိစေရန် အတွက် မြေပဲဆီအတု ပြုလုပ်သည့်ကိစ္စကို အဓိက ဆွေးနွေးကြရန်၊ အမှတ် (၅) ဈေးတွင် ကြက်အရှင်များကို လူမြင်ကွင်းတွင် လည်လှီးသတ်ဖြတ်ပြီး ကြက်အမွှေးများ၊ ဝမ်းတွင်းကလီစာများ၊ သွေးများကြောင့် ပတ်ဝန်းကျင် ညစ်ညမ်းမှုဖြစ်၍ ပိုးမွှားများ ပေါက်ပွားစေပြီး၊ ကျန်းမာရေး ရှုထောင့်အရလည်းကောင်း၊ ဗုဒ္ဓဘာသာ အများစု နေထိုင်သော နိုင်ငံတွင် အမြင်မတော်သော လုပ်ရပ် တစ်ခုဖြစ်နေခြင်း၊ အနီးအနားတွင်လည်း စားသောက်ဆိုင်များ ရှိနေကြောင်း၊ သို့အတွက် မြို့နယ် ကျန်းမာရေး ကြီးကြပ်မှု ကော်မတီမှ ခေါ်ယူ ရှင်းလင်းပေးပါရန်နှင့် ဆောင်ရွက်၍ မရပါက နောက်ဆုံး အစိုးရအဖွဲ့ကိုတင်ပြသွားရမည့်အခြေအနေ ရှိပါကြောင်း၊ အဓိကအချက်ဖြစ်တဲ့ မြေပဲဆီ အတုပြုလုပ်သည့် ရှမ်းလေးမြေပဲဆီ တံဆိပ်အား ဆုံးဖြတ်ချက်ချမှတ်နိုင်ရန် ကော်မတီဝင်များမှ အကြံပြု ဆွေးနွေးပေးကြပါရန် ပြောကြားပါသည်။

တောင်ကြီးမြို့၊ ညောင်ဖြူစခန်းရပ်၊ ည/ ၁၇၊ ရတနာ လမ်းသွယ် (၁) နေ ဦးထက်ကိုကို (ဘ) ဦးကြည်တင့်သည် မြေပဲဆီအတု ပြုလုပ်ရောင်းချမှုကိစ္စနှင့် ပတ်သက်၍ ဇူလိုင်လ ၁၁ ရက်က အဖွဲ့စုံဖြင့် သွားရောက် စစ်ဆေးခဲ့ရာ စားသုံးဆီ ၉၉၂ ပိဿာခန့်၊ မြေပဲဆီ ပိဿာ၂၀၀ ခန့်၊ နှမ်းဆီ ၉၈ ပိဿာခန့်၊ ဝါစေ့ဆီ ၁၂၃ ပိဿာခန့်၊ မြေပဲဆီအနံ့ ၇၀ စီစီခန့်ကို စစ်ဆေးတွေ့ရှိရပါကြောင်း၊ သက်ဆိုင်ရာ ဌာနများ၏ ခွင့်ပြုချက်မရှိဘဲ မိမိ သဘောဖြင့် တရားမဝင် ထုတ်လုပ်ရောင်းချနေခြင်း၊ မြေပဲဆီ၊ ဝါစေ့ဆီများကို ရောနှောပြီး သူကိုယ်တိုင် အနံ့ထည့်၍ ရောင်းတယ်ဆိုတာလည်း ဝန်ခံချက်ပေးထားကြောင်း၊ စစ်ဆေးတွေ့ရှိရတဲ့ မြေပဲဆီဟု လိမ်လည်ရောင်းချနေခြင်းကို ထင်ရှားစေပါကြောင်း စားသုံးသူ အကာအကွယ်ပေးရေးဥပဒေ အခန်း (၇)၊ အပိုဒ် (၁၀)၊ အပိုဒ်ခွဲ (စ) တွင် အမျိုးအစားတူ အရည်အသွေးနိမ့်ကုန်စည်ကို ရောနှောရောင်းချခြင်းနှင့် အမျိုး အစားမတူ စားသုံးရန်မသင့်သောကုန်စည်ကို ရောနှော ရောင်းချခြင်းပြုပါက စားသုံးသူအကာအကွယ်ပေးရေးဥပဒေ အခန်း (၁၀) အပိုဒ် (၁၉) တွင်ပါရှိသည့် စီးပွားရေးလုပ်ငန်းရှင်အတွက် တားမြစ်ချက်များကို လိုက်နာရန် ပျက်ကွက်မှုအပေါ် စားသုံးသူ အကာအကွယ်ပေးရေးဥပဒေအရ ထိထိရောက်ရောက် ဆောင်ရွက်သွားခြင်းဖြင့် ယခုရော နောင်ရောကောင်းမွန်မှာဖြစ်ပါကြောင်း အကျယ်တဝင့် ဆွေးနွေးပြောကြားပါသည်။

ထို့နောက် တက်ရောက်လာသူများက သက်ဆိုင်ရာ ကဏ္ဍအလိုက် အသေးစိတ်ဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။

**စောမောင် (တောင်ကြီး)**

## တိုင်းဒေသကြီး စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့နှင့် ကော်မတီနှစ်ရပ်တို့၏ လုပ်ငန်းညှိနှိုင်း အစည်းအဝေးကျင်းပ



တနင်္သာရီတိုင်းဒေသကြီး၊ စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့နှင့် စားသုံးသူတိုင်ကြား လက်ခံ ဆောင်ရွက်ရေး ကော်မတီ၊ ထုတ်ကုန်လုံခြုံစိတ်ချရမှုဆိုင်ရာ လုပ်ငန်း ကော်မတီနှစ်ရပ်တို့၏ လုပ်ငန်းညှိနှိုင်း အစည်းအဝေး(၄/၂၀၁၇)ကို ဇူလိုင်လ ၁၁ ရက်တွင် စားသုံးသူ ရေးရာဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပခဲ့ပါသည်။ အဆိုပါ ညှိနှိုင်း အစည်းအဝေးသို့ တနင်္သာရီတိုင်းဒေသကြီး၊ စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့ဥက္ကဋ္ဌ၊ စီမံကိန်းနှင့်ဘဏ္ဍာရေး ဝန်ကြီးဦးဖြိုးဝင်းထွန်း၊ စားသုံးသူ အငြင်းပွားမှု ဖြေရှင်းရေး ကော်မတီနှင့် ကော်မတီနှစ်ရပ်၏ အဖွဲ့ဝင်များ တက်ရောက်ခဲ့ကြပါသည်။

တိုင်းဒေသကြီး၊ စားသုံးသူအငြင်းပွားမှုဖြေရှင်းရေး အဖွဲ့ဥက္ကဋ္ဌ၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးက စားသုံးသူ အကာအကွယ်ပေးရေး လုပ်ငန်းဆိုတာ အစားအသောက် တစ်ခုတည်းမဟုတ်ဘဲ ဝန်ဆောင်မှုကဏ္ဍများဖြစ်တဲ့ အဝေးပြေး ခရီးသည်ပို့ဆောင်ရေး ဝန်ဆောင်မှုလုပ်ငန်း၊ ရောင်းချပြီး ပစ္စည်းအပေါ် အာမခံချက်ပေးထားသည့်အတိုင်း ဆောင်ရွက်ပေးသည့် ဝန်ဆောင်မှုလုပ်ငန်း၊ စားသောက်ဆိုင်ဝန်ဆောင်မှုလုပ်ငန်း၊ အီလက်ထရောနစ်ပစ္စည်း၊ မိုဘိုင်းဖုန်းဝန်ဆောင်မှုလုပ်ငန်း၊ ကြော်ငြာဝန်ဆောင်မှုလုပ်ငန်းများနှင့် ပတ်သက်သော ကုန်စည်နှင့် ဝန်ဆောင်မှုလုပ်ငန်းများလုံခြုံစိတ်ချရမှု ရရှိစေရေး၊ ပြည်သူများ နားလည်သဘောပေါက်မှုရှိအောင် စားသုံးသူ အငြင်း ပွားမှုဖြေရှင်းရေးအဖွဲ့ဝင်များမှ ဝိုင်းဝန်းဆောင်ရွက်သွားဖို့ လိုအပ်ပါကြောင်း၊ စားသုံးသူပြည်သူများ၏ အခွင့် အရေးနစ်နာဆုံးရှုံးမှုများ ဖြစ်ပေါ်လာပါက မိမိတို့နစ်နာဆုံးရှုံးမှုများကို စားသုံးသူ သတင်းပြန်ကြားရေးနှင့် တိုင်ကြားမှုလက်ခံဆောင်ရွက်ရေးစင်တာသို့ လာရောက်တိုင်တန်းနိုင်ပြီး နှစ်ဦး နှစ်ဖက် ညှိနှိုင်းဆောင်ရွက်ပေးသွားမှာဖြစ်ပါကြောင်း ယင်းလုပ်ငန်းများနှင့် ဆက်စပ်ပြီး အကြံပြုချက်များလည်း ပါဝင်ဆွေး နွေးပေးရန် တိုက်တွန်းပြောကြားခဲ့ကြောင်း သတင်းရရှိပါသည်။

**ရွှေဝယ်သား**

## ပုသိမ်မြို့ စားသုံးသူရေးရာ ဦးစီးဌာနတွင် ထုတ်ကုန် လုံခြုံစိတ်ချရမှုဆိုင်ရာ ဆွေးနွေးပွဲပြုလုပ်

ပုသိမ်မြို့ စားသုံးသူရေးရာ ဦးစီးဌာန၏ ထုတ်ကုန်လုံခြုံ စိတ်ချရမှုဆိုင်ရာ လုပ်ငန်းကော်မတီ၏ ညှိနှိုင်းဆွေးနွေးပွဲကို ဇူလိုင် ၇ ရက်က ကျင်းပပြုလုပ်ရာ ထုတ်ကုန် လုံခြုံစိတ်ချရမှု ကော်မတီဥက္ကဋ္ဌ၊ တိုင်းဦးစီးမှူး ဦးခင်မောင်လှိုင်၊ အတွင်းရေးမှူး၊ လက်ထောက် ညွှန်ကြားရေးမှူး ဦးစိုးဦးနှင့် လက်ထောက် ညွှန်ကြားရေးမှူးများ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့၊ အဖွဲ့ဝင် တိုင်းအဆင့် ဌာနဆိုင်ရာများ၊ စားသုံးသူ ကိုယ်စားလှယ်များ စုစုပေါင်း ၂၅ ဦး တက်ရောက်ခဲ့ပါသည်။

ထုတ်ကုန် လုံခြုံစိတ်ချရမှုဆိုင်ရာ လုပ်ငန်းကော်မတီ ဥက္ကဋ္ဌ တိုင်းဦးစီးမှူး ဦးခင်မောင်လှိုင်က အဖွင့်အမှာစကား ပြောကြား၍ အတွင်းရေးမှူး ဦးစိုးဦးက ထုတ်ကုန် လုံခြုံစိတ်ချရမှုဆိုင်ရာ ကိစ္စရပ်များအား ရှင်းလင်းပြောကြားပြီး တက်ရောက်လာသော ကော်မတီအဖွဲ့ဝင်များက ပြန်လည် ဆွေးနွေးခဲ့သည်။ ထို့ပြင် တားမြစ်ကုန်စည်၊ ကုန်စည် အရောအနှော ထုတ်ကုန် စစ်ဆေးခြင်း၊ ဈေးကွက် မရောက်မီ ကုန်စည်များအား စောင့်ကြည့်လေ့လာခြင်းနှင့် ထုတ်ကုန်လုံခြုံစိတ်ချရမှု မရှိသည့် တားမြစ်ကုန်စည်များအပြင် အစားအသောက်၊ ကုန်စည်၊ ဝန်ဆောင်မှုသတင်းအချက်အလက် ဈေးကွက် စောင့်ကြည့်လေ့လာရေး မိတ်ဖက်ဌာနများနှင့် ညှိနှိုင်း ပေါင်းစပ်ဆောင်ရွက်ရမည့် ကိစ္စရပ်များအား အသေး စိတ်ဆွေးနွေးခဲ့ကြောင်း သိရသည်။

**ထွန်းထွန်း(ပုသိမ်)**

## ဖျာပုံမြို့ အ-ထ-က(၁)တွင် စားသုံးသူအကာအကွယ်ပေးရေး ဟောပြောပွဲကျင်းပ

ဖျာပုံမြို့နယ် စားသုံးသူရေးရာ ဦးစီးဌာနမှ မြို့နယ် တာဝန်ခံ ဦးစိုးမင်းထိုက်နှင့် တာဝန်ရှိသူများသည် ဇူလိုင် ၁၀ ရက်တွင် အ-ထ-က(၁) အောင်မြေခန်းမ၌ စားသုံးသူအကာအကွယ်ပေးရေး ဟောပြောပွဲကျင်းပခဲ့ကြောင်း သိရပါတယ်။

အခမ်းအနားတွင် မြို့နယ်တာဝန်ခံက စားသုံးသူအကာအကွယ်ပေးရေးဥပဒေပါ အကြောင်းအရာများနှင့် ဌာန၏ ဆောင်ရွက်နေမှုများကို အသေးစိတ်ရှင်းလင်းပြောကြားခဲ့ပါတယ်။ ဒုတိယမြို့နယ်တာဝန်ခံက FDA မှတားမြစ်ထားသော အစားအစာများ၊ အချိုရည်၊ ရေသန့်၊ အလှကုန်ပစ္စည်း၊ အချိုမှုန့်၊ ပိုးသတ်ဆေး၊ ပေါင်းသတ်ဆေး၊ ကုန်စည်၊ ဝန်ဆောင်မှုနဲ့ ပတ်သက်၍ တာဝန်ယူဖြေရှင်းမပေးနိုင်တဲ့ အချို့ ကြော်ငြာများကြောင့် အတုယူမမှားကြစေရန်နှင့် စားသုံးသူ အငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့၏အရေးယူပိုင်ခွင့်နဲ့ ပြစ်မှုပြစ်ဒဏ်များ၏ အခြေအနေများကို ဟောပြောဆွေးနွေးခဲ့ပါတယ်။

ဒုတိယဦးစီးမှူးက စားသုံးသူပြည်သူများအတွက် စားသုံးသူသတင်းပြန်ကြားရေးနှင့် တိုင်ကြားမှုလက်ခံဆောင်ရွက်ရေးစင်တာ (CICC) ကို ဖွင့်လှစ်ထားပြီး နစ်နာဆုံးရှုံးမှုမရှိစေရေး လက်ခံဖြေရှင်း ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ စားသုံးသူပြည်သူများအနေဖြင့် တယ်လီဖုန်း၊ စာတို့ဖြင့် တိုင်ကြားမှုကိုလက်ခံပြီး ကွင်းဆင်းစစ်ဆေးကာ တကယ်ဆုံးရှုံးနစ်နာမှုများကို အရေးယူ ဖြေရှင်းဆောင်ရွက်ပေးခဲ့ပုံများအား အကျယ်တဝင့် ရှင်းလင်းဆွေးနွေးခဲ့ပါတယ်။

အဆိုပါ အခမ်းအနားသို့ စုစုပေါင်း ၂၇၆၅ ဦး တက်ရောက်ခဲ့ကြောင်း သတင်းရရှိပါတယ်။ **မင်းဇော်မွန်(ဖျာပုံ)**

## ထားဝယ်မြို့ရှိ အခြေခံပညာမူလတန်းကျောင်းသုံးကျောင်းတွင် စားသုံးသူအကာအကွယ်ပေးရေးအကြောင်း သိကောင်းစရာများ ဟောပြောဆွေးနွေး

စားသုံးသူရေးရာ ဦးစီးဌာန၊ တနင်္သာရီတိုင်းဒေသကြီး ဦးစီးမှူးရုံးမှ တိုင်းဒေသကြီးဦးစီးမှူး ဦးဆောင်သော အဖွဲ့သည် ထားဝယ်မြို့ရှိအခြေခံပညာ မူလတန်းကျောင်းသုံးကျောင်းတွင် စားသုံးသူ အကာအကွယ်ပေးရေးဆိုင်ရာ ဟောပြောပွဲများကျင်းပခဲ့ကြောင်း သိရှိရသည်။

တိုင်းဒေသကြီး စားသုံးသူရေးရာ ဦးစီးဌာနမှ တာဝန်ရှိသူများသည် ဇူလိုင်လ ၆ ရက်တွင် ဇဟာကျေးရွာရှိ အ. မ. က ဇဟာကျောင်းတွင်လည်းကောင်း၊ ဇူလိုင်လ ၁၀ ရက် နံနက်ပိုင်းတွင် အ. မ. က ရှမ္ဗလည်ဆွဲကျောင်းတွင်လည်းကောင်း၊ နေ့လယ်ပိုင်းတွင် အ. မ. က သင်္ဘောဆိပ်ကျောင်းတွင်လည်းကောင်း စားသုံးသူအကာအကွယ်ပေးရေးဆိုင်ရာ ဟောပြောပွဲများ ကျင်းပခဲ့ပါသည်။

အဆိုပါ ဟောပြောဆွေးနွေးပွဲ အသီးသီးသို့ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ စုစု ပေါင်း ၄၁၃ ဦး တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိပါသည်။ **ရွှေဝယ်သား**



## ဘိုကလေးမြို့မဈေးကြီးရှိ မုန့်မျိုးစုံအရောင်းဆိုင်များတွင် ခွင့်မပြုဆိုးဆေးပါဝင်သည့် အစားအသောက်များ ရောင်းချခြင်း ရှိ/မရှိ ကွင်းဆင်းစစ်ဆေး

ဧရာဝတီတိုင်းဒေသကြီး၊ အစားအသောက်နှင့် ဆေးဝါး ကြီးကြပ်ကွပ်ကဲရေး ဦးစီးဌာနမှ ဈေးကွက်နမူနာကောက် ယူစစ်ဆေးခြင်း အစီအစဉ်အရ (Miki-Ko) အမှတ်တံဆိပ် ချယ်ရီသီးတွင် ခွင့်မပြုဆိုးဆေးပါဝင်ကြောင်း စိစစ် တွေ့ရှိရသဖြင့် အဆိုပါ စားသုံးရန်မသင့်သော အစားအသောက်အား သိမ်းဆည်းဖျက်ဆီးရန်နှင့် ဈေးကွက်အတွင်း ရောင်းချခြင်းမပြုရန် ညှိနှိုင်းအကြောင်းကြားလာခြင်းအပေါ် ဇွန်လ ၁၆ ရက်က ဘိုကလေးမြို့၊ မြို့မဈေးကြီးအတွင်း ဘိုကလေးမြို့နယ်၊ စားသုံးသူရေးရာ ဦးစီးဌာနနှင့် မြို့နယ်စည်ပင် သာယာရေး ဦးစီးဌာနတို့ ပူးပေါင်း၍ စစ်ဆေးခဲ့ကြောင်း သိရှိရပါသည်။

ပူးပေါင်းအဖွဲ့အနေဖြင့် ဈေးအတွင်း ဝင်ရောက်စစ်ဆေးရာတွင် မုန့်မျိုးစုံ အရောင်းဆိုင် ၁၀ ဆိုင်အား စစ်ဆေးခဲ့ကြ၍ အလားတူ တရားဝင် တားမြစ်ထားသည့် လုံခြုံစိတ်ချရမှု မရှိသည့် စားသုံးရန်မသင့်သော အစားအသောက်များအား ရောင်းချခြင်း မရှိစေရေးနှင့် မလိုက်နာပါက စားသုံးသူ အကာအကွယ်ပေးရေး ဥပဒေနှင့်အညီ အရေးယူခံရမည့်အကြောင်း အသိပေး ပညာပေး ဆောင်ရွက်ခဲ့ကြောင်း သိရှိရပါသည်။

**မောင်ဇော်(ဘိုကလေး)**

## ပုသိမ်တက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမတွင် စားသုံးသူအကာအကွယ်ပေးရေး အသိပညာပေး ဟောပြောပွဲ ကျင်းပ

ပုသိမ်မြို့ စားသုံးသူရေးရာ ဦးစီးဌာနမှ တိုင်းဦးစီးမှူး ဦးခင် မောင်လှိုင်နှင့်တာဝန်ရှိသူ များသည် ပုသိမ်တက္ကသိုလ်ရှိ ဆရာ/ဆရာမ ၊ ကျောင်းသား/ကျောင်းသူ ၅၀၁ ဦးအား ဇူလိုင် ၁၁ ရက်တွင် စားသုံးသူ အကာအကွယ်ပေးရေး အသိပညာပေး ဟောပြောပွဲ ကျင်းပခဲ့ပါသည်။

အဆိုပါ ဟောပြောပွဲတွင် တိုင်း ဦးစီးမှူး ဦးခင်မောင်လှိုင်က အဖွင့်အမှာစကား ပြောကြားပြီး ဒုတိယညွှန်ကြားရေးမှူး ဦးသိန်းနိုင်က စားသုံးသူရေးရာ ဦးစီးဌာန၏ သမိုင်းကြောင်းနှင့် ဖွဲ့စည်းထားရှိမှု၊ ဆောင်ရွက်နေသော လုပ်ငန်းများ၊ ဌာန၏ ရည်ရွယ်ချက်၊ ရည်မှန်းချက်များ၊ စားသုံးသူ အကာအကွယ်ပေးရေး ဥပဒေ ပေါ်ပေါက်လာပုံ၊ စားသုံးသူများ၏ အခွင့်အရေးနှင့် တာဝန်များ၊ စီးပွားရေး လုပ်ငန်းရှင်များအတွက် တားမြစ်ချက်များ၊ ဥပဒေများအား ဆွေးနွေး ပြောကြားခဲ့ပြီး၊ ဦးစီးအရာရှိ ဦးစောမိုက်ကယ်က စားသုံးသူ အကာအကွယ်ပေးရေးအကြောင်း သိကောင်းစရာများ၊ တားမြစ် ကုန်စည်များ၊ ဆောင်ရန်၊ရှောင်ရန် များနှင့် စားသုံးသူ အသိပညာ၊ ဗဟုသုတများကို အကျယ်တဝင့် ရှင်းလင်းပြောကြားခဲ့သည်။ ထို့နောက် စားသုံးသူ အသိပညာပေး လက်ကမ်းစာစောင်များအား ဖြန့်ဝေခဲ့ကြောင်း သတင်းရရှိသည်။

**စောမိုက်ကယ်(ပုသိမ်)**

ယခင်တစ်ပတ်မှအဆက်

# တရုတ်နိုင်ငံသို့ ပို့ကုန် တင်ပို့မည့်ဆိုလျှင်

——— ကျော်စိန်ဝင်း (ပြည်တွင်း/ပြည်ပ) ——

## China Food and Drug Administration (CFDA)

တရုတ်နိုင်ငံ၊ အစားအသောက်နှင့် ဆေးဝါး ကွပ်ကဲရေးဌာနဖြစ်ပြီး၊ အစားအစာဘေးကင်း လုံခြုံမှု အပိုင်းကို အဓိကတာဝန်ယူ ဆောင်ရွက်ပါတယ်။ http://www.cfda.gov.cn မှာ ဝင်ရောက် လေ့လာနိုင်ပါတယ်။

## China’s National Certification and Accreditation Administration (CNCA)

ဒီအဖွဲ့အစည်းကတော့ AQSIQ လက် အောက်ခံ ဌာနတစ်ခုဖြစ်ပြီး၊ တစ်နိုင်ငံလုံးမှာ ရှိတဲ့ ကြီးကြပ်စစ်ဆေးခြင်း၊ အသိအမှတ်ပြု ထောက်ခံချက်များနဲ့ စပ်လျဉ်းတဲ့ လုပ်ငန်းစဉ်တွေကို ဆောင်ရွက်ပါတယ်။ တရုတ်နိုင်ငံကို တင်ပို့မယ့် ပြည်ပနိုင်ငံထုတ် စားသောက်ကုန်တွေရဲ့ ထုတ် လုပ်မှုပစ္စည်းများ (producing facilities) ကို မှတ်ပုံတင်ပေးတဲ့ ဌာနလည်း ဖြစ်ပါတယ်။ http:// www.cnca.gov.cn မှာ ဝင်ရောက်ကြည့်ရှုနိုင်ပါတယ်။

## National Health and Family Planning Commission (NHFPC)

NHFPC ကတော့ အစားအစာ ဘေးအန္တရာယ်ရှိမှု အခြေအနေ အကဲဖြတ်ခြင်းနဲ့ အစားအစာ ဘေးကင်းလုံခြုံမှု စံနှုန်းဖွံ့ဖြိုးရေးတို့ကို အဓိက တာဝန်ယူဆောင်ရွက်ပါတယ်။ အစား အစာ အန္တရာယ်ရှိမှု စောင့်ကြည့်လေ့လာခြင်းကို ဆောင်ရွက်ပြီး၊ တွေ့ရှိပါက CFDA သို့အသိပေး အကြောင်းကြားပါတယ်။ ဒီဌာနရဲ့ အင်တာနက်စာမျက်နှာကတော့ http://en.nhfpc.gov.cn ဖြစ်ပါတယ်။

## **လယ်ယာထွက်ကုန်ပစ္စည်းများတင်ပို့မှုအတွက် ဘယ်လို Certificate တွေ လိုအပ်သလဲ**

မြန်မာနိုင်ငံမှ ပို့ကုန်လုပ်ငန်းရှင်များအနေနဲ့ ပြည်ပနိုင်ငံများသို့ ကုန်ပစ္စည်းများ တင်ပို့ရာမှာ တစ်ဖက်နိုင်ငံရဲ့ လုပ်ထုံးလုပ်နည်းများကို သိရှိနားလည်မှု အားနည်းခြင်း၊ ကြိုတင်ဖြည့်ဆည်းပေးရမယ့် စာရွက်စာတမ်း အထောက်အထားများ၊ မှတ်ပုံတင်ခြင်း လုပ်ငန်းများအား ဆောင်ရွက်နိုင်မှု မရှိခြင်းတို့ကြောင့် ပို့ကုန်ပစ္စည်းများ ဆိပ်ကမ်းရောက်ချိန်တွင် နှောင့်နှေးကြန့်ကြာမှုများ၊ မလိုလားအပ်တဲ့ နစ်နာဆုံးရှုံးမှုများ ကြုံတွေ့ရနိုင်ပါတယ်။ ဒီလိုမျိုးဆုံးရှုံးမှုများ မဖြစ်ပေါ်စေဖို့အတွက် တရုတ်နိုင်ငံသို့ အမေရိကန်နိုင်ငံရဲ့ လယ်ယာထွက်ကုန်ပစ္စည်းတွေတင်ပို့ရာမှာ ဖြည့်ဆည်း ဆောင်ရွက်ပေးရတဲ့ Certificate အမျိုးအစားများ၊ Certificate တောင်းခံရသည့် ရည်ရွယ်ချက်၊ Certificate တွင် ပါဝင်ရမည့် အချက် များ၊ သက်ဆိုင်သည့်ဌာန/အဖွဲ့အစည်းတို့ကို နမူနာအဖြစ် လေ့လာနိုင်ရန် အောက်ပါဇယားမှာ ဖော်ပြပေးထားပါတယ်။

| ကုန်ပစ္စည်း | Certificate | Certificate တွင် ပါဝင်ရမည့် အချက်အလက် | ရည်ရွယ်ချက် | ဌာန |
|---|---|---|---|---|
| လယ်ယာ ထွက်ကုန်နှင့် စားသောက်ကုန် အားလုံး | Quarantine Inspection Permit (QIP) | ပါဝင်ပစ္စည်း၊ ပမာဏနှင့် သဘော်တင်ပို့မှု၏ ရုပ်ပိုင်းဆိုင်ရာ သွင်ပြင်လက္ခဏာများနှင့် ပတ်သက်သော သတင်းအချက်အလက် | အထွေထွေ သွင်းကုန် ထောက်ခံချက် | AQSIQ |
| နို့နှင့် နို့ထွက် ပစ္စည်း | AMS Export Sanitary Certificate | အပူပေးထားသော ထုတ်ကုန်များနှင့် တင်ပို့သည့်နိုင်ငံ၏ ကုန်ချောထုတ်လုပ်မှု လိုအပ်ချက်များနှင့် ကိုက်ညီမှု | သန့်ရှင်းမှု ထောက်ခံချက် | AQSIQ |
| အစာအဖြစ် အသုံးပြုသည့် နို့ထွက် ပစ္စည်းများ | APHIS Export Health Certificate | ကျွဲ၊ နွားရောဂါ၊ ခွာနာလျှာနာ၊ ကူးစက်တတ်သော တိရစ္ဆာန်အဆုတ်ရောင် နမိုးနီးယား ရောဂါစသည်များ ကင်းရှင်းမှု | ကျန်းမာရေး ထောက်ခံချက် | AQSIQ |
| နို့နှင့် နို့ထွက် ပစ္စည်းများ | Certificate of Origin | နို့ထွက်ပစ္စည်း တင်သွင်းမှုအတွက် ပင်ရင်းနိုင်ငံ သက်သေခံချက် | ပင်ရင်းဒေသ ထုတ်ကုန် | AQSIQ |
| အေးခဲထားသော အာလူးနှင့် ကုန်ချော ထုတ်ကုန်များ (Processed Product) | AMS Export Certificate | အေးခဲထားသော အာလူး၊ အာလူးချောင်း၊ အာလူးပြားများအတွက် အရည်အသွေးနှင့် စက်မှုလုပ်ငန်း စံချိန်စံညွှန်းကို သက်သေပြနိုင်မည့် AMS ပို့ကုန် သက်သေခံလက်မှတ် | ထုတ်ကုန် အရည်အသွေး | AQSIQ |
| သစ်သီးဝလံနှင့် ဟင်းသီး ဟင်းရွက်များ၊ အခွံမာသီးနှင့် သစ်တောထွက်ကုန်များ | Phytosanitary Certificate | ကုန်ပစ္စည်းအလိုက် ကွဲပြားမှုရှိပိုးမွှား ကင်းစင်သော ထုတ်ကုန်ဖြစ်ကြောင်း သက်သေပြချက် (မှတ်ချက်။ ပန်သီးအတွက် သဘော်တင်ပို့မှုတွင် အအေးဓာတ် ပေးလွှတ်ထားမှု သက်သေပြချက်) | အပင် ကျန်းမာရေး | AQSIQ |
| သစ်သီးဝလံများ၊ ဟင်းသီး ဟင်းရွက်များနှင့် အခွံမာ အသီးများ | Certificate Of Origin | ကုန်ပစ္စည်းအလိုက် ကွဲပြားမှုရှိ၊ တရုတ်နိုင်ငံ အသိအမှတ်ပြု စိုက်ပျိုးမြေများမှ ထွက်ရှိကြောင်း ပြည်နယ် ကုန်သည်အသင်း (သို့) အခြား တရားဝင် အဖွဲ့အစည်းတစ်ခု၏ ထောက်ခံချက် | ပင်ရင်းဒေသ ထုတ်ကုန် | AQSIQ |
| အခွံမာသီးများ | Heat Treatment Certificate | သစ်သားဖြင့် ထုပ်ပိုးထားလျှင် ထုပ်ပိုးသည့်ပစ္စည်းကို ကောင်းစွာစီမံထားကြောင်း တတိယအဖွဲ့အစည်း (သို့) ထုပ်ပိုးသူ၏ ထောက်ခံချက် | အပင်ကျန်းမာရေး | AQSIQ |
| အခွံမာသီးများ | Certificate Of Quality | ကုန်ချော ထုတ်လုပ်သူ(သို့) ထုပ်ပိုးသူမှ အရည်အသွေးနှင့် စံချိန်စံညွှန်း မှန်ကန်ကြောင်း ထောက်ခံချက် | ကုန်ပစ္စည်း အရည်အသွေး | AQSIQ |
| ဝါဂွမ်း | APHIS Phytosanitary Certificate | ပိုးမွှားကင်းရှင်းသော ဝါဂွမ်းဖြစ်ကြောင်း ထောက်ခံချက် | အပင် ကျန်းမာရေး | AQSIQ |
| ဝါဂွမ်း | AMS Quality Classification | တင်သွင်းလာသည့် ဝါဂွမ်း၏ အရည်အသွေး ထောက်ခံချက် | ကုန်ပစ္စည်း အရည်အသွေး | AQSIQ |
| ဝါဂွမ်း | Certificate Of Origin | တင်သွင်းသည့် ဝါဂွမ်း၏ ပင်ရင်းဒေသ ထောက်ခံချက် | ကုန်ပစ္စည်း အရည်အသွေးနှင့် အပင် ကျန်းမာရေး | AQSIQ |
| ကြက်၊ ဘဲ၊ ငန်းနှင့် အသား ထွက်ကုန်များ | FSIS Export Health Certificate | ကုန်ပစ္စည်း အရည်အသွေးနှင့် ဘေးကင်းလုံခြုံမှု ထောက်ခံချက် | အစားအစာ ဘေးကင်း လုံခြုံမှု | AQSIQ |
| ကြက်၊ ဘဲ၊ ငန်းနှင့် အသား ထွက်ကုန်များ | Meat Quarantine Import Permit | သွင်းကုန်ပါမစ် | သွင်းကုန် ထိန်းချုပ်မှု | AQSIQ |
| ကြက်၊ ဘဲ၊ ငန်း | Automatic | သွင်းကုန်ပါမစ် | သွင်းကုန် ထိန်းချုပ်မှု | MOFCOM |
| ကုန်ချော ထုတ်ကုန်များ (Processed Products) | Certificate Of Origin | ကုန်ပစ္စည်းအလိုက် ကွဲပြားမှုရှိ၊ တရုတ်နိုင်ငံ အသိအမှတ်ပြု စိုက်ပျိုးမြေများမှ ထွက်ရှိကြောင်း ပြည်နယ်ကုန်သည် အသင်း (သို့) အခြား တရားဝင် အဖွဲ့အစည်းတစ်ခု၏ ထောက်ခံချက် | ပင်ရင်းဒေသ ထုတ်ကုန် | AQSIQ |
| ကုန်ချော ထုတ်ကုန်များ (Processed Products) | Certificate Of free Sale | အမေရိကန်နိုင်ငံရှိ ပြည်နယ်များအကြား ကုန်သွယ်မှုအတွက် အသိအမှတ်ပြုသော ထုတ်ကုန်တစ်ခုဖြစ်ကြောင်း ပြည်နယ် ကုန်သည်အသင်း(သို့) ဒေသဆိုင်ရာ အစိုးရထောက်ခံချက် | ထုတ်ကုန် အတည်ပြုမှု | AQSIQ |
| တင်သွင်းသည့် တိရစ္ဆာန် အစားအစာ | Imported Feed and Feed Additive Registration Regulation | တိရစ္ဆာန် ထုတ်လုပ်မှု ဘေးကင်းလုံခြုံမှုနှင့် တိရစ္ဆာန်အစာနှင့် အစာထွက်ပစ္စည်း တင်သွင်းမှု ထိန်းချုပ်ခြင်း။ (မှတ်ချက်။ ပိုးမွှားကင်းစင်မှု မှတ်ပုံတင်ခြင်းကို AQSIQ တွင် ဆောင်ရွက်ရမည် ) | တိရစ္ဆာန် ကျန်းမာရေး | MOA |
| တင်သွင်းသည့် တိရစ္ဆာန် အစားအစာ | Facility Registration | ထုတ်လုပ်မှုပစ္စည်းများ တိရစ္ဆာန် ရောဂါကင်းရှင်းမှုနှင့် ကိုက်ညီကြောင်း ထောက်ခံချက် | တိရစ္ဆာန်နှင့် အပင် ကျန်းမာရေး | AQSIQ |
| တိရစ္ဆာန်မျိုးဗီဇ ထောက်ကူ ပစ္စည်းများ | APHIS Export Health Certificate | တိရစ္ဆာန်ကျန်းမာရေးနှင့် ကျွဲနွားမျိုး ဗီဇပစ္စည်းများ ကင်းရှင်းကြောင်း ထောက်ခံချက် | တိရစ္ဆာန် ကျန်းမာရေး | AQSIQ |
| တိရစ္ဆာန် အရှင်များ | APHIS Export Health Certifiacte | တိရစ္ဆာန်ကျန်းမာကြောင်း ထောက်ခံချက်( မှတ်ချက်၊ ကျွဲ/နွားများအား နွားရူးရောဂါ ဆက်စပ် ကန့်သတ်ချက်များကြောင့် တရုတ်နိုင်ငံသို့ တင်ပို့၍ မရပါ။ | တိရစ္ဆာန် ကျန်းမာရေး | AQSIQ |
| ပဲပိစပ် | APHIS Phytosanitory Certificate | ကူးစက်ရောဂါပိုးမွှား ကင်းရှင်းသော ပဲပိစပ်ဖြစ်ကြောင်း ထောက်ခံချက် | အပင် ကျန်းမာရေး | AQSIQ |
| ပဲပိစပ် | Biotech Safety Certificate | မှတ်ပုံတင်ထားသော GMO ပါဝင်သည့် ထုတ်ကုန်ဖြစ်ကြောင်း စိုက်ပျိုးရေး ဝန်ကြီးဌာန ထောက်ခံချက်။ ဇီဝနည်းပညာ ထုတ်ကုန်အားလုံးအတွက် သင့်လျော်သော တံဆိပ်ကပ်ရန် လိုအပ်သည်။ | အပင်ကျန်းမာရေး | MOA |
| ပဲပိစပ် | FGIS Grain Inspection Service | ကုန်ပစ္စည်း အရည်အသွေး ထောက်ခံချက် | ကုန်ပစ္စည်းအရည်အသွေး | AQSIQ |
| ပြောင်း | APHIS Phytosanitary Certificate | ပိုးမွှားကင်းစင်ကြောင်း ထောက်ခံချက် | အပင်ကျန်းမာရေး | AQSIQ |
| ပြောင်း | Biotech Safety | မှတ်ပုံတင်ထားသော GMO ပါဝင်သည့် ထုတ်ကုန်ဖြစ်ကြောင်း စိုက်ပျိုးရေးဝန်ကြီးဌာန ထောက်ခံချက်။ ဇီဝ နည်းပညာ အားလုံးအတွက် သင့်လျော်သော တံဆိပ်ကပ်ရန် လိုအပ်သည်။ | အပင်ကျန်းမာရေး | MOA |
| ပြောင်း | FGIS Grain Inspection Service | ကုန်ပစ္စည်း အရည်အသွေး ထောက်ခံချက် | ထုတ်ကုန်အရည်အသွေး | AQSIQ |
| ရေထွက်ကုန်များ | DOC Health Certificate | တင်သွင်းလာသည့် ရေထွက်ကုန်များသည် အတည်ပြုထားသော အခြေစိုက်ဒေသများမှ ထုတ်လုပ်မှု ဖြစ်ခြင်း၊ ရောဂါဖြစ်စေသော ပိုးမွှား၊ ထိခိုက်စေသော အရာဝတ္ထုများ၊ ပြည်ပမှ အရာဝတ္ထုများပါဝင်မှု ကင်းရှင်းကြောင်း ထောက်ခံချက် | ကျန်းမာကြောင်း ထောက်ခံချက် | AQSIQ |
| ဂျုံနှင့် အခြား အစေ့အဆန် များ၊ ဆီထွက်သီးနှံများ | APHIS Phytosanitary Certificate | ပိုးမွှားကင်းရှင်းသည့် ပဲပိစပ်ဖြစ်ကြောင်း ထောက်ခံချက် | အပင်ကျန်းမာရေး | AQSIQ |
| ဂျုံနှင့်အခြား အစေ့အဆန်များ၊ ဆီထွက် သီးနှံများ | FGIS Grain Inspection Service | ထုတ်ကုန် အရည်အသွေး ထောက်ခံချက် | အပင်ကျန်းမာရေး | AQSIQ |
| သစ်နှင့် သစ်ထွက် ပစ္စည်း | APHIS Phytosanitary Certificate | တင်သွင်းလာသော သစ်နှင့် သစ်ထွက် ပစ္စည်းများသည် ပိုးမွှားရောဂါ ကင်းရှင်းကြောင်း ထောက်ခံချက် | အပင်ကျန်းမာရေး | AQSIQ |
| သစ်နှင့် သစ်ထွက်ပစ္စည်း | Certificate Of Origin | သစ်နှင့် သစ်ထွက်ပစ္စည်း တင်သွင်းမှု ပင်ရင်းဒေသ ထောက်ခံချက် | ပင်းရင်းဒေသ ထုတ်ကုန် | AQSIQ |
| သစ်နှင့် သစ်ထွက်ပစ္စည်း | Declaration of No Wood Packing Materials | ဘသော်တင်ပို့မှုသည် သစ်သားထွက် ထုပ်ပိုးမှုပစ္စည်း မပါဝင်ကြောင်း ထောက်ခံချက်( တောင်းခံလာပါက) | ကြေညာချက် | AQSIQ |
| သစ်သား | Certificate of Fumigation | ပိုးမွှားအန္တရာယ် ကာကွယ်ရန်အတွက် ပိုးသတ်သန့်စင်ထားသော သစ်ခေါက် ပါဝင်သည့် သစ်လုံးများသာဖြစ်ကြောင်း ထောက်ခံချက် | အပင်ကျန်းမာရေး | AQSIQ |

ဇယားမှာ ဖော်ပြထားတဲ့ Agricultural Marketing Service (AMS)၊ Animal and Plant Health Service (APHIS)၊ Federal Grain Inspection Service (FGIS) တို့ဟာ အမေရိကန်နိုင်ငံမှ လယ်ယာထွက်ကုန်နှင့် တိရစ္ဆာန်ထွက် ကုန်စည်များတင်ပို့ခြင်းအတွက် စစ်ဆေး ဆောင်ရွက်ပေးပြီး၊လိုအပ်သော Certificate များ ထုတ်ပေးတဲ့အဖွဲ့အစည်းများ ဖြစ်ပါတယ်။ မြန်မာနိုင်ငံကနေ တင်ပို့မယ့် အလားတူ ကုန်ပစ္စည်းတွေ အတွက်ကိုတော့ တရုတ်နိုင်ငံက အသိအမှတ်ပြုထားတဲ့ အဖွဲ့အစည်းထံတွင် စစ်ဆေးပြီး၊ Certificate ရယူဖို့ လိုအပ်မှာဖြစ်ပါတယ်။

ယခုဆောင်းပါးမှာ ဖော်ပြထားတဲ့ အချက်အလက်အများစုဟာ အမေရိကန် ပြည်ထောင်စု၊ လယ်ယာစိုက်ပျိုးရေးဌာန (USDA) ရဲ့ Foreign Agriculture Service, Global Agricultural Information Network က ထုတ်ပြန်တဲ့ Food and Agricultural Import Regulations and Standards Certification – FAIRS Export Certificate Report နဲ့ 2015 Exporter Guide to China တို့ကို အဓိက မှီငြမ်းပြုကိုးကားထားတာ ဖြစ်ပါတယ်။ မြန်မာ့ပို့ကုန် လုပ်ငန်းရှင်များအနေနဲ့ တရုတ်နိုင်ငံသို့ လယ်ယာထွက်ကုန်ပစ္စည်းနဲ့ စားသောက်ကုန်တွေ တရားဝင် တင်ပို့ရာမှာ အထောက်အကူဖြစ်စေနိုင်မယ်လို့ ယုံကြည်ပါတယ်။

❑

# (၁၄)ကြိမ်မြောက် တရုတ်-အာဆီယံ ကုန်စည်ပြပွဲနှင့် [illegible]



♦ ဝင်းသန်းကျော် (ကုန်သွယ်မြှင့်) ♦

**ယခင်တစ်ပတ်မှအဆက်**

မြန်မာနိုင်ငံအနေဖြင့် ဒုတိယအကြိမ်ပြပွဲတွင် အကောင်းဆုံးပြခန်း ဒုတိယဆု၊ တတိယအကြိမ်ပြပွဲတွင် အကောင်းဆုံး စည်းရုံးပါဝင် အကောင်အထည်ဖော်နိုင်မှုဆု၊ စတုတ္ထအကြိမ်ပြပွဲတွင် အကောင်းဆုံး ပြခန်းဆုနှင့် ဒီဇိုင်းတီထွင်နိုင်မှုဆု၊ ပဉ္စမအကြိမ်ပြပွဲတွင် အကောင်းဆုံးပြခန်းဆု (မလေးရှားနိုင်ငံနှင့်ပူးတွဲ)နှင့် အကောင်းဆုံး စည်းရုံး ပါဝင် အကောင်အထည်ဖော်နိုင်မှုဆု၊ ဆဋ္ဌမအကြိမ်ပြပွဲတွင် အကောင်းဆုံးပြခန်းဆု (မလေးရှားနိုင်ငံနှင့် ပူးတွဲ) နှင့် အကောင်းဆုံး စည်းရုံး ပါဝင်အကောင်အထည်ဖော်နိုင်မှုဆု၊ သတ္တမအကြိမ်ပြပွဲတွင် အမျိုးသားပြခန်းဆောင်အတွက် (The Best City of Charm Award) နှင့် အကောင်းဆုံး စည်းရုံးပါဝင်အကောင်အထည်ဖော်နိုင်မှုဆု၊ အဋ္ဌမအကြိမ်ပြပွဲတွင် The Best of Promotion on Investment Co-operation ဆုနှင့် The Best Galleria of Brands ဆု၊ နဝမအကြိမ်ပြပွဲတွင် Country of Honor ဆု၊ Best City of Charm Pavilion ဆု၊ Best of Industry Organizer ဆု ၊ ဒသမအကြိမ်ပြပွဲတွင် Best City of Charm Pavilion ဆု၊ Best Exhibitor Organizer ဆု၊ Best of Industry Organizer ဆု၊ (၁၁) ကြိမ်မြောက်ပြပွဲတွင် Best City of Charm Pavilion ဆု၊ Best Exhibitor Organizer ဆု၊ Best Galleria of Brands ဆု၊ (၁၂) ကြိမ်မြောက်ပြပွဲတွင် Best City of Charm Pavilion ဆု၊ Best Exhibitor Organizer ဆု ၊ Best Industry Organizer ဆု ၊(၁၃) ကြိမ်မြောက်ပြပွဲတွင် The 13th China- ASEAN Expo Best Trade Visitor Organizer ဆု၊ The 13th China- ASEAN Expo Best Industry Organizer ဆု၊ The 13th China- ASEAN Expo Best City of Charm Pavilion စသည့်ဆုတံဆိပ်များ ရရှိခဲ့ပါသည်။

**(၁၄)ကြိမ်မြောက် တရုတ်-အာဆီယံ ကုန်စည်ပြပွဲကြီးအတွက် အကြိုညှိနှိုင်း အစည်းအဝေးများ ကျင်းပခြင်း**

(၁၄)ကြိမ်မြောက် တရုတ်-အာဆီယံ ကုန်စည်ပြပွဲကြီးအတွက် ပထမအကြိမ် အကြိုညှိနှိုင်း အစည်းအဝေးကို ၂၀၁၇ ခုနှစ်၊ ဇူလိုင်လ ဒုတိယပတ်ခန့်တွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ အစည်းအဝေးခန်းမ၌ နေပြည်တော်-ရန်ကုန် ဗွီဒီယိုကွန်ဖရင့်စနစ်ဖြင့် ကျင်းပမည်ဖြစ်ရာ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် (UMFCCI)တို့မှ တာဝန်ရှိသူများ တက်ရောက်နိုင်ရေး စီစဉ်ဆောင်ရွက်သွားမည်ဖြစ်ပြီး ပြပွဲကြီးကြပ်ရေးဗဟိုကော်မတီနှင့် သက်ဆိုင်ရာလုပ်ငန်း ကော်မတီများ ဖွဲ့စည်းဆောင်ရွက်သွားမည် ဖြစ်ပါသည်။

**ပြပွဲသို့ မြန်မာလုပ်ငန်းရှင်များအချိန်မီ သွားရောက်နိုင်ရေး**

ယခုနှစ်ကျင်းပမည့် ကုန်စည်ပြပွဲသို့ယခင်နှစ်များနည်းတူ တရုတ်-အာဆီယံကုန်စည်ပြပွဲ ကျင်းပရေးကော်မတီမှ စီစဉ်ပေးသည့် တရုတ်စင်းလုံးငှားလေယာဉ်တစ်စီးဖြင့် ၂၀၁၇ ခုနှစ် စက်တင်ဘာလ ၁၀ ရက်မှ ၁၆ ရက်အထိ သွားရောက်ကြမည်ဖြစ်ပါသည်။ ထို့အပြင်အချို့သော မြန်မာလုပ်ငန်းရှင်များသည် မူဆယ်-နမ့်ခမ်းနယ်စပ်ကုန်သွယ်ရေးကုန်သည်များအသင်းနှင့် ပူးပေါင်း၍ မူဆယ်နယ်စပ်မှတစ်ဆင့် နယ်စပ်ဖြတ်ကျော်၍လည်း သွားရောက်ကြမည်ဖြစ်ပါသည်။

**(၁၄)ကြိမ်မြောက် တရုတ်-အာဆီယံ ကုန်စည်ပြပွဲကြီးသို့ ပါဝင်ပြသနိုင်ရေး**

"ကုန်သွယ်မှုကို တိုးမြှင့်ရန်၊ ကုန်စည်ပြပွဲကိုအခြေခံ" ဟူသော ဆောင်ပုဒ်နှင့်အညီ ယခုနှစ် (၁၄)ကြိမ်မြောက်တရုတ်-အာဆီယံကုန်စည်ပြပွဲကြီးကို ၂၀၁၇ ခုနှစ် စက်တင်ဘာလ ၁၂ ရက်မှ ၁၅ ရက်အထိ နန်နင်းမြို့၌ ကျင်းပမည်ဖြစ်ပြီး တရုတ်ထိပ်တန်းခေါင်းဆောင်များ တက်ရောက်ကြမည်ဖြစ်ရာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံအနေနှင့် တရုတ်-အာဆီယံကုန်စည်ပြပွဲများတွင် နှစ်စဉ်ပါဝင်ပြသခဲ့ပြီး အောင်မြင်မှုတံဆိပ်များ ရရှိသကဲ့သို့ ယခင်အစဉ်အလာကောင်းများကို ထိန်းသိမ်းလျက် သက်ဆိုင်ရာဝန်ကြီးဌာနများ၊ UMFCCI နှင့် ညီနောင်အသင်းအဖွဲ့များမှ ကဏ္ဍစုံလင်စွာဖြင့် ပါဝင်ပြသနိုင်ရေး ကြိုးပမ်းဆောင်ရွက်ကြပါစို့ဟု တိုက်တွန်းရေးသားအပ်ပါသည်။

❑

## အထူးစီးပွားရေးဇုန် အောင်မြင်ရေးအတွက် ပိုမိုကောင်းမွန်သော မက်လုံးပေးဆွဲဆောင်ရန် ထိုင်းအစိုးရသို့ တိုက်တွန်း

ထိုင်းနိုင်ငံအတွင်း နန်ခိုင်း၊ ထရက်နှင့် မောဝ်ဒါဟန်တို့ရှိ အထူး စီးပွားရေးဇုန် (SEZ) များတွင် မျှော်မှန်းထားသည့်အတိုင်း ရင်းနှီးမြှုပ်နှံမှုများအား အောင်မြင်စွာ ဆောင်ရွက်နိုင်ရန် အစိုးရက ပိုမိုကောင်းမွန်သော မက်လုံးများ ပေး၍ ဆောင်ရွက်ရန် တိုက်တွန်းလျက်ရှိကြောင်း ဗန်ကောက်ပို့စ် သတင်းစာတွင် ဖော်ပြထားပါသည်။

မောဝ်ဒါဟန်ကုန်သည်အသင်း ဥက္ကဌ မစ္စတာ ဖာမွန်းက အစိုးရသည် မောဝ်ဒါဟန် စီးပွားရေး ဇုန်အတွင်း အလားအလာရှိသော ရင်းနှီးမြှုပ်နှံသူများအား နှစ် ၂၀ အခွန်ကင်းလွတ်ခွင့် (သို့မဟုတ်)သက်သာသော အခွန်နှုန်းထားဖြင့် ဆောင်ရွက်ခွင့်ပေးရေးကို လေးနက်စွာ စဉ်းစားသင့်ကြောင်း၊ အထူးစီးပွားရေးဇုန်များအတွင်း ရင်းနှီးမြှုပ်နှံနိုင်ရန် အစိုးရက တင်ဒါခေါ်ယူခဲ့သော်လည်း အခြေခံ လူမှုအခွင့်အလမ်းဖြစ်သော လျှပ်စစ်၊ ရေသန့်နှင့် သယ်ယူပို့ဆောင်မှုလုပ်ငန်း အခွင့်အလမ်းများ ချက်ချင်းဆောင်ရွက်ပေးရန် လိုအပ်နေသေးကြောင်း၊ အထူးစီးပွားရေးဇုန်တွင် ရင်းနှီးမြှုပ်နှံခြင်းသည် စက်ရုံအသစ်တစ်ခု တည်ဆောက်ခြင်းနှင့် မတူညီကြောင်း၊ စက်ရုံတစ်ခုအတွက် အောင်မြင်မှုရရှိရန် ကာလကြာမြင့်ချိန်အား အနီးစပ်ဆုံး ခန့်မှန်းနိုင်ကြောင်း၊ ထိုင်းနိုင်ငံ လုပ်ငန်းရှင်များအနေဖြင့် မတူကွဲပြားသော ကဏ္ဍအသီးသီးတွင် အခွင့်အလမ်း ကွဲပြားမှု အသီးသီးရှိနေသည်ကို အမြင်သစ်တစ်ရပ်အဖြစ် လက်ခံရန် လိုအပ်နေသေးကြောင်း ထပ်လောင်းပြောကြားသွားပါသည်။

အစိုးရ၏ အထူးစီးပွားရေးဇုန်များ (SEZ) ဟု ကြေညာထားရှိသော်လည်းလက်တွေ့တွင် ထင်ရှားမြင်သာသော စိတ်ဝင်စားမှုမျိုး ရရှိအောင် မဆောင်ရွက်နိုင်သေးကြောင်း၊ မောဝ်ဒါဟန်မြို့သည် အာဆီယံဒေသ၏ ဝင်ထွက်ဂိတ်အဖြစ် ဆောင်ရွက်နိုင်သည့် အခွင့်အလမ်းကောင်းရှိသော လာအိုနိုင်ငံ၊ စီးပွားရေးမြို့တော်နှင့် မျက်နှာချင်းဆိုင်တည်ရှိကြောင်း၊ ဗီယက်နမ် နိုင်ငံသို့ လည်း ချိတ်ဆက်နိုင်ပြီး အရှေ့အနောက် စီးပွားရေး စင်္ကြံ (EWEC) ကိုလည်း အထောက်အကူဖြစ်စေမည့် အခွင့်အလမ်းရှိကြောင်း ထပ်လောင်း ပြောကြားသွားပါသည်။

ထိုင်းနိုင်ငံ ငွေကြေးဌာနအနေဖြင့် အထူး စီးပွားရေးဇုန်တွင် တင်ဒါဆိုင်ရာ ကန့်သတ်ချက် များ (Terms of reference-ToR) ကို ဖြေလျှော့ပေးရန် အစောပိုင်းတွင် စဉ်းစားခဲ့ပြီး ဖြစ်ကြောင်း၊ ဒုတိယအကြိမ်တင်ဒါ မအောင်မြင်ခဲ့မှုသည် ပြင်ဆင်ရန် လိုအပ်ချက်ကို ပေါ်လွင်စေကြောင်း၊ အဓိက ကုမ္ပဏီများအား ပါဝင်ယှဉ်ပြိုင်ရန် နောက်တစ်ကြိမ်ထပ်မံ ကြိုးပမ်းရဦးမည်ဖြစ်ကြောင်း သိရှိရပါသည်။ ဒုတိယအကြိမ်တင်ဒါအား ဇွန်လ ၂၀ရက်က ပြုလုပ်ခဲ့ရာ နန်ခိုင်းနှင့် မောဝ်ဒါဟန်အတွက် ယှဉ်ပြိုင်သူ တစ်ဦးသာရှိခဲ့ပြီး Panpee Group (Thai Laos Cambodia) ကုမ္ပဏီတစ်ခုသာဖြစ်ကြောင်း ငွေကြေးဌာန ညွှန်ကြားရေးမှူးချုပ် ဖာချာရာက ပြောကြားပါသည်။

ဌာနအနေဖြင့် တင်ဒါဆိုင်ရာ စည်းမျဉ်း များအား အနည်းငယ် ပြုပြင် ပြောင်းလဲခဲ့ပြီးဖြစ်ကြောင်း၊ တင်ဒါ ယှဉ်ပြိုင်သူအနေဖြင့် အိမ်ရာ ဆောက်လုပ်မှု လုပ်ငန်းတွင် အတွေ့အကြုံ အနည်းဆုံး တစ်နှစ်ရှိရမည်ဟူသော အချက်ကို ဖြေလျှော့ပေးခဲ့သည့်အပြင် လျှောက်လွှာတင်ရမည့်ရက်ကိုလည်း ယခင်ရက် ၆၀ မှ ရက် ၉၀ သို့ တိုးမြှင့်ပေးခဲ့ကြောင်း ပြောကြားသွားပါသည်။ အလားအလာရှိသူ လုပ်ငန်းရှင် ၁၉ ဦးတို့သည် ပထမအကြိမ်တင်ဒါအတွက် တင်ဒါပုံစံများ ဝယ်ယူခဲ့ကြသော်လည်း ထရက် အထူးစီးပွားရေးဇုန် ဖွံ့ဖြိုးတိုးတက်မှု တစ်ခုတည်းအတွက်သာ ယှဉ်ပြိုင်မှုရှိပြီး နန်ခိုင်းနှင့် မောဝ်ဒါဟန်တို့အတွက် ယှဉ်ပြိုင်သူမရှိခဲ့ကြောင်း ပြောကြားပါသည်။

ထိုင်းနိုင်ငံ စက်မှုလုပ်ငန်းရှင်များ အသင်းချုပ် (FTI) ၏ ဒုတိယဥက္ကဌ ခရီယန်ခရိုင်းက ယခုအခါ အထူးစီးပွားရေးဇုန်များအတွက် စိတ်ဝင်စားမှု နည်းပါးရခြင်းမှာ လုပ်ငန်းရှင်များ၏ စိတ်ဝင်စားမှုအပေါ် အလေးထား အရေးယူမှု မရှိခဲ့ခြင်းကြောင့်ဖြစ်ကြောင်း၊ ၎င်းအထူးစီးပွားရေးဇုန် ဧရိယာအတွင်း အခြေခံ အဆောက်အဦများ အသင့်မရှိသေးသော်လည်း သတ်မှတ်ထားသည့် မြေငှားခနှုန်းထားများမှာ မြင့်မားလွန်းကြောင်း ပြောကြားသွားပါသည်။ နိုင်ငံ၏ စီးပွားရေးသည် အပြည့်အဝ နာလန်မထူနိုင်သေးကြောင်း၊ စီးပွားရေး လုပ်ငန်းရှင်များအနေဖြင့် ထုတ်လုပ်မှုစွမ်းရည်တိုးမြှင့်ပြီး ဝင်ငွေပိုမိုရရှိရန်အတွက်သာ စဉ်းစားနိုင်သေးကြောင်း၊ လောလောဆယ်တွင် ရင်းနှီးမြှုပ်နှံမှု အသစ်ပြုလုပ်ရန် စိတ်မဝင်စားနိုင်သေးကြောင်း၊ စက်ရုံအသစ်ထပ်မံ တည်ဆောက်ရန်အတွက် လုံလောက်သော ရင်းနှီးငွေလည်းမရှိသေးကြောင်း ပြောကြားသွားပါသည်။

နယ်စပ်ဒေသ အထူးစီးပွားရေးဇုန်များသည် အိမ်နီးချင်းနိုင်ငံများက ဝယ်လိုအား မြင့်မားပြီး ၎င်းတို့ဒေသအတွင်း သယ်ယူပို့ဆောင်စရိတ်ကြီးမြင့်သော ကုန်စည်များအတွက် ထုတ်လုပ်မှုစက်ရုံများ တည်ဆောက်ရန်အတွက်သာ သင့်တော်ကြောင်း၊ ပလတ်စတစ် လူသုံးပစ္စည်းကဲ့သို့ ထုတ်လုပ်သော စက်ရုံမျိုးဖြစ်ကြောင်း အခြားစက်မှု လုပ်ငန်းများမှာ လက်ရှိအခြေအနေတွင် ၎င်းတို့ထုတ်လုပ်မှု အဆင်ပြေနေပြီး စက်ရုံအသစ် တည်ဆောက်ရန်နှင့် နေရာသစ် ရှာဖွေရန် မလိုအပ်သေးကြောင်း ၎င်းက ဆက်လက်ပြောကြားသွားပါသည်။

**Source : ဗန်ကောက်ပို့စ်**

**သောင်းနိုင်(တာချီလိတ်)**

# ထိုင်းရော်ဘာစက်မှုလုပ်ငန်းများအား ကယ်တင်ပေးရန်အတွက် ရော်ဘာစေးဈေးနှုန်း ကျဆင်းမှုအပေါ် ကြပ်မတ်ပေးရန် ထိုင်းအစိုးရသို့ တောင်းဆို

ရော်ဘာဈေးနှုန်း ထိုးကျနေခြင်းအပေါ် ကိုင်တွယ်ဆောင်ရွက်ပေးရန်ရော်ဘာစိုက်ပျိုးသူများအနေဖြင့် ထိုင်းနိုင်ငံ ဝန်ကြီးချုပ် ပရာရွတ်ချန်အိုချာအား တောင်းဆိုခဲ့ပါသည်။

နိုင်ငံတစ်ဝန်းရှိ ရော်ဘာစိုက်ပျိုးသူ တောင်သူများအနေဖြင့် ရော်ဘာဈေးနှုန်းကျဆင်းမှုအား တားဆီးပေးရန် ချီတက်ဆန္ဒပြသွားမည်ဖြစ်ကြောင်းသိရပါသည်။ နိုင်ငံတောင်ပိုင်းရှိရော်ဘာစိုက်ပျိုးသူ တောင်သူလယ်သမားများအနေဖြင့် ရော်ဘာဈေးနှုန်း ဆက်တိုက်ကျဆင်းနေ၍ ထိခိုက်နစ်နာလျက်ရှိနေကြောင်း၊ ရော်ဘာစေးဈေးနှုန်းမှာ ယခင်က တစ်ကီလိုဂရမ်လျှင် ဘတ် ၅၀ ရရှိနေရာမှ လွန်ခဲ့သည့် လေးရက်က ၃၈ ဘတ်သို့ကျဆင်းသွားကြောင်း၊ သုံးကီလိုဂရမ်လျှင် ဘတ် ၁၀၀ ခန့်သာရရှိနိုင်တော့ကြောင်းသိရသည်။ ရော်ဘာစေး၏ ဈေးနှုန်းသည် ရော်ဘာကုန်ကြမ်းဈေးနှုန်းအောက် တစ်ကီလိုဂရမ်လျှင် ၁၀ ဘတ်နှင့် RSS ရော်ဘာဈေးနှုန်းအောက် ၁၅ ဘတ်လျော့နည်းနေကြောင်း၊ ဝယ်ယူရင်းနှီးသူများအနေဖြင့်လည်း နောက်ထပ် ဈေးနှုန်းကျဆင်းမည့်အလားအလာကြောင့် အရေအတွက်များများ မဝယ်ယူတော့ကြောင်း သိရပါသည်။

မစ္စတာ ပရာယွန်းဆစ်က ၎င်းတို့ကွန်ရက်အနေဖြင့် ထိုင်းနိုင်ငံ ရော်ဘာစေးအသင်းဥက္ကဋ္ဌ မစ္စတာချိုင်ပေါ့နှင့်တွေ့ဆုံရန် အစီအစဉ်ရှိပြီး ရော်ဘာဈေးနှုန်းကျဆင်းမှုအပေါ် ဖြေရှင်းမည့်နည်းလမ်းအား ရှာဖွေသွားမည်ဖြစ်ကြောင်း ပြောကြားခဲ့ပါသည်။ ၎င်း ဆွေးနွေးပွဲမှ ရော်ဘာဈေးနှုန်း ကျဆင်းမှုအပေါ် ဝန်ကြီးချုပ်က ကြားဝင်ညှိနှိုင်း ဆောင်ရွက်ပေးရန် တောင်းဆိုသွားမည်ဖြစ်ကြောင်း ပြောကြားခဲ့ပါသည်။

ထိုင်းရော်ဘာ အာဏာပိုင်အဖွဲ့အနေဖြင့် ယခုပြဿနာအား ကိုင်တွယ်ဆောင်ရွက်ပေးရန် လွန်ခဲ့သော ၁၀ လကျော်ကပင် အစိုးရအား တောင်းဆိုခဲ့သော်လည်း ယနေ့အထိ ဆောင်ရွက်မှုတစ်စုံတစ်ရာ မရှိသေးကြောင်း သိရှိရပါသည်။

ဝန်ကြီးချုပ်ချန်အိုချာက ပြည်သူများအား အစိုးရအပေါ် ဖိအားပေးရေးစည်းရုံးလှုံ့ဆော်မှုများ မပြုလုပ်ကြရန်နှင့် အုပ်ချုပ်မှုနည်းလမ်းအရ အရေးယူခြင်းခံရမည်ကို သိရှိထားကြရန် တရားမဝင် ရော်ဘာစိုက်ပျိုးမှုကို ပိတ်ပင်လိုက်ပါက အကျိုးဆက်အနေဖြင့် လယ်သမားများအား ထိခိုက်စေမည်ဖြစ်ကြောင်း သတိပေး ပြောကြားခဲ့သည်။

ရှေးယခင်ကရော်ဘာ စိုက်ပျိုးရာတွင် ပြည်တွင်းသုံးစွဲမှုအပေါ် စည်းရုံးဆောင်ရွက်ရန် ကြိုးပမ်းမှု မရှိခဲ့ဘဲ တင်ပို့ရန်အတွက်သာ ရည်ရွယ်ခဲ့ကြကြောင်း၊ အစိုးရအနေဖြင့် ပို့ကုန်အပေါ် မှီခိုရခြင်းမှ လျှော့ချသွားရန် လက်တွေ့ကြိုးပမ်းနေကြောင်း၊ ဝန်ကြီး ဌာနများအားလုံးအနေဖြင့် ရော်ဘာ အသုံးပြုမည့် အစီအစဉ်အား ထုတ်ပြန် ကြေညာပေးရန် တောင်းဆိုလျက်ရှိကြောင်း၊ အစိုးရအေဂျင်စီများအနေဖြင့် စိုက်ပျိုးသူ လယ်သမားများထံမှ ရော်ဘာကိုတိုက်ရိုက်ဝယ်ယူမှု မပြုနိုင်ကြောင်း၊ လယ်သမားများ၏ ကုန်ကြမ်းပစ္စည်းမှ ကလေးကစားကွင်းသုံး ကုန်ချောပစ္စည်းဖြစ်အောင် ထုတ်လုပ်မှု အဆင့်ဆင့်ဆောင်ရွက်ရန် အခွင့်အရေးအား ထိပါးခြင်းမရှိကြောင်း၊ လမ်းခင်းရာတွင် ရော်ဘာစေးထည့်သွင်း အသုံးပြုမည်ဆိုပါက ဆောက်လုပ်မှုစရိတ် မြင့်တက်သွားစေမည်ဖြစ်ကြောင်း ဝန်ကြီးချုပ်က ပြောကြားခဲ့သည်။

**Source : Bangkok Post**
**သောင်းနိုင်(တာချီလိတ်)**

# ထိုင်းနိုင်ငံ၏ ပို့ကုန်အလားအလာကောင်းလာသဖြင့် ငွေကြေးမူဝါဒကော်မတီက စီးပွားရေးတိုးတက်မှုနှုန်းကို တိုးမြှင့်သတ်မှတ်

ထိုင်းနိုင်ငံဗဟိုဘဏ်၏ ငွေကြေးမူဝါဒ ကော်မတီ (MPC) က ၂၀၁၇ ခုနှစ်အတွက် စီးပွားရေးတိုးတက်မှုနှုန်းအား ယခင် ၃ ဒသမ ၄ ရာခိုင် နှုန်းမှ အနည်းငယ်တိုးမြှင့်ပြီး ၃ဒသမ ၅ ရာခိုင် နှုန်းသို့ ဇူလိုင်လ ၅ ရက်က တိုးမြှင့်ခန့်မှန်းခဲ့ကြောင်း၊ ပို့ကုန်တိုးတက်မှုနှုန်းကို ၅ရာခိုင်နှုန်းဟု ပြင်ဆင် သတ်မှတ်ခဲ့သော်လည်း အာမခံနှုန်းထားကို မပြောင်းလဲဘဲ ၁ ဒသမ၅ရာခိုင်နှုန်းသာ ထားရှိကြောင်း ဖော်ပြထားပါသည်။ နှုန်းထားသတ်မှတ်ရေး ကော်မတီအနေဖြင့် ပို့ကုန်ခိုင်မာလာမှုကြောင့် စီးပွားရေးတိုးတက်မှုနှုန်းကိုလည်း တိုးမြှင့်ခန့်မှန်းခြင်းဖြစ်ကြောင်း MPC ၏ အတွင်းရေးမှူး ငွေကြေး မူဝါဒ အုပ်စု၏ လက်ထောက်အုပ်ချုပ်ရေးမှူး မစ္စတာဂျာဂျူရောင်းက ပြောကြားခဲ့ပါသည်။




ပြည်တွင်း ဝယ်လိုအားမှာ တဖြည်းဖြည်းချင်း တိုးတက်လျက်ရှိသော်လည်း ကျေနပ်လောက်အောင် ကျယ်ပြန့်မှု မရှိသေးကြောင်း အထူးသဖြင့် လယ်ယာစိုက်ပျိုးရေး မဟုတ်သည့် ကဏ္ဍမှ ဝင်ငွေ တိုးတက်မှု နိမ့်ကျနေ၍ဖြစ်ကြောင်း၊ သို့ဖြစ်၍ ဦးဆောင်ကော်မတီအနေဖြင့် အာမခံနှုန်းထားကို ပြင်ဆင်မှု မပြုလုပ်ခြင်းဖြစ်ကြောင်း၊ ပြည်ပကုန်စည် တင်ပို့မှုအပေါ် ဝယ်လိုအား မြင့်မားလျက်ရှိသည့်အပြင် ခရီးသွားလာမှုကဏ္ဍတွင်လည်း ဆက်လက်တိုးတက်ရန် အလားအလာရှိကြောင်း၊ ထို့ကြောင့် မတ်လက ခန့်မှန်းခဲ့သော ပို့ကုန်တိုးတက်မှုနှုန်း ၂ ဒသမ ၂ ရာခိုင်နှုန်းမှ ၅ရာခိုင်နှုန်းသို့တိုးမြှင့်သတ်မှတ်ခဲ့ခြင်းဖြစ်ကြောင်း၊ သို့သော်လည်း ၂၀၁၈ ခုနှစ်အတွက် ယခင်လေးလက လျာထားခဲ့သော တိုးတက်မှုနှုန်း ၂ရာခိုင်နှုန်းမှ ၁ ဒသမ ၇ ရာခိုင်နှုန်းသို့ လျှော့ချ ခန့်မှန်းထားရှိကြောင်း ၎င်းကပြောကြားပါသည်။

ဗဟိုဘဏ်အနေဖြင့် ၂၀၁၈ ခုနှစ် အတွက် GDP တိုးတက်မှုနှုန်းအား ၃ ဒသမ ၆ရာခိုင်နှုန်း ခန့်မှန်းထားရှိရာမှ ၃ ဒသမ ၇ ရာခိုင်နှုန်းသို့ ပြင်ဆင်ခန့်မှန်းခဲ့ကြောင်း၊ ခရီးသွားလာရေးဘုတ်အဖွဲ့ကလည်း ယခုနှစ်မတ်လအတွက် ခရီးသည် ဝင်ရောက်မှု ၃၄ ဒသမ ၅ သန်းရှိမည်ဟု ခန့်မှန်းထားခြင်းကို ၃၄ဒသမ၉ သန်းအထိ တိုးမြှင့်ခန့်မှန်းခဲ့ကြောင်း၊ တရုတ်နိုင်ငံ ခရီးသွားလုပ်ငန်း၌ တရားမဝင်ခရီးသွားလုပ်ငန်း ဝန်ဆောင်သူများအား အရေးယူခဲ့ပြီးနောက် တရုတ်ခရီးသွားဦးရေ မြင့်တက်လာကြောင်း ဖော်ပြထားသည်။

ထို့ပြင် ဗဟိုဘဏ်သည် ပုဂ္ဂလိကကဏ္ဍရင်းနှီးမြှုပ်နှံမှု တိုးတက်နှုန်းကို မတ်လက ၂ဒသမ၄ရာခိုင်နှုန်းခန့်မှန်းခဲ့ရာမှ ၁ဒသမ၇ရာခိုင်နှုန်းသို့ လျှော့ချသတ်မှတ်ခဲ့ကြောင်း၊ အစိုးရတည်ဆောက်ရေးစီမံကိန်းများအပေါ် ဆောင်ရွက်မှုနှောင့်နှေးမှုများကြောင့်ဖြစ်ကြောင်း၊ ပို့ကုန်မဟုတ်သောကဏ္ဍများတွင် ပုဂ္ဂလိက ရင်းနှီးမြှုပ်နှံမှုသည် အစိုးရ၏ ရင်းနှီးမြှုပ်နှံမှုအပေါ် အမှီပြုလျက်ရှိကြောင်း၊ အခြေခံအဆောက်အဦ တည်ဆောက်ရေးလုပ်ငန်းများတွင် အစိုးရက ရင်းနှီးမြှုပ်နှံမှုလျှော့ချရန် ပြင်ဆင်လာသည့်နည်းတူ ပုဂ္ဂလိကကဏ္ဍရင်းနှီးမြှုပ်နှံမှုမှာလည်း နှေးကွေးသွားခဲ့ကြောင်း ပုဂ္ဂလိကရင်းနှီးမြှုပ်နှံမှု နှေးကွေးသွားသည်နှင့်အမျှ ပြည့်ဖြိုးမြဲ စွမ်းအင်ထုတ်လုပ်ရေး၊ တယ်လီဖုန်းဆက်သွယ်ရေး လုပ်ငန်းတို့၌ ယခင်နှစ်က မြန်မြန်ဆန်ဆန်တိုးတက်ခဲ့သော်လည်း ယခုနှစ်တွင် လျော့နည်းသွားနိုင်ကြောင်း၊ သို့ဖြစ်၍ ဗဟိုဘဏ်အနေဖြင့် အစိုးရ၏ ရင်းနှီးမြှုပ်နှံမှုကို မတ်လက ၁၁ ဒသမ ၈ ရာခိုင်နှုန်း ခန့်မှန်းထားရှိရာမှ ၇ ဒသမ ၇ ရာခိုင်နှုန်းသို့ လျှော့ချခန့်မှန်းခဲ့ကြောင်း ပြောကြားပါသည်။

**Source : Bangkok Post**
**သောင်းနိုင်(တာချီလိတ်)**

# အော်ဂဲနစ်စိုက်ပျိုးရေးကို ပူးပေါင်းလုပ်ကိုင်ရန် အာဆီယံဒေသတွင်းနိုင်ငံများအား ထိုင်းအစိုးရတိုက်တွန်း

ထိုင်းအစိုးရသည် အာဆီယံဒေသတွင်း အိမ်နီးချင်းနိုင်ငံများအား အလားအလာကောင်းနှင့် ကြီးမားသော ဈေးကွက်ဖြစ်သည့် အော်ဂဲနစ် စိုက်ပျိုးရေးဒေသအဖြစ် ထူထောင်ရန် တက်ကြွစွာ ပူးပေါင်းသွားမည်ဖြစ်ကြောင်း၊ အော်ဂဲနစ်သီးနှံအပေါ် ကမ္ဘာ့ ဈေးကွက်ဝယ်လိုအား မြင့်မားနေပြီး တန်ဖိုးဘတ် ထရီလီယံချီ၍ လုပ်ကိုင်နိုင်မည့် အခွင့်အလမ်းရှိကြောင်း ဗန်ကောက်ပို့စ်သတင်းစာတွင် ဖော်ပြထားသည်။

ထိုင်းစီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ဝန်ကြီး မစ္စအပီရာဒီတန်ထရာဗွန်က အာဆီယံဒေသအား အော်ဂဲနစ်ထုတ်ကုန်ဒေသအဖြစ် မြှင့်တင်နိုင်ရေးအတွက် 'အာဆီယံ အော်ဂဲနစ် စိုက်ပျိုးရေးပူးပေါင်းအဖွဲ့'အား မကြာမီ ဖွဲ့စည်းသွားမည်ဖြစ်ကြောင်း ပြောကြားခဲ့ပါသည်။ အဖွဲ့၏ ပထမအကြိမ် အစည်းအဝေးအား ကျင်းပနိုင်ရန် စီစဉ်လျက်ရှိပြီး အာဆီယံဒေသထွက် အော်ဂဲနစ် အစားအစာများနှင့် ထုတ်ကုန်များအား တိုးချဲ့ ရောင်းချသွားနိုင်ရေးအတွက် အထောက်အကူဖြစ်စေမည်ဖြစ်ကြောင်း ပြောကြားပါသည်။ ယခုကြိုးပမ်းချက်သည် ဥရောပနှင့် အမေရိကန်နိုင်ငံတို့တွင် ကျန်းမာရေးဂရုပြုသူ တိုးတက်လာပြီး ကျန်းမာရေးနှင့် ညီညွတ်သည့် အရည်အသွေးမီ အော်ဂဲနစ်ထုတ် ကုန်များအပေါ် ဝယ်လိုအား မြင့်တက်လာခြင်းအား ဖြည့်ဆည်းသွားရန် ရည်ရွယ်ကြောင်း ပြောကြားပါသည်။ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန၏ စာရင်းများအရ ထိုင်းနိုင်ငံ အော်ဂဲနစ် ထုတ်ကုန်ဈေးကွက်မှာ တန်ဖိုး ဘတ်လေးဘီလီယံခန့် ရှိကြောင်း၊ အစိုးရအခွန်ငွေများ၏ လေးပုံတစ်ပုံကို ပို့ကုန် တင်ပို့ခြင်းမှ ရရှိနေကြောင်း၊ အော်ဂဲနစ် ထုတ်ကုန်အပေါ် ဝယ်လိုအား နှစ်စဉ် ၁၀ ရာခိုင်နှုန်း တိုးတက်နိုင်မည့်အနေအထားလည်း ရှိနေကြောင်း သိရှိရပါသည်။

၎င်းအပြင် ကမ္ဘာ့ အော်ဂဲနစ် ထုတ်ကုန်ဈေးကွက်မှာ တန်ဖိုး အမေရိကန်ဒေါ်လာ ၇၂ ဘီလီယံ (ဘတ် ၂ ဒသမ ၃ ထရီလီယံ) ခန့် ရှိနေကြောင်းနှင့် နှစ်စဉ် ၁၂ ဒသမ ၈ ရာခိုင်နှုန်း တိုးတက်မည်ဟု ခန့်မှန်းထားကြောင်း ဘုရင်မသီရိခေတ်ကွန်ဗင်းရှင်း ဗဟိုဌာန၌ ဇူလိုင်လ ၆ရက်မှ ၃၁ ရက်အထိ ကျင်းပမည့် 'အော်ဂဲနစ် ထုတ်ကုန်နှင့် သဘာဝ ထုတ်ကုန်များပြပွဲ ၂၀၁၇' ဖွင့်ပွဲတွင် ပြောကြားခဲ့ခြင်း ဖြစ်ပါသည်။

အစိုးရအနေဖြင့်လည်း ယခုကဲ့သို့သော ကုန်စည်ပြပွဲအား နှစ်စဉ် ကျင်းပပေးသွားမည်ဖြစ်ပြီး စိုက်ပျိုးထုတ်လုပ်သူနှင့် နိုင်ငံခြားမှကုန်ပစ္စည်းတင်သွင်းသူတို့ကြား တိုက်ရိုက်ချိတ်ဆက် စာချုပ်ချုပ်ဆိုနိုင်ရေးကိုလည်း အားပေးသွားမည်ဖြစ်ကြောင်း၊ ထိုင်းနိုင်ငံ၏ အော်ဂဲနစ်ထုတ်ကုန်များ တိုးမြှင့်တင်ပို့နိုင်ရေးကို ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ထပ်လောင်း ပြောကြားခဲ့ပါသည်။

အော်ဂဲနစ်ထုတ်ကုန် များ တိုးချဲ့နိုင်ရေးအတွက် ထိုင်းအစိုးရအနေဖြင့် အော်ဂဲနစ် ဆန်စပါးစိုက်ပျိုးမှုကို ဧရိယာရိုင်တစ်သန်း ထပ်မံ တိုးချဲ့နိုင်ရေး ခွင့်ပြုသွားမည်ဖြစ်ကြောင်းနှင့် ထိုင်းမြို့ပြ လူမှုအဖွဲ့အစည်းအတွင်း စားသုံးမှုနှုန်းမြင့်မားစွာ ဖြစ်ပေါ်စေမည်ဟု ခန့်မှန်းထားကြောင်းသိရသည်။ တစ်ချိန်တည်း၌ပင် ထိုင်းလူ့အဖွဲ့အစည်းအား သဘာဝအော်ဂဲနစ်ဆန် ပြောင်းလဲစားသုံးရေး လှုပ်ရှားမှုများကို စတင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**Source : Bangkok Post**
**သောင်းနိုင်(တာချီလိတ်)**

# ကင်ညာနိုင်ငံက အိန္ဒိယနိုင်ငံသို့ ပဲတင်သွင်းမှုကို လျှော့ချ



ကင်ညာနိုင်ငံက အိန္ဒိယနိုင်ငံသို့ ပဲတင်သွင်းလျက်ရှိရာ ယခုအခါတွင် ပဲတင်သွင်းမှုကို လျှော့ချလိုက်ပြီဖြစ်ကြောင်း Business Daily သတင်းတွင် ဖော်ပြထားသည်။

ကင်ညာနှင့် အိန္ဒိယနိုင်ငံတို့သည် ပဲတင်သွင်းရန်အတွက် ၂၀၁၅ခုနှစ်က နှစ်နိုင်ငံနားလည်မှု စာချွန်လွှာလက်မှတ်ရေးထိုးထားခဲ့သည်။ အဆိုပါ MOU တွင် ကင်ညာနိုင်ငံက အိန္ဒိယနိုင်ငံသို့ ပဲမက်ထရစ်တန် လေးသန်းကို တင်သွင်းရန် သဘောတူညီထားခဲ့သည်။

သို့သော် ကင်ညာနိုင်ငံအနေဖြင့် အိန္ဒိယနိုင်ငံသို့ စာချုပ်ပါအရေအတွက်၏ ၂၀ ရာခိုင်နှုန်းဖြစ်သည့်မက်ထရစ်တန်ချိန် ရှစ်သိန်းသာ တင်သွင်းလျက်ရှိသည်။

အရှေ့အာဖရိကမျိုးစေ့ကောင်စီမှ ပူးပေါင်းဆောင်ရွက်ရေးမှူးဖြစ်သူ ဂျန် နက်နွန်ဘာလုက "ကင်ညာနိုင်ငံမှာ လယ်သမားတွေရဲ့ပဲစိုက်ပျိုးထုတ်လုပ်မှုတွေ ကျဆင်းနေပါတယ်။ တောင်သူတွေဟာ မျိုးကောင်းမျိုးသန့်တွေကို စိုက်ပျိုးဖို့ အသိတရားမရှိကြတဲ့အတွက် အခုလို အထွက်နှုန်းကျဆင်းရတာဖြစ်ပါတယ်"ဟု ပြောကြားခဲ့သည်။

လက်ရှိတွင် ပဲထွက်ရှိမှုသည် ကျဆင်းလျက်ရှိနေပြီး ပို့ကုန်ဈေးကွက်၏ တောင်းဆိုမှုမှာ ကြီးမားလျက်ရှိနေကြောင်း၊ ထို့ကြောင့်ပဲစိုက်ပျိုးထုတ်လုပ်မှု တိုးတက်လာရေးအတွက် စတင်လုပ်ဆောင်လျက်ရှိနေကြောင်း၊ ကင်ညာနိုင်ငံသည် ပဲစိုက်ပျိုးထုတ်လုပ်မှု တိုးတက်လာမည့် အလားအလာရှိနေကြောင်း၊ အာရှ အာဖရိက မျိုးစေ့ကောင်စီအနေဖြင့် လယ်သမားများ၏ စွမ်းရည်များ တိုးတက်လာရေးနှင့် သီးနှံအထွက်နှုန်း တိုးတက်လာရေးတို့အတွက် ဦးစားပေး လုပ်ဆောင်လျက်ရှိနေကြောင်း၊ ယင်းကဲ့သို့ ပြုလုပ်ခြင်းဖြင့် ပြည်တွင်းဈေးကွက်အတွက် သာမက ပြည်ပပို့ကုန်အတွက်ပါ ချိတ်ဆက်ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း ၎င်းက ထပ်မံပြောကြားခဲ့သည်။

ကင်ညာနိုင်ငံ လယ်ယာစိုက်ပျိုးရေးနှင့်မျိုးစေ့အေဂျင်စီများကလည်း ပဲစိုက်ပျိုးထုတ်လုပ်သည့် လယ်သမားများအား ပညာပေးရန်အတွက် ကုန်စည်ပြပွဲများ ကျင်းပပေးမည်ဖြစ်သည်ဟု ဆိုသည်။

ကင်ညာနိုင်ငံအနေဖြင့် အိန္ဒိယနိုင်ငံသို့ ပဲတင်သွင်းမှုအရေအတွက် လျှော့ကျသွားပါက ၎င်းတို့နေရာသို့ အခြားသောနိုင်ငံများ ဝင်ရောက်နေရာယူသွားနိုင်ကြောင်း အဆိုပါသတင်းတွင် ဖော်ပြထားသည်။ **မယ်သီတာ**



## မဟာရသျှတ္တရာပြည်နယ်အတွက် ပဲစင်းငုံ ကွင်တယ် ၆၇ သိန်းကျော် စံချိန်တင် ဝယ်ယူ

မဟာရသျှတ္တရာပြည်နယ်အစိုးရသည် ပြည်နယ်အတွက် လိုအပ်လျက်ရှိသည့် ပဲစင်းငုံ ကွင်တယ် ၆၇ ဒသမ ၃၄ သိန်းကို ဝယ်ယူခဲ့ရာ ယင်းပမာဏသည် ယခင်က ဝယ်ယူခဲ့သည့်ပမာဏ ထက် ၂၅ ရာခိုင်နှုန်းမြင့်တက်ခဲ့ကြောင်း အိန္ဒိယအိတ်စ်ပရက်စ်သတင်းတွင် ဖော် ပြထားသည်။

မဟာရသျှတ္တရပြည်နယ်အတွက် လိုအပ်သည့်ပဲစင်းငုံများကို ဝယ်ယူရန်အတွက် ရူပီး ၃၃၄၁ သိန်း သုံးစွဲသွားမည်ဖြစ်သည်။ မဟာရသျှတ္တရအစိုးရအနေဖြင့် အဆိုပါပဲစင်းငုံများကို ဝယ်ယူရန် လျာထားပြီးဖြစ်သည်ဟု ဆိုသည်။

"ပဲစိုက်တောင်သူတွေဆီက ပဲစင်းငုံတွေဝယ်ယူဖို့အတွက် ရူပီးငွေ ၃၄၀၁ သိန်းကို ထုတ်ပေးပြီးပါပြီ။ ပဲစင်းငုံတွေကို ပြီးခဲ့တဲ့နှစ် ဒီဇင်ဘာလ ၁၅ ရက်ကနေ ဒီနှစ် ဇွန်လ ၁၂ ရက်အထိ ဝယ်ယူခဲ့ပြီးပါပြီ။ မေလ ၃၁ ရက်အထိ အဝယ်ဒိုင်တွေ ဖွင့်လှစ်ပြီး ဝယ်ယူခဲ့ပါတယ်။ အခုဆိုရင်ပဲစင်းငုံရောင်းချခဲ့တဲ့ တောင်သူတွေဆီက လက်မှတ်တွေလည်း ရရှိထားပြီးပါပြီ။ ဒါပေမဲ့ နောက်ထပ် သီးနှံတွေထပ်မံဝယ်ယူဖို့အတွက် ရူပီး ၅၉ ဒသမ ၃၆ သိန်း လိုအပ်နေပါသေးတယ်" ဟုမဟာရသျှတ္တရ အစိုးရမှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

ပဲစင်းငုံဝယ်ယူရေးစင်တာ၏ သတ်မှတ်ချက်အရ ပဲစင်းငုံတစ်ကွင်တယ်လျှင် ၄၂၅ ရူပီး ရှိခဲ့သည်။ ပဲစင်းငုံတစ်တန်လျှင် ရူပီး ၅၀၅၀ ရှိခဲ့သည်။

မဟာရသျှတ္တရအစိုးရက ပေးဝယ် ခဲ့သည့် တစ်ကွင်တယ်လျှင် ၄၂၅ ရူပီးမှာ ပဲစိုက်တောင်သူတို့အတွက် အကောင်းဆုံးသောဈေးနှုန်းဖြစ်ခဲ့သည်။ အစိုးရအနေဖြင့် ပဲစင်းငုံပြည်ပမှတင်သွင်းခြင်းအတွက် အခွန်ကို ၂၅ ရာခိုင်နှုန်း တိုးမြှင့်ကောက်ခံခဲ့သည်။ **မယ်သီတာ**

# တောင်ကိုရီးယားနိုင်ငံမှ လယ်ယာထွက်ကုန်များအား တရုတ်နိုင်ငံသို့ တင်သွင်းမှု လျော့ကျ



တောင်ကိုရီးယားနိုင်ငံမှ လယ်ယာ ထွက်ကုန်များအား တရုတ်နိုင်ငံသို့ တင်သွင်းမှု လျော့ကျသွားကြောင်း ဆင်ဟွာသတင်းဌာနတွင် ဖော်ပြထားသည်။

တရုတ်နိုင်ငံသို့ လယ်ယာထွက်ကုန်နှင့်အစားအစာများအား တောင်ကိုရီးယားနိုင်ငံက တင်သွင်းလျက်ရှိရာ ဇန် နဝါရီလမှ ဇွန်လအထိ အမေရိကန်ဒေါ်လာ ၄၃၅ ဒသမ ၇ သန်းဖိုးအထိ တင်သွင်းခဲ့သည်။ သို့သော် အဆိုပါပမာဏသည် ပြီးခဲ့သည့်နှစ်ကာလတူကထက် ၁၁ ဒသမ ၄ ရာခိုင်နှုန်းလျော့ကျသွားခဲ့ကြောင်း တရုတ်နိုင်ငံ လယ်ယာစိုက်ပျိုးရေး၊ အစားအစာနှင့် ကျေးလက်ရေးရာဝန်ကြီးဌာန၏ ထုတ်ပြန်ချက်ကို ကိုးကားပြီး ဆင်ဟွာသတင်းဌာနက ရေးသားဖော်ပြခဲ့သည်။

တရုတ်နိုင်ငံသို့ လယ်ယာထွက်ကုန်ပစ္စည်းများတင်ပို့မှုသည် မတ်လက ၇ ဒသမ ၄ရာခိုင်နှုန်း မြင့်တက်ခဲ့ပြီးနောက် ယခုအခါတွင် ကျဆင်းသွားခဲ့ခြင်းဖြစ်သည်။

တရုတ်နိုင်ငံသို့ လယ်ယာထွက်ကုန်ပစ္စည်းများတင်ပို့မှုကျဆင်းခြင်းသည် တောင်ကိုရီးယားနိုင်ငံ၏လယ်ယာထွက်ကုန်များ ထုတ်လုပ်မှုကျဆင်းခြင်းဖြစ်သည်ဟု ဆိုသည်။ တောင်ကိုရီးယားနိုင်ငံ၏ပြည်ပပို့ကုန်ဖြစ်သည့် လယ်ယာထွက်ကုန်နှင့် အစားအစာထုတ်လုပ်မှုသည် မတ်လတွင် ၁၁ ဒသမ ၃ ရာခိုင်နှုန်းကျဆင်းခဲ့ရာမှ ဇွန် လတွင် ၆ ဒသမ ၅ ရာခိုင်နှုန်းကျဆင်းခဲ့သည်ဟု ဆိုသည်။

"တောင်ကိုရီးယားနိုင်ငံအနေနဲ့ တရုတ်နိုင်ငံမှာ အခုထက်ပိုပြီး ရင်းနှီးမြှုပ်နှံမှုတွေ ပြုလုပ်သင့်ပါတယ်။ တရုတ်နိုင်ငံဟာ ကမ္ဘာ့အကြီးဆုံးသော အစားအစာဈေးကွက်ကြီးတစ်ခု ဖြစ်တာကြောင့် အခုလိုရင်းနှီးမြှုပ်နှံဖို့ တိုက်တွန်းရတာဖြစ်ပါတယ်"ဟု တရုတ်နိုင်ငံ လယ်ယာစိုက်ပျိုးရေး၊ အစားအစာနှင့် ကျေးလက်ရေးရာဝန်ကြီးက တိုက်တွန်းပြောကြားခဲ့သည်။

တရုတ်နိုင်ငံ အစိုးရအနေဖြင့် တရုတ်လူမျိုးများအား အစားအစာထုတ်လုပ်နိုင်ရေးအတွက် ကြိုးပမ်းအားထုတ်ခြင်းအပါအဝင် အစားအစာပို့ကုန် ဈေးကွက်ကျယ်ပြန့်လာစေရန်အတွက်ကိုလည်း စနစ်တကျစီမံဆောင်ရွက်ပေးလျက်ရှိသည်။

**မယ်သီတာ**

## *စာမျက်နှာ (၂၆) ➢➢➢ မသိမှုအခက် မရှိမှုအခက် ဝိသမလောဘအခက် . . . . . . မှအဆက်*

သူ သေသေ . . ငတေမာရင်ပြီးရော"ဆိုတဲ့ စိတ်ခါတ်အခက် ဒီလိုပုံနဲ့ အနာဂတ်ကို ဘယ်လို ရှေ့ ဆက်ကြမှာပါလဲ။ မြို့ပေါ်ရော နယ်တွေမှာ ကျောင်း ဖွင့်စရာသီဆိုတော့ ကျောင်းတွေကို စားသုံးသူ အကာအကွယ်ပေးရေး အသိပညာပေးဟော ပြောပွဲသွားရင်း ကျောင်းမုန့်ဈေးတန်းကို သက် ဆိုင်ရာ ကျောင်းအုပ်ဆရာ/ဆရာမကြီးတွေနဲ့ လှည့်ကြည့်တော့ ရောင်းတဲ့မုန့်တွေထဲမှာ ကလေး တွေအတွက် အာဟာရရှိတဲ့မုန့်ဆိုတာ မရှိသလောက်ပါဘဲ။ ပြည်တွင်းဖြစ်ရော တရုတ်၊ ထိုင်းမုန့်တွေရော (မုန့်ထုပ်ပေါ်က စာအရ ပြောတာပါ သူတို့နိုင်ငံကထုတ်တာ ဟုတ်မဟုတ်တော့ သေချာမသိပါဘူး) တွေ့ဖူးသမျှတော့ ပခုက္ကူနယ် ထဲက 'နန်းတော်ရပ်' ကျောင်း၊ ရေစကြိုနယ်ထဲက 'ဆင်ချောင်း'ကျောင်း၊ ပေါက်နယ်ထဲက 'သပွတ်စု'ကျောင်းစတာတွေမှာ မြန်မာ့ရိုးရာမုန့်တွေရောင်းတာ တွေ့ပါတယ်။ မုန့်သိုင်းခြွေ၊ မုန့်ပျားသလက်၊ အကြော်စုံ၊ ငှက်ပျောသီးကြော် မုန့်လုံးရေပေါ်၊ မုန့်လက်ဆောင်း၊ မန်ကျည်းဖျော်ရည်၊ ဘာကွာလဲ အခြားကျောင်းတွေထက် အောင်ချက်ရာနှုန်း ကောင်းတယ်။ အားကစားနဲ့ပတ်သက်တဲ့ ဆုတံဆိပ်၊ ဒိုင်းတွေ ကျောင်းကဗီရိုထဲမှာ အပြည့်ရှိတယ်။

ကျောင်းဈေးတန်းမှာရောင်းချနေတဲ့ မုန့်တွေအားလုံးနီးပါးဟာ အစားအသောက်နဲ့ဆေးဝါး ကွပ်ကဲမှုဦးစီးဌာန (Food and Drug Administration) (FDA)ရဲ့ ခွင့်ပြုချက်မပါတာတွေကို တွေ့ရပါတယ်။ ကုန်ပစ္စည်းတစ်ခုရဲ့အမှတ်တံဆိပ် (Brand Name)အစားအသောက်အမည် (Kind of Food )ပါဝင် ပစ္စည်းအမျိုးအမည် ဖော်ပြချက် (Ingredients) ပါဝင်မှုပမာဏ (Net Weight/Gross Weight) ထုတ်လုပ်သည့်ရက်စွဲ အမှတ်အသား (Date Marking) အပတ်စဉ်အမှတ် (Code No / Batch No/Lot No) ထုတ်လုပ်သည့်ရက်စွဲ (Manufacturting Date) သက်တမ်းကုန်ရက်စွဲ (Expiry Date)အကောင်းဆုံး စားသုံးရန်ရက်စွဲ (Best Before Date) ထုတ် လုပ်သူအမည်လိပ်စာ (Manufacturer Name and Address) ထုတ်လုပ်သည့် တိုင်းပြည် (Country of Origin ) ထားသိုရန် အညွှန်း (Storage Instruction) နှင့် သုံးစွဲရန်အညွှန်း (Directions for Use) ဆိုတာ တွေ တော်တော်များများ မပါဝင်တာ တွေ့ရပါတယ်။ ဒီတော့ ယနေ့လူငယ် . . နောင်ဝယ်လူကြီး အနာဂတ်ရဲ့သမိုင်းရေစီး စီးမလား. . ဆင်းမလား. . ခန်းခြောက်မလား. . မေးရင် ဘယ်လို ပြောရပါ့မလဲ။ စာရှုသူဒီကျောင်းသား၊ ကျောင်းသူကလေးတွေဟာ အနာဂတ်ရဲ့ အားကောင်းမောင်းသန်ရတနာလေးတွေပါ။ ဒီလိုနဲ့သာ မိုးကြီးချုပ်လို့ကတော့ ကျုပ်တို့မြန်မာ ဘာတွေဖြစ်မှာပါလဲ . . . . . ။

မသိမှု. အခက်. . မရှိမှုအခက်နဲ့ ဝိသမလောဘအခက်ကြားမှာ ဘယ်လိုဆက်ဖြစ်မလဲဆိုတာ တွေးမိရင် ရင်လေးနေမိပါတယ် စာရှုသူ. . .

"စားသုံးသူအကာအကွယ်ပေးရေးလုပ်ငန်းများ ယခုထက် ဆက်လက်ရှင်သန်အောင်မြင်ကြပါစေ. . . . "

❑



BRAVAT
BY DIETSCHE 1873
ENJOY YOUR LIFE WITH BRAVAT
Wave Bathtub
"ARC Series" Free standing Bath ub Mixer
Parisian - Nero
Neo Colonial
AC 001C
BRAVAT
MAKE YOUR BATHROOM AS SMART AS YOU!
BRAVAT SHOWROOM
No. 451, Waizayantar Road, Thingangyun Township, Yangon (11071), Myanmar.
Tel : 01 8564194
Hotline : 09 253072417, 09 778912977
Email : sale@bravat.com.mm
info@bravat.com.mm




winning Way
Relentless Pursuit Of Excellence
MATADOR
Support Operator & After Sale Service Available
VOLVO PENTA
Perkins
MITSUBISHI FORKLIFT TRUCKS
အရည်အသွေးကောင်းမွန်သော စွမ်းဆောင်ရည်မြင့် 25KVA ~ 500KVA
လုပ်ငန်းသုံး Generator& Forklift များကိုဈေးနှုန်းသင့်တင့်စွာဖြင့် ငှားရမ်းပေးနေပါသည်။
Hot Line : +959-513 9890, +959-512 9120
Member of UMG


ALPINE
Purified Drinking Water
PROMISES PURITY
ALPINE
Purified Drinking Water
PROMISES PURITY
Tel: +959 730 971 36, +959 730 971 37

COMMERCE
INTERNATIONAL

# သီရိလင်္ကာနိုင်ငံက ထိုင်းနိုင်ငံမှ ဆန်တန်ချိန် တစ်သိန်း ဝယ်ယူသွားမည်



သီရိလင်္ကာနိုင်ငံသည် နိုင်ငံအတွက် အရေးတကြီးလိုအပ်နေသည့် ဆန်ဖြည့်တင်းရန်အတွက် ပါကစ္စတန်နိုင်ငံနှင့် မြန်မာနိုင်ငံတို့အပြင် ထိုင်းနိုင်ငံမှလည်း ဆန်ဝယ်ယူရန် ကမ်းလှမ်းထားရာ ယခုအခါ ထိုင်းနိုင်ငံမှ ဆန်ရောင်းချရန် သဘောတူညီမှုရရှိပြီဖြစ်ကြောင်း သီရိလင်္ကာနိုင်ငံ စက်မှုနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီးဖြစ်သူ Rishad Bathiudeen က ပြောကြားခဲ့ပါသည်။

သီရိလင်္ကာနိုင်ငံ သမ္မတ၏ လမ်းညွှန်မှုအပေါ် ပြည်ပနိုင်ငံများမှ ဆန်ဝယ်ယူရေးအတွက် ကြိုးပမ်းဆောင်ရွက်မှုများ အောင်မြင်ကြောင်း၊ ပြည်ပမှ ဆန်တန်ချိန် ၅၀၀,၀၀၀ ဝယ်ယူရန်အတွက် ပါကစ္စတန်၊ မြန်မာ၊ ထိုင်းနိုင်ငံတို့သို့ သီရိလင်္ကာနိုင်ငံကိုယ်စားလှယ်အဖွဲ့များသွားရောက်ပြီး ဆွေးနွေးမှုများ ပြုလုပ်ခဲ့ကြကြောင်း၊ ထိုင်းနိုင်ငံမှ အရည်အသွေးမြင့်ဆန်များအား အသင့်လျော်ဆုံး ဈေးနှုန်းများဖြင့် ဝယ်ယူရရှိမည်ဟု မိမိတို့ ယုံကြည်ပါကြောင်း၊ ထို့အပြင် မိမိတို့ဆန်ဝယ်ယူမှုအပေါ် ပါကစ္စတန်နိုင်ငံနှင့် မြန်မာနိုင်ငံအစိုးရများ၏ ချက်ချင်းဆောင်ရွက်ပေးမှုအတွက်လည်း အဆိုပါနိုင်ငံများအား ကျေးဇူးတင်ရှိပါကြောင်း ဝန်ကြီးက ပြောကြားခဲ့ပါသည်။

ယခုအချိန်ထိ ထိုင်းနိုင်ငံ၊ ပါကစ္စတန်နိုင်ငံ၊ မြန်မာနိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့မှ စုစုပေါင်း ဆန်တန်ချိန် ၂၅၅,၀၀၀ တန် တင်သွင်းရန် စီစဉ်ဆောင်ရွက်ထားပြီး၊ အဆိုပါ ဆန်များအား အစိုးရအချင်းချင်းညှိနှိုင်း၍ ဝယ်ယူခြင်းနှင့် အစိုးရ-ပုဂ္ဂလိက ညှိနှိုင်း၍ဝယ်ယူခြင်းတို့ဖြင့် ဆောင်ရွက်ထားကြောင်း၊ အစိုးရအချင်းချင်း ညှိနှိုင်း၍ဝယ်ယူမှုတွင် သီရိလင်္ကာနိုင်ငံ အစိုးရကိုယ်စားလှယ်အဖွဲ့သည် ယခုနှစ် ဇူလိုင်လ ၁၂ ရက်နှင့် ၁၃ ရက်တို့တွင် ထိုင်းနိုင်ငံ၊ ဗန်ကောက်မြို့၌ ထိုင်းနိုင်ငံ ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနမှ အစိုးရအရာရှိများနှင့် တွေ့ဆုံ၍ ထိုင်းနိုင်ငံမှ ဆန်တန်ချိန် ၂၀၀,၀၀၀ ဝယ်ယူရန် ဆွေးနွေးခဲ့ကြောင်း၊ ဆွေးနွေးမှုနှင့် ဆန်နမူနာများ စစ်ဆေးကြည့်ရှုပြီးနောက် သီရိလင်္ကာနိုင်ငံ အစိုးရကိုယ်စားလှယ်အဖွဲ့သည် ထိုင်းပေါင်းဆန် (Nadu) တန်ချိန် တစ်သိန်းအား တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၄၂၅ ဈေး (ဆန်တစ်ကီလိုလျှင် အထိုင်အရောင်းဈေး သီရိလင်္ကာ ရူပီးငွေ ၆၅ ဒသမ ၃၁) နှုန်းဖြင့် ချက်ချင်းမှာယူခဲ့ကြောင်း၊ မြန်မာဆန်ဈေးနှုန်းနှင့် နှိုင်းယှဉ်လျှင် ထိုင်းဆန်ဈေးနှုန်းသည် မြင့်မားနေသည့်အတွက် နောက်ထပ်ဆန်ကြမ်းတန်ချိန် တစ်သိန်းမှာယူမည့်အစီအစဉ်ကို သီရိလင်္ကာနိုင်ငံ အစိုးရတာဝန်ရှိသူများက ခေတ္တဆိုင်းငံ့ထားကြောင်း သိရှိရပါသည်။

ထိုင်းနိုင်ငံမှ ပေါင်းဆန်တန်ချိန် တစ်သိန်းဝယ်ယူရန် သဘောတူစာချုပ်အား သီရိလင်္ကာနိုင်ငံက ယခုတစ်ပတ်အတွင်း ထုတ်ပြန်သွားမည်ဖြစ်ပြီး၊ သဘော်ာတင်ပို့မှု ကိစ္စရပ်အား ထိုင်းနိုင်ငံရှေ့နေချုပ်ရုံးမှ ခွင့်ပြုမိန့်ရရှိပြီးသည်နှင့်တစ်ပြိုင်နက် စတင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရှိရပါသည်။

ဝန်ကြီး Bathiudeen ၏ ညွှန်ကြားချက်အရ သီရိလင်္ကာနိုင်ငံအစိုးရကိုယ်စားလှယ်အဖွဲ့တစ်ဖွဲ့သည် ဇူလိုင် ၇ ရက်တွင် ပါကစ္စတန်နိုင်ငံနှင့် မြန်မာနိုင်ငံသို့ သွားရောက်ခဲ့ကြကာ ဆန်ဝယ်ယူရေးကိစ္စရပ်များအား ဆွေးနွေးကြပြီး ဆန်ဝယ်ယူမှု ကိစ္စရပ်များ အဆင်ပြေအောင်မြင်ပြီးနောက် ဇူလိုင် ၁၄ ရက်တွင် သီရိလင်္ကာနိုင်ငံသို့ ပြန်လည်ရောက်ရှိခဲ့ကြောင်း၊ သီရိလင်္ကာနိုင်ငံမှ အစိုးရအရာရှိများနှင့် စားသောက်ကုန်ဆိုင်ရာ နည်းပညာရှင်ပါဝင်သည့် အဆိုပါအဖွဲ့က မြန်မာနိုင်ငံအစိုးရမှ ဆန်ကြမ်း တန်ချိန် ၃၀,၀၀၀ အား တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၂၉၀ မှ ၃၅၀ ကြား (ဆန်တစ်ကီလိုလျှင် အထိုင်အရောင်းဈေး သီရိလင်္ကာ ရူပီးငွေ ၄၄ ဒသမ ၅၇ မှ ၅၃ ဒသမ ၈၀) နှုန်းဖြင့် ချက်ချင်းရောင်းချပေးရန် သဘောတူခဲ့ကြောင်း၊ ထို့အပြင် မြန်မာနိုင်ငံသည် စက်တင်ဘာလတွင် ပေါင်းဆန်ရောင်းချရန်လည်း သဘောတူခဲ့ကြောင်း၊ အဆိုပါ ပေါင်းဆန်အတွက် ရောင်းချမည့် ဈေးနှုန်းနှင့် ပမာဏကို ဆက်လက်ညှိနှိုင်းသွားမည်ဖြစ်ကြောင်း၊ ပါကစ္စတန်နိုင်ငံအစိုးရကလည်း ဈေးနှုန်းမသတ်မှတ်ရသေးသည့် ဆန်ကြမ်း ၂၅,၀၀၀ တန်အား ချက်ချင်းရောင်းချပါကြောင်း၊ ထို့အပြင် စက်တင်ဘာလတွင် ပေါင်းဆန်တန်ချိန်တစ်သိန်း ရောင်းချရန်အတွက်လည်း သဘောတူခဲ့ပါကြောင်း၊ အဆိုပါ ပေါင်းဆန်ဈေးနှုန်းအား ဆက်လက် ညှိနှိုင်းသွားမည်ဖြစ်ကြောင်း သိရှိရပါသည်။

သီရိလင်္ကာနိုင်ငံက ဝယ်ယူတင်သွင်းမည့် နောက်ထပ် ဆန်တန်ချိန် တစ်သိန်းအား အိန္ဒိယနိုင်ငံ ဆန်တင်ပို့သူများထံမှ ချက်ချင်းဝယ်ယူသွားရန်ဖြစ်ပြီး၊ သီရိလင်္ကာနိုင်ငံ စက်မှုနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနမှ သက်ဆိုင်ရာ အစိုးရအရာရှိများသည် ယခုအခါ အိန္ဒိယနိုင်ငံမှ ဆန်ဝယ်ယူရန်အတွက် တင်ဒါများ ခေါ်ယူလျက်ရှိကြောင်း သိရှိရပါသည်။

**စန္ဒာထွန်း (TTI)**

**Source: colombopage.com**

## Made in China 2025 အစီအစဉ်ကိုမြှင့်တင်ရန် တရုတ်နိုင်ငံက မြို့ကြီးအချို့ကို ရွေးချယ်ဆောင်ရွက်မည်

တရုတ်နိုင်ငံက ဆောင်ရွက်လျက်ရှိသည့် Made in China 2025 အစီအစဉ်ကို မြှင့်တင်ရန် တရုတ်အစိုးရအနေဖြင့် မြို့ကြီးအချို့ကို ရွေးချယ်၍ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဆင်ဟွာသတင်းတွင် ဖော်ပြထားသည်။

တရုတ်အစိုးရအနေဖြင့် အဆိုပါအစီအစဉ်ကို ဆောင်ရွက်ရန် နည်းဗျူဟာများချမှတ်ထားပြီး အားဖြည့်ဆောင်ရွက်သွားမည်ဖြစ်သည်။

အဆိုပါအစီအစဉ်တွင် စက်ရုံများအား ယခုထက်ပိုမိုတွန်းအားပေး ဆောင်ရွက်သွားရန်နှင့် စက်ရုံများမှ ထုတ်လုပ်လျက်ရှိသည့် ကုန်ပစ္စည်းများအား အဆင့်မြှင့်တင်၍ ထုတ်လုပ်သွားရန်၊ စက်ရုံများမှ ထုတ်လုပ်သည့်ပစ္စည်းများအား အင်တာနက်ပေါ်မှ တီထွင်ဖန်တီးမှုများနှင့် ထုတ်လုပ်မှုအခန်းကဏ္ဍတို့ ပေါင်းစပ်ခြင်းဖြင့် ရိုးရာယဉ်ကျေးမှုဓလေ့ထုံးစံများ မပျောက်စေဘဲ အဆင့်မြှင့်တင်ဆောင်ရွက်သွားရန်တို့ကို အဓိကဦးတည်ပြီး ဆောင်ရွက်သွားမည် ဖြစ်သည်။



"Made in China 2025 အစီအစဉ်ကို အကောင်အထည်ဖော်ဖို့အတွက် တရုတ်နိုင်ငံရဲ့အရှေ့ပိုင်း၊အနောက်ပိုင်းနဲ့ အလယ်ပိုင်းမှာရှိတဲ့ ဒေသတွေက မြို့ကြီးအချို့ကို သရုပ်ပြသမယ့် ဒေသတွေအဖြစ် ရွေးချယ်ထားပါတယ်။ အဓိကအချက်ကတော့ အစိုးရက ချမှတ်ထားတဲ့ မူဝါဒနည်းလမ်းသစ်တွေနဲ့ စနစ်သစ်တွေကို ဦးစားပေး အကောင်အထည်ဖော်ဆောင်ရွက်နိုင်ဖို့ ဖြစ်ပါတယ်။ ဒါ့အပြင် ကုန်ပစ္စည်းထုတ်လုပ်မှုတွေအတွက် စက်မှုလုပ်ငန်းအဖွဲ့အစည်းတွေနဲ့ တီထွင်ဖန်တီးမှုအစုအဖွဲ့အလိုက် ဖွံ့ဖြိုးတိုးတက်အောင် လုပ်ဆောင်ပေးဖို့ဖြစ်ပါတယ်"ဟု တရုတ်ဝန်ကြီးချုပ်လီကာရှင်းက ပြောကြားခဲ့သည်။

အဆိုပါ Made in China 2025 အစီအစဉ်ကို ၂၀၁၅ခုနှစ်က တရုတ်နိုင်ငံအစိုးရက ထုတ်ပြန်ခဲ့သည့် Government Work Report 2015 တွင် ဝန်ကြီးချုပ်လီက ထုတ်ဖော်ပြောကြားခဲ့ခြင်း ဖြစ်သည်။

ယင်းကဲ့သို့ ထုတ်ဖော်ပြောကြားခဲ့ပြီးနောက် နှစ်နှစ်အကြာ ယခု ၂၀၁၇ ခုနှစ်တွင်တရုတ်နိုင်ငံ၏ စက်မှုကုန်ထုတ်နိုင်စွမ်းသည် ခိုင်ခိုင်မာမာ တိုးတက်လာခဲ့သည်။ တရုတ်နိုင်ငံအနေဖြင့် ၎င်း၏ ကုန်အမှတ်တံဆိပ်များ၊ ကုန်ပစ္စည်းများ၏ အရည်အသွေးများနှင့် တီထွင်ဖန်တီးနိုင်မှုစွမ်းရည်များ ပိုမိုတိုးတက်လာခဲ့သည်ဟု ဆိုသည်။

ထို့ပြင် Smart manufacturing ကဏ္ဍတွင် အဓိကဦးစားပေး စီမံကိန်းပေါင်း ၁၀၉ ခုကို ချမှတ်ထားရှိရာ ၃၈ ရာခိုင်နှုန်းခန့် လုပ်ငန်းများ ဆောင်ရွက်နေပြီဖြစ်ပြီး ၂၁ ရာခိုင်နှုန်းမှာမူလုပ်ငန်း အောင်မြင်မှု နည်းပါးနေသေးကြောင်း စက်မှု၊သတင်း အချက်အလက်နှင့် နည်းပညာဝန်ကြီးဌာန၏သတင်း ထုတ်ပြန်ချက်များကို ကိုးကား၍ ဆင်ဟွာသတင်းဌာနက ရေးသားဖော်ပြခဲ့သည်။